www.burmeseclassic.com

# ဝင်းကျူနင်ဖေဒဂင်

ကန္တာရာဘီလုံးနှင့်
ကျောက်စိမ်းမြင်းရုပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၂၆/၂၀၀၁ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၄/၂၀၀၁ (၁)

ပထမအကြိမ်

၂၀၀၁-ခုနှစ်၊

ဧပြီလ၊

အုပ်ရေ - ၇၀၀

တန်ဖိုး - နှစ်ရာကျပ်တိတိ

ဖြန့်ချိရေး

**နွေမိုးဆောင်းစာပေ**

အမှတ် ၇၂၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစိန်ကြီး (မြဲ-၀၅၄၀)
ရွှေရုပ်လွှာစာပေ
အမှတ်-၁၅၂၊ ကျွန်းချေမြိုင်လမ်း၊ စုဓပေါင်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃(အေ)၊ ၉၀-လမ်း၊ ကန်တော်ကလေး
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ် ၉၆၊ ၁၁-လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## နဂါးဆစ်ရာဇ်အိမ်တော်၏ ကြမ္မာဆိုးအလွှင်း

လီကျုန်မြို့၏ ဟွေ့ရာညဥ့် ကောင်းကင်ပြင်ခေါင်၌ သီဂဂ္ဂ လမင်းတော ကြယ်တာရာအပေါင်းတို့ပါ အဘယ်အရပ်သို့ ခရီး လွှင့်နေသည်မသိ၊

ပျော့ကျချင်းမလှ ပျောက်ကွယ်နေကြ၏။

သို့မို့ ကြောင့်လည်း.....

လီကျုန်မြို့၏ ညဦးပိုင်းမှာ ညဥ့်နက်သကဲ့သို့ မှောင်မိုက် လွန်းလျက် ရှိနေရလေ၏။

အချိန် နာရီမောင်းအား ပြင့် ရှစ်ချက်တီးအချိန်ပင်ရှိသေး သည်။

www.burmeseclassic.com

ထိုအချိန်တွင်မူ....

လူကုံထံများ စုဝေးနေထိုင်ရာ သီကျွန်မြို့၏မြောက်ဘက် ရပ်ကွက်ကြီးမှာ အခြားရပ်ကွက်များနှင့်မတူ အမှောင်ထု သိပ်သည်းစွာ ကြီးစိုးမင်းမူလျက်ရှိပြီး ဆိတ်ငြိမ်လွန်းနေ၏။

ဟုတ်သည်လေ။

လူကုံထံ လူချမ်းသာများ ငွေကြေးကြွယ်ဝစွာ ချမ်းသာနေသူမို့ ကျယ်ဝန်းသောခြံကျယ်ကြီးများနှင့် သီးသီးသန့်သန့် ဆိတ်ငြိမ်စွာ နေထိုင်ကြသည်မို့ နေ့ခင်းအချိန်ပင် အေးချမ်းငြိမ်သက်နေ၏။

ဒါကြောင့် ညဦးပိုင်းအချိန်၌ ညဉ့်နက်သည့်အခါ ဆိတ်ငြိမ် မည်းမှောင်မှုက နက်ရှိုင်းစွာ ကြီးစိုးမင်းမူနေခြင်း ဖြစ်လေသည်။

နဂါးတစ်ရာစံအိမ်တော်....။

ထို နဂါးတစ်ရာ စံအိမ်တော်သည်လည်း ယင်းလူကုံထံ လူချမ်းသာရပ်ကွက် တောင်ဘက်စွန်းတွင် တည်ရှိနေသော ခြံဝန်းကျယ်ကြီးတစ်ခု ဖြစ်လေ၏။

ထိုသို့ ကျယ်ဝန်းလျက်ရှိမှုကြောင့် မီးထိန်လင်းလျက်ရှိနေသော နဂါးစံအိမ်တော် အဆောက်အဦမှလွဲ၍ ကျန်နေရာမှာ အမှောင်ထုက သိပ်သည်းစွာ ကြီးစိုးနေလေ၏။

ထိုအခိုက်မှာပင်....

အရပ်ထောင်ထောင်မောင်းမောင်းလူရိပ်တစ်ရိပ် ကျောက်ခင်းလမ်းအတိုင်း မီးရောင်ထိန်လင်းနေသော ခန့်ညားထည်ဝါ သားနားသည့် နဂါးတစ်ရာစံအိမ်တော် အဆောက်အဦ

BURMESE CLASSIC



ဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် ဦးတည်လျှောက်လှမ်းသွားနေလေသည်။

ထိုလူရိပ်သည် ခေါင်းထက်၌ သားရေပျော့ဦးထုပ်တစ်လုံးကို ခင်ငိုက်ငိုက် ဆောင်ထားလေ၏။

ပြီး အညိုရောင် အင်္ကျီရှည်ကိုလည်း ဝတ်ဆင်ထားလေသည်။

ကြည့်ပုံအရဆိုလျှင်....

ထို အညိုရောင်အင်္ကျီရှည် ဝတ်စုံဝတ်လူသည် နဂါးတစ်ရာစံအိမ်တော်ခြံဝန်းအတွင်းသို့ စာရင်းမရှိ ဝင်ထွက်သွားလာခွင့်ရှိဟန်တူပါ၏။

ထိုအချိန်မှာ ကြယ်လ မပျော့စည်ရှာ မိုးသားမည်းများ အုပ်ဆိုင်း၍ မည်းမှောင်နေသော ညကောင်းကင်ထက်မှ လျှပ်စီးများ လက်ထသွားပြီး လျှပ်တစ်ပြက် လင်းထိန်သွားရလေသည်။

ညလေအေးများလည်း ဟူးဟူးရားရား တိုက်ခတ်လာ၏။ ရာသီဥတု အခြေအနေကြည့်ရသည်မှာ မိုးရွာသွန်းလာတော့မည့် ပုံစံနှယ်။

ဤနှင့် ထိုသားရေပျော့ဦးထုပ်ဆောင်း အညိုရောင်အင်္ကျီရှည်ဝတ် ထောင်ထောင်မောင်းမောင်းလူမှာ မီးရောင် ထိန်ထိန်လင်းနေသည့် နဂါးတစ်ရာစံအိမ်တော်ထဲသို့ ဝင်ရောက်သွားလေ၏။

ထိုသူ နဂါးတစ်ရာစံအိမ်တော် အောက်ထပ် ခန်းမကျယ်ကြီးထဲသို့ ဝင်ရောက်သွားပြီး သိပ်မကြာလိုက်ပါချေ။

ယင်း နဂါးတစ်ရာစံအိမ်တော် ခန်းမအတွင်းမှ အချီအချ စကားပြောဆိုသံများ ကျယ်ကျယ်လောင်လောင် ပျံ့လွင့်လာ ရှိလေ၏။

ထိုအသံအတွင်းမှာပင်....

'ဝှစ်...ဝှစ်'
'ရှပ်....ရှပ်'
'အိ....အား'
'ဘုန်း....ဘုန်း'
'ဖေဖမ်....ဖေဖေ'
'ဝစ်....'
'ဗုတ်'
'အွန့်'
'အုန်း'

နဂါးတစ်ရာစံအိမ်တော် ခန်းမအတွင်းမှာ တိုက်ခိုက်သံများ၊ ဓားတစ်ညည်းတွားသံများ၊ အော်ဟစ်ခေါ်သံများ စသည့် အသံပလံပေါင်းစုံတို့ ထွက်ပေါ်လာ၏။

တခဏကြာသော်....

စံအိမ်တော်အတွင်းမှ မည်သည့်လှုပ်ရှားသံမျှ ထွက်မလာဘဲ တိတ်ဆိတ်ငြိမ်သက်သွားရသည်။

ထိုအခိုက်မှာပင်....

BURMESE CLASSIC



'ရှပ်....ရှပ်'
'ကွီ....ကွီ'

ရထားလုံးတစ်စင်း နဂါးတစ်ရာ စံအိမ်ဝင်း အတွင်းသို့ မောင်းနှင်ဝင်ရောက်လာသည်။

ပြီး ယင်းရထားလုံးမှာ ကျောက်ခင်းလမ်းကျယ်အတိုင်း ဆိတ်ငြိမ်လျက်ရှိသည့် နဂါးတစ်ရာစံအိမ်တော်ဆင်ဝင်အောက်သို့ ရောက်ရှိသွားသည်။

နောက် ရထားလုံးအိမ်အတွင်းမှ ဝဝဖိုင့်ဖိုင့် ထောင်ထောင် မောင်းမောင်းနှင့် လူကြီးတစ်ယောက် အရင်ဆုံးဆင်းလာသည်။

ထိုလူကြီးမှာ ဥ ဓိရှပ်ခန့်ညားပြီး အရာရှိကြီး တစ်ဦးပုံ ပေါ်လွင်နေသည်။

အသက်အားဖြင့် ငါးဆယ်ဝန်းကျင်ခန့်ရှိမည် ထင်ရလေသည်။ ပြီး သူ့နောက်မှ အသက်သုံးဆယ့်ငါး ဝန်းကျင်ရှိ လူလတ်ပိုင်းနှစ်ဦး ရှိရှိကျိုးကျိုးဖြင့် ဆင်းလာ၏။

ကြည့်ရသည်မှာ....

အပြာရောင်ဝတ်စုံတူညီစွာဝတ်ဆင်ထားကြသော လူလတ်ပိုင်း နှစ်ဦးတို့မှာ ထိုအရာရှိပုံပေါက်နေသည့်လူကြီး၏ လက်အောက် တပည့်များ ဖြစ်ဟန်တူကြသည်။

သည်နောက်....

ပိုးထည်အပြာရောင် အင်္ကျီရှည်ဝတ်ဆင်ထားသော အရာရှိကြီးပုံစံပေါက် လူကြီးမှာ ရှေ့ကဦးဆောင်၍ နဂါးတစ်ရာ စံအိမ်တော် အဆောက်အဦပေါ်သို့ လှေကားထစ်များကို

ွက်လက်စွာ နင်းဖြတ်ကျော်ကာ တက်ရောက်သွားလေတော့သည်။

သူ့နောက်ဖက်မှာ တပည့်နှစ်ဦးတို့ ထက်ကြပ်မကွာ ကက်ဖိုက်သွားကြသည်။

ကွမ်းတစ်ယာညက်ခန့် မကြာပါချေ။

ထိုသူသုံးဦးတို့ ရင်ဝ၌ပယ် သွေးအလူးလူး ဖြစ်နေရသော သလုမျောပါး ဝေဒနာဆိုးကို ခံစားနေရသည့် မိန်းမပျိုတစ်းကို နဂါးတစ်ရုစံအိမ်တော်အတွင်းမှ ဆင်ဝင်အောက်ဆီသို့ ပ်သွက်သွက်သယ်ယူမလာကြသည်။

သည်တွင် အရာရှိကြီးပုံစံခပါက်နေသူ ဝဝဖိုင့်ဖိုင့် ထောင်သောင် မောင်းမောင်း လူကြီးက ရထားထိန်းထံ လှမ်းအမိန့်းလိုက်သည်မှာ....

'ရထားထိန်း သူ့ကို သမားတော်ကြီးဆီ အမြန်ရောက်အောင် ခေါ်သွားပါ၊ ဒီစံအိမ်တော်ထဲမှာ ငါ သဲလွန်စရှာဦးမယ်....ပို့ပြီးရင် မင်းတို့ ငါ့ဆီပြန်လာခဲ့ကြ ကြားသား'

ထိုအခါ ရထားထိန်းကြီးက ရိုကျိုးဟန်ဖြင့် ခေါင်းဆတ်ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ပါ ရဲမှူးကြီး'

သည်နောက် သွေးအလူးလူးနှင့် သတိမေ့မျောနေပြီဖြစ်ရသော မိန်းမပျိုလေးကို ရထားအိမ်အတွင်းသို့ ရဲမက်နှစ်ဦးတို့ င်ဆောင်လိုက်သည်။



ပြီး ယင်းရထားလုံးမှာ ထိုမိန်းမပျိုလေးကို တင်ဆောင်လျက် နဂါးစံအိမ်တော် ဆင်ဝင်အောက်မှ အရှိန်အဟုန်ဖွင့်၍ ထွက်ခွာသွားလေတော့သည်။

ထိုစဉ်....ရဲမှူးကြီးသည် ခုန်းစိုင်းနှင် ထွက်ခွာသွားသော ရထားလုံးကို လှမ်းကြည့်ရင်း သက်ပြင်းလေးကြီးကို ချလိုက်မိလေသည်။

'အင်း....ငါ....ငါ့သူငယ်ချင်း မိသားစုဆီကို အရောက်နောက်ကျသွားပြီနဲ့ တူဘယ်၊ ဒီသူငယ်ချင်းမိသားစုကို သတ်တာ သူပဲလား'

'အို....သူကလွဲပြီးဘယ်သူဖြစ်နိုင်မှာလဲ၊ အမှန်ပေါ်အောင် ဒီကောင်ကို စစ်ဆေးရမယ်'

ယင်းသို့ သူ့ခံပြင်းကြွေးကြွေးသံဖြင့် ကြိမ်းဝါး ပြောဆိုပြီးနောက် အမင်္ဂလာဖြစ်သွားရသောနဂါးတစ်ရုစံအိမ်တော်ပေါ်သို့ ခပ်သွက်သွက် ပြန်လည်ဝင်ရောက် သွားလေတော့သည်။

*    *    *

www.burmeseclassic.com

## အခန်း ( ၁ )

## သံမဏိစုတ်တံရှင်နှင့် ဗူကျိုကြီး

နံနက်ခင်း၏ ပွင့်လန်း တောက်ပြောင်သော နေရောင်ခြည်သည် သာယာလှပသော တိုရီမြစ် ဆိပ်ကမ်းတံတားပေါ်သို့ လွှမ်းခြုံကျရောက်လျက် ရှိနေသည်။

ထိုအချိန်တွင်မူ….

ငြိမ်သက်စွာ စီးဆင်းနေသော တိုရီမြစ်မှ တိုးလျှိုးဖြာကျနေသည့် နေရောင်ခြည်ကြောင့် အရောင် တဖျပ်ဖျပ်လင်းလာ ကိုယ်ရှိန်ကိုယ်ဝါ တောက်ပလျက်ရှိနေ၏။

BURMESE CLASSIC



ယင်းတိုရီမြစ်ဆိပ်ကမ်းဘောတံတား၌ လှေ၊ ရွက်သင်္ဘောများ ဆိုက်ကပ်ခြင်းမရှိသဖြင့် လူသွားလူလာ ရှင်းလင်းလျက် ရှိသည်။

သို့သော်….ဆိပ်ကမ်းဝန်းကျင်မှာမူ စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များ၊ ဆိပ်ကမ်း သယ်ယူပို့ဆောင်ရေး ဌာနစသည့်ဆိုင်များ၊ လုပ်ငန်းဌာနဆိုင်ရာ စခန်းများ ရှိနေခြင်းကြောင့် လူမပြတ်စည်ကားနေလေသည်။

ပြီး ဆိပ်ကမ်းလမ်းမကြီးအတိုင်း ခမောင်းနှင့် ရောက်လာကြသော ခရီးသည်တင်ရထားလုံးများ၊ ကုန်တင် လှည်းများနှင့် မြင်းစီးသမားတို့ကြောင့် မြင်းခွာသံများ၊ ရထားဘီး ခေါက်သံများ၊ ဈေးသည်များ၏ ဈေးခေါ်သံတို့ဖြင့် ဆူညံလျက် ရှိနေလေသည်။

သည်ကနေ့မနက်ပိုင်း ဆိပ်ကမ်း၌ စည်ကားလျက် ရှိနေသောအခြေအနေမှာ အခြားနေ့များနှင့်မတူ အထူးစည်ကားနေမှုကြောင့် သည်မနက်ခင်းပိုင်း၌ ရပ်ဝေးသင်္ဘော ဆိုက်ကပ်လာမည်ဖြစ်ကြောင်း သိသာပေါ်လွင်နေပေ၏။

ဟုတ်ပါသည်။

သည်လိုဖိန်မြို့ တိုရီဆိပ်ကမ်းတံတားသို့ သုံးရက်တစ်ကြိမ် ရပ်ဝေးမှ ခရီးရှည်နှင့်လာသော သင်္ဘောကြီးများ ဆိုက်ကပ်ရောက်ရှိလာလေ့ရှိသည်။

သို့မို့ကြောင့်….

လိုဖိန်မြို့မှ ခရီးဝေးနှင့်လိုကြသူများ၊ ရပ်ဝေး လာရောက်ကြသော ဧည့်သည်တော်များ၊ ကုန်သည်ပွဲစားများ စသည်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် ရပ်ဝေးနှင့် သင်္ဘောကြီးနှင့် လိုက်ပါကြရန် အဘူကီ တိုရီဆိပ်ကမ်းတံတားသို့ စုရုံးရောက်ရှိ လာကြခြင်း ဖြစ်လေသည်။

သည်တွင် ယင်းတိုရီဆိပ်ကမ်း၌ သမာအာဇီဝနှင့်မတောင်း ရောင်းကောင်းဝယ် စီးပွားရေးရှာဖွေကြသူများ ရှိကြသလို မတောင်းမှု ဒုစရိုက်လုပ်ငန်းများနှင့် မတရား စီးပွားရှာကြ ကြသည့် လူဆိုးလူမိုက်များနှင့် ပြည့်တန်ဆာ မိန်းမများတို့ လည်း ရှိနေကြလေသည်။

'ဩော်....လောကကြီးမှာ အဆိုးနှင့် အကောင်းမှာ ဒွန်တွဲ ရှိနေသည် မဟုတ်ပါလား။

ထို တိုရီမြစ်ဆိပ်ကမ်းတံတားနှင့် မလှမ်းမကမ်းရှိ လမ်းမ ကြီးနံဘေး တစ်ဖက်ကုန်းမြင့်ပေါ်၌ လူနှစ်ယောက် ပုခုံး ထောက်ရှိုင်းသော နံနက်ခင်းနေရောင်ခြည် ဖြန့်ကျက်လျက် ရှိသည့် တိုရီဆိပ်ကမ်းတံတားဆီသို့ အကြည့်စူးစိုက်ရောက်နေ ကြလေသည်။

အဘယ်အကြောင်းကြောင့်ထိုလူနှစ်ယောက်တို့မှာသာယာ လှပသော တိုရီမြစ် ဆိပ်ကမ်းတံတားအလှအပကို စူးစိုက် ကြည့်နေကြရပါသနည်း။

အကြောင်းဟူမူ....

ထိုလူလတ်ပိုင်းနှစ်ဦးသည် တိုရီမြစ်ဆိပ်ကမ်းတံတားအလှ ကို ပန်းချီဆွဲနေကြခြင်း ဖြစ်လေ၏။

ဟုတ်ပါသည်။



ပိုးထည်အဖြူရောင်ဝတ်စုံဝတ် လူလတ်ပိုင်းသည် သံဓာတ် စုတ်တံတစ်ချောင်းကိုင်လျက် ရှေ့တွင် ထောင်ထားသော ပိတ် ကားချပ်ကြီးပေါ်ဝယ် တောက်ရှိုင်းလှပနေသည့် တိုရီမြစ် တံတားဆိပ်ကမ်းအလှကို ရောင်စုံဆေးမှုန်များနှင့် လက်ရာ မြောက်စွာ ဆွဲနေလျက်ရှိ၏။

ထို ပိုးထည်ဝတ်စုံဝတ် လူလတ်ပိုင်းမှာ အသက် နှစ်ဆယ့် ငါးနှစ်ကျော်ခန့်ရှိမည် ထင်ရ၏။

ပြီး သူ့မျက်ခုံးအစုံတို့မှာ နက်မှောင်ထူထပ်ပြီး ခိုင်ခန့် သော မေးရိုးရှင်ဖြစ်၏။

ဒါ့ကြောင့် သူ့ ဥပဓိရုပ်မှာ ခန့်ညား တည်ကြည်လျက် ရှိသည်။

နောက် ကာယဗလမှာလည်း ကြည့်ကောင်းအောင် တောင့် တင်းကြံ့ခိုင်သူ ဖြစ်လေ၏။

သူ့နာမည်ကား ဆန်ကျောင်း ဖြစ်သည်။

သူ့ကား အနုပညာလောကနှင့် သိုင်းလောကသားများ ခေါ်ဝေါ်နေကြသည့် အမည်နာမ အပြည့်အစုံ ကား သံဓာတ်စုတ်တံ ဆန်ကျောင်းပင် ဖြစ်လေ၏။

သူ့နံဘေးတွင် ရပ်လျက်ရှိနေသူကား ညာဘက်မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် ရွှဲ့လျက်ရှိပြီး တည်ငြိမ်မှုမရှိ၊ ပေကာလပ် ပေကာလပ် ဖြစ်နေသည့် ဝူကျို ဖြစ်သည်။

ဝူကျိုမှာ သံမဏိစုတ်တံဆန်ကျောင်း၏ လူငယ်ချင်းဖြစ်၏။

သူတို့နှစ်ယောက်သည် သူငယ်ချင်းဟုဆိုရအောင် ညီအစ်ကို ရင်းတမျှ ခင်မင်ကြလေ၏။

အသက်အားဖြင့် ဝူကျိုက သံမဏိစုတ်တံ ဆန်ကျောင်း ထက် အသက်နှစ်နှစ် ပိုကြီးလေ၏။

ပြီး ဝူကျိုသည် ပျော်ပျော်နေစတ်နောက် နေတတ် ထိုင်သူ တစ်ဦးဖြစ်လေ၏။

သည့်တွင် ဝူကျိုသည် နေရောင်တဖျပ်ဖျပ်လက်ထနေသော တိုရီမြစ်ကြောတစ်လျှောက်ကို ငေးကြည့်ရင်းက သက်ပြင်း တစ်ချက် မသိမသာချလိုက်ပြီး....

'ဆန်ကျောင်း၊ တစ်နေ့ တစ်နေ့ ဒီ သဘာဝရှုမျှော်ခင်း ပုံတွေချည်းပဲ ဆွဲဆွဲနေရတာ မငြီးငွေ့ဘူးလား'

လှမ်းမေးလာသဖြင့် သံမဏိစုတ်တံဆန်ကျောင်းမှာ ဝူကျို ထံဆီသို့ အကြည့်ရွှေ့ပြောင်းရောက်ရှိလာရပြီး....



'ကိုဝူကျိုကြီးရာ ကိုယ်ဝါသနာနဲ့ကိုယ်ဆိုတော့ ဘယ်ငြီး ငွေ့မလဲ၊ ခင်ဗျားကော တစ်နေ့ တစ်နေ့ အရက်သောက်နေ တာကော မငြီးငွေ့ဘူး မဟုတ်လား'

ခနဲ့တဲ့တဲ့လေသံဖြင့် ချက်ချင်း တုံ့ပြန်မေးလိုက်တော့....

ဝူကျို၏အကြည့် သံမဏိစုတ်တံဆန်ကျောင်းထံ ရွှေ့ပြောင်း ရောက်ရှိလာရပြီး အပြုံးယဲ့ယဲ့နှင့်....

'ဟင်း....ဟင်း....ဒါကလဲ ကိုယ်ကြိုက်လို့သောက်တာကိုး၊ ငါ မင်းကို အကြံတစ်ခုပေးချင်တာက ဒီသဘာဝရှုခင်းပုံတွေ ချည်း ဆွဲနေတော့ ရိုးအီလာမယ်၊ တစ်ဘက်အကြောင်းအရာ ကို လွှဲပြောင်းပြီးလုပ်ရင် ပိုအကျိုးမရှိလာနိုင်ဘူးလားလို့'

ယင်းသို့ အကြံပေးပြောဆိုလာမှုကြောင့် သံမဏိစုတ်တံ ဆန်ကျောင်းမှာ ပန်းချီအဆွဲရပ်လိုက်ပြီး ဝူကျိုထံ မျက်မှောင် တွန့်ကြည့်ရာ....

'နေစမ်းပါဦး၊ ကိုဝူကျိုကြီးက ကျွန်တော့်ကို ဘယ် အကြောင်းအရာ ပြောင်းဆွဲနိုင်းချင်လို့လဲ ဆိုစမ်းပါဦး'

စူးစမ်းဟန်ဖြင့် လှမ်းမေးလာတော့ ဝူကျိုမှာ အသာအယာ ပြုံးလိုက်ရင်း....

'တခြားမဟုတ်ပါဘူးကွာ၊ မိန်းမလှပုံလေးတွေကို သဘာ

www.burmeseclassic.com

www.burmeseclassic.com



ဝ ရှုခင်း နောက်ခံထားဆွဲရင် မင်းပန်းချီကားတွေ ဝယ်ယူအားပေးနေတဲ့ လူတွေအတွက် အမြင့်တစ်မျိုးဆန်းသွားမယ်၊ ပြီးတော့ ရှေးဟောင်းအမျိုးသမီးတွေရဲ့ ပုံတွေ ဖော်ထုတ်ရေးဆွဲ သင့်တယ်'

'အာ....ကိုဝူကျိုကြီးအကြံ မဆိုးဘူး၊ ဒါပြမယ့် ခက်တာက ကျွန်တော့်ကိုမှာ ကိုယ်ဟန်ပြ ပန်းချီအဆွဲခံပေးမယ့် မိန်းကလေးမရှိတော့ ခက်တယ်'

'ဟ.... ဒါ.... ဒါကတော့ ရုပ်ရည်အဆင့်တင်ရှိတဲ့ မိန်းကလေးတစ်ဦးဦးကို ငွေပေးပြီး ကိုယ်ပန်းချီဆွဲမယ့်နေ့ ငှားရမ်းလိုက်ပေါ့'

ပြောတော့....

သံမဏိစုတ်တံဆန်ကျောင်းမှာ အပြုံးရိပ်ဖြင့် ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး....

'ကိုဝူကျိုကြီးကလဲ ကျွန်တော်ပန်းချီဆွဲနေတာလဲ မြင်သိထားနဲ့၊ ပန်းချီဆွဲတာ တစ်နေ့တစ်ရက်ထဲနဲ့ ပြီးတဲ့ကိစ္စမဟုတ်ဘူး၊ နောက် ကိုယ်ဆွဲမယ့်နေရာလဲ သူ့ကို ခေါ်သွားရအုံး၊ အဲဒီတော့ သူက ကျွန်တော့်ခေါ်ရာနောက်ကို စိတ်ချပြီး လိုက်ရဲပါ့မလား၊ အဲဒါလဲ ထည့်တွက်စဉ်းစားဦးလေ'



မိန်းမသားတစ်ဦး ငှားရမ်းအသုံးပြုဖို့အတွက် ခန့်ထုပ်ခန့်ပိုး ရှိနေရသည့်အကြောင်းကို ထုတ်ဖော် ရှင်းလင်းပြလိုက်သော်....

ဝူကျိုမှာ စိတ်မျက်ဟန်ဖြင့် သူ့ညာလက်ချောင်းများနှင့် ခေါင်းထက်ကို တစ်ချက်ကုတ်ဖွလိုက်ရင်း....

'အား...ဒါဆို ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ဟာ....ငါ အကြံတစ်ခုရပြီ ဆန်နဒကျောင်း'

အကြံတစ်ခုရသည်ဟူသော ဝူကျို၏ အော်ကြီးစွာ ပြောဆိုသံသည့်စကားကို သံမဏိစုတ်တံဆန်ကျောင်း ကြားလိုက်ရပြီး မျက်လုံးအစုံ ဝင့်ကျယ်စွာဖြင့်....

'ဘယ်လိုအကြံတစ်ခုရတာလဲ ပြောစမ်းပါဦး'

သိချင်စောနေသဖြင့် ခပ်လောလောလှမ်းမေးလိုက်သော် ဝူကျိုက ချက်ချင်း တုံ့ပြန်မဖြေသေးဘဲ သဘောကျဟန်နှင့် အပြုံးယဲ့ယဲ့ ပြုံးမိလိုက်ရင်းမှ....

'ဟင်း.... ဟင်း.... ဒီအကြံတစ်ခုလဲဆိုတော့က မင်း မဒီ ချောချောလေးတစ်ယောက်ကို အပိုင်ချိုင်ပြီး မင်းရဲ့ပန်းချီ ဟန်ပြမယ် လုပ်နိုင်းလိုက်ပေါ့ကွာ၊ ကဲ...ငါပေးတဲ့အကြံကောင်း မှတန်ပေတွားလား.....ဟဲ...ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိုစကား ကြားလိုက်ရသော သိမ္မဏီစုတ်တံ ဆန်ကျောင်းမှာ မျှော်လင့်အားကိုးမိသလို အကြံဉာဏ်မျိုးမဟုတ်ဘဲ သူ့ကို ရည်းစားတစ်ယောက် အတင်းအဓမ္မကို ရှာဖွေခိုင်းသည့် အကြံဉာဏ်ဖြစ်နေသဖြင့် စိတ်ပျက်သွားမိရပြီး....

'ဟာ.... ကိုဝူကျိုကြီးကလဲ အားကိုးရလောက်တဲ့ အကြံဉာဏ်များလား အောက်မေ့ရတယ်၊ တော်ဗျာ.... ခင်ဗျားနဲ့ စကားပြောနေရတာ ဒီဆိပ်ကမ်းသာယာ ပန်းချီကား တစ်ချပ် ပြီးတော့မှာ မဟုတ်တော့ဘူး'

ထိုသို့ သိမ္မဏီစုတ်တံဆန်ကျောင်းမှာ ဝူကျိုကိုမကျေမနပ်လေသံဖြင့် ပြောဆိုလိုက်လေ၏။

ထိုအခါ သဘောကျစွာ ပြုံးရယ်နေမိရသော ဝူကျို မျက်နှာ ချက်ချင်း တည်တည်ကြည်ကြည်လေးဖြစ်သွားရပြီး ဆိတ်ငြိမ်သွားရလေ၏။

သည်နောက် သိမ္မဏီစုတ်တံဆန်ကျောင်းမှာ သိမ္မဏီစုတ်တံကို ကိုင်ဆောင်လျက် တိုရီဆိပ်ကမ်းတံတားဆီသို့ အကြည့်ရောက်ကာ ဆွဲလက်စပန်းချီကားချပ်အား ဆက်ဆွဲလိုက်လေသည်။

ထိုအချိန်မှစပင်....



တစ်စတစ်စ အပူရှိန်ပြင်းပြလာရသော နေသူရိန်မှာလည်း ထန်းပင်ဖျားသို့ ရောက်ရှိလာရ၏။

ထိုအချိန် တိုရီမြစ်ကြောအတိုင်း ရွက်သဘောကြီး တစ်စင်း လိုဖိန်မြို့ တိုရီမြစ် ဆိပ်ကမ်းတံတားဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာတော့၏။

ထိုအခါ ရပ်ဝေးခရီးနှင့်ရွက်သဘောကြီး လိုဖိန်မြို့ ဆိပ်ကမ်း တံတားသို့ ချဉ်းကပ်ရောက်ရှိလာသည်ကို လှမ်းမြင်တွေ့လိုက်ကြရသော ဆိပ်ကမ်းပေါ်ရှိ ခရီးသည်များ၊ ကုန်တင် ကုန်ချ ဝန်ထမ်းလုပ်သားများ၊ ယာဉ်ရပ် စခန်းများ၊ သယ်ယူပို့ဆောင်ရေးသမားများ၊ ဈေးသည်များနှင့် အကွက်ကောင်း ချောင်းမြောင်း၍ အလစ်သုတ်ခါးပိုက်နှိုက်နှင့် အနုကြမ်းစီးကြသည့် ဒုစရိုက်လောကသားတို့သည်။ လှုပ်လှုပ်ရှားရှား ဆူဆူညံညံဖြစ်လာကြလေ၏။

သိပ်မကြာပါချေ။

ရပ်ဝေးနှင့် ရွက်သဘောကြီးမှာ လိုဖိန်မြို့ဆိပ်ကမ်း၊ ဘော တံတားဆီသို့ ထိုးဆိုက်လာတော့၏။

သည်တွင် ဝူကျိုမှာ အေးချမ်းသာယာ လှပနေသော ဆိပ်ကမ်း၊ တံတားအလှများ ရပ်ဝေးနှင့်ရွက်သဘောကြီး ထိုးဆိုက်ကပ်လာမှုကြောင့် လှုပ်လှုပ်ရှားရှား ရှုပ်ရှုပ်ထွေးထွေး ဆူဆူ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ညှိ ဖြစ်တည်သွားရသဖြင့် အာရုံပျက်သွားရသော သိမ္မကီ
တ်တံ ဆန်ကျောင်းကို လှမ်းစကားဆိုလိုက်သည်မှာ....

'ဆန်ကျောင်း....မင်း ဆရာကြီးဆိုကိုတပ်သလို ပန်းချီ
ာက်ဆွဲလို့မရတော့ဘူး မဟုတ်လား'

မေးလာတော့ သိမ္မကီစုတ်တံရှင် ဆန်ကျောင်း၏အကြည့်
ကျိုထံရောက်ရှိလာရပြီး စိတ်ပျက်လက်ပျက်တန်နှင့် ခေါင်း
င်ချက် လေးတွဲ့စွာညိတ်လိုက်ရကာ....

'ဟုတ်တယ် ကိုဝူကျိုကြီး၊ အေးဗျာ....ကျုပ်တို့ တွေနား
က်ကြရအောင်၊ ကျုပ်က လက်ဖက်ရည်သောက်မယ် ခင်
းက ယမကာအဖော်ပြုလိုက်ဦးပေါ့၊ တတားက အတော်
ာမှ လူရှင်းသွားမှာ ... ကဲ....လာ.... ဟိုသစ်ပင်ကြီး အရိပ်
ာက်မှာ ကျွန်တော်တို့ သွားထိုင်ကြရအောင်'

မလှမ်းမကမ်း၌ နှစ်ပရိစ္ဆေဒကပေါက်ရောက်လျက်ရှိသော
ရိပ်ကောင်းကောင်း သစ်ပင်ကြီးရှိရင်းအောက်၌ တွေ
းရောက်နားယူရန် ပြောဆိုလာသဖြင့်....

ဝူကျိုမှာ အေးအေးဆေးဆေး ယမကာအဖော်ပြုရမည်မို့
မျိုးစွာနှင့် ခေါင်း ဆတ်ခနဲ ညိတ်လိုက်ရင်း....

'အေး....အဲဒါ အကောင်းဆုံးအစီအစဉ်ပဲ'



ညည့်နောက် သိမ္မကီစုတ်တံရှင် ဆန်ကျောင်းနှင့် ဝူကျိုတို့
ောက်ကျောမလှမ်းမကမ်း၌ရှိ သစ်ပင်ကြီးအောက်သို့ ရွက်
ကြမ်း နင်းဖြစ်ကာ တစ်ရွေ့ရွေ့ လျှောက်လှမ်းသွားကြ
လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုးတစ်လုံးကျက်ခန့် ကြာသောအခါ ရပ်ဝေးနှင့် သင်္ဘောကြီးနှင့် လိုက်ပါလာကြသည့် လိုဖိန့်မြို့ဆင်း ခရီးသည် များ ဆိပ်ကမ်းပေါ်သို့ တက်ရောက်လာခဲ့မှ ရှင်းလင်းသွားရ လေသည်။

ထိုအခါ ဆိပ်ကမ်းပေါ်တွင်အသင့်စောင့်ဆိုင်းနေကြသည့် လိုဖိန့်မြို့မှ ခရီးထွက်ခွာကြမည့်ခရီးသည်များ ဆိုက်ကပ်ထား သော သင်္ဘောကြီးဆီသို့ တံတားအတိုင်း သက်ဆင်းသွား ကြလေ၏။

ပြောရမည်ဆိုလျှင်....

ထိုရပ်ဝေးနှင်သင်္ဘောကြီးမှာ လိုဖိန့်မြို့ဆိပ်ကမ်းတံတား၌ နာရီမောင်း လေးချက်တီးအချိန်မှသာ ခေတ္တ ထိုးဆိုက်ကာ လိုက်ပါလာကြမည့် ခရီးသည်များ တင်ဆောင်မည် ဖြစ်လေ သည်။

နောက် ထိုသင်္ဘောကြီးမှာ တိုရီမြစ်အတိုင်း သယ်ဆောင် ခရီးနှင် ထွက်ခွာမည်ဖြစ်လေ၏။

ရပ်ဝေးသင်္ဘောကြီး ဆိုက်ကပ်လာမှုကြောင့် လိုဖိန့်မြို့ ဆိပ်ကမ်းဝန်းကျင်တစ်ဝိုက် ဆူညံရှုပ်ထွေးသွားရ၏။

ရထားလုံးများ ထွက်ခွာသံ၊ ကုန်တင်ကုန်ချ လက်တွန်း



လှည်းများ ရွေ့လျားသံ၊ အော်ဟစ်သံ၊ ဆဲဆိုသံ စသည့် အသံ ပေါင်းစုံ ကြီးစိုးမင်းမူလျက်ရှိနေသည်။

ထိုအချိန်မှာပင်....

ဆည့်ဝကာပျိုင်းများလို အကွက်ကောင်းစောင့်ဆိုင်းနေကြ ရသော ဒုစရိုက်သမားတို့သည် တံတားပေါ်မှ တက်ရောက် လာကြသည့် ခရီးသည်များအခြေအနေအား လှမ်းအကဲခတ် ကြည့်ရှုနေကြ၏။

ထိုဒုစရိုက်အဖွဲ့တွင် နာမည်ကြီးနေသူက ဆင်ဆိုးကြီးဖန်တုံ တို့အဖွဲ့ ဖြစ်လေသည်။

အဖွဲ့ဆိုလို့ သူ့တွင် အဖွဲ့သားများများရှိသည် မဟုတ်ပါ ချေ။

တပည့်နှစ်ယောက်ပဲ ရှိသည်။

ထိုတပည့်နှစ်ယောက်တို့မှာကား မွဲတစ်လုံးချော်ချောင်းနှင့် ကျားမဲချီဇီတို့ပင် ဖြစ်လေသည်။

အခု ဆင်ဆိုးကြီးဖန်တုံတို့သုံးဦးသည် ဆိပ်ကမ်းရှိ လက် ဖက်ရည်ဆိုင် အပြင်ဘက်တွင် ခင်းကျင်းထားသော စားပွဲဝိုင်း တစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်လျက် တံတားပေါ်မှတက်ရောက်လာ

www.burmeseclassic.com

ကြသည့် ခရီးသည်များအားအခြားအနေကို လှမ်းဘက်ခဲ့ကြည့်ရှု နေကြသည်။

တကယ်တော့....

သူတို့သုံးဦးမှာ ပင်ဖမ်း၍ရမည့် အမဲကောင်ကို ရှာဖွေနေ ကြခြင်း ဖြစ်ပေလေ၏။

ထိုစဉ်မှာပင်....

ဘယ်ဘက်ပေါ်ပြင်ဝေပါဝယ် အထင်ကရမှိုနက်ကြီးတစ်ပိုး တည်ရှိနေရသော ကြွက်မျက်နှာကဲ့သို့ စုတ်ချွန်းချွန်း ရှိနေရ သည့် မှိုတစ်လုံးမချော်ချောင်းမှာ ခရီးဆောင် ကျောပိုးအိတ် တစ်လုံးကိုကျောပိုးလွယ်လျက် ယောင်လည်လည်ဖြစ်နေသော ကျေးလက်ဝတ်စုံနှင့် တောင်ငိုတွင်းချောမောလှပသည့် ကျေး လက် တောသူ အမျိုးသမီးအား သားကောင်အဖြစ် ရှာမပွ တွေ့ရှိလိုက်ရမှုကြောင့် အားရတက်ကြွစွာဖြင့် ဆရာသမား ဖြစ်သူ ဆင်ဆိုးကြီးဖန်တုံယ် တီးတိုးသံနှင့် လှမ်းသတိပေး ပြောဆိုလိုက်သည်မှာ....

"ဆရာ... ဆရာ...ဟိုကုန်စုံဆိုင်ရှေ့မှာ ယောင်လည်ယောင် လည် ဖြစ်နေတဲ့ အစိမ်းရောင်တောဝတ်စုံနဲ့ မိန်းကလေးဟာ ကျွန်တော်တို့အတွက် သားကောင်ဖြစ်နိုင်တယ်"

ပြောတော့....



ကြေးနီရောင် ဆံပင်များအား ကျစ်ဆံမြီးသေးသေးတို့ကို အနေချောင်းပေါင်းများစွာ ကျစ်ချထားသောဆံပင်နှင့် ဆင်ဆိုး ကြီး ဖန်တုံ၏ လေးမကောင့်စပ်စပ် မျက်ခုံးပါးကျဉ်းကျဉ်း မျက်နှာကြီးမှာ တပည့်မှိုတစ်လုံးချော်ချောင်း၊ စေညွှန်း ပြော ဆိုလိုက်ရာ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ရှိ ကုန်စုံဆိုင်ရှေ့သို့ မျက်ချင်းချွန် ပြောင်းရောက်ရှိသွားရသည်၏။

ထို့အတူပင်...

သူ့တပည့် အသားနက်မည်းချိုပ်နေရပြီး ကျွဲမျက်နှာ ကဲ့သို့ ကြမ်းတမ်းခက်ထန်သည့် မျက်နှာပေါက်မျိုးရှိနေသည့် ကျွဲမှိုချီဒီမည်း ကုန်စုံဆိုင်ဘက်သို့ ချောခနဲအကြည့်ရောက် သွားရသည်။

ဟုတ်ပါသည်။

ကုန်စုံဆိုင်ရှေ့တွင် ဘယ်ခရီးဆက်ရမှန်းမသိ ဖြစ်နေရသော ကျေးတောလက်ဝတ်စုံနှင့် တောင်ငိုတင်း လှပသည့် ကျစ်ဆံမြီး ထင်ချောင်းချ မိန်းမပျိုလေးမှာ အကွက်ချောင်းမြောင်းနေ ကြသော ဒုစရိုက်အဖွဲ့ ဆင်ဆိုးကြီးဖန်တုံတို့ လှမ်းဘက်ခဲ့ ကြည့်ရှုနေသည်ကို လုံးဝ မသိရှာပါချေ။

တကယ်တော့ သူမမှာ ဦးတည်သွားစရာလိပ်စာ ပျောက်ရှ ပါသည်။

www.burmeseclassic.com



သို့ရာတွင် မိန်းမပျိုလေးတစ်ဦးတည်းအနေဖြင့် ခရီးဝေးလည်း တစ်ခါမှ မနှင်ဘူးသောကြောင့် သူမလက်ထဲမှ လိပ်စာ၊ စာရွက်ကို မည်သူ့ထုတ်ပြ၍ မေးမြန်းရမှန်းမသိဖြစ်ကာ ယောင်ချာချာဖြစ်နေရခြင်းပင် ဖြစ်လေသည်။

ထိုအခိုက်မှာပင်...

သူမထံဆီသို့ လူတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေသည်။

ထိုလူက တခြားသူ ဟုတ်ရိုးလား။

ဆင်ဆိုးကြီးဖန်တုံ၏တပည့် မှဲ့တစ်လုံးချော်ချောင်းပင်ဖြစ်လေသည်။

မှဲ့တစ်လုံးချော်ချောင်းက စိတ်ရင်းစေတနာကောင်းရှိသည့်အခရကို ခြုံလွှမ်းပစ်လိုက်ပြီး...

'ညီ...ညီမလေး ဘာအခက်အခဲရှိနေလဲ၊ ပြော...အစ်ကိုကြီး ကူညီနိုင်တာရှိရင် ကူညီပေးပါ့မယ်'

အကူအညီပေးမည့်သူ ဖိတ်ခေါ်စရာမလိုဘဲ ပေါ်ပေါက်လာရသဖြင့် သူမ ဝမ်းမြောက်ဝမ်းသာဟန် ဖြစ်တည်သွားရလေသည်။



'အြော်...ဟုတ်ကဲ့၊ ကျွန်...ကျွန်မ တခြားအကူအညီတော့ မလိုပါဘူးရှင်၊ ဟောဒီလိပ်စာအတိုင်း ဘယ်လိုသွားရမယ်ဆိုတာ လမ်းညွှန်ပေးရုံပါပဲရှင်'

အခက်အခဲကို ထုတ်ဖော်ပြောပြလိုက်၏။

သည်တွင်...

မှဲ့တစ်လုံးချော်ချောင်းမှာ အပြုံးရိပ်ဆောင်လိုက်ရင်း...

'အြော်...ဒါလား၊ ကဲ... ကဲ... မင်းလိပ်စာ၊ စာရွက်ကို တဆိတ်လောက် ပြပါဦးကွယ်'

လိပ်စာ၊ စာရွက် တောင်းလာ၏။

ဒါကြောင့်...

သူမလက်ထဲမှ လိပ်စာ၊ စာရွက်ခေါက်လေးကို မှဲ့တစ်လုံးချော်ချောင်းထံ တရိုတသေ လှမ်းပေးလိုက်၏။

ထိုအခါ...

မှဲ့တစ်လုံးချော်ချောင်းမှာ စာဖတ်ဟန်နှင့် သူမ ကမ်းပေးသော လိပ်စာ၊ စာရွက်ကိုပြန့်ကာ ဟန်ပါပါ ဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့…

သူ ယင်းစာရွက်ဖြူပေါ်တွင် ရေးသားထားသော စာများကို တစ်တန်းတစ်လုံးမျှ မဖတ်တတ်ပါချေ။

အကြောင်းမှာ…

သူ စာလုံးစတတ်မြောက်သူ မဟုတ်သောကြောင့် ဖြစ်လေသည်။

သို့သော် ဒုစရိုက်လောကတွင် ကျင်လည်ကျက်စားနေသည်မှာ အရိုးရင့်နေပြီမို့ တစ်ဖက်သူယုံစားနိုင်အောင် သရုပ်ဆောင် ကောင်းကောင်းနှင့် ဟန်ဆောင်ပြောဆိုတတ်သူ ဖြစ်လေသည်။

"အာ…ဒီလိပ်စာအတိုင်းဆိုရင် ညီမသွားရောက်ရမယ့် ရပ်ကွက်က အစ်ကိုနေတဲ့ရပ်ကွက်ပဲ၊ တဲ…လာ…လာ…အစ်ကိုလဲ ဒီသတင်းနဲ့ ညီမသည်ရောက်လာမလားလို့ လာကြိုတာ၊ အခုတော့ စိတ်ပျက်ပြီး ပြန်တော့မလို့၊ ကဲ… ညီမ ဆန္ဒရှိရင် တစ်ခါတည်း အစ်ကိုနဲ့လိုက်ခဲ့ပါ၊ မင်းလိပ်စာပြန်ယူထား"

ပြောဆိုရင်း သူ့လက်ထဲမှ လိပ်စာ စာရွက်ကို သူမထံ လှမ်းပေးလိုက်သည်။



သည်တွင်…

သူမမှာ မွဲသစ်လုံးချော်ချောင်ထံမှ လိပ်စာ စာရွက်ကို လှမ်းယူရင်း တစ်ခါမျှမတွေ့ကြုံခဲ့ဘူးသော လူစိမ်းနှင့်အတူ လူဦးလေး ယှဉ်ယှဉ်ချင်းရှိရာ ရပ်ကွက်ဆီသို့ လိုက်သွားရင် ကောင်း မကောင်း ချိတုံချတုံ တွေးတောစဉ်းစားမိလိုက်မလသည်။

ပြောရမည်ဆိုလျှင် သူမနာမည်မှာ ရီချမ်းဖြစ်၏။

သူမသည် လိုဖိုမြို့နှင့် အလှမ်းဝေးကွာသော ချောကြွကျေးရွာမှာ နေထိုင်သူဖြစ်လေ၏။

ချောကြွကျေးရွာမှာ ကျေးရွာကြီးတစ်ရွာ ဖြစ်လေ၏။

တကယ်ဆို ရီချမ်းတစ်ယောက် ထိုချောကြွကျေးရွာ၌ လူသာဖြစ်လို့ မကောင်းဟု သူမဘာသာသူမ မကျေနပ်မှုဖြစ်နေမိသည်။

အကြောင်းတွင်မူ…

သူမသည် အဆိုအကကို ဝါသနာထုံသူလေးဖြစ်၏

www.burmeseclassic.com



လူမ တတ်မြောက်ကျွမ်းကျင်လှန်းသော အဆိုအကပညာရပ် ဆည်းပူးဖို့အတွက် ဆရာကောင်းကောင်း ချောကြာကျေးရွာတွင် မရှိချေ။

ဒါ့ကြောင့်....

သူမအဖို့ အဆိုအကအတတ်ပညာကို တတ်မြောက် ကျွမ်းကျင်အောင် အနုပညာလောကသို့ နာမည်ကျော်ကြားသည့် အနုပညာရှင်တစ်ဦးဖြစ်အောင် တိုးတက်သော လိုဖို့နှင့်မြို့ကြီး၌ မှာမှ အနုပညာ ဆရာသမားကောင်းများ ရှိကြ၏။

ဒါ့ကြောင့်.... ဒါ့ကြောင့်....

အနုပညာရပ်တွင် တိုးတက်မှုမရှိသော ချောကြာကျေးရွာ၌ သူမ လူလာဖြစ်ရသည်ကို မကျေမနပ်ဖြစ်နေရခြင်း ဖြစ်ပေသည်။

တဖက်ကကော့ ကံတရား၏အဆိုအရ အနုပညာဝါသနာ ထုံလွန်းသော၊ အောင်မြင်ကျော်ကြားလိုသော ရီချမ်းကို အနုပညာမထွန်းကားသည့် ချောကြာကျေးရွာ၌ လူလာဖြစ်အောင် ထွန်းပြိုပေးခဲ့ရုံမက....



သူမ လူ့လောကထဲသို့ အရုပ်ဆိုး အငိုဘဝနှင့် စတင် ဝင်ရောက်လိုက်သည်နှင့် သူမ၏ မိဘနှစ်ပါးတို့မှာလည်း တောသူပုန်များလက်ချက်ကြောင့် မရှုမလှ သေပွဲဝင်သွားကြရလေသည်။

ထိုမျှ ကံဇာတ်ဆရာက သူမဘဝကို နာကြည်းစွာ ရက်စက်ခဲ့လေ၏။

သို့နှင့် မိဘမဲ့ခဲ့ရသော ရီချမ်းကို ဦးလေးအရင်းဖြစ်သူ ဦးရီဆွန်ရှယ်က မိဘသဖွယ် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့လေသည်။

ဦးလေးဇနီးဖြစ်သူ ဒေါ်မောက်ခန်းမှာလည်း ရီချမ်းကို သမီးရင်းလေးသဖွယ် သံယောဇဉ်ပိုခဲ့ရလေ၏။

သူမ ဆယ့်ပျိုဖျန်းအရွယ်ရောက်လာပြီး အနုပညာပိုး ထကြွလာသောအခါ ဦးလေးရီဆွန်ရှယ်နှင့် ဇနီး ဒေါ်မောက်ခန်းတို့သည် ကျေးရွာရှိ မိန်းမလျှာအနုပညာသမားကြီးထံ၌ အဆိုအက သင်ကြားရန် အပ်နှံပေးခဲ့လေ၏။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



အဆိုအကအနုပညာသည်ကြီး မိန်းမလျှာအိုကြီးမှာ ရီချမ်း၏ အမှားများလွန်းသော အဖြစ်ကို ဒေါသဖြစ်စွာ ဆူပူကြိမ်းမောင်းလေ၏။

တကယ်တော့လည်း ထိုမိန်းမလျှာအိုကြီး သင်ကြားပေးနေသော အဆိုအကများမှာ ရှေးဟောင်း အဆိုအကများ ကြောင့် ရီချမ်းတစ်ယောက် ခက်ခဲနက်နဲသည့် အဆိုအက ပညာရပ်ကို လိုက်မမီနိုင်ခြင်းမရှိဘဲ အမှားအယွင်းများကာ ဆူပူ ကြိမ်းမောင်းခံနေရခြင်းဖြစ်လေ၏။

နေ့ဝက်ဆုံး ရီချမ်းမှာ ထိုအဆိုအကအနုပညာသည် မိန်းမလျှာအိုကြီးနှင့် စကားများကာ အိမ်သို့ပြန်လာခဲ့သည်။

နောက်နေ့ သူမ ထိုမိန်းမလျှာအိုကြီးထံ အဆိုအက သွားရောက် သင်ယူခြင်း မရှိတော့ပါချေ။

ထိုအခါ....

ဦးလေးရီဆွန်ရှယ်က အဆိုအက သွားရောက်သင်ကြားခြင်း မရှိသော တူမရီချမ်းထံ စစ်ဆေးမေးမြန်းလာလေတော့သည်။



'သမီးရီချမ်း....ဘာလို့ ဆရာမကြီးဆီ အဆိုအက သွားမသင်တော့ရတာလဲ'

သည်တွင်....

ရီချမ်း၏ နုပျိုလှပသောမျက်နှာပေါ်သို့ မကျေမချမ်းရိပ်ကလေး ရုတ်ခြည်း လွှမ်းမိုးသွားရပြီး....

'ဦးလေး....သမီးနဲ့ အဲဒီဆရာမကြီး အဆိုအကသင်ကြားရတာ အဆင်မပြေဘူး'

ယင်းအဖြေစကား ကြားသိလိုက်ရတော့ ဦးလေး ရီဆွန်ရှယ်က နှုတ်ခမ်းမွှေးဖွားလေး [illegible] နေသော သူမ့အဖြစ်ကို မျက်မှောင်ကြုတ်ကြည့်ဖြစ်ရင်း....

'နေစမ်းပါဦး၊ သမီးနဲ့ ဆရာမကြီး ဘယ်လိုအဆင်မပြေတာလဲ၊ သမီးကို ဆူပူကြိမ်းမောင်းနေလို့ မဟုတ်လား'

မေးတော့ ရီချမ်းက ခပ်ဆောင့်ဆောင့်အသံလေးနှင့် ခေါင်းညိတ်ပြလိုက်မိရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'ဟာ...ဒါကတော့သမီးရယ်၊ ဆရာမကြီးဟာ သမီးကို အဆိုအက အတတ်ပညာရပ် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်စေချင်လို့ ဆူပူကြိမ်းမောင်း သင်ပေးနေတာပဲ၊ ဒီလိုမှ သမီး သည်းခံ မအောင့်အည်းနိုင်ဘူးဆိုရင် သမီး အနုပညာမှာ ထင်ပေါ်ကျော်ကြားလာတဲ့ အနုပညာရှင်ကောင်း တစ်ယောက် ဘယ်ဖြစ်လာတော့မှာလဲ...'

'အိုးသည်ဟာ သူ့ အတွက် အိုးကောင်းတစ်လုံး ထွက်လာဖို့ဟာ အိုးလုပ်တဲ့အခါ ရွှံ့စေးကို နာနာရိုက်ရတယ်၊ ဒီလိုပါပဲ အမိ၊ သမီးကို အနုပညာမှာ အောင်မြင်ကျော်ကြားလာဖို့အတွက် သမီးကို ဆူပူကြိမ်းမောင်းပြီး အမှားအယွင်းကို ပြင်ပေးတာ၊ သမီး မကြိုက်ဘူးဆိုရင် သမီး အနုပညာကို စွန့်လွှတ်ပစ်လိုက်တော့'

အနုပညာကို စွန့်လွှတ်ပစ်လိုက်ဟူသော ဆိုစကားကို ရှိချမ်း ကြားလိုက်ရသည်နှင့် သူမနှလုံးသားစိုင်မှ နင့်ခနဲ ခံစားလိုက်ရပြီး ထိုင်နေရာမှ ထရပ်ပစ်မိလိုက်သည်။

သူမမျက်နှာ တင်းမာသွားရပြီး တစ်ခါမျှ မကြည့်ဖူးခဲ့



သော စိမ်းစိမ်းကားကား အကြည့်နှင့် စူးစိုက် ကြည့်ပစ်လိုက်ရင်း....

'ဒီမယ်...ဦးလေး၊ သမီး ဦးလေး ဆိုဆုံးမတဲ့ စကားတွေ အားလုံး သဘောပေါက်ပါတယ်၊ ဆရာသမားတစ်ယောက်ဟာ ကိုယ့်တပည့်တစ်ယောက် ကျော်ကြားအောင်မြင်တာကို မြင်စေချင်ကြတာပါပဲ....'

'အခုဟာက သူသင်ကြားပေးတဲ့ အဆိုအကတွေက ခေတ်ဟောင်းထဲက အဆိုအကတွေ နုန်းဆန်တယ်၊ မြင့်မားတယ်၊ သမီး ငယ်ရွယ်တဲ့ အနုပညာ အတွေ့အကြုံ မရှိသေးတဲ့သူ အမှားမှားတွေမှာပေါ့၊ ဒါကို အခြေခံကျကျ သင်ကြားပေးပြီး စိတ်ရှည်ရှည်နဲ့ ချော့မော့သင်ရင် သမီး ပျော်တာပေါ့၊ အခုဟာ က သမီး စိတ်ခုရတယ်၊ ဆက်သင်ရင် သမီး စကားများမိလိမ့်မယ်၊ ဒါကြောင့် သမီး ဆက်မသွားတော့တာပေါ့'

သူမရင်ထဲမှ မကျေနပ်ချက်စကားများကို ဦးလေးထံ ရင်ဖွင့်ထုတ်ဟလိုက်လေ၏။

သည်တွင် ဦးလေး ရိုးဆွန်ရှယ်မှာ မျက်မှောင်ကြီးကြုတ်လျက် တစ်ချက် တွေးတောစဉ်းစားလိုက်မိပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



'အင်း…ဒါဆို ကာမီး ဝါသနာထုံလွန်းတဲ့ အဆိုအက အနုပညာကို စွန့်လွှတ်လိုက်ပြီလား'

မေးတော့ ရီချမ်းမှာ ပီပြင်လှပသော အိတင်းစိုပြည်သည့် နှုတ်ခမ်းနှစ်လွှာတို့ကို ထစ်ချက်ပစ်တင်လိုက်ပြီးမှ ငုံ့သင့်နေသော ဦးလေး ရီဆွန်ရှယ်ထံ အကြည့်ရောက်ရင်း…

'ဟင့်အင်း… ဦးလေး၊ သမီး အသက်နဲ့ခန္ဓာကိုယ် တည်မြဲနေသရွေ့ ကာလပတ်လုံး ဒီအဆို အက အနုပညာကို ဘယ်တော့မှ မစွန့်လွှတ်ဘူး'

ပြတ်ပြတ်သားသား ကြေငြာ ပြောဆိုလာသဖြင့် ဦးလေး ရီဆွန်ရှယ် ရင်ထဲက သဘောကျစွာဖြင့် ကြိတ်ပြုံးလိုက်မိလေတော့၏။

ထိုစဉ်…

ဦးလေး ရီဆွန်ရှယ်သည် မာနရိပ်လွှင့်ထူနေသော တူမ ရီချမ်းထံ မျက်စောင်းကုပ်ကြည့်လိုက်ရင်း…

'ဒါဆို သမီး ဒီရွာမှာ အဆိုအကပညာကို တတ်ကျွမ်းတာ ဒီဆရာကြီးတစ်ယောက်ပဲရှိတာ၊ ဘယ်လိုလုပ်မလဲ'



စူးစမ်းခန့်ဖြင့် လှမ်းမေးလာသော ရီချမ်းမှာ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်မိသလောသဖြင့် ဦးလေးထံ ရင်ဖွင့် ပြော ဆိုလာသည်မှာ…

'သမီး လိုဖိန့်လိုမြို့ကြီးဆီသွားပြီး ကမီး ဝါသနာထုံတဲ့ အဆိုအက ပညာရပ်တို့ သွားရောက်သင်ချင်ပါတယ် ဦးလေး'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### ဒုစရိုက်ဆင်ဆိုးကြီး၊ မှဲ့တစ်လုံးနှင့်ကျွဲမဲ

ရပ်ဝေးဖြစ်သော လိုဖိန့်မြို့ကြီးဆီသို့ သွားရောက်၍ အလို အကာ အနုပညာရပ်ကို သွားရောက်ဆည်းပူး သင်ကြားချင်သော တူမဖြစ်သူ ရီချမ်း၏ ရင်ဖွင့်စကားကို ကြားလိုက်သည့် ရီဆွန်ရှယ်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး....

'သ....သမီးတစ်ယောက်တည်း ရပ်ဝေးမြို့ကြီးကို သွားဝံ့ သလား'

ပြောတော့ ရီချမ်းက အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

'ဦးလေး ဘာလို့မသွားရဲရမှာလဲ၊ နိုင်ငံခြားသွားတာမှ မဟုတ်တာ၊ ကိုယ့်တိုင်းပြည်ထဲ ကိုယ်သွားတာပဲ၊ မင်းမဲ့



တိုင်းပြည် မဟုတ်ပါဘူး၊ အဲ...သမီး ပူပင်တာ တစ်ခုတော့ ရှိတယ်'

ပြောတော့ ဦးလေး ရီဆွန်ရှယ်က သူမထံ မျက်လုံး ဝင့် ကြည့်ရင်း စိုက်ကြည့်ရင်း....

'သမီး၊ ပူပင်တာတစ်ခုဟာ ဘာလဲ၊ ဦးလေးကို ပြောပြ စမ်း'

'တခြားမဟုတ်ပါဘူးလေ၊ အဲဒီ လိုဖိန့်မြို့မှာ သမီးတို့ ဆွေမျိုးအသိုင်းအဝိုင်း မရှိတာပဲ'

'ဪ....ဒီအတွက် သမီး အားမငယ်ပါနဲ့၊ အဲဒီ လိုဖိန့်မြို့ မှာ ဦးလေးနဲ့ရော သမီးအဖေနဲ့ပါ ဆွေမျိုးရင်းချာလို ခင်မင် တဲ့ အစ်ကို သူငယ်ချင်းမိသားစု ရှိတယ်၊ ဦးလေး သူတို့လိပ်စာ သိတယ်'

ထိုစကားကြားလိုက်ရသည်နှင့် ထခုန်မတတ် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားရသော ရီချမ်းမှာ ဦးလေးထံ လှိုက်ခုန် ဝမ်းသာစွာဖြင့် ပြောဆိုလာသည်မှာ....

'ဟုတ်လား ဦးလေး၊ ဒါ....ဒါဆို သ....သမီးကို အဲဒီ လိပ်စာ ရေးပေးလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာအကောင်းအစမှ တောင်းဆိုလာသဖြင့် ဦးခလေး ရှီဆွန်ရှယ်၏ မျက်နှာသေးငယ် ညှိုးရိပ်ကလေး ရုတ်ချည်း ဆိုင်းဝင်သွားရပြီး စိတ်မကောင်းခြင်းဖြစ်သည်နှင့် တူမထံ လှမ်းမေး လိုက်သည့်မှာ....

'သမီး တကယ်ပဲ လိုဖိန်မြို့ကို သွားရောက်ဖို့ ယတိပြတ် ဆုံးဖြတ်ပြီးပြီလား'

ရှီချမ်းမှာ လူမခွဲထွက်သွားမည်ဆိုသည့်အကြောင်း မိဘသဖွယ် အုပ်ထိန်းစောင့်ရှောက် လာရသော ဦးလေး ရှီဆွန်ရှယ်တစ်ယောက် စိတ်မကောင်းခြင်း ဖြစ်သွားရသည်ကို ရိပ်မိသွားမိပြီး စိတ်မသက်မသာ ဖြစ်ရကာ....

'ဆုံး....ဆုံးဖြတ်ပြီးပါပြီ ဦးလေး၊ တကယ်တော့ ဦးလေးနဲ့ ဒေါ်ဒေါ်ကိုကို သမီးခွဲခွာသွားချင်ပါဘူး၊ ဒါပေမယ့် သမီးဝါသနာ ထက်သန်လှနေတဲ့ အဆိုအကပညာရပ်ဟာ အဲဒီလို အနုပညာ တိုးတက်မှုရှိနေတဲ့ လိုဖိန်မြို့ကြီးကိုသွား ရောက်မှ အောင်မြင်နိုင်မှာပါ'

ထိုသို့ တူမရှီချမ်း၏ ခံယူချက်စကားသို့ ကြားသိလိုက်ရသော ဦးလေးရှီဆွန်ရှယ်မှာ ခေါင်းလေးတွဲ့စွာ တစ်ချက် ညိတ်လိုက်ပြီး....

'အင်း....သမီးဒီလောက် ဆန္ဒပြင်းပြနေရင်လဲ သွားပေါ့၊ ဦးလေး အဲဒီလိပ်စာ ပေးလိုက်ပါမယ်'



'ဟုတ်ကဲ့ ဦးလေး'

သို့နှင့် အဆိုအကဝါသနာ ထုံလွန်းသော အောင်မြင်ကျော် ကြားလွန်းချင်သော ချောကြားကျေးရွာမှ ရှီချမ်းတစ်ယောက် ဦးလေးရှီဆွန်ရှယ် ရေးပေးလိုက်သည့် လိပ်စာစာရွက်ကို ယူ၍ တိုင်မြစ်ကြောင်းလမ်းမှ ရွက်သင်္ဘောကြီး စီးနင်းကာ လိုဖိန်မြို့ကြီးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေ၏။

ဟော....လိုဖိန်မြို့ဆိပ်ကမ်းရောက်တော့သူမလိပ်စာအတိုင်း လမ်း မေးမြန်းရန် မဝံ့မရဲဖြစ်ကာ ယောင်ယောင်လည်လည် ရပ်မိနေရာက အကူအညီပေးမည့် သူတော်ကောင်းအနေဖြင့် မှာ မှတ်တိုင်လုံး ချော်ချောင်း ရောက်ရှိလာရလေ၏။

နေ့စဉ်ဆုံး လူ့လောက အတွေ့အကြုံ နည်းပါး လှသေးသော ရှီချမ်းတစ်ယောက် လူလိမ်လူကောင်းမှန်း အကဲမခတ် ရှာဘဲ မှတ်တိုင်လုံးချော်ချောင်းနှင့်အတူ လိုက်ပါသွားရန် ဆုံး ဖြတ်လိုက်မိလေသည်။

'ဒါဆိုလဲ အစ်ကိုကြီးနဲ့ ကျွန်မ လိုက်ခဲ့ပါရစေ'

ထိုသို့....အကြံသမားချော်ချောင်းမှာ သဘောကျစွာ ရယ်မောလိုက်ရင်း....

'အေး....ဒါဆိုသွားကြရအောင်၊ အစ်ကိုကြီးရထားလေးလှည်း ညောင်ပင်ရိပ်အောက်မှာ ရပ်ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းတံတားနှင့် ခပ်လှမ်းလှမ်းလမ်းမကြီး နံဘေးရှိ သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုးဆိုက်ထားသော ရထားလုံးကို ချော်ချောင်း လက်ညှိုးထိုးညွှန်ရင်း ရီချမ်းအား ပြောဆိုလိုက်လေ၏။

သည်တွင်...

ရီချမ်းမှာ ချော်ချောင်းထိုးညွှန်ရာသို့ လှမ်းမျှော်ကြည့်လိုက်မိရလေသည်။

တွေ့မြင်လိုက်ရပါပြီ။

ညွှန်ပြရာအတိုင်းတွေ့မြင်လိုက်ရမှုကြောင့် သူမချော်ချောင်း၏ စကားကို ပို၍ စိတ်ချယုံကြည်သွားမိရပြီ။

'ဟုတ်ကဲ့'

သည်နောက် ချော်ချောင်းမှာ ဂုဏ်ခြွင်းကောင်းကောင်း ဖြင့် ရထားထိုးဆိုက်ထားရာ သစ်ပင်အောက်ဆီသို့ဦးတည်လျှောက်လှမ်းသွားလေ၏။

သူ့နောက်မှ ရီချမ်းတစ်ယောက် ထွက်ကြပ်မကွာ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် လိုက်ပါ သွားလေသည်။



သို့နှင့် သူတို့နှစ်ယောက် ဆိပ်ကမ်းနှင့် ခပ်လှမ်းလှမ်းရှိ လမ်းနံဘေး သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုးဆိုက်ထားသော ရထားလုံးဆီသို့ ချဉ်းကပ်ရောက်ရှိသွားကြလေသည်။

ထိုစဉ် ချော်ချောင်းမှာ ရထားလုံး မောင်းနှင်သည့် နေရာတွင် ကြိုးကိုင် စောင့်ဆိုင်းနေသော ကျားမဲ့ချီဒီထံ လှမ်းအမိန့်ပေးလိုက်သည်မှာ....

'ချီဒီ ငါတို့သွားမယ်ဟေ့'

ရထားမောင်းသမားဟန် ပီပြင်စွာ ရုပ်ဆောင်ထားသော ကျားမဲ့ချီဒီက ရိုကျိုးဟန်ဖြင့် ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ခင်ဗျာ'

ပြီး....ချော်ချောင်းသည် ရီချမ်းထံမျက်နှာ လှည့်ပြောင်းလျက်ရှိလာရပြီး....

'ကဲ...ညီမ ရထားအိမ်ပေါ်တက်လိုက်ပါ'

အမိန့်ပေး ပြောဆိုလာသဖြင့် ရီချမ်းမှာ ရထားမောင်း ကျားမဲ့ချီဒီ၏ ဆိုးသွမ်းသော ရုပ်သွင်ကို လှမ်း အကဲခတ်ပြီး....

'ဟင်....ရထားထိန်းကြီးရုပ်ကို ကြည့်ရတာ ကြောက်စရာကောင်းလိုက်တာ၊ ပြီးတော့ ငါ့ကို ခေါ်လာတဲ့လူ ရုပ်ကလဲ ခတ်ချွန်းချွန်းနဲ့ လူကောင်းတွေမှ ဟုတ်ရဲ့လား'

ယင်းသို့ သူမမှာ ဥပဓိရုပ်ဆိုးသွမ်းလှသော ချော်ချောင်းတို့ နှစ်ယောက် ရုပ်သွင်ကို အကဲခတ်မိပြီး သူမရင်ထဲ သံသယ စိတ်များ ပွားလာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အခိုက် ထို ဆိုင်းဆိုင်း မြန်တည်နေရသော ရီချမ်း၏ အခြေအနေကို လှမ်းမြင်တွေ့လိုက်ရသည့် ချော်ချောင်းမှာစိတ် မရှည်တော့နိုင်....

'ကဲ...ညီမလေး တက်လေ'

'ကြောက်...အင်း...အင်း'

တိုက်တွန်း လှုံ့ဆော်မှုကြောင့် သူမ သံသယ အတွေးများ လွင့်စဉ် ပျောက်ကွယ်သွားရပြီး ရထားလုံး ခြေနင်းပေါ်သို့ လှမ်းတက် လိုက်သည်။

ပြီး.... သူမ အဆင်သင့် ဖွင့်ထားသော ရထားလုံးအိမ် အတွင်းသို့ ဆက်မတက်ခင် လှမ်းအကဲခတ်ကြည့်မိ လိုက်စဉ်....

'ဟင်.... အထဲမှာလဲ ကြောက်စရာ လူကြီးတစ်ယောက်ပါ လား'

ရထားအိမ်အတွင်းဝယ် အသင့်စောင့်ဆိုင်း ရောက်ရှိနေရ သော ကြောနီရောင် ကျစ်ဆံမြီးချောင်း၊ မျှားစွာနှင့် မျက်နှာ ပေါက်ဆိုးဆိုး ဆင်ဆိုးကြီး ဖန်တုံကို လှမ်းမြင်တွေ့ရပြီး စိုး ထိတ်မှာ ရေရွတ် မိလိုက်လေ၏။

ထိုသည်တွင်....

သူမမှာ ထိုလူများနှင့် အတူမလိုက်တော့ရန် ဆုံးဖြတ်လိုက် ပြီးနောက် ခြေလှမ်းမှာ နောက်သို့ ပြန်ဆင်းလိုက်လေ၏။

ထိုအခြေအနေကို ကြုံတွေ့လိုက်ရသော ချော်ချောင်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး....



'ဟိတ်....မင်းဘာလို့ ရထားလုံးပေါ်မတက်ဘဲ နောက် ပြန်ဆင်းရတာလဲ'

ဒေါက်ဂင်း မေးလာသဖြင့် ရီချမ်းမှာ ချော်ချောင်းထံ ရှက်ချင်းတို့ပြန် ပြောဆိုလိုက်သည်မှာ....

'ကျွန်မ အစ်ကိုတို့နဲ့ မလိုက်ချင်တော့ဘူး၊ ကျွန်မဘာသာ သွားတော့မယ်'

ထိုသို့ ပြတ်ပြတ်သားသား ပြောဆိုလိုက်ပြီး ရီချမ်းမှာ ချော်ချောင်းအနားမှ ကျောခိုင်းကာ လှမ်းထွက်လိုက်လေ သည်။

'ဟူး....'

'ဘုတ်....'

'အမေ....'

သူမခြေလှမ်း နှစ်လှမ်းပင်လှမ်းလိုက်ရသေး၏။

မမျှော်လင့်ဘဲ....

သူမဦးတည်ရာ လမ်းကြောအရှေ့သို့ ရထားပေါ်မှ အညို ရောင်အရိပ်ကြီးတစ်ရိပ် ဟူးခနဲ ခုန်ရောက်ရှိ လာလေသည်။

ဒါကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူမ အထိတ်တလန့် ဖြစ်မိကာ 'အခမ့်' ဟု အော်ဟစ်ကာ နောက်ဖက်သို့ ဟွန့်ဆုတ်မိလိုက်ရလေ၏။

စင်စစ်ခဲတာ့...

သူမသွားရာလမ်းကို ဟန့်တားသော သူမှာ တစ်ခြားသူ မဟုတ်ပါချေ။

ဆင်ဆိုးကြီးဖန်တိုပင် ဖြစ်လေ၏။

သည်တွင်ရှီချမ်းမှာ နောက်လှည့်ထွက်မည့်အလုပ် အလေ ခြုံမျက်နှာ ကွာယားသွားပြီ ဖြစ်ရသော ချော်ချောင်ကိုအပြုံး ထွဲထွဲနှင့် ကြုံတွေ့လိုက်ရသည်။

အခု သူမမှာ ရှေ့နောက်ညှပ်ပူးညှပ်ပိတ် ဖြစ်နေရသော ကြောင့်ထွက်ပေါက်ပိတ်ဆို့သွားရလေ၏။

ထိုအခါကျမှ...

ရှီချမ်းမှာ ဆင်ဆိုးကြီးဖန်တိုဘိုကို ဗုဇရိုက် သမားများဟု ရိပ်စားသိရှိလိုက်ရလေ၏။

'ရှင်...ရှင့်တို့ ဒါ...ဒါဘာလုပ်တာလဲ'

သူမ ထိုသို့ ကြောက်ကြောက်ရွံ့ရွံ့ အော်ဟစ် မေးလိုက် သည်။



သည်တွင် ဆင်ဆိုးကြီးဖန်တိုက ကျစ်ဆံမြီးအခဲသားများကို လေဝယ် ပျံဝဲသွားအောင် တစ်ချက်ခါယမ်းလိုက်ရင်း...

'ဟား...ဟား...ဟား...ငါတို့ နင့်ကို နိဗ္ဗာန်ဘုံ ပို့ပေး မလို့ဟေ့၊ မွဲတစ်လုံးနဲ့ ကျားမဲ အချိန်မရှိဘူး၊ သူ့ကို ရထား ပေါ် ဖမ်းခေါ်တင်လိုက်ကြစမ်း'

'ဟုတ်...တုတ်'

ဆရာသမားကြီး လှမ်းအမိန့်ပေးလိုက်သဖြင့် ချော်ချောင်း နှင့် ကျားမွဲချီဒီတို့ ဖြိုင်တူ ခေါင်းညိတ်လိုက်ကြပြီး ရှီချမ်းကို ညှပ်ပူးညှပ်ပိတ် ဝိုင်းဖမ်းချုပ်လိုက်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်...ရှင်တို့ မ...မတရားမလုပ်နဲ့'

ထိုသို့ ရီချမ်းမှာ ညှပ်ပူးညှပ်ပိတ် ဝိုင်းရံဖမ်းချုပ်လာသော ချော်ချောင်းနှင့် ကျားမဲချီဒီတို့ကို အော်ဟစ် ပြောဆိုလိုက်လေ၏။

'ဟီး...ဟီး...ဟား...ဟား'

သူတို့နှစ်ဦးသည် ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသော ရီချမ်းကို ဝိုင်းရံဖမ်းချုပ်လိုက်ကြ၏။

ထိုစဉ် ရီချမ်းမှာ ကြောက်အားလန့်အားနှင့် ဘေးဘီဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းခံလိုက်မိလေ၏။

'ကယ်ကြပါဦးရှင်'

'ဟိတ်...မအော်နဲ့'

အော်ဟစ် အကူအညီတောင်းခံလိုက်သော ရီချမ်းကို ချီဒီမှာ ဟိန်းဟောက် ပြောဆိုပြီးနောက် သူမ၏ ပါးစပ်အား သူ့ညာလက်ကြမ်းကြီးဖြင့် ဖိအုပ်လိုက်လေ၏။

'အွန်း...ဟွန်း...ဟွန်း'

ပါးစပ်ပိတ်ခံလိုက်ရသဖြင့် သူမအော်သည့် အသံဗလံ ထွက်မပေါ်လာချေပြီ။ လက်နှစ်ဖက်တို့ကို ဖမ်းချုပ်ထားကြသော



ချော်ချောင်းနှင့် ချီဒီတို့မှာ သူမကို ဖမ်းဆီး၍ ရထားအိမ် အတွင်းသို့ တွန်းတင်လိုက်လေ၏။

ထိုစဉ် ခေါင်းဆောင် ဘင်ဆိုးကြီး ဖန်တုံသည် ရထား မောင်းနှင်ရန်အတွက် ရထားလုံးပေါင်းနှင်သည့် နေရာဆီသို့ ခုန်ပျံတက်လိုက်လေ၏။

ထိုအတောအတွင်း၌ သူမ အတင်း အကြောက်အကန် ရုန်းကန်နေမှုကြောင့် ချော်ချောင်းနှင့် ချီဒီတို့မှာ ရထားအိမ် အတွင်းသို့ သူမကို သွပ်သွင်းရန် ခနစ္စင့်မနေနေရလေ၏။

သည်တွင် ကျားမဲချီဒီမှာ စိတ်တိုလာရပြီး...

'ကဲဟာ...ဒီလောက် ခေါင်းမာချင်တဲ့ ကောင်မ'

'ဝှီး'

'ဖွစ်'

'ဖုတ်'

'အား'

ဒေါသဖြစ်စွာနှင့် ဖြုံ့ သိမ်းခုတ်ပိုင်းလှမ်းသော ကျားမဲချီဒီ၏ ဘယ်လက်ဝါးစောင်းမှာ အကြောက်အကန် ရုန်းကန်နေသည့် ရီချမ်းဆီသို့ မရှောင်နိုင်ဘဲ လှမ်းခုလက်မှာပင် မတွင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဘဲ ရောက်ရှိလာသော လက်နက်ပုန်းထိမှန်မှုကြောင့် နာကျင် ညည်းတွားရေရွတ်ရင်း တုံ့ခနဲ ရပ်ဆိုင်းသွားရလေ၏။

ထိုသို့ အခြေအနေကို ကြုံတွေ့လိုက်ရသော ချော်ချောင်းမှာ ခံပြင်းဒေါသထွက်စွာဖြင့် လက်နက်ပုန်း ပစ်ခွင်းရောက်လာသည့် လမ်းကြောင်းဆီသို့ အလျှင်အမြန် ရှာဖွေကြည့်လိုက်လေ၏။

ထိုစဉ်မှာပင်....

အဖြူရောင် လူရိပ်တစ်ရိပ် သူ့ဘိုထံ လေပွေတိုက်ခတ်သကဲ့သို့ လျင်မြန်သော အရှိန်အဟုန်ဖြင့် ရွေ့လျား ရောက်ရှိလာလေ၏။

'ဟူး'

'ဘုတ်'

'ဟင်'

'ဟာ'

မမျှော်လင့်ဘဲ ပျံသန်းရောက်ရှိလာသော ပိုးထည် အဖြူရောင် ဝတ်စုံဝတ် လူလတ်ပိုင်း တစ်ဦးကို ချော်ချောင်းနှင့် ဂျူးမဲ့ချီတို့ လှမ်းမြင်တွေ့လိုက်ရပြီး တအံ့တဩ ဖြစ်စွာ အာမေဍိတ်ကိုယ်စီ ရေရွတ်မိလိုက်ရလေ၏။



သည်တွင်....

ရှီချမ်းမှာ မမျှော်လင့်ဘဲ ဖယ်အင်ရှင် ရောက်ရှိလာသည်ကို တွေ့မြင်ရပြီး အားတက်သွားမိရလေ၏။

ထိုသို့....

ကိုယ်ဖော့ပညာအသုံးပြု၍ လေပွေပမာ ရွေ့လျား ရောက်ရှိလာသူမှာ တခြားသူ မဟုတ်ချေ။

ဆိပ်ကမ်းလမ်းမကြီးနံဘေးရှိ ကုန်းမြင့်ထက်တွင် ပန်းချီဆွဲနေသော သံမဏိစုတ်တံရှင် ဆန်ခကျောင်းပင် ဖြစ်တော့၏။

သည်တွင်....

ရထားခမောင်းနှင်သည့်နေရာတွင် ရောက်ရှိနေရသော ဆင်ဆိုးကြီး ဖန်တုံမှာ သူတို့လုပ်ရပ်ကို ကြားဝင်ရှုပ်လာသူ သံမဏိစုတ်တံရှင် ဆန်ခကျောင်းအား တွေ့မြင်ရပြီး ဒေါသအမျက်ထွက်ကာ ရထားပေါ်မှ အောက်သို့ ခုန်ပျံဆင်းလာလေ၏။

'ဟူး'

'ဘုတ်....'

သံမဏိစုတ်တံရှင် ဆန်ခကျောင်းနှင့် မျက်နှာချင်းဆိုင် နေရာသို့ ရောက်ရှိလာရသော ဆင်ဆိုးကြီး ဖန်တုံက ဒေါသ

www.burmeseclassic.com

တကြိမ်လေသံနှင့် စိုးမရှိ ဟီမဝန်တွေ ရပ်တည်နေသော သံမဏိ စုတ်တံရှင် ဆန်ကျောင်းထံ ဟိန်းဟောက် ပြောဆိုလိုက်သည်မှာ....

'ဟိတ်...မင်းနဲ့ မဆီမဆိုင်တဲ့ကိစ္စမှာ ဘာဝင်ရှုပ် တာလဲ'

ထိုအခါ သံမဏိစုတ်တံရှင် ဆန်ကျောင်းက အဃာအယာ ပြုံးလိုက်ရင်း'

'ဟင်း....ဟင်း....ဒီမယ်ကျုပ်တာ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စဆိုရင် လေတောင် ဝင်ချွန်ဖူးတဲ့ကောင် မဟုတ်ဘူး'

'အေး ဒါဆိုလေတောင် ဝင်မချွန်ဖူးတဲ့ကောင်က အခု ကိစ္စမှာ ဘာကြောင့် ဝင်ရှုပ်ရတာလဲ'

မေးတော့ သံမဏိစုတ်တံရှင်ဆန်ကျောင်းမှာ ခုံးတွန့်ချ ဟက်ခနဲ ရယ်မောလိုက်ကာ....

'ဟင်း....ဟင်း အခုကိစ္စက ကျုပ် သိပ်ဆိုင်သွားပြီကော၊ ဟောဒီအမျိုးသမီး ကယ်ကြပါဦးရှင်ဆိုတဲ့ အကူအညီ တောင်းတဲ့အသံကို ကျုပ် ဟိုကုန်းမြင့်ပေါ်က မန်းချီဆွဲနေရင်း မကြားခဲ့ရင် ဟောဒီခင်ဗျားတို့အားနည်းတဲ့ မိန်းမသား တစ်ဦး အပေါ် အနိုင်ကျင့်ကြနေတဲ့ ကိစ္စကြီးမှာ ကျုပ်ဝင်ရှုပ် လာစရာ အကြောင်း မရှိဘူးပေါ့ဗျာ'



ထိုသို့ အကွက်မိမိ ပြန်တုံ့ချေ ရှူးရှူးရှားရှား ဖြစ်သွားရပြီ....

'အေး ဇက်ခေါင်းလို့ ခေါ်ဝင်တောင်းတဲ့လူကို ဟောဒီ ဆင်ဆိုးက ခေါ်စောကျွေးရတော့ပေါ့ကွာ'

ပြောပြောဆိုဆိုနှင့် ယင်းဆင်ဆိုးကြီးဖန်တုံ့မှာ ခါးအိတ်ထဲမှ ဆောင်ဓားတစ်လက်ကို ဆွဲထုတ်လိုက်ရင်းကပင် သံမဏိ စုတ်တံရှင် ဆန်ကျောင်းထံ မိုးခါးချက်ဖြင့် လျှပ်တစ်ပြက် ခုတ်ပိုင်းတိုက်ခိုက်လိုက်လေ၏။

'ဝှစ်....'

'ဝှီ....'

'ထန့်....'

သည်တွင်....

သိမ်းငှက် တစ်ကောင် ပမာနှယ် ဖျက်စီ လျှင် လွန်းသော သံမဏိစုတ်တံဆန်ကျောင်းက ကျောပြင်တွင်သိုးစိုက်ထားသည့် စုတ်တံလက်နှင့်ကို ဖျတ်ခနဲဆွဲထုတ်ကာ ဆင်ဆိုးကြီးဖန်တုံ့၏ ဓားချက်ကို စုတ်တံဖြင့် ဆီးခံလိုက်၏။

ထိုအခိုက်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ ဆင်ဆိုးကြီးဖန်တို့၏ လှစ်ဟာသွားရသော ရင်အုံပိုင်းဆီသို့ သူ့ညာခြေခုံဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်၏။

'ဟိုင်းယား'

'ဗွီ....'

'ဖုစ်....'

'ဖောင်း'

ထိုစဉ်....

တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူမိုပီ ဆင်ဆိုးကြီးဖန်တို့မှာ လစ်ဟာချက်ကို အကွက်ချောင်း၍ တိုက်ခိုက်လာသော စုတ်တံရှင် ဆန်ကျောင်း၏ ညာခြေခုံကန်ချက်အစ၊ သူ့ဘယ်လက်ဝါးစောင်းဖြင့် သွက်လက်လျင်မြန်စွာ ခုတ်ပိုင်းကာ တွယ်လိုက်၏။

သို့မို့ကြောင့်....

လေထုထဲဝယ် ညာခြေခုံနှင့်ဘယ်လက်ဝါးစောင်းတို့ ပြင်းပြင်းထန်ထန်တွေ့ဆုံပြီး ဖြောင်းခနဲ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာရလေတော့သည်။

* * *

# အခန်း ( ၃ )

## တိုက်တိုက်ဆိုင်ဆိုင်

ထိုအခိုက်မှာပင်....

ကျားမဲချီနှင့် ချော်ချောင်းတို့သည် သူတို့ဆရာသမားနှင့် တံရှင်တို့ တိုက်ခိုက်နေသည်ကို ကြုံတွေ့ရသည်နှင့် စိုင်း၍ ရန်အတွက် ဖမ်းချုပ်ထားသော ရီချမ်းအား လက်လွှတ်လိုက်၏။

ပြီး သူတို့နှစ်ယောက် ဆောင်မားကိုယ်စီဝင့်ကြွလျက် စုတ်တံရှင်နှင့် ဖန်တို့တို့ထံ ပြိုင်တူ ခုန်ပျံတိုက်ခိုက်လာကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ယား...ယား'

'ဝှီး...ဝှီး'

'ဂွစ်...ညှစ်'

'ဖုတ်...ဖောင်း'

'အီး...အူး'

'ဘုန်း...ဘုန်း'

'ဟား ဟား ဟား...အဲဒါ ငါကွ'

မယင်မှတ်ဘဲ နေ့ခက်ကွယ်ရာမှ စုတ်တံရှင်ဆန်ကျောင်းထံ ဆောင်မောင်းကိုယ်စီဝင်ကြလျှက် ဖြိုင်တူ ခုန်၍တိုက်ခိုက်လာကြသည့် ကျားမွဲချိုဒီနှင့်ချော်ချောင်းတို့လည်း တစ်ခနေရာမှ လက်နက်ပုန်းများဖြင့် ပစ်ခွင်းတိုက်ခိုက်လာ၏။

တစ်ဖက်သို့ အာရုံပြု တိုက်ခိုက်နေကြသော ထူဘိုနှစ်ဦးစလုံး မမျှော်လင့်ဘဲ အလစ်ချောင်းတိုက်ခိုက်လာသည့် လက်နက်ပုန်း နှစ်ခုတို့ကို လုံးဝခုခံကာကွယ်နိုင်ခြင်းမရှိဘဲ မီးမီးရရ ထိမှန်ကြကာ ညည်းတွားသံများနှင့် အတူ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သည့်နှယ် ပြုတ်ကျကြရကုန်လေသည်။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ငှက်ကျီးမှာ ဝမ်းမြောက်ဝမ်းသာစွာ အော်ဟစ်ကြွေးကြော်ရင်း တိုက်ပွဲ



ဖြစ်ပွားရာလမ်းမကြီးသို့ ကုန်းမြင့်ဆင်ခြေလျှောမှ ပြေးလွှားလာသည်။

ထိုအတောအတွင်း၌ ခံပြင်းဒေါသထွက်ရှိနေရသော ဆင်ဆိုးကြီး ဖန့်တုံသည် သိုင်းကွက်အယ်ကွက် ကျော်သွားသည့်တိုင် စုတ်တံရှင် ဆန်ကျောင်းကို အလစ်မှ မတိုက်ခိုက်နိုင်သဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်အည်နေရလေသည်။

ဒါကြောင့်....

သူ စုတ်တံရှင်ဆန်ကျောင်းကို ခရှိုင်းဓားသိုင်းကွက်အား အသုံးပြု၍ တရကြမ်း ဖိနှိပ်တိုက်ခိုက်နေလေ၏။

သည်တွင်....

စုတ်တံရှင်ဆန်ကျောင်းမှာ ခရှိုင်းဓားပိုးရိုက်ခတ်သည့်နှယ် ဆင်ဆက်မပြတ် တိုက်ခိုက်လာသော ဆင်ဆိုးကြီးဖန့်တုံ၏ ဓားကွက်များကို ဆောင်ခါးအရှယ်ဖြင့် လိုးချော သံမဏိစုတ်တံ လက်နက်ဖြင့် ဒရမက်မဝင် ဘူ့တ်လက်သလို တဖျက်ဖျက် ခုခံကာကွယ် ဖျက်ထုတ်နေလေ၏။

ထိုစဉ်....

စိတ်ထင်သလို အောင်မြင်မှုမရှိသော ဆင်ဆိုးကြီးဖန့်တုံ ဖားဖိုကြီးလို ဒေါသတရှုးရှူးထွက်ရှိလာပြီး စုတ်တံ

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဆန်ကျောင်းအပေါ် အနိုင်ရလိုသောစိတ်ဖြင့် ဖိနှိပ်တိုက် ခိုက်နေရသဖြင့် သူ၏ဟာကွက်တို့ကို ဂရုမစိုက်နိုင်တော့ခ

ဒါကြောင့်....

စုတ်တံရှင်ဆန်ကျောင်းမှာ သဲသဲမဲမဲ တိုက်ခိုက်နေသေ ဆင်ဆိုးကြီးဖန်တုံ၏ ဟာကွက်ရှိသွားရသည့် ရင်ဝဆီသို့ သ သံမဏိစုတ်တံ ထိပ်ပိတ်အလုံးချွန်ဖြင့် လျှပ်တစ်ပြက် ထိုးစို လိုက်လေ၏။

'ဂွီ....'

'ဂွစ်....'

'ထန်း'

'ထန်း'

'ကျိ....ကျိ'

'ဖုတ်'

'အွန့်'

ထိုစဉ်....



အကာင်းပါးနပ်သော ဆင်ဆိုးကြီးဖန်တုံမှာ သူ့ လစ်ဟာ ကွက်ဖြစ်သော ရင်ဝဆီသို့ စုတ်တံဖြင့် ထိုးစိုက်တိုက်ခိုက်လာ သည်ကို သူ့ ဓားဖြင့် ဟန့်တားလိုက်၏။

ဒါကြောင့်....

စုတ်တံအဖျားပိုင်းမှာ ဓားသွားဖြင့်ထိမှန်မှုကြောင့် ဟန့်တားရပ်ဆိုင်းသွားရလေသည်။

ထိုအခိုက်အတန့်လေးမှာပင် စုတ်တံရှင် ဆန်ကျောင်းမှာ စုတ်တံဖင်ပိုင်းကို သူ့ ဘယ်လက်ဖဝါးဖြင့် ခပ်ဆတ်ဆတ်ရိုက် ထုတ်လိုက်လေသည်။

ထိုအခါ....

ဓားအရှယ်ရှိသော စုတ်တံအဖျားပိုင်းမှာ လှံတံတစ် ခုပမာ ဟန့်တားထားသည့် ဆင်ဆိုးကြီးဖန်တုံ၏ ဓားသွားကို တကျိကျိပွတ်တိုက်ကျော်ဖြတ်ရင်း ဆင်ဆိုးကြီးဘယ် ရင်အုံဆီသို့ အရှိန်ပြင်းစွာ ထိုးမိသွားရ၏။

ဒါကြောင့်....

ဆင်ဆိုးကြီးဖန်တုံမှာ သံမဏိစုတ်တံ၏ လျှို့ဝှက် တပ်ဆင် ထားသော လှို့လျှောင် လှို့အပ်သလို ထိုးနိုင်ရှည်နိုင်သည့် အပြစ်ဆန်။

အား ဟာအိုအကြွမြင်းတွေရှိပြီး ညည်းတွားသံနှင့်အတူ ရှေ့သို့ စိုက်ကျလာလေသည်။

ထိုစဉ်မှာပင်....

သံကော်စုဝတံရှည် ဆန်ကောင်းသည် ကိုယ်ရှိန်လွန်ကာ ခေါင်းစိုက်ကျလာသော ဆင်ဆိုးကြီးဖန်တုံ၏ မျက်နှာဆီသို့ ညာခြေစုံဖြင့် အားယူ မာန်တင်းသံနှင့်အတူ စက်ဝိုင်းသဏ္ဌာန် ဝေ့ယမ်းပတ်ကန်တိုက်ခိုက်လိုက်၏။

'ဟိုင်းယား'

'ဝိ....'

'ဖောင်း....'

'အား....'

'ဘုန်း....'

'ဟင်....'

'ဟား....'

ယင်းတွင် ညာခြေစုံကန်ချက်ပြင်းပြင်းထန်ထန် ထိမှန်သွား ရသော ဆင်ဆိုးကြီးဖန်တုံမှာ စူးရှနာကျင်စွာအော်ဟစ်ရင်း



ဒါးပေါ်သို့ အရှိန်ပြင်းစွာ လွင့်စင် ကျရောက်သွားရလေ သည်။

ထိုသို့ ဆရာသမားဖြစ်သူ ဆင်ဆိုးကြီးဖန်တုံတစ်ယောက် သံကော်စုဝ တံရှည် ဆန်ကောင်း၏ တိုက်ခိုက်ချက်ကြောင့် မရှု မလှ နိမ့်သွားရသည်ကို လှမ်းမြင်တွေ့လိုက်ရသည့် မွဲဘက်လုံး ချော်ချောင်းနှင့် ကျားမဲချီဒီတို့ အံ့ဩတုန်လှုပ်စွာဖြင့် အာမေဋိတ်ကိုယ်စီ မရှုတ်လိုက်ကြ၏။

ထိုအခိုက် ဗိုက်ကျီးမှာ တစ်ဖက်သို့ မင်လာဟ်မိနေကြသော ချော်ချောင်းနှင့် ကျားမဲချီဒီတို့ကို ဘယ်ညာလက်ဝါးစောင်း ဖြင့် သူတို့၏ လည်ဂုတ်အသီးသီးဆီသို့ ခုတ် တိုက်ခိုက် လိုက်သည်။

'ဝုစ်....'

'ဒုတ်....'

'ဒုတ်....ဒုတ်'

'အိ....အား'

'ဘုန်း....ဘုန်း'

ဗိုက်ကျီး ဘယ်ညာ လက်ဝါးခုတ်ချက် မိမိရရ ထိမှန်ခံစား ကြရသော ချော်ချောင်းနှင့် ကျားမဲချီဒီတို့ ညည်းတွား

www.burmeseclassic.com



အော်ဟစ်သံတို့နှင့် အတူ လမ်းပေါ်သို့ ခေါင်းငိုက်စိုက်ကြ သွားကြ၏။

သည်နောက်....

ဆင်ဆိုးကြီး ဖန်တုံမှာ လမ်းပေါ်သို့ စွေးစွေးနီရဲသော သွေးတစ်ချက် ဝေါခနဲ ထွီးအန်လိုက်သည်။

ပြီး သူ့ အခြေအနေမှာ သုံမဏီစုတ်တံရှင် ဆန်ကျောင်းကို လုံးဝ ရင်ဆိုင်တိုက်ခိုက်နိုင်တော့မည် မဟုတ်ကြောင်း ကောင်းစွာ ရိပ်စားမိလိုက်၏။

ဒါကြောင့် သူ လဲကျသည့်နေရာမှ ကုန်းရုန်းထကာ လမ်းကြီးအတိုင်း ဒယီးဒယိုင် ထွက်ပြေးသွားလေသည်။

ထိုသို့ ခေါင်းဆောင်ဖြစ်သူ ဆင်ဆိုးကြီးဖန်တုံခြေကုန်သုတ် ပြေးသွားသည်ကို လှမ်းမြင်တွေ့လိုက်ကြသောအချော်ဒချောင်းနှင့် ကျွဲမဲချီဒီတို့လည်း ကြောက်ရွံ့တုန်လှုပ်ကြကာ ခေါင်းဆောင်နောက်သို့ ထပြေးလိုက်သွားကြလေတော့သည်။

* * *



ဒုစရိုက်သမား ဆင်ဆိုးကြီးဖန်တုံတို့ရန် အေးဆေးသွားရသဖြင့် ရင်တုန်လှုပ်ရှားခံစားနေရသော ရှီချမ်းမှာ သက်မကြီးချကာ ရင်အေးသွားရလေ၏။

ထိုစဉ်....

သူမသည် ဒုစရိုက်လက်ထဲမှ စွန့်စွန့်စားစား ဝင်ရောက်ကယ်တင်ပေးခဲ့သော ဆန်ကျောင်းထံ ကျေးဇူးတင်ရစ်သည့် အကြည့်ဖြင့် စူးစိုက်ကြည့်ရင်း....

'အခုလို အစ်ကိုတို့သာ အချိန်မီရောက်မလာရင် ရှီချမ်း ဘဝရှေ့ရေး မတွေးဝံ့စရာပဲ။ အစ်ကိုတို့ ကူညီကယ်တင်ပေးတဲ့ ကျေးဇူးကို ကျွန်မတစ်သက် မမေ့ပါဘူး'

ကျေးဇူးစကားဆိုလာတော့ ဆန်ကျောင်းမှာအသာအယာ ပြုံးလိုက်မိရင်း....

'ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒုက္ခရောက်နေတဲ့ မိန်းမသားတစ်ယောက်ကို ကူညီဖို့ဟာ ယောကျ်ားတိုင်းမှာ တာဝန်ရှိပါတယ်၊ ဒါနဲ့ ခင်ဗျား ဒီဒုစရိုက်သမားတွေနဲ့ ဘယ်လို ဆုံဆည်းမိတာလဲ'

စူးစမ်းဟန်ဖြင့်လှမ်းမေးလိုက်တော့ ရှီချမ်းမှာ ဖြစ်ကြောင်းကုန်စင်ကို ဆန်ကျောင်းနှင့် ဝူကျိူ့တို့ကို ရင်ဖွင့်ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ…

သူတို့နှစ်ယောက်မှာ ရပ်ဝေးမှရောက်ရှိလာသော ရီချမ်းကို လိပ်စာအတိုင်း လိုက်လံပို့ပေးမည်ဆိုပြီး လိမ်လည်ကာ ဆင်ဆိုးကြီးတို့အဖွဲ့ ဒုက္ခတွင်းထဲထိုးနှစ်တော့မည်ဖြစ်ကြောင်း စိတ်မကောင်းစွာ သိရှိလိုက်သည်။

သည်တွင်…

စုတ်တံရှင်ဆန်းကျော်မှာ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်…

'အင်း…တော်တော် နှမချင်းစာ အကြံပက်စက်ယုတ်မာလွန်းတဲ့ ဒုစရိုက်ကောင်တွေပဲ'

ပြောတော့ ဝူကျိုက ခေါင်းဆတ်ခနဲညိတ်လိုက်ပြီးမှ…

'အိမ်း…အခုတော့ မင်းရဲ့ စုတ်တံလက်ချက်ကြောင့် ဒီဆင်ဆိုးကြီးတို့အဖွဲ့ ကျောင်းမှန်းကန်မှန်း သိသွားကြရပြီပေါ့'

အားရစွာ ပြောဆိုပြီးနောက် သူ ပေကာလပ် ပေကာလပ် အကြည့် ကျေးဇူးတင်သည့်မျက်စုံနှင့် ရီချမ်းထံရှေ့ ပြေးခုန်ရောက်ရှိသွားရ၏…



'ဒါနဲ့ ညီမ ဘယ်ကျေးရွာကလာတာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့…

ရီချမ်းမှာ ဝူကျိုထံ အကြည့်စူးစိုက်ရောက်ရင်း…

'ကျွန်မ ချောကြာကျေးရွာက ထွက်လာခဲ့တာပါ၊ ကျွန်မ နာမည်က ရီချမ်းလို့ခေါ်ပါတယ်'

နာမည်နာမ ဆေးဖော်ပြောပြလာသော မျက်စိပေကာလပ် ပေကာလပ်နှင့် ဝူကျိုက ခွင့်တောင်းနေသော ဆန်းကျော်ထံ လက်တစ်ဖက်ယပ်ပြရင်း ရီချမ်းနှင့် မိတ်ဆက်ပေးလိုက်သည်မှာက…

'သူက ကိုဆန်းကျော်တဲ့ အစ်ကိုကြီးနာမည်က ဝူကျိုတဲ့၊ ဒါနဲ့ ဒီမြို့ကိုရောက်လာတာ ဘယ်သူ့ဆီသွားမလို့လဲ'

မေးလိုက်တော့ ရီချမ်းမှာ လက်ထဲတွင် အသင့်ဆုပ်ကိုင်ထားမိသော လိပ်စာခေါက်ကလေးကို ဝူကျိုထံ တရိုတသေ ကမ်းပေးလိုက်ရင်း…

'ဒီလိပ်စာအတိုင်း သွားမလို့ပါ အစ်ကိုကြီးဝူကျို'

ကျေးတောသူ မိန်းမချောလေးက သူ့အား အစ်ကိုကြီး ဝူကျိုဟု ခေါ်လိုက်သဖြင့် ဝူကျိုရင်ထဲ ပီတိဖြစ်စွာ မြိန်းသာ သွားရှာ၏…

www.burmeseclassic.com



'ဟိုး ဟိုး....ပေး....ပေး....အစ်ကိုကြီး ဖတ်ကြည့်မယ်'

ပြောပြောဆိုဆိုနှင့်ပင် ဝူကျိုမှာ သူ့မထံမှ လိပ်စာ စာရွက်ခေါက်ကို လှမ်းယူလေသည်။

ပြီး သူ လိပ်စာ စာရွက်ခေါက်ကိုဖြန့်၍ မျက်စိတစ်ဖက် ပေကလပ် ပေကလပ်နှင့် ဖတ်ရှုမိလိုက်သည်။

စာရွက်ဖြူပေါ်တွင် ရေးသားထားသောလိပ်စာကို ဝူကျို ဖတ်ရှုကြည့်လိုက်သည်နှင့်....

'ဟိုက်....'

ဟူသော အာမေဍိတ်သံကြီး တအံ့တသြ ရေရွတ်မိလိုက်လေသည်။

သည်တွင်....

စုတ်ထိုးရှင်ဆန်ကျောင်းမှာ ပါးစပ်အဟောင်းသားဖြစ်မျှ တအံ့တသြဖြစ်သွားရသော ဝူကျိုကို လှမ်းမြင်တွေ့ရပြီး နားမလည်နိုင်အောင် မျက်မှောင်တစ်ချက် ကြုတ်သွားရကာ....

'ဟိတ်....ကိုဝူကျို ဘာဖြစ်သွားရတာလဲ'

လှမ်းမေးလိုက်တော့ ဝူကျိုမှာ မျက်နှာစိမ်းကျေးတောလူမလေး ရီချမ်းကို တအံ့တသြငေးကြည့်မိရင်းက....



'မင်း....မင်း....ဒီလိပ်စာ အမှန်ပဲလား'

မေးလိုက်တော့ ရီချမ်းမှာ တအံ့တသြဟန်နှင့်....

'ဟုတ်.... ဟုတ်ပါတယ်ရှင်၊ ဒီလိပ်စာဟာ ကျွန်မဦးလေး ပေးလိုက်တဲ့ လိပ်စာပါ'

'ဟာ....'

'ဟိတ်....ကိုဝူကျို ကျုပ်မေးတာလဲ ဖြေစမ်းပါဦးဗျာ'

စိတ်မရှည်တဟန်နှင့် လှမ်းပြောလာတော့ ဝူကျိုက လက်ထဲမှ လိပ်စာ စာရွက်ကို ဆန်ကျောင်းထံ လှမ်းထိုးပေးလိုက်ရင်း....

'မင်း....မင်း သဘောပေါက်သွားလိမ့်မယ်'

ထိုအခါ....

ဆန်ကျောင်းမှာ ဝူကျိုလှမ်းပေးလာသော လိပ်စာ စာရွက်ခေါက်ကို ကယောင်ကတမ်း လှမ်းယူလိုက်လေ၏။

ပြီးလျှင်....

သူ သိချင်စောဖြင့် ထိုစာရွက်ခေါက်ကို ဖြန့်ဖတ်ကြည့်လိုက်တော့....

www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်.... ဒီ.... ဒီလိပ်စာဟာ ကျုပ်ဘို့ အိမ်လိပ်စာကြီးပဲ လား'

စာချွက်ဖြန့်မပါတွင် ရေးသားထားသောလိပ်စာမှာ သူတို့နေအိမ်ဖြစ်နေသဖြင့် ဆန့်ကျင်းအံ့သြတုန်လှုပ်စွာ ခရရွတ်မိလိုက်သည်။

ပြီးနောက်....

သူ့အကြည့် အံ့သြစွာခေါကြည့်နေသော ရှိချမ်းထံသို့ ရွေးစိုက်မရောက်ရင်း....

'ဒီလိပ်စာကိုရေးပေးလိုက်တဲ့ ရှိချမ်းရဲ့ ဦးခေသနော်မည်ကဘယ်သူတုန်း'

ဟု လှမ်းမေးလိုက်မလေတော့သည်။

အခန်း ( ၄ )

## ကျေးတောသူမလေးနှင့် သူတို့နှစ်ဦး

ကျေးတောသူမလေး ရှိချမ်းဆည်လည်း သူမ ဦးလေးရေးလိုက်သော ဦးလေးသူငယ်ချင်း၏လိပ်စာမှာ မမျှော်လင့်ဘဲ သူမကို ဇုစ်ရှိက်သမားလက်ထဲမှ ရှပ်ရှပ်ချွဲ ချွဲ ကယ်တင်ပေးခဲ့သည့် ကျေးဇူးရှင် သံမဏိစုဘ်တံ ဆန့်ကျင်း၏ အနအိမ်လိပ်စာနှင့် သွားတိုက်ဆိုင်နေကြောင်း ကြားသိလိုက်ရသဖြင့် ထအံ့တသြ ဖြစ်တည်ခနေရလေ၏။

တကယ်တမ်း ရှိချမ်း ပြန်လည်သုံးသပ် စဉ်းစားကြည့်မိတော့လည်း သူမဦးလေး၏ သူငယ်ချင်းဆိုသူမှာ ဆန့်ကျင်း

www.burmeseclassic.com



၏ အရွယ် မဖြစ်နိုင်ကြောင်း သုံးသပ်မိပြီး သက်ပြင်းလေးကြီး တစ်ချက် ချမိလိုက်၏။

ဒါဆို သူမဦးလေး ရီဆွန်ရှယ် ရေးပေးလိုက်သည့် နေရပ်လိပ်စာများ မှားယွင်းရေးပေးမိလိုက်လေသည်လား။

'ဟင်း....ငါ ရပ်ဝေးခရီးသွားတဲ့ဥစ္စာ ဦးလေး အဲဒီလို ကပျာကယာ ပေါ့ပေါ့တန်တန် နေရပ်လိပ်စာ မှားယွင်းအောင် ရေးပေးလိုက်မှာ ဟုတ်မယ်မထင်ဘူး၊ တစ်ခုခုတော့ လွဲချော်မှုရှိနေပြီထင်တယ်'

ယင်းသို့....

ရီချမ်း နဖူးအကြောလေး ရှုံ့တွကာ တွေးတော စဉ်းစားနေမှုကြောင့် ဆန်ကျောင်း လှမ်းမေးလိုက်သည်ကို ချက်ချင်းတုံ့ပြန်မဖြေနိုင်ပါချေ။

သို့မို့ကြောင့်....

ဆန်ကျောင်းမှာ တွေးတွေးငူငူလေး ဖြစ်တည်နေရှာသော ရီချမ်းကို လပ်ဆင့် လှမ်းမေးလိုက်ရပြန်၏။

'မရီချမ်း ဘာလို့ ဒီလောက်တောင် စဉ်းစားနေရတာလဲ'

ယင်းအမေးကြောင့်....



သူမမှာ အိပ်မက်ဖူ လန့်နိုးထလာရသူပမာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး သူမခေါင်းကို ပုတ်သင်ညိုမလေး တစ်ကောင်ပမာ တဆတ်ဆတ်ညိတ်လိုက်ရမိပြီ....

'ဟုတ်... ဟုတ်ကဲ့ရှင်၊ ကျွန်မ ဦးလေး နာမည်က ရီဆွန်ရှယ်ပါ'

ယင်းသို့....

သူမ တုံ့ပြန်ဖြေလိုက်ရင်းက သူမ ဦးလေး ရီဆွန်ရှယ် ပြောဆိုခဲ့သော စကားတစ်ခွန်းက ဦးနှောက်ထဲ ပြေးဝင်လာမိသည်မှာ....

'သမီး...အဲဒီ ဦးသူငယ်ချင်း ဆန်ချူးလိုင်ဟာ ဦးလေးကို ရင်းဟန်နီး ခေါ်လေ့ရှိတာကတော့ တော်တော်သားကြီး ရီဆွန်ရှယ်ပါပဲ'

'အား....ဟုတ်ပြီ၊ ငါ ဦးလေးသူငယ်ချင်း တရင်းတနှီး ခေါ်လေ့ရှိတဲ့ နာမည်ကိုပါ ထုတ်ဖော်ပြောပြလိုက်ရင် ပိုကောင်းသွားနိုင်တယ်'

ထိုသို့....

ရီချမ်း တွေးတောဆုံးဖြတ်လိုက်ပြီးနောက် သူမ၏ ဦးလေး၏ နာမည်ကို နှုတ်မှ တိုးတိုးရွတ်ဆို အဖြေထုတ်နေရှာသော ဆန်ကျောင်းထံ အကြည့်စူးစိုက်ရောက်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဪ…အစ်ကိုဆန်ဒကျောင်း၊ အဲဒီ ကျွန်မဦးလေးသူငယ်ချင်းက ဦးလေးကို တရင်းတနှီးခေါ်တဲ့နာမည်လဲ ရှိပါသေးတယ်'

ယင်းဆိုစကားကြောင့်…

ဆန်ဒကျောင်း၏ မျက်လုံးအစုံက ရီချမ်းထံ ဝင့်ကျယ်စွာ ရောက်ရှိလာပြီး…

'ဘာလို့နာမည်လဲ ဆိုစမ်းပါဦး'

စူးစမ်းဟန်ဖြင့် လှမ်းမေးလာသော ရီချမ်းက မဆိုင်းမတွ ပင် တုံ့ပြန်ဖြေလာသည်မှာ…

'တောသားကြီး၊ ရီဆွန်ရှယ်ပါ'

နာမည်ရင်းဒရှုမှ စိန်ဗာသနထူး၊ နာမည်ဖြစ်ခဲ့သော တောသားကြီးဟူသည့် အညွှန်ကို ကြားလိုက်မိရသည့် ဆန်ဒကျောင်းမှာ သူ၏ ဖခင်ကြီး၊ သက်ဖက်ရည်ဆိုင်တွင် လည်းကောင်း၊ ထမင်းစားဆိုင်းတွင် လည်းကောင်း လှမ်းဆွတ်သတိရစွာဖြင့် လူပျိုလူလွတ်ဘဝက တရင်းတနှီး ပေါင်းသင်းလာခဲ့ရသော ငယ်သူငယ်ချင်းတစ်ယောက်အကြောင်း မကြာခဏ ခပြုံးလေ့ရှိရာ၌ မတောသားကြီး၊ တောသားကြီးဟူ ထုပ်ခေ



ပြောလေ့ရှိသဖြင့် ထိုတောသားကြီးမည်သော စိမ်သဘထူး မည်မှာ သူ့ဦးနှောက်ထဲသို့ သိမ်ရှိရွဲထားသလို မှတ်မိနေရ သည်။

'အား…ဟုတ်ပြီ ညီ… ညီမဦးလေးဟာ ဖေဖေ့ရဲ့ ငယ် သူငယ်ချင်း တောသားကြီးပဲ၊ ရီချမ်း လိပ်စာမမှားဘူးကော်… …အစ်ကိုတို့အိမ် လိုက်ခဲ့ပေးတော့၊ အိမ်ကျမှ စကားအေး အေးဆေးဆေး ပြောကြတာပေါ့'

ရီချမ်းမှာ သူ့အဖေ့သူငယ်ချင်း၏ တူတစ်ယောက်နှင့်း တွက်ကွက်ကွင်းကွင်း သိရှိလိုက်ရသည်နှင့် ဒိုမ်ရှင်ဖြစ်သွားရ သော ဆန်ဒကျောင်းက နေ့အိမ်သို့ သူ့ကို ဖိတ်ခေါ်လိုက် လေ၏။

သည်နောက်…

လူတို့နှစ်ယောက် ကုန်းမြင့်တစ်ဘက်ရှိ လမ်းနံဘေး ဆင် လှေရှိ သစ်ပင်အောက်၌ ထိုးဆိုက် ထားသော ရထားလုံး ဆီသို့ ဦးတည် လျှောက်လှမ်းလာခဲ့ကြလေ၏။

ခင်စစ်တော့…

ထင်ရောလုံးမှာ ဆန်ဒကျောင်း၏ ကျွန်မိုင်ရှယထိုးကြိုးပင် သည်။

www.burmeseclassic.com



ထိုရထားလုံးမှာ တောင့်တင်းသန့်စွမ်းသော မြင်းဖြူကြီး တစ်ကောင် က ထားလေ၏။

သူတို့နှစ်ယောက် မြင်းဖြူကြီး က ထားသော ရထားလုံး အနားသို့ ရောက်သောအခါ ကုန်းမြင့်ထက်ပေါ်မှ ပန်းခ ကားလိပ်နှင့် ပန်းချီဆွဲရာတွင် အသုံးအဆောင်အကူပြုသည့် ပစ္စည်း ပစ္စယများအားလုံး တစ်ပွေ့တစ်ပိုက်ကြီး သယ်ယူလာခဲ့သော ဝူကျို ခပ်သုတ်သုတ် ဆင်းလာလေ၏။

ယင်းနောက်....

သူတို့ မြင်းဖြူကြီး က ထားသော ရထားလုံးဖြင့် လိုဖိန့်မြ တောင်ဘက်ရှိ ရပ်ကွက်သို့ ရောက်ရှိလာခဲ့လေ၏။

ယင်း လိုဖိန့်မြို့တောင်ဘက်ရှိ ရပ်ကွက်မှာ ငွေကြေးအသ အတင့်ရှိကြသော လူတန်းစားများ နေထိုင်ကြသ ရပ်ကွ မို့ သန့်သန့်ပြန့်ပြန့် အေးအေးချမ်းချမ်း ရှိလှ၏။

လူကုံထံ လူချမ်းသာများနေထိုင်သည့် လူ့မလိုင်ရပ်ကွ လို ခြံကြီးခန်းကျယ် ခန့်ငြားထည်ဝါသော စံအိမ်တော်ကြ မျိုး ဂေဟာကြီးများ မရှိပါချေ။

မကျယ်မဝန်း ကိုယ့်ဝန်း ကိုယ့်ခြံလေးနှင့် သေသေ သ သပ် သီးသီးသန့်သန့်တွေ နေချင်စဖွယ်ရှိနေရှာလေ၏။



ဆန်ကျောင်းတို့သည် ရပ်ကွက်မြောက်ဘက်စွန်းရှိ ခြံ၌ နေထိုင်ကြလေ၏။

သို့မို့ကြောင့်လည်း....

ဝူကျိုမောင်းနှင်လာသော ရထားလုံးမှာ ရပ်ကွက်မြောက် ဘက်စွန်း၌ အေးအေးငြိမ်ငြိမ်ရှိနေသည့် ခြံရှေ့သို့ ထိုးဆိုက် ရောက်ရှိလာရလေ၏။

သို့နှင့်....

ရီချမ်းတစ်ယောက် ခြံထဲသို့ ရှေ့ကဦးဆောင်၍ သွားသော ဆန်ကျောင်းနှင့် ဝူကျိုတို့နောက်မှ ဆိတ်ငြိမ်စွာ လိုက်ပါသွား ရလေ၏။

မကျယ်မဝန်းသောခြံထဲသို့ သူမဝင်ရောက်လိုက်သောအခါ ခြံလယ်၌ သေသေသပ်သပ်တည်ဆောက်ထားသည့်ပျဉ်ထောင် လုံးချင်းအိမ်တစ်လုံးကို နှစ်လိုဖွယ်ရာလှမ်းမြင်တွေ့လိုက်ရသော သည်။

ယင်း ပျဉ်ထောင်လုံးချင်းအိမ်ခလေးမှာ အုတ်ကြွပ်များ မိုး ထားပြီး ဖက်ဖူးရောင် ဆေးသုတ်ထားသဖြင့် ကြည့်မြင်ရသည့် မှာ မျက်စိပသာဒဖြစ်လျက်ရှိနေရ၏။

ပြီး ပျဉ်ထောင်လုံးချင်း အိမ်ရှေ့မျက်နှာတွင် ရောင်စုံပန်း ဆိုးများ လှပစွာအကွက်ချ၍ ချထားသေး၏။

သို့ဖြင့် ရီချမ်းတစ်ယောက် ကျောက်ခင်းလမ်းဆုံထိပ်ရှိ က်ဖူးရောင်လုံးချင်းအိမ်လေးထဲသို့ မဝံ့မရဲရောက်ရှိလာရရှာ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ရှေ့ခန်းရှိ မဟူရာရောင်မကြို ယွန်းစားပွဲ၌ သူတို့သုံးဦး ဝိုင်းဖွဲ့ထိုင်မိကြ၏။

သူတို့ နေအိမ်ရောက်တော့ နေမွန်းတည့်လုပြီ ဖြစ်သဖြင့် သိမ်ကြီးစုတ်တံရှင် ဆန်နကျောင်းက ဝူကျိုးထံသို့ အကြည့်ရောက်ရင်း....

'ကိုဝူကျို နေမွန်းတည့်နေပြီဗျာ ရီချမ်းလဲ ဆာနေရောပေါ့။ နံနက်စာစားဖို့ ပြင်ထိုက်ဗျာ။ ကျွန်တော်တို့ထမင်းစားသောက်ရင်း စကားပြောကြတာပေါ့'

ပြောလိုက်တော့ မျက်စိနောက်လပ်ဘာလဲ ဖြစ်ဘည်နေသော ဝူကျိုက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး....

'အေး....'

သည်တွင် အလိုက်သိစွာနှင့်ပင် ရီချမ်းက ထိုင်ရာမှထရပ်တာ....

'အစ်ကိုကြီး ညီမကော ဘာဆိုင်းလုပ်ပေးရဦးမလဲ'

ပြောတော့ သိမ်ကြီးစုတ်တံရှင် ဆန်နကျောင်းက လက်ကိုဝါးနှစ်ဖက် ထောင်ကာယမ်းလိုက်ရင်း....

'အား....မ....အဲ....ရီချမ်း၊ ဘာမှလုပ်စရာမလိုပါဘူး။ အေးအေးဆေးဆေးထိုင်နေပါ'

ဟန့်တားစကားပြောဆိုလာသဖြင့် ရီချမ်းမှာ ရပ်နေရာမှ နေရာတကျ ပြန်ထိုင်လိုက်လေသည်။

ကျွမ်းတစ်ချက်ညက်ခန့် ကြာသောအခါ ဝူကျိုမှာ မဟူရာရောင်ပြ ကျွန်းစားပွဲပေါ်ဝယ် နံနက်စာကို အစီအရီ တည်ခင်းလိုက်သည်။



ပြီး ဝူကျိုလည်း စားပွဲတွင်ဝင်ရောက်ထိုင်စားရင်း ရီချမ်းထံ ရှင်းနှီးဟန်နှင့်....

'ကဲ....ညီမ ရီချမ်း စား'

တိုက်တွန်းပြောဆိုလာတော့ ငယ်စဉ်ကျွဲသားနှစ်ဦး ကြားဝယ် စားမသောက်မှုမှာ မဝံ့ခရဲဖြစ်ဘည်နေရသော ရီချမ်းမှာ ခေါင်းအသာညိတ်လိုက်ပြီး....

'ဟုတ်ကဲ့....'

ဟု ဆိုကာ တူတစ်စုံကို ကောက်ကိုင်လိုက်လေသည်။

* *

www.burmeseclassic.com

www.burmeseclassic.com



မြင်ပမှ လေတချက် ဖွင့်ဟထားသောပြတင်းပေါက်မှ တ
ဆင့် တိုးဝင့်တိုက်ခတ်မှုကြောင့် ပြတင်းပေါက်တွင်ဘယ်ခ
ထားသော ဖဲပြားအရောင် လိုက်ကာခပိုးထည်စများတဖျပ်ဆင်က
တဖျပ်ဖျပ်လှုပ်ခတ်သွားလေသည်။

'ဖပ်... ဖပ်....ဖပ်'

လိုအခိုက်မှာပင်....

တူနှင့်ပန်းကန်ခွက်ယောက်များထိခိုက်သံ၊ စားသောက်
လှုပ်ရှားသံ စသည့်အသံများ ကြီးစိုးမင်းမူနေသည့်မှလွဲ၍
ခန်းတစ်ခုလုံး ဆိတ်ငြိမ်နေရာ၌ သံမဏိစုတ်တံချွင်ဆန်ကျောင်း
စကားသံ စတင်ဖြိုခွင်းထွက်ပေါ်လာသည်မှာ....

'မရီချမ်းက ဒီရပ်နဝ၊မြို့ကြီးကို အဖော်မပါ တစ်ကိုယ်
တည်း ဘာရည်ရွယ်ချက်နဲ့ ထွက်လာခဲ့ရတာလဲ'

စူးစမ်းအံ့ဩဟန်ဖြင့် လှမ်းမေးလာမှုကြောင့် ရီချမ်း
ရွှန်းတောက်ပသော မျက်ဝန်း၊ အစုံတို့က သံမဏိစုတ်တံချွင်
ဆန်ကျောင်းထံစူးစိုက်ရောက်ရှင်း....

'ကျွန်မက အဆိုအက ဝါသနာထက်သန်လွန်းတဲ့သူ တ
ယောက်ပါ။ ကျွန်မတို့ ချေကြာကျေးရွာမှာမနေရင် ကျွန်မ
အနုပညာဟာ တိုးတက် အောင်မြင်လာမှာ မဟုတ်ပါဘူး



ဒီမြို့ကြီးမှာဆိုရင် ကျွန်မရည်ရွယ်ချက် ဖြစ်မြောက်အောင်မြင်
မယ်လို့ ထင်ပြီး ဒီကို ရောက်လာရတာပါ'

ထိုအဖြေစကားကိုကြားသိလိုက်ရသော ပန်းချီဆရာ သိုင်း
သမား စုတ်တံမှင်ဆန်ကျောင်း သက်ပြင်းတစ်ချက် ချ၍ရှိုက်
ချလိုက်ပြီး....

'အင်း... မရီချမ်းရဲ့ရည်ရွယ်ချက် မဆိုးပါဘူး၊ ကျွန်တော်
က အဆိုအကသမားမဟုတ်ပါဘူး၊ ပန်းချီသမားတစ်ယောက်
ပါ၊ မရီချမ်းရဲ့ ဝါသနာထက်သန်မှုကို အဖေနဲ့မတိုင်ပင်ဘဲ
ဘယ်လိုကူညီနိုင်မလဲဆိုတာ စဉ်းစားမိပါတယ်'

ထိုစဉ်မှာပင်,...

စူကျိုက အစားမလိုတ်ပလောင်းနှင့် ဝင်ရောက်အကြံပေး
ပြောဆိုလာသည်မှာ....

'အာ...ဆန်ကျောင်း ငါ အကြံတစ်ခုရပြီ၊ မင်းလိုအပ်
ချက်လဲပြည့်ရအောင် ရီချမ်းရဲ့ရည်ရွယ်ချက်လဲ ပျော့ကလှမ်း
နိုင်အောင် ဒီလိုလုပ်ပါလား'

စကားအဆုံးသတ်အောင် မပြောဘဲ ရပ်ဆိုင်းလိုက်သဖြင့်
နှစ်ဦးနှစ်ဖက်အဆင်ပြေမည့် အကြံဆိုသောစကားကို ကြား
လိုက်ရသည့် ဆန်ကျောင်းနှင့်ရီချမ်းတို့မှာ သိချင်လှသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အတွေးကိုယ်စီနှင့် ဝူကျို့ထံ ဝိုင်းစက်သော အကြည့်များဖြင့် စုပြုံလှမ်းကြည့်မိလာကြသည်။

ပြီး ဆန်ကျောင်းက စကားကိုဆက်မပြောဘဲ တူတစ်ရုံ ကိုင်ဆောင်လျက် ပန်းကန်လုံးထဲမှဟင်းလျာအား အငမ်းမရ စားသောက်နေသောဝူကျို့အား စိတ်မရှည်သောလေသံဖြင့် လှမ်း မေးလာသည်မှာ....

'ဟိတ်...ဝူကျို့ အစားနောက်မှစားလဲ ရပါတယ်၊ ခင်ဗျား တို့လို့တွန်းလန်းစကားကြီးကို ဆက်ပြောစမ်းပါဦး'

လှမ်းအမိန့်ပေးလိုက်တော့ ဝူကျို့မှာ အစား ပလုတ် ပလောင်း သွတ်သွင်းစားသောက်နေရာမှ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'အူး...ဝူ...ဝူ'

အစားပလုတ်ပလောင်း သွတ်သွင်းနေရာက တုံ့ပြန်ပြော ဆိုလိုက်သော ဝူကျို့ထံမှ မပီသ အာဒမချိတ် စကားများ ထွက်ပေါ်လာရသည်။

တစ်ခဏကြာမှ သူ့ပါးစပ်ထဲမှ အစားအသောက်များ ရှင်းလင်းသွားပြီးမှ သူ့အကြည့် အဖြေပြိုင်တွင် လင်းနေကြ



သော ဆန်ကျောင်းနှင့် ရီချမ်းတို့ထံ အကြည့်တစ်ချက် ဝေ့ခဲ့ ရောက်ရှိလာပြီး....

'ငါပြောမယ့်အကြံက တခြားမဟုတ်ပါဘူးကွ၊ မင်းကိုလဲ ငါ ဆိပ်ကမ်းကုန်းမြင့်ပေါ်မှာ ပြောခဲ့သလို သဘာဝရှုခင်း ပန်းချီကားကြီးပဲဆွဲနေတာ ထပ်ပြီး ရိုးအီနေပြီ၊ ဒီတော့ လူပုံနဲ့ သဘာဝရှုခင်းပါ ရောစပ်ပြီးဆွဲမယ်ဆိုရင်း ပိုကောင်း မယ်လို့ အကြံပေးခဲ့တယ်မဟုတ်လား'

ပြောတော့ ဆန်ကျောင်းမှာ ခေါင်းတစ်ချက်အသာညိတ် လိုက်ပြီး....

'အေး...ကိုဝူကျို့ပေးတဲ့အကြံ လက်ခံပါတယ်'

လက်ခံသည့်စကားကြားလိုက်ရတော့ ဝူကျို့၏ရင်ထဲ ကျေနပ်မှု ဖြာသွားရကိုး အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း....

'အေး...အခု ရီချမ်းက အဆင်သင့်ရောက်လာတော့ သူ့ကို ပန်းချီကိုယ်ဟန်ပြမယ် လုပ်ခိုင်းလိုက်၊ နောက် အချိန်အား ရတဲ့အခါ သူ့ဝါသနာထက်သန်တဲ့ အဆိုအက သွားဆည်းပူး လေ့လာပေါ့၊ ကဲ...အဲဒါဆို နှစ်ဦးနှစ်ဖက်စလုံး အဆင် ပြေနိုင်ဘူးလား'

ဆိုအကြံပေးစကား ကြားလိုက်ရတော့ ဆန်ကျောင်းမှာ အသာအယာပြုံးရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ကိုရှုကျိုးပေးတဲ့အကြံ ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော် ပန်းချီအကြောင်းလဲ သိသားနဲ့၊ ပုံဖော်ဆွဲနေရတာ အချိန်လွန်တယ်၊ ဒီဟာ မရီချမ်းအတွက် သူ့ဝါသနာဆက်သန့်တဲ့ အဆိုအကာ သင်ချိန်၊ လေ့သာချိန် ဘယ်လောက်ရှိတော့မှာလဲ၊ ကဲ...ဒါထား နေဖို့ထိုင်ဖို့ကလဲ ကျွန်တော်တို့မှာ လူပျို လူလွတ်ချည်း နှစ်ယောက်တည်းနေတိုင်တော့ မိန်းမပျိုလေး တစ်ယောက်တည်း လာအတူနေဖို့ထိုင်ဖို့တော့ ဘယ်သင့်တော်မလဲ'

ထိုသို့ အကျိုးသင့်အကြောင်းသင့် ထောက်ပြပြောဆိုလာသော စကားကိုကြားလိုက်ရသည့် ရီချမ်းမှာ စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက် မသိမသာချလိုက်ပြီးနောက်ပြီး အကြံရခက်နေရှာသည့် စုတ်တံရှင် ဆန်ကျောင်းထံ အကြည့်စူးစိုက် ရောက်ရင်း....

'ဒါနဲ့ အစ်ကိုဆန်ကျောင်း ဦးလေးနဲ့ ဒေါ်ဒေါ်တို့ကော ဘယ်သွားနေကြလို့လဲ'

လူကြီးများ၏ အရိပ်အယောင် လုံးဝ မမြင်တွေ့ရသဖြင့် အထက်ပါအတိုင်း သူမ သံမဏိစုတ်တံရှင် ဆန်ကျောင်းထံ လှမ်းမေးလိုက်ခြင်းဖြစ်၏။



သည်တွင် သံမဏိစုတ်တံရှင်ဆန်ကျောင်း၏မျက်နှာ ရှုတ်ချည်းအုံ့မှိုင်းသွားရပြီး ဝမ်းနည်းသံပါပါနှင့် သူမထံ တုံ့ပြန်ဖြေလိုက်သည်မှာ....

'အင်း...မေမေကတော့ ဆုံးပါးသွားတာ သုံးနှစ်လောက်ရှိသွားပါပြီ၊ ဖေဖေကတော့ မေမေမရှိတဲ့ နောက်ပိုင်း ဒီမှာနေချင်စိတ်မရှိဘူးဆိုပြီး သူ့ဆွေမျိုးတွေရှိတဲ့ တောင်ကျွန်းမှာ စိတ်ဖြေလက်ပျောက်သွားနေတာကြာပါပြီ မရီချမ်း'

ယင်းဆိုစကားကြားလိုက်ရသော ရီချမ်းမှာ သက်ပြင်းမောလေး မသိမသာချလိုက်ပြီး...

'အင်း...ဒီအတိုင်းဆိုလူကြီးမရှိတဲ့လူပျိုလူလွတ်နှစ်ယောက်အိမ်မှာ ငါနေလို့ဘယ်ဖြစ်မလဲ၊ ပြီးတော့ ကိုဆန်ကျောင်းပြောသလို သူ့ပန်းချီဆွဲတဲ့နေရာမှာ ပန်းချီအဆင်ပြေမယ့်လုပ်ဖို့ကလဲ မဖြစ်ပါဘူး၊ ငါ့ အဆိုအကာ အသံပွားသင်ကြားမဲ့ အချိန်အခွင့်ရတော့မလဲ၊ အဲဒီတော့ ငါ မြို့ထဲက တည်းခိုခန်းတစ်ခုမှာတည်းပြီးတော့ အလုပ်တစ်ခုရှာလုပ်ပြီး ငါ့ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ကြိုးစားရမှာပဲ'

ယင်းသို့ သူမ ရေရွတ်လျှောက်ရသည့် ရီချမ်းအစီအစဉ်ကို ခေါင်းထဲ၌ပုံဖော်ဆွဲလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်နောက်…

သူတို့သုံးဦး၏ နံနက်စာထမင်းဝိုင်း ဆိတ်ငြိမ်စွာ ပြီးဆုံးသွားလေသည်။

ပြီး သူတို့ လက်ဖက်ရည် သောက်ကြရင်း အခက်ကြုံနေရသော ရီချမ်းကိစ္စအတွက် အဖြေရှာကြ၍ စဉ်းစားနေမိကြလေသည်။

သည်တွင်…

ရီချမ်းမှာ သူမ၏ ဆုံးဖြတ်ထားသည့်ရည်ရွယ်ချက်အတိုင်း သိမ်ကြီးဈေးတန်းရှင် ဆန်ကျောင်းထံ ထုတ်ဖော် ပြောဆိုလိုက်မိသည်မှာ…

'ကျွန်မရည်ရွယ်ထားတာကတော့ ကျွန်မမြို့လယ်တည်းခိုခန်းမှာ ငှားရမ်းနေပြီး ကိုယ့်ဝါသနာနဲ့ကိုက်ညီမယ့် အလုပ်တစ်ခုကို ရှာဖွေလုပ်ရင်း ကျွန်မရည်ရွယ်ချက်ပန်းတိုင်ရောက်အောင် ကြိုးစားဖို့ပါပဲ၊ ဒီမှာလဲ နေလို့ဖြစ်တာမှ မဟုတ်တာ'

ပြောတော့ သိမ်ကြီးဈေးတန်းရှင်ဆန်ကျောင်းမှာ ခေါင်းညိတ်လိုက်ရင်း…

'အင်း…ရီချမ်းရည်ရွယ်တာကောင်းပါတယ်၊ လိုအပ်ရှိရင်လဲ ကျွန်တော်တို့ ကူညီပေးပါမယ်'



ထိုအခါ သူမ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း…

'ကျေးဇူးတင်ပါတယ်၊ ကဲ…ကျွန်မမြို့ထဲမှာ တည်းခိုခန်းရှာရင်းမယ်ဆိုတော့ အခုနေမြို့ထဲသွားမှ ဖြစ်မယ်'

တည်းခိုခန်းရှာဖွေရန်အတွက် မြို့ထဲသို့သွားရောက်ဖို့ ထုတ်ဖော်ပြောဆိုလာသဖြင့် သိမ်ကြီးဈေးတန်းရှင် ဆန်ကျောင်းမှာ သူမထံ ညာလက်ဝါးတစ်ချက် ထောင်ကာပြလိုက်ရင်း…

'ခဏနေဦး၊ မြို့ထဲကို ငှကျို လိုက်ပို့ပေးပါလိမ့်မယ်'

ပြောဆိုပြီးနောက် သိမ်ကြီးဈေးတန်းရှင်ဆန်ကျောင်းမှာ စားပွဲမှ ကြွ၍ အိမ်ခန်းအတွင်းသို့ လှမ်းဝင်သွား၏။

သိပ်မကြာလိုက်ပါချေ။

အိမ်ခန်းအတွင်းမှ အထုပ်တစ်ထုပ်ကိုင်ဆောင်လျက် ဆန်ကျောင်းတစ်ယောက် ထွက်လာ၏။

စားပွဲအနားရောက်တော့ ဆန်ကျောင်းမှာသူ့ညာလက်မှ အထုပ်ကို ရီချမ်းထံ လှမ်းပေးလိုက်ရင်း…

'ရီချမ်း၊ ဘယ်လိုမှတော့မအားနာပါနဲ့နော်၊ တည်းခို

www.burmeseclassic.com

www.burmeseclassic.com



ခန်း ရေရှည်ငှားမယ်၊ နေထိုင်မယ်ဆိုရင် ငွေကြေးကုန်ကျမှာသေ၊ ဒီငွေထုပ်ကို အထောက်အကူရအောင်ယူသွားပါ'

ထိုအခါ....

ရီချမ်းမှာ ဆန်နီကျောင်းထိုးပေးလာသည့်ငွေထုပ်ကို လက်ခံခြင်းမပြုဘဲ ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ....

'ညီမမှာ ဦးလေးပေးလိုက်တဲ့ ငွေတွေ အလုံအလောက်ပါပါတယ်၊ အခု ညီမ ငွေမလိုအပ်သေးပါဘူး'

ငြင်းဆန်စကားဆိုတာ ကြားရ၍ ဆန်နီကျောင်းမှာအလွယ်တကူသူတစ်ပါး၏အကူအညီကို လက်ခံလေ့မရှိတတ်သော ရီချမ်း၏ စိတ်နေသဘောထားကို ကြိုက်၍ ချီးကျူးမိလိုက်လေသည်။

ပြီး သူ အတင်းကာရော ငွေထုပ်ကို ထိုးပေးပြန်ရင်လည်း ရီချမ်းလက်ခံမည်မဟုတ်ကြောင်း ကောက်ချက်ချမိလိုက်သဖြင့် ငွေထုပ်ပေးခြင်းကို ရပ်တန့်လိုက်လေသည်။

သည်နောက်....

ဆန်နီကျောင်းသည် ရီချမ်းအားနှုတ်ဆက်လိုက်သည်မှာ....

'ရီချမ်း အခု မြို့ထဲသွားတော့မလား'



ရီချမ်းက ကပျာကယာခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့၊ ကျွန်မနဲ့ သင့်တော်မယ့် တည်းခိုခန်း ရှာဖွေရမှာမို့ပါ'

'ကောင်းပါပြီ'

ဟု ဆိုပြီး ဆန်နီကျောင်း၏အကြည့် ဥက္ကျိမှာ ခေါင်းဆတ်ဆတ်ညိတ်လိုက်မိပြီး....

'အေး....ကဲ....ဒါဆို မရီချမ်း မြို့ထဲလိုက်ကြရအောင်'

ထိုသို့ ဥက္ကျိမှ ရီချမ်းကို မြို့ထဲသွားကြရန် လှမ်းပြောလိုက်လေသည်။

သည်တွင်....

ရီချမ်းမှာ လှမ်းခေါ်လာသူထံ ခေါင်းညိတ်ပြ ပြန်လိုက်ရင်း ထိုင်နေမှ ထရပ်လိုက်လေ၏။

ပြီး သူမမှာ လှမ်းအကဲခတ်ကြည့်ရှုနေသောဆန်နီကျောင်းကို ဦးတစ်ချက်ညွှတ်ကာ နှုတ်ဆက်စကား ဆိုလိုက်သည်မှာ....

'အဲ....အစ်ကို ညီမကို သွားခွင့်ပြုပါဦး'

ပြောရင်း ဆန်နီကျောင်းမှာ အပြုံးရိပ် ဆောင်လျက် ခေါင်းအ [illegible] ညိတ်လိုက်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

သည်နောက်တော့ ရီချမ်းနှင့် ဝူကျိုကို ဆန်ကျောင်းကို ကျောခိုင်းကာ အိပ်ဆောင်ဆီမှ ထွက်ခွာသွားလေသည်။

ထို့စဉ်...

သံမဏိစုဝ်တံရှင် ဆန်ကျောင်း ကျောခိုင်း ထွက်ခွာသွားသော ကိုယ်ကာယ လှပ တောင့်တင်းသည့် ရီချမ်းထံသို့ ကြည့်ရင်း သက်ပြင်း ခပ်မျှဉ်းမျှဉ်း ချလိုက်မိလေ၏။

"အင်း...ရီချမ်း အနုပညာနဲ့ ပတ်သက်ပြီး စွန့်စားရဲတဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်၊ တကယ်တော့ အနုပညာ ဆိုးဟာ ခရေပင်းလွှမ်းလို့ ခက်ထန် ကြမ်းတမ်း လှပါတယ် ရီချမ်း...ဟူး"

* * *

အခန်း ( ၅ )

## တစ်ပူပေါ် နှစ်ပူ ဆင့်

သို့နှင့်...

ချောကြာကျေးရွာ တောသူမလေး ရီချမ်းတစ်ယောက်ချေး အသင့်အတင့် ဂါကာသသော မြို့သယ် ရပ်ကွက်အစွန်းရှိ ဆုံ ဆည်းရာ တည်းခိုခန်း၌ ရက်ကြာရှည် တည်းခို နေထိုင်ဖို့ အခန်းတစ်ခန်း ရရှိလိုက်လေ၏။

ဆုံဆည်းရာ တည်းခိုခန်း။

ယင်းဆုံဆည်းရာ တည်းခိုခန်းမှာ မြို့သယ်ရပ်ကွက်စွန်းရှိ ဖြစ်သော်လည်း ခြံနှင့်ဝန်းနှင့် သေသေသပ်သပ်အေးအေးချမ်း ချမ်း ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့....

မိန်းမပျိုတစ်ဦးတည်း ဖြစ်နေသော ရီချမ်း ထစ်ပေ
အဆင်ပြေ ချောမွေ့ရသည်မှာ ထိုဆုံဆည်းရာ တည်းခိုခန်း
မိန်းမသားများအတွက်သာ သီးသန့်လက်ခံသော တည်းခိုခ
တစ်ခုဖြစ်နေသောကြောင့်တည်း။

ပြီး ထိုဆုံဆည်းရာ တည်းခိုခန်းပိုင်ရှင်မှာလည်း ဝါဖိုင့်
အပျိုကြီးဖြစ်ပြီး အကြမ်းပျော့ကြမ်း မိန်းမကြီးတစ်ဦး
လေသည်။

ဒါကြောင့်....

ထိုဆုံဆည်းရာ တည်းခိုခန်း၌ ရီချမ်းလို ရပ်ဝေးမှ လ
ရောက်တည်းခိုပြီး မြို့တွင်အလုပ်လုပ်ကိုင် နေကြသည့် မိ
တလေးများမှာလည်း တည်းခိုခန်းပိုင်ရှင်ကို ချစ်ခ
ကြသကြရလေ၏။

ယင်းဆုံဆည်းရာတည်းခိုခန်းပိုင်ရှင် အပျိုကြီး၏နာမည်
ဒေါ်ကျင်ခန်းဖြစ်လေသည်။

ပြောစရာတစ်ခုရှိသည်မှာ လူ့တည်းခိုခန်း၏ တစ်လ
ရန် ပျက်ကွက်ခဲ့လျှင် ထိုအမျိုးသမီးကို လုံးဝလက်ခံမှု
နှင်ထုတ်ပစ်ခြင်းပင် ဖြစ်လေ၏။



ငွေနှစ် ရှေ့လပေတော့က တည်းခိုခန်း လခတိုက်ကို မှန်မှန်ပေး
နိုင်ခဲ့သူဖြစ်လင့်ကစား လုံးဝ ရှေ့ကောင်းတွက် အား
ထောက်ညှာပြီး ငှားရမ်းနေသင့်သူ အမျိုးသမီးကို တစ်လ
တစ်ခုလ လခစာ ပေးနိုင်ကာ ထားလေ့မရှိချေ။

သို့ကြောင့်လည်း....

ဆုံဆည်းရာ တည်းခိုခန်းတည်ရာရပ်ကွက်သူရပ်ကွက်သား
များ... ထိုပိုင်ရှင်အပျိုကြီးဟိုင်း ဒေါ်ကျင်ခန်းကို ကပ်စေးနှဲ
သူတော်မှုကင်းမဲ့ တဲ့မိန်းမကြမ်းဟု ကဲ့ရဲ့ချို့ချ ပြောဆိုသမုတ်
ကြလေ၏။

မည်သို့ဆိုစေကာ....

ရီချမ်းအတွက်တော့ ထိုဆုံဆည်းရာ တည်းခိုခန်းမှာစိတ်ချ
အလုံခြုံဆုံးဟု ထင်မှတ်မိလေ၏။

သူမ တည်းခိုခန်း၏ ငှားရမ်းသည်နှင့် တည်းခိုခန်း ငှား
ရမ်းခ နှစ်လစာ ပိုင်ရှင်အပျိုကြီးဟိုင်း ဒေါ်ကျင်ခန်း ကို
ကြိုတင်ပေးလိုက်ရလေ၏။

သည်နောက်....

ရီချမ်းမှာ သူ့ဝါသနာနှင့်ကိုက်ညီသောလုပ်ငန်းကို သိမိန်
မြို့လယ် ရပ်ကွက်အနှံ့ ရှာဖွေလေ၏။

ကံအားလျော်စွာပင်....

မြို့လယ်ရပ်ကွက်ခြောက်ဖက်တွင် ဖွင့်လှစ်ထားသော ဓာတ်
ပုံမြုံစားတော်ဆက်၌ သူ၏အထုံဝါသနာနှင့် ကိုက်ညီသည့်
အဆိုအကလုပ်ငန်းကို ရရှိလေ၏။

ဒါကြောင့်မို့....

www.burmeseclassic.com

www.burmeseclassic.com



ရီချမ်းမှာ သူ့ဝါသနာနှင့် ကိုက်ညီသော အလုပ်ကိုရရှိ ခဲ့သဖြင့် မော်မပြနိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ ရလေသည်။

ပထမဦးစွာ....

ယွမ်သည် စားတော်ဆက်က တည်ထောင်ထားသော တော ရိုးမြိုတီးဝိုင်း၌ အဆိုကို တစ်မါတ်တိတိလေ့ကျင့် တိုက်သ ရလေ၏။

တေးရိပ်မြုံ တီးဝိုင်းခေါင်းဆောင် လုပ်သူမှာ ဆံပင်ဖြ အဘိုးကြီးတစ်ဦးဖြစ်သော်လည်း သူမဏ်ချော်ကြာ ကျေးရွာက အဆိုအကဆရာမိန်းမလျာကြီးလို့ ဆူပူကြိမ်းမောင်းခြင်းမရှိဘဲ သူမအားမှားအယွင်းကို ညင်ညာသာသာ ပြုပြင်သင်ကြားပေ လေသည်။

ဒါကြောင့်....

ရီချမ်းမှာ အဆိုပိုင်း၌ အဆင်မပြေ ချောမွေ့ မအောင်မြင် ရှိခဲ့သော်လည်း အကပိုင်းလေ့ကျင့်ရာတွင်မူသင်ကြားပြသ လူလတ်ပိုင်း မိန်းမလျာဆရာနှင့် အထစ်အငေါ့ဖြစ်လာရ သည်။

ယင်းအကနည်းပြ လူလတ်ပိုင်း မိန်းမလျာဆရာမှာ အားကျေးမွေးဂြုစုပေးကမ်းသော တပည့်ဆိုလျှင် မှားယွ ချက်များကို ဆူပူကြိမ်းမောင်းခြင်းမရှိဘဲ စိတ်ရှည်ရှည် ည ညင် သာသာနှင့် ပြုပြင်သင်ကြားပေးလေ၏။



အဲ....သူ့အား ကျေးမွေးပေးကမ်း ပူဇော်မှု မရှိသော င်းရဲနှမ်းပါး ချိတဲ့သည့် အကအမျိုးသမီးများ အမှား ယွင်းရှိခဲ့လျှင် မှိုချိုးမျှစ်ချိုး ဆူပူကြိမ်းမောင်း ဆဲဆိုလာ ၏။

သို့သော်လည်း....

ရုပ်ဖင်္ဂမှ လာရောက် အလုပ်သင်နေရသော ရီချမ်းမှာမူ အားနားရင်သား ခွဲခြားစွာ ဆက်ဆံနေသည့် အကနည်း ဆရာ မိန်းမလျာအပေါ် သည်းခံ၍ အလုပ်ကို ဆက်လုပ် သည်။

တစ်နေ့....

ညပိုင်း၌ တေးရိပ်မြုံစားဆော်ဆက်သို့ လာရောက်ချီးမြှင့် ပေးစားသောက်လာကြသော ဧည့်ပရိသတ်များကို ရီချမ်း ဖွဲ့ တူညီဝတ်စုံနှင့် ယိမ်းအကများနှင့် ဧည့်ခံတင်ဆက် သည်။

ဧည့်ခံပွဲ ပြီးဆုံးသွားကြ၍ ရီချမ်းတို့ ယိမ်းပျိုဖြူ အဖွဲ့သို့ မိန်းမလျာရှိရာ နားနေခန်းသို့ ချွေးဘလုံးလုံးဖြင့် စုရုံး ရှိလာကြလေ၏။

သည်တွင်....

ဆရာ မိန်းမလျာ အခြောက်က ရီချမ်းကို မကျေမချမ်း ည့်နှင့် ရှုစိုက်ကြည့်ရင်း....

တဲ့ကောင်မ ရီချမ်း၊ ဒီကိုလာဦး'

www.burmeseclassic.com

www.burmeseclassic.com



ဝေါက်ယမ်းလှမ်းခေါ်လာသဖြင့် ရီချမ်းတုန်တုန်လှုပ်လှုပ် ဖြစ်သွားရပြီး ဆရာမိန်းမလျှာအခြောက်ဆီသို့ မျက်နှာငယ်လေးနှင့် ချဉ်းကပ်ရောက်ရှိလာရသည်။

ပြောရသည်ဆိုလျှင်....

ဧဝါခါက ညှော်ခံ ယိမ်းမွဲ ဖျော်ဖြေစဉ်၌ ရီချမ်းကတစ်ယောက်တည်း ကကြိုးညီအောင် လိုက်လံမကနိုင်ဘဲ မှားမှား ယွင်းယွင်း ဖောက်ခဲ့မိလေသည်။

ဤအမှားကိုသိရှိထားသူပီပီ အခုဆရာမိန်းမလျှာအခြောက် ခေါ်သဖြင့် သူမရင်တုန်ရသည်က ဓမ္မတာပင်။

အနားရောက်တော့ ဆရာလူလတ်ပိုင်း မိန်းမလျှာက နှုတ်ခမ်း မဲ့ ကာ ရွဲ့ ကာနှင့်....

'ရီချမ်း.... ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ် ဆိုတာ ကြားဘူးတယ်မဟုတ်လား'

မေးလာတော့ ရီချမ်းမှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက် ရပြီး....

'ကြား...ကြားဘူးပါတယ်'

'ဟင်း ကြားဘူးရင်လဲနင့်အပြစ်နင်သိမှာပေါ့။ ဒီလောက် တစ်ပတ်လုံး အကြိမ်ကြိမ်လေ့ကျင့်တာတောင် နင်မှာ မှားယွင်းယွင်း ဖြစ်နေရင် ဒီအကအလုပ် လုပ်စားမနေပါနဲ့ တော့။ နင့်ကြောင့် ငါ့ရဲ့တေးရိပ်မြုံအကအဖွဲ့လဲ နာမည် အပျက်မခံနိုင်ဘူး။ အဲဒီတော့ နင် အခုညပဲ ဒီအလုပ်ကထွက် သွားပါ'

'ရှင်'



ပြုတ်ပြုတ်သားသားပင် ဆရာလူလတ်ပိုင်း မိန်းမလျှာ၏ အလုပ်ထွက်ခိုင်းသည့်စကားကို ရီချမ်းကြားလိုက်ရတော့ သူမ ခေါင်းထဲနင့်ခနဲခံစားလိုက်ရပြီး သူမနှုတ်မှပင် ရှင်ဟူသော အာ မေဋိတ်တစ်ချက်ပင်လွတ်ခနဲ ထွက်သွားရလေသည်။

ထိုအတောအတွင်း၌

ကျန်ယိမ်းပျိုပျို အဖွဲ့သားများမှာ အလုပ်ထုတ်ပစ်ခံလိုက် ရသော ရီချမ်းအတွက် စိတ်မကောင်းခြင်း ဖြစ်ကြရကုန်လေ သည်။

သည်တွင်....

သူမမှာ ဖြစ်သမျှအကြောင်း အကောင်းကြီးပဲဟုသတ်မှတ် ပြီး....

သူမ အံကိုတစ်ချက်ကြိတ်မိလိုက်ပြီး မျက်နှာတင်းမာသုန်မှုန် နေရသော ဆရာမိန်းမလျှာအခြောက်ကိုမကျေမနပ်စိုက်ကြည့် ပြီး....

'ကျွန်မ အခုပဲ ဒီအဖွဲ့ အစည်းကထွက်သွားမှာပေါ့။ ကျွန်မ ကြောင့် ဆရာရဲ့တေးရိပ်မြုံ အဖွဲ့ကြီး နာမည် လုံးဝမပျက်စေ ဘူး။ ကျွန်မသွားမယ်'

လေသံမာမာကြောကြောနှင့် ပြောပစ်မိလိုက်လေသည်။

သည်တော့....

မိန်းမလျှာအခြောက်က မဲ့ပြုံးပြုံးလိုက်ကာ....

'အေး...အေး နင်ထွက်သွားမှ ငါရင်အေးရမှာပဲ'

သည်နောက်....

www.burmeseclassic.com

www.burmeseclassic.com



ရှိချမ်းမှာ ကိုယ်ညှို့ဖျင်းမှုကြောင့် အလုပ်ထုတ် ခံလိုက်ရသဖြင့် ဆရာမိန်းမလျှာအကြောက်ကိုလုံးဝမေ့လျော့သွားမပြောတော့ချေ။

ပြီး သူမခွဲထွက်သွားမှုကြောင့် မျက်နှာမကောင်း ဖြစ်နေကြရသော အဖွဲ့သားများကို နှုတ်ဆက်ပြီး နားခနခန်းထဲမှ (ယိမ်းဝတ်စုံကိုချွတ်လိုက်ကာ မင်းကိုယ်အဝတ်အစားနှင့်) ကျောခိုင်း၍ လေးလံသောခြေလှမ်းများဖြင့် လှမ်းထွက်လာခဲ့လေသည်။

နောက် သူမစားသောက်ဆိုင်ကအပြန် ဈေးဝယ်ပြန်လေ ရှိသဖြင့် ဈေးခြင်းတောင်းအားတစ်လုံး အမြဲယူဆောင်လာရလေသည်။

အခုလည်း....

သူမ ဈေးခြင်းတောင်းလေး သက်မှချိတ်လျက် တော်ရှိပ်မြုံစားတော်ဆက်မှ ထွက်ခွာလာခဲ့လေသည်။

စားတော်ဆက်အပြင်ရောက်တော့ ညနေရှိမောင်း (၇) ချက်တီးရှိသေးသဖြင့် လမ်းမပေါ်ဝယ် လူမီးမျိုးများထိန်ထိန်လင်းလျက် လူသွားလူလာ စည်ကားလျက်ရှိနေသည်ကို သူမ တွေ့မြင်လိုက်ရလေသည်။

ယင်းသို့....

သူမစားတော်ဆက်ကအပြန် ရပ်ကွက်လယ်ရှိ စားခံသောက်ဆိုင်တစ်ဆိုင်ဝင်၍ မိမိစားချင်ရာ တစ်ခုခုစားသည်း ဝယ်ယူကာ အိမ်ဆီသို့ ခြေလှမ်းမြန်သွက်သွက်ပြန်ခဲ့လေသည်။



အခုတော့....

အလုပ်ထုတ်ပစ်ခံလိုက်ရသဖြင့် စိတ်ညစ်သော ဝေဒနာ ရောက်လာရသည့် ရှိချမ်းမှာ စားချင်သောက်ချင်စိတ် မရှိတဲ့ လေးလံသောခြေလှမ်းများနှင့် ခေါင်းငိုက်စိုက်ချကာ မြို့လယ် လမ်းကြီး အတိုင်း ပေါက်ကွက်ရှုန်းသွက်ဆီသို့ ဟုရွေ့ရွေ့ လျှောက်လှမ်းလာခဲ့လေသည်။

ထိုအခိုက်မှာပင်....

'ဘုန်း'

'အင့်'

'ဟာ....အစ်မကလေး မှောက်လျှို့စိမ်ခြင်းတောင်းနဲ့ဖောင်ထွက်မလောင်ဖြစ်ပြီး တိုက်မိတာ'

'ဟုတ်....ဟုတ်ကဲ့ ကျွန်မလဲ ငေးချင်စရာလျှောက်လာတော့ ရှင့်ကိုတိုက်မိတာကိုစွာမရှိပါဘူး'

'ဟုတ်ကဲ့ ဒါဆိုကျွန်တော် ကိုခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

အခုရုံးထဲမှာ ခေါင်းငိုက်စိုက်ချလာမိသော ရှိချမ်းနှင့် တက်တူးယိုကျူတစ်ဦးနှင့် ဝင်တိုက်မိနေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း စိတ်ပျက်လက်ပျက်ဖြစ်ကာ ဘေးတံခါး ကျင်ကိုဂရုမစိုက်ဘဲ ကျော်လာမိတော့ သူမကပဲထိုလူကို သတိမထားမိဘဲ ဝင်တိုက်မိခြင်းဖြစ်သည်။

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ရီချမ်းမှာ ထိုသူကိုပင် စိတ်မရှိအောင် ပြန်တောင်းပန်လိုက်ရသေး၏။

သို့နှင့်....

ရီချမ်းတစ်ယောက် ဆုံဆည်းရာ တည်းခိုခန်းသို့ ရောက်သောအခါ....

'ရီချမ်း လာဦးဟေ့'

ကြားသံပါ ပါနှင့်လှမ်းခေါ်လိုက်သော တည်းခိုခန်းပိုင်ရှင်အပျိုကြီး ကျင်ခန်း၏ခေါ်သံကြားလိုက်ရမှုကြောင့် ရီချမ်းမှာရင်ဝယ် တုန်ခုန်သွားရလေသည်။

'ဟုတ်ကဲ့၊ လာပါပြီအစ်မကြီး'

ရီကျိုးစွာ တုံ့ပြန်အံ့ဩရင်း မင်းလမ်းအတိုင်း အပျိုကြီး ကျင်ခန်းထိုင်နေသည့် ကောင်တာစားပွဲဆီသို့ သူမ ခပ်သွက်သွက် လျှောက်လှမ်းလိုက်လေ၏။

အနားရောက်တော့ ကောင်တာစားပွဲခုံပေါ်တွင် သူမ ရှီးဆောင် ကျောက်ပိုးအိတ်တစ်လုံး အသင့်တင်ထားသည်ကို တွေ့မြင်လိုက်ရ၍ မျက်လုံးဝင့်ကျယ်သွားရ၏။



'အစ်မကြီး၊ ကျွန်မတည်းခိုခန်းထဲက ကျွန်မအိတ်ဘာလို့ စားပွဲပေါ်တင်ထားတာလဲ'

မေးကျမနပ်သံပါပါနှင့် လှမ်းမေးလိုက်သော ဆုံဆည်းရာ တည်းခိုခန်းပိုင်ရှင် အပျိုကြီး ကျင်ခန်းက ဖြေးမဲ့မဲ့ ပြုံးလိုက်ရင်း....

'ဒါက ငါလုပ်ချင်လို့ လုပ်ထားရိုက်တဲ့ ထုံးစံအတိုင်းပဲလေ၊ မင်းငါ့ကို ကြိုတင်လစဉ် နှစ်လခပြည့်သွားတာ သတိပေးခဲ့တာနှစ်ခုပါဆို သုံးရက်ပြည့်သွားပြီ၊ မင်းအလိုက်သိသိနဲ့ လခထုတ်ပေးလာနိုးနိုး စောင့်နေတာကြာပြီ ဒါကြောင့် မင်းအလိုက်သိသွားရအောင် မင်းတည်းခိုခန်းကို ပိတ်သိမ်းပြီး မင်းကျောက်ပိုးအိတ်ကို ငါ့စားပွဲခုံပေါ်မှာ တင်ထားတာပဲ'

'အော်...ဟုတ်...ဟုတ်ကဲ့၊ ကျွန်...ကျွန်မ အလုပ်တွေရှုပ်ထွေးနေတာနဲ့ အစ်မကြီးကို လခပေးဖို့ သတိမေ့သွားတာပါ အခု ကျွန်မ ထုတ်ပေးပါ့မယ်'

ထိုအခြေအနေ၊ ကြားလိုက်ရသည်နှင့် မျက်နှာကြောတင်းနေရသော အပျိုကြီးကျင်ခန်း၏မျက်နှာ အပြုံးရိပ်ဆိုင်းထင်သွားရပြီး....

'အေး...ဒါဆိုလဲ ထုံးစံအတိုင်း မင်း ငါ့ကို တည်းခိုခန်းခနှစ်လစာ ကြိုထုတ်ပေးထားပါ'

'ဟုတ်ကဲ့ အစ်မကြီး'

www.burmeseclassic.com

www.burmeseclassic.com



ထို့သို့...

ရိုချမ်း ခေါင်းညိတ်ပြီးဆိုပြီးနောက် တည်းခိုခန်းလခ နှစ်လစာ ကြိုတင်ထုတ်ပေးဖို့ သူမဆွဲခြင်းထဲ အကြည့် ရွှေ ပြောင်း ရောက်ရှိသွားရမည့်အခါ၊ လုံးဝဥဿုံ မထင်မှတ် သည့် မြင်ကွင်းကို လှမ်းမြင်တွေ့ရပြီး အံ့ဩတုန်လှုပ်ဖြစ် ရှေ့ပြောဆိုမိလိုက်သည်မှာ....

'ဟင်...ခြင်း... ခြင်းတောင်းထဲမှာထည့်ထားတဲ့ ငါ့ပိုက်ဆံ အိတ် မ်...မရှိတော့ပါလား...ဒု...ဒုက္ခပဲ'



'... ...အစ်မကြီး ကျွန်...ကျွန်မ ပိုက်ဆံအိတ် ဒီခြင်း တောင်းထဲ ထည့်ယူလာခဲ့တာ အခုတော့ မရှိတော့ဘူး၊ ဒါ... ငါ့ပိုက်နှိုက်ခံလိုက်ရပြီ'

ထို့သို့...

... ပူ ပေါ်နှင့်ပူဆင့်ခံလိုက်ရသော ရိုချမ်းမှာ ခြင်းတောင်း ထဲတွင် ထည့်ထားသည့် ပိုက်ဆံအိတ် ကာလိုမှာ အသစ်သူ [illegible] ခံလိုက်ပြီး ... ပျောက်ချင်းမလှ ... ပျောက်သွားရာဖြင့် ... ပါအတိုင်း ... ခိုခန်းပိုင်ရှင် အပျိုကြီးကျင်ခန္ဓာထံ ရင်ဖွင့် ပြောဆိုလိုက်လေ၏။

သည်တွင်...

အပြုံးရိုးရိုးမျှတဲ့ ခြံသီး ပျောက်ကွယ်သွားရပြီး ကျောက်ပျဉ် ခဲ မျက်နှာကြက်တင်းမာ အေးစက်သွားရပြီးသော တည်း ခိုခန်းပိုင်ရှင် အပျိုကြီး ကျင်ခန္ဓာက နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့ လိုက်ရပြီး...

'ဒါ...မင်းကံကြမ္မာနဲ့ မင်းပဲ၊ မင်း ဒီပိုက်ဆံအိတ်ခလေး [illegible]င်လုံးအောင် မထိန်းသိမ်း နိုင်ဘူးဆိုတော့ ဘာသွားလုပ်စား ရမလဲ၊ ကဲ...ကဲ...မင်း ငါ့တောင်းတဲ့ အခန်းလစာကို [illegible] မပေးနိုင်တော့ဘူး မဟုတ်လား'

အသံနေခံသည့် မျက်နှာသို့ ညိုးညိုးငယ်ငယ်နှင့် ရိုချမ်းမှာ [illegible]င်းတဆတ်ဆတ်ညိတ်လိုက်ရင်း...

'ဟုတ်...ဟုတ်ပါတယ်၊ ဒါပေမယ့် မနက်ဖြန်ကျရင်တော့ [illegible]မကြီးတောင်းတဲ့ လစာ နှစ်လစာကို ရအောင် ရှာပေး [illegible]ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



တောက်တောင်းပန်ပန် ပြောဆိုလိုက်ခဲ့သော တည်းခိုခန်းပိုင်ရှင် အပျိုကြီးကျင်ခန်းမှာ မဲ့ပြုံးပြုံးလိုက်ရင်း....

'ဒီမယ်...အခကြေးသည် လက်ဝင်းခေါက် စိတ်မချရားပြီးတော့ နင့်ကို သနားပြီး နေခွင့်ပြုလိုက်ရင် နောင်လူတွေကနင့်ကိုတုပြီး ငါ့ဆီ အခွင့်အရေးတောင်းလာကြမယ်၊ ကဲ... ငါ့ရဲ့ သံမဏိစည်းမျဉ်းကိုတော့ လုံး၀ လုံး၀ မလျှော့နိုင်ဘူးမယ်မင်းကြီးမ၊ ကိုယ့်ကျောပိုးအိတ် ကိုယ်လွယ်ပြီး ဘိုယ်ပြန်ပေတော့၊ သွား...သွား...ဖွ့ရှုံးတုန်းထွက်သွား၊ တော်ကြာတခြားသူတွေ မြင်တွေ့သွားရင် မင်း၊ ပိုအရှက်ရလိမ့်မယ်'

လုံး၀လတ်မခံသည့် အခြေအနေကို ကြုံတွေ့လိုက်ရသဖြင့် သူမ ညှာကာမှုကင်းမဲ့လှန်းသည့် ကပ်စေးနဲ အပျိုဟိုင်းကြီးကျင်ခန်းကို မကျေမနပ်စိုက်ကြည့်ရင်း...

'ကျွန်မ သွားမှာပါ'

တုံ့ပြန်ပြောဆိုပြီးနောက် စားပွဲပေါ်တွင်တင်ထားသော ခရီးဆောင်ကျောပိုးအိတ်ကို သူမ ဆတ်ခနဲ ခေါက်ဆွဲ မယူကာ လွယ်ပိုးလိုက်လေ၏။

ပြီး သူမ ဆုံဆည်းရာတည်းခိုခန်းအဆောက်အဦထဲမှ ကျောခိုင်းထွက်လာရလေ၏။

သူမ အဆောက်အဦအပြင်ရောက်သော ပြင်ပရာသီဥတုအခြေအနေ မကောင်းပါချေ၊

ညကောင်းကင်ပြင်တစ်ခုလုံး မဲမှောင်လွန်းကာ မိုးကြိုးများ တိုက်ခတ်လာပြီး လျှပ်ပန်းလျှပ်နွယ်များ တဝင်းဝင်းလက်ထလာလေ၏။



မကြာခင်အချိန်ပိုင်းအတွင်း၌ မိုးကြီး သဲသဲမဲမဲ ရွာသွန်းတော့မည်ကို သူမ လှမ်းအကဲခတ်မိလိုက်လေသည်။

'အင်း...ကံဆိုးမသွားရော မိုးလိုက်လို့ရွာဦးမလား မသိဘူး'

ထိုသို့...

သူမ ရေရွတ်ရင်း လှသွားလှလာ ကင်းရှင်းပြေနေသော လမ်းမကြီးအတိုင်း ဦးတည်ရာမဲ့ လျှောက်လှမ်းလာခဲ့လေသည်။

'တောက်...ငါ့ခြင်းတောင်းထဲက ပိုက်ဆံအိတ်ကို ငါနဲ့ တိုက်မိတဲ့လူပဲ လူချွင်းတိုက်မိအောင်လုပ်ပြီး အလစ်သုတ်သွားတာပဲ ဖြစ်ရမယ်'

ယင်းသို့...

သူမခြင်းတောင်းထဲမှ ပိုက်ဆံအိတ် အနှိုက်ခံလိုက်ရသည်ကို နှလုံးသည်တွေးတော သုံးသပ်မိပြီး တက်ခေါက်မိ၍ မကျေမနပ် ပြောဆိုမိလိုက်လေ၏။

ထိုအခိုက်မှာပင်...

'ဒိန်း...ဒလိန်း...ဂျိန်း'

'ဟူး...ဟူး...ဟူး'

'ဝေါ...ဝေါ'

'ဝုန်း...ဝုန်း'

'ဟင်...မလာတော့ မိုးတွေကျလာပြီ၊ အခုမှ ဒုက္ခပဲ၊ ဘယ်မိုးဝင်ခိုရပါ့'

www.burmeseclassic.com



ရုတ်ချက် လေကြီးမိုးကြီးကျလာသဖြင့် ချမ်းမှာ အမို
စပ်ဆုံး မိုးဝင်ခိုရန်မည့် နေရာကို ဟိုဟိုသည်သည် ရှာဖွေကြ
မိလိုက်လေသည်၊

မတွေ့မြင်ရပြို....

ယမ်းနယ်ထဲတွင် ခရီးသည်များ နားခိုရာ အမိုးဆော
လေးတစ်ခုကို သူမရှာဖွေတွေ့ခြင်းလိုက်ရလေသည်။

ထိုစဉ်....

ခရီးသည်နားခိုဆောင်အမိုးအောက်ဝယ် ဟသင်္ကာ(၄၀)
ကျော်ခန့်ရှိ ဝဝတုတ်တုတ် မိန်းမကြီးတစ်ဦးသည်၊ မိုးခို
သည်ကို အဖော်အဖြစ်လှမ်းမြင်တွေ့ကိုက်ရလေသည်။

'ဝေါ...ဝေါ'

'ဖြောင်း...ဖြောင်း'

မိုးခြိမ်းသံများ နားခိုဆောင် အမိုးပေါ်သို့ မြ
ထန်စွာကျရောက်သည့် တဖြောင်းဖြောင်းအသံများ ကျ
လောင်စွာ ပေါ်ထွက်လာနေလေသည်။

တစ်ဝေါ်ဝေါ် တဝုန်းဝုန်း သဲသဲမဲမဲ ရွာနေသောမိုးကြီး
အချိန်သိမ်ကြေလိုက်ပါချ၊

တိတ်ဆိတ်သွားရလေသည်၊

သည့်တွင်....

ခုက္ခသည်အိမ်မြေတစ်ဦးမှန်း အကဲခတ်မိလိုက်ရသည်၊
ရောင်စုံမျက်နှာနှင့်မိန်းမကြီးမှာ သူမထံသို့တိုးစမ်းလှမ်း
မလာသည်မှာ....

'ညီမ ကျောပိုးအိတ်တစ်လုံးနဲ့ ဘယ်သွားမလို့လဲကွဲ'



ဘယ်သို့ ဖြေဦးတည်ရာနှင်း မတွေးတော မစဉ်းစားတတ်
အောင်ဖြစ်နေရသေးသော ချမ်းမွှာမျက်နှာချယ်သထားသည့်မိန်းမ
ထံ ကြည့်ရောက်ရှိရပြီး သူမဒုက္ခကိုရင်ဖွင့်ပြောပြလိုက်
သည်။

ထိုအခါ....

မိန်းမကြီးမှာ စိတ်မကောင်းပေါ်ဖြင့် သက်ပြင်းလေးကြီး
ချက်ချလိုက်မိပြီး....

'အင်း မင်းတဝက်ထဲ တစ်ပွဲပေါ်နှင့်ပွဲဆင့်ပဲ၊ ကဲ...ကဲဒီည
ညတော့ အစ်မကြီးနဲ့အိမ်ကိုလိုက်ပြီးအိပ်ပေါ့၊ ခနေ့တက်နေ့
ကျမှ မင်းဆန္ဒရှိရာသွားပေါ့၊ ကခု အချိန်က မနည်း
ဘူး'

မျှော်လင့်ထဲ ကူညီပေးမည့်သူနှင့် သူမတွေ့လိုက်ရသဖြင့်
ပူပန်မှုတို့ သက်သာရာရရှိသွားပြီး ထိုရောင်စုံမျက်နှာရှင်
ကြီးနှင့်အတူ လိုက်အိပ်ရန် တွေးတော ဆုံးဖြတ်လိုက်
....

'ကျေးဇူးပါပဲ အစ်မကြီးရယ်'

'ကဲ ဒါဆိုသွားကြရအောင်၊ အစ်မကြီးက မြို့လယ်တောင်
မှာနေတာ'

'ဟုတ်ကဲ့'

ည်နောက်....

www.burmeseclassic.com

www.burmeseclassic.com



ရီချမ်းသည် တစ်ညတာတည်းခိုဖို့အရေးအတွက် လမ်းတွင် တွေ့ဆုံရသော ရောင်စုံမျက်နှာရှင် မိန်းမကြီးနောက်သို့ ထက်ကြပ်မကွာ လိုက်ခဲ့လေသည်။

နှင်းကြိုးဗလကြီး ရှာသွန်းကိုက်ခတ်မှုကြောင့် မြို့လယ်လမ်းမကြီးမှာ လူသွားလူလာ ရှင်းလင်းနေလေသည်။

ထိုအခိုက်မှာပင်....

လူတို့နှစ်ဦး မျက်နှာမူရာလမ်းမဘက်ဆီမှ ရထားလုံးတစ်စင်း နှင်လာလေသည်။

ကွမ်းတစ်ယာညက်ပင်မကြာလိုက်ပါချေ။

လူတို့နှစ်ယောက်ရှိရာသို့ ရောက်သောအခါ ရထားလုံးမှာ ဇက်ကြိုးသပ်ကာ ရပ်ဆိုင်းသွားလေသည်။

'ခွပ်...ခွပ်...ကျွီ...ကျွီ'

'ဟာ...နှလုံးသားသခင်မကြီးနဲ့ ဆုံတွေ့ရတာအတော်ပဲ'

ဤသို့ ရထားထိန်းလူလက်ကိုင်က ရောင်စုံမျက်နှာနှင့်မိန်းမကြီးကို တရင်းတနှီးဟန်နှင့် နှလုံးသားသခင်မကြီးဟု လှမ်းခေါ်လာသည်ကို သူမကြားသိလိုက်ရပြီး နားမလည်အောင် မျက်ခုံးအစုံတို့ ကြုတ်သွားရလေသည်။

'ငါ့ကိုတည်းခိုဖို့ခေါ်တဲ့မိန်းမကြီးဟာ နှလုံးသားသခင်မကြီးတဲ့။ သိုင်းလောကက သခင်မကြီးလား။ ဒါမှမဟုတ် လူကုံထံအရာရှိကတော်ကြီးများလား'



ထိုသို့ သူမနှလုံးသားသခင်မကြီးဟူ၍ အမည်တွင်နေသော ရောင်စုံမျက်နှာရှင် မိန်းမကြီးအကြောင်းကို သိရှိလာသို့လော တွေးတောစဉ်းစားမိလိုက်ရလေသည်။

ထိုစဉ်—

နှလုံးသားသခင်မကြီးက ရထားထိန်းထံ စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်သည်မှာ....

'နေစမ်းပါဦး မျက်ပြူးဟိုင်ကျူး။ ငါနဲ့ တွေ့ရတာ အတော်ပဲဆိုတာဘာလဲ၊ ဘာကိုဆိုလိုတာလဲ'

သည်တွင်....

နာမည်နာမနှင့်လိုက်ညီအောင်ပင် မျက်လုံးပြူးကျယ်ကျယ်ရှိသော မျက်ပြူးဟိုင်ကျူး၏ အကြည့်သည် နှလုံးသားသခင်မကြီး၏နံဘေးရှိ တောင့်တင်းလှပလျက်ရှိသည့် ရီချမ်းထံ အငမ်းမရ စူးစိုက်ကြည့်ရင်း....

'သခင်မကြီး၊ ဟီး...ဟီး သူ သူ့လေးကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါလား၊ အသစ်လား'

လှမ်းမေးလာသဖြင့် နှလုံးသားသခင်မကြီး စီခါလန်က ရထားထိန်း မျက်ပြူးဟိုင်ကျူးကို မျက်စိတစ်ဖက် မှိတ်ကာ အချက်ပြလိုက်လေသည်။

ထိုမျက်ရိပ်ပြမှုကို စားနေကျကြောင့်ဖြစ်၍ မျက်ပြူးဟိုင်ကျူးက သဘောပေါက်မိသွားရလေသည်။

သည်တွင်....

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား၊ သခင်မကြီး စီမာလန်က မသိမသာ လှပ်းအဲ၏ ခေါ်ကြည့်ရှုနေသော ရီချမ်းထံ အပြုံးရိပ်နှင့် စကားဆိုလာသည်မှာ....

"ညီမလေး ငါတို့က ခုကစင်းတော့ယ်၊ အသိရထားလုံးနဲ့တိုးနေတယ်၊ လမ်းမှာလျှောက် ရမှာမဟုတ်ဘူးပေါ့၊ ကဲ....ကဲ လာ ရထားပေါ် တက်ကြရအောင်"

ပြောတော့ ရထားထိန်း မျက်ပြူးဟိုင်ဘျူးက ဖော်ရွေလိုက်လှဲမသော ဖလသံဖြင့်....

"လာ—လာ အစ်မကြီးနဲ့ညီမလေးတို့ လမ်းကြုံလို့ လိုက်ပို့ပေးမယ်၊ အဲ့ဒီရထားလုံးခေါ်လှဲ မြို့ထဲမှာ တစ်စင်းမှမရှိတော့ဘူး"

ထိုအခါ....

နှလုံးသား၊ သခင်မကြီး စီမာဟန်သည် ရှေ့တဦးဆောင်၍ ရထားလုံးပေါ်သို့ တက်ရောက်သွားလေသည်၊

ပြောရမည်ဆိုလျှင်....

ရီချမ်းမှာ မြို့စားပုဇရိုက်သမားလောကကို လိုဖိန့်မြို့ရောက်ရောက်ချင်း ဆိပ်ကမ်းတံတားဦး ပုဇရိုက်သမား ဆင်ဆိုးကြီးဖင်တုံတုံ ကပွဲနှင့်တွေ့ဆုံခဲ့ဖူး၍ တစ်ခါသေဘူးပျဉ်ဘိုးနားလည်ချေပြီ၊

ဒါကြောင့်....



သူမ နှလုံးသားသခင်မကြီး စီမာလန်တစ်ယောက် ရထားထိန်း၊ မျက်ပြူးဟိုင်ကျူးထံ လျှို့ဝှက် မျက်ရိပ်ပြလိုက်သည်ကို တဒင်္ခနဲ လှမ်းမြင်တွေ့လိုက်ရသဖြင့် သံသယဝင်လာရမိလေသည်၊

သို့မို့ကြောင့်လည်း....

သူမ ရထားလုံးပေါ်သို့ ခပ်သွက်သွက် တက်ရောက်သွားသော နှလုံးသားသခင်မကြီး စီမာလန်လို ထက်ကြပ်မခွာလိုက်မတက်ဘဲ တံခါးပွင့်လျက်ရှိသော ရထားလုံးအတွင်းခြေအနေအား အောက်ဘက်မှ လှမ်းအကဲခတ် ကြည့်ရှုမိလိုက်လေ၏၊

'ဟင်....ရထားလုံးထဲမှာလဲ အချက်မှုးနေတဲ့ လူကြီး နှစ်ယောက် ရှိနေပါလား'

ဟုတ်ပါသည်လေ....

ရထားလုံးအိမ်အတွင်း၊ ဝယ် အရုပ်တန်ခိုးကြောင့် မီးကျိုခဲ့မျက်လုံးရဲနီနေကြသည့် တကျာရမ္မာသီခိုး လျှိုထနေသောသားကြီးနှစ်ယောက်တို့ကို သူမ လှမ်းမြင်တွေ့လိုက်ရသဖြင့် ...ပါအတိုင်း၊ သူမစိတ်ထဲမှ ရေရွတ်ပြောဆိုမိလိုက်ခြင်း ...လေ၏၊

...၊ လျှင်....

ရီချမ်းသည် အခြေအနေမဟန်မှန်း ရိပ်စားမိလိုက်ပြီး ...ထားလုံးအနားမှ ခပ်သွက်သွက် ထွက်ခွာခဲ့လေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

မှုတ်ပြူး ဟိုင်ကျူးမှ ရထားပေါ်မှတက်ဘဲ မဲ့ကြည်ပျော်ခဲ့သွားသော ရီချမ်းကို လှမ်းမြင်တွေ့လိုက်ရသဖြင့်—

'ဟိတ်...ဘယ်သွားမလို့လဲ၊ ရထားပေါ်တက်လေ'

ထိုသို့တွင်...

ရီနုမ်းမှာ မကြားဟန်ပြု၍ လမ်းမကြီးအတိုင်း ထွက်ပြေးလာခဲ့လေ၏။

သို့သော်...

သူမ ခြေလှမ်းဆယ်လှမ်းမျှပင် မပြေးလိုက်ရပါချေ။

သူမရှေ့သို့ လူရိပ်နှစ်ရိပ် ပေါ်လာကာ သတ်သတ်သို့ တားဆီး ရွေ့လျားကျွေးမှုကိုလာကြလေ၏။

'ဟင်...'

သူမ ထိတ်လန့်တုန်လှုပ်စွာ ရေရွတ် ပြောဆိုပြီးနောက် သူမ၏ ခြေလှမ်းများကို တုံ့ခနဲ ရပ်ဆိုင်းပစ်လိုက်ရလေ၏။

သူမ ဟန့်တားထားသူနှစ်ဦးတို့ကို လှမ်းအကဲခတ် ကြည့်ရှုမိလိုက်သော စောစောက သူမ ရထားလုံးအိမ်အတွင်း၌ လှမ်းမြင်တွေ့ခဲ့ရသော အရက်မူးသမားနှစ်ဦးဖြစ်နေကြောင်း တုန်လှုပ်အံ့သြစွာ လှမ်းမြင်တွေ့လိုက်ရလေ၏။

သည်တွင်...

ဇိုးကွက်မျက်နှာနှင့် မျက်လုံးပြူးပြူး နှာတံချွန်ချွန်ကြီးက...



'မင်း ဘာလို့ထွက်ပြေးနေတာလဲ၊ နှလုံးသားတခဲမကြီးကို ပေးတာထက် ငါတို့က ကြေးပိုပေးပါ့မယ်၊ ဟဲ...ဟဲ...မင်းအတွက် တောက်ဆူးပေါ့'

မျောက်မျက်နှာနှင့်လူက ခေါင်းညိတ် ထောက်ခံစကားဆိုလာသည်မှာ...

'ဟုတ်...ဟုတ်ပါတယ် ညီမလေး'

ထိုအခါ...

ရီချမ်းမှာ အပျော်စား ကြေးစားမယ်တစ်ဦး ယောင်မှတ်၍ ပြောဆိုလာကြသော တိရစ္ဆာန်မျက်နှာဘို့နှင့် လူလတ်ပိုင်းနှစ်ဦးတို့ကို ခံပြင်းဒေါသထွက်မိသွားခဲ့လေတော့၏။

www.burmeseclassic.com

အခန်း ( ၆ )

နှလုံးသားသခင်မကြီး၏ မာယာ

ရီချမ်းသည် ရှေ့မှ ဟန့်တားနေကြသော ဇီးကွက်မျက်နှာနှင့် မျောက်မျက်နှာတို့ကို မကျေမချမ်း စိုက်ကြည့်ရင်း....

'ဒီမယ်...ရှင်တို့ဆင်သလို ကျွန်မဟာ မိန်းမပျက်မဟုတ်ဘူး။ လမ်းဖယ်ပေးကြပါ၊ ကျွန်မကို အနှောင့်အယှက် မပြုပါနဲ့'

လေသံ ခက်တန်မာကြောစွာဖြင့် လှမ်းပြောလိုက်တော့ ဇီးကွက်မျက်နှာနှင့်လူက ရယ်သွမ်းသွေးလိုက်ရင်း....

'ဟင်း...ဟင်း... မင်း အပိုတွေပြောမနေနဲ့၊ နှလုံးသားသခင်မကြီးနဲ့ အတူလာမခဘူ မင်းလဲ ဒီပုတ်ထဲက ဒီပဲပဲ ဖြစ်မှာပေါ့'



မျောက်မျက်နှာနှင့်လူက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး....

'ဟုတ်တာပေါ့ ဟင်း...ဟင်း၊ မငြင်းပါနဲ့ကွာ၊ မင်း လိုချင်သလောက်ငွေကို ဆရာတို့ ပေး...ပေးနိုင်ပါတယ်'

ပြောလကဲလေ မန်းလေပြုလ ဖြစ်လာသဖြင့် ရီချမ်း စိတ်မရှည်နိုင်တော့ဘဲ ရှေ့က ပိတ်ကာနေသော တိရစ္ဆာန်မျက်နှာနှင့် လူနှစ်ယောက်တို့ကို ဝင်တိုးတိုက်၍ ထွက်လိုက်လေသည်။

'ဘုန်း'

'ဝုန်း...ဝုန်း'

'ဖပ်...ဖပ်'

'ဟုင်'

'ဟား...ဟား...ဟား'

ထိုအခါ....

ဇီးကွက်မျက်နှာနှင့် မျောက်မျက်နှာလူတို့သည် တိုးဝှေ့တိုက်ခိုက်လာသော ရီချမ်း၏ ဘယ်ညာလက်ခမောင်း နှစ်ဖက်တို့ကို ပြုတ်တွင်းမှာ မြဲမြဲစွာ ဖမ်းချုပ်လိုက်လေ၏။

ဒါကြောင့်....

ရီနှင်းမှာ ပင့်ကူအိမ်ဝယ် ငြိတွယ်မိနေရသော ပိုးနွံကောင်ငယ်ပမာ မလှုပ်မယှက်နိုင်အောင် ဖြစ်သွားရလေ၏။

ထိုအခြေအနေကိုကြည့်ပြီး ရမ္မက်မုဆိုးနှစ်ဦးတို့မှာ သဘောကျစွာ ဟားတိုက်ရယ်မောလိုက်ကြလေ၏။

ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ရုန်းကန်နေသော ရှီချမ်းကို ကား ဘယ်ညာညှပ်ကာ ရထားလုံးဆီ ဆွဲခေါ်လာကြလေ၏။

'ရှင်...ရှင်တို့လွှတ် လူ...လူယုတ်မာတွေ'

သူမအားကာဟန်းဖြိုးကိုရုန်းကန်ရင်း တိရစ္ဆာန် မျက်နှာကို နှင့် လူနှစ်ဦးတို့၏ ဖမ်းချုပ် ခေါ်ဆောင်မှုကို ခံနေရလေသည်။

ထိုစဉ်မှာပင်...

ရထားထိန်း မျက်ခြုံး ဟိုင်ကျူးမှာ ရထားကို ဦးလှည့် မောင်းလာပြီး ရှီချမ်းကို ဖမ်းချုပ်ခေါ်ဆောင်လာကြသည့် တိရစ္ဆာန်မျက်နှာနှင့် လူနှစ်ဦးထံ မောင်းနှင်လာလေ၏။

အနားရောက်သောအခါ ရထားထိန်း ဟိုင်ကျူးမှာ မြင်းညို ကြီးကို ဇက်သတ်၍ ရပ်တန့်လိုက်လေ၏။

ထိုအခိုက် ရထားအိမ်ပေါ်မှ နှလုံးသားသခင်မကြီး စီမာ လန်မှာ ခေါင်းပြူဆင်းလာပြီး တိရစ္ဆာန် မျက်နှာနှင့် လူနှစ်ဦးတို့ ဖမ်းချုပ်ထားသော ရှီချမ်းကို ညာလက်ဝါးဖြင့် ဝှေ့ယမ်းကာ ရိုက်ချလိုက်၏။

'ဖြိုး...'

'ဖြောင်း...'

'အား...'

'ဟဲ့ ကောင်မ နင်ငါ့ကိုသာခံလို့ရမလား။ နင့်ရထားပေါ် ကောင်းကောင်းဖက် မတက်ရင် ဒီထက်နာမယ်မှတ်'



ထိုသို့သာရဲသဘက်မကြီးလို အမူအယာ ပြောင်းလွဲသွားရှာ သော နှလုံးသား သခင်မကြီး စီမာလန်မှာ ခါးကိုကိုင်ကာ ရုန်း ကန်နေသည့် ရှီချမ်းကို ခြိမ်းခြောက် ပြောဆို လိုက်လေ၏။

သည်တွင်...

ရှီချမ်းမှာ နှလုံးသား သခင်မကြီး စီမာလန့်ထံရောက်ဆုတ် ရှာ ကိုက်ကြည့်ရင်း...

'ဩော်... လက်စသတ်တော့ အစ်မကြီးဟာ ကျွန်မရဲ့ ကယ်တင်ရှင် အောက်မေ့နေတာ၊ လက်စသတ်တော့ ရေနစ်တဲ့ လူကို ဝါးကူလို့ထိုးနေတဲ့ ကြေးစား ခေါင်းမကြီး ဖြစ်နေ တာကိုး'

ထိုသို့ ထိန်းနောက် ပြောဆိုလိုက်မှုကြောင့် ကြေးစားခေါင်း မကြီး နှလုံးသားသခင်စီမာလန်မှာ ခါးပြင်းစွာ ဒေါသချောင်း ခနဲ ထွက်သွားရပြီ။

'ဘောင်မယ်— နင်ကမျက်နှာပေါက် ရှေ့စေ့တဲ့လူ ဝါးကူထိုး ပြောနေရလား၊ နင့်ဘဝကို ငါနှိပ်စက်နေတာမဟုတ်ဘူး ကောင်မ ရဲ့ မြင်းကြည့်နေတာ မြင့်တင်နေတာ သိလား၊ ကဲဟာ ခံပြော နေဦး'

'ဖိုး...'

'ဖြောင်း...'

'အား...'

ပြောပြောဆိုဆိုနှင့်ပင် ကြေးစားခေါင်းမကြီးနှလုံးသား သခင်မကြီး စီမာလန်မှာ ရှီချမ်း၏ပါးတစ်ဖက်ကို ညာလက် ဝါးကြီးဖြင့် ဝဝ ယမ်းရိုက်ခတ်လိုက်လေ၏။

www.burmeseclassic.com

ထိုအခါ....

လက်ဝါးမိုးဘ်ချက် ထိမှန်သွားရသော ရီချမ်းမှာ ညည်းတွားအော်ဟစ်ရင်း နောက်သို့ လန့်ကျသွားရလေ၏။

ထိုအခိုက် ဗီးကွက်မျက်နှာရှင်နှင့် မျောက်မျက်နှာရှင် တို့သည် ရီချမ်းကို ရထားအိမ်ပေါ်သို့ တွန်းတင် လိုက်ကြလေသည်။

ထိုစဉ်မှာပင်....

အဖြူရောင် အရိပ်တစ်ရိပ် ထိုအချင်းဖြစ်ပွားရာ နေရာသို့ ဟူးခနဲ ပျံသန်း ရောက်ရှိလာခဲ့လေ၏။

ပြီး.... ထိုအဖြူရောင်လူရိပ်ထံမှ ငွေရောင် အလင်းတန်းကြီး တစ်ခု ရီချမ်းတို့ ရထားလုံးအိမ်ပေါ်သို့ အတင်းအဓမ္မ တွန်းတင်နေကြသော ဗီးကွက်မျက်နှာရှင်နှင့် မျောက်မျက်နှာရှင် တို့ထံ အရှိန်အဟုန်ပြင်းစွာ ကျရောက် လာခဲ့လေ၏။

'ဝိုး....'

'ဖောင်း....ဖောင်း'

'အူး....'

'အား....'

'ဟယ်'

'ဟင်'

မဟင်မှတ်ဘဲ နောက်ဖက်မှ ဝေ ယမ်း တိုက်ခိုက် လာမှုကြောင့် တစ်ဖက်တွင် အာရုံစော ထန်နေကြသော ဗီးကွက်မျက်နှာရှင်နှင့် မျောက်မျက်နှာရှင်တို့သည် လုံးဝ ဂရုမစိုက်နိုင်



ကြဘဲ မိမိရရထိမှန်ကြပြီး ကျောက်ယ်စီးကာကာ ရီချမ်းအား ပက်လွှတ်ကြရ၍ လမ်းပေါ်သို့ ပြိုလဲကျရကုန်၏။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက် ကြရသော ရထားထိန်း မျက်ပြူး ဟိုင်ကျူးနှင့် နှလုံးသားသခင်မကြီးစီမာလန် တို့ အလွန်အမင်း အံ့အားသင့်ကြစွာဖြင့် အာမေဋိတ်ကိုယ်စီဖြင့်တွေ မရွေ့တမ်မိလိုက်ကြခလေသည်။

သည်တွင်....

ရီချမ်းမှာ ဒုက္ခကွင်းရောက်နေရာမှ ရုတ်တရက် ဝင်ရောက် ကယ်လာခဲ့သူထံ မည်သူမည်ဝါမှန်းသိလို၍ နောက်လှည့်ကြည့် လိုက်စဉ်....

'ဟင်....အာ....အစ်ကို ဆန့်ကျောင်း ပါလား'

ဟုတ်ပါသည်။

သူ့မကို ဒုက္ခစက်ကွင်းထဲမှ တိုက်ဘိုက်ဆိုင်ဆိုင် ဒုတိယမ္ဗိ ကယ်တင်လာသူမှာ ပန်းချီဆရာ သိမ်ကော်စုတ်ထံမှ ဆန့်ကျောင်း ပင် ဖြစ်လေ၏။

သိမ်ကော် ဆန့်ကျောင်းသည် ရီချမ်းကို အဓမ္မအနိုင်ကျင့်ကြ နေကြသော ဗီးကွက်မျက်နှာရှင်နှင့် မျောက်မျက်နှာရှင်တို့ထံ သိမ်ကော်စုတ်တံလက်နက်ဖြင့် ခုန်ပျံတိုက်ခိုက်လိုက်ခြင်း ဖြစ်လေ သည်။

ထိုစဉ်....

ရထားထိန်းမျက်ပြူး ဟိုင်ကျူးမှာ ကြားဝင်ရှုပ်လာသော သိမ်ကော်စုတ်တံရှင် ဆန့်ကျောင်းအပေါ် ခံပြင်း ဒေါသထွက် စွာဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ဟိုတံခါးကြီး မင်းဘာကြောင့် ဒါတွေကိုစွဲ ဝင်ရှိရတာလဲ'

ဇေါ်ဂါက်ဝမ်းနည်းသောအသံဖြင့် သိမ်ကိုတော်တံရှင် ဆန်ကျောင်းက ကော်ဆတ်သော အပြုံးတစ်ချက် ပြုံးလိုက်ရင်း။

'မင်းတို့လုပ်ရင်မမှန်တော့ ငါကလက်ပိုက် ကြည့်မနေနိုင်ဘူးလေ'

ဇော်နိမ့် ချပြောဆိုလိုက်သော စကားကြောင့် မျက်ပြူးဟိုင်ကျူးမှာ ရှုံးရှုံးရှားရှားဖြစ်သော ရထားပေါ်မှ ဆင်း၍ ဆောင်ဓားဖြင့် သိမ်ကိုတော်တံရှင် ဆန်ကျောင်းထံ ခုန်ပျံတိုက်ခိုက် လေ၏။

'ဝှစ်...'

'ဝှီ...'

'ထန်...'

'ဝှီ...ဝှီ'

'ခွပ်...'

'ဖောင်း...'

'အု...'

'အား...'

'ဘုန်း...'

သည်တွင်...

မျက်စိလျှင်လွန်းသော သိမ်ကိုတော်တံရှင် ဆန်ကျောင်းမှာ အုပ်မိုးတိုက်ခိုက်လာသည့် ဓားချက်ကို သူ့သံကိုတော်တံဖြင့် ထန်ထန်မြက် ခုခံကာကွယ်လိုက်လေသည်။



ထိုအခိုက်မှာပင်...

ဆန်ကျောင်းမှာ ကိုယ်ရှိန်လွန်ကာ ရောက်လာသော မျက်ပြူးဟိုင်ကျူးထံ ညာခြေခုံ နှစ်ဆင့်ကန်ချက်ဖြင့် တရစပ် ဝှေ့ယမ်းကန်လိုက်လေသည်။

ထိုအခါ...

ဘုန်း ညာခြေခုံနှစ်ဆင့်ကန်ချက်ထိမှန်သွားရသော ရထားစီးမျက်ပြူးဟိုင်ကျူးမှာ နောက်ကျောဖြင့် တစ်ရှိန်း လမ်းပေါ်လှိမ့်ချ ကျရောက်သွားလေသည်။

ထိုစဉ်မှာပင်...

စီးကွက်မျက်နှာရှည်နှင့် မျောက်မျက်နှာရှည်တို့ နှစ်ဦးသည် ခမဲ့ကြွေစွာဖြင့် ဆောင်ဓားကိုယ်စီ တုတ်ကိုင်လိုက်ကြလေသည်။

'ရှဲ...'

'ရှဲ...'

'ဒေါက်...'

သူတို့ နှစ်ဦးသည် ဆန်ကျောင်းထံဆီသို့ ဘယ်ညာခွဲလျက် ဆောင်ဓားကိုယ်စီ မြဲမြံကိုင်ကြလျက် ပြိုင်တူခုန်ပျံတိုက်ခိုက်လာကြသည်။

'ယား...ယား'

'ဝှစ်...ဝှစ်'

'ထန်...'

'ထန်...ထန်'

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



ဆန်ခကျောင်းသည် ရန်သူနှစ်ဦးတို့၏ ပြိုင်တူခုတ်ပိုင်းလို
ခိုက်လာသော ဓားမျက်နှစ်ချက်တို့ကို သံမဏိစုတ်တံ အစွန်း
များ နှစ်ဖက်တို့ကို ဘယ်ညာနှစ်ဖက်တို့ဖြင့် ဆုတ်ကိုင်က
အပေါ်သို့ ခုခံလိုက်လေသည်။

သို့မို့ကြောင့်....

ရန်သူနှစ်ဦးတို့၏ ဓားချက်နှစ်ချက်တို့မှာ သံမဏိ စုတ်
ပေါ်သို့ ပြင်းပြင်းထန်ထန် ထိမှန်သွားရလေသည်။

ထို့စဉ်....

ဆန်ခကျောင်းမှာ ကန့်လန့်ဖြတ် ခုခံထားသော သံမဏိစု
တံကို အတင်းအားထုတ်သုံး၍ ဘယ်ညာဆွဲထုတ်ကာ နော
သို့ရုန်းဆုတ်လိုက်၏။

'ကျွီ....'

'ဟင်'

'ဟာ'

'ဒွိ....ဒွိ'

'ဒုတ်....ဒုတ်'

'အီး....အွန့်'

'ဘုန်း....ဘုန်း'

ထိုအခါ....

ဘယ်ညာ ဆွဲထုတ်လိုက်မှုကြောင့် သံမဏိစုတ်တံမှာ နှ
ပိုင်းခွဲထွက်သွားရသည်။

ထိုစဉ် သူ နောက်ခုန်ဆုတ် ရှောင်လိုက်မှုကြောင့် ဓား
မားကိုယ်စီတို့ဖြင့် ဖိဘွန်းသောကြသော ဓားကျွဲ မျက်နှာ



င်မျောက်မျက်နှာရှင်တို့မှာ ရှေ့သို့ ကိုယ်ချိန်လွန်ကာ ပြိုင်တူ
ါင်းငိုက်စိုက်ကျလာလေ၏။

ထိုအခိုက်မှာပင်....

ဆန်ကျောင်းမှာ ဘယ်ညာနှစ်ဖက်တို့တွင် ခဲဆောင်ထားနှစ်
က်သဖွယ် ရောက်ရှိနေကြသော သံမဏိစုတ်တံ နှစ်ပိုင်းတို့ဖြင့်
သူနှစ်ဦးတို့ထိ ဝှေ့ယမ်းတိုက်ခိုက်လိုက်၏။

သည်တွင်....

သံမဏိစုတ်တံနှစ်လက်တို့နှင့် တိုက်ခိုက်ချက် ထိမှန်သွားရ
သော ဓားကျွဲမျက်နှာရှင်နှင့် မျောက်မျက်နှာရှင်တို့ စူးရှ
ကျယ်စွာ ပြိုင်တူအော်ဟစ်ကြရင်း လမ်းပေါ်သို့ပြိုလဲကျကုန်
ကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်မှ…

နှလုံးသားသခင်မကြီး စီခါသန်၏ မျက်မြှုပ်ဟိုက်ကျသော အခြေအနေ ဟန်မှန်မြင်တွေ့လိုက်ရသည်နှင့် ရဘားလုံးသား ခြေကုန်သုတ် ထွက်ပြေးလေသည်။

သို့သော်…

သူမ ခြေလှမ်း ဆယ်လှမ်းပင်ပြည့်အောင် မပြေးလိုက်ရ ချေ။

မဲမျှော်သည့်ဘီ သူမခြေလှမ်းနွေးမှ တစ်စုံတစ်ခုယာက် ဟန့်တားမှုကို ခံလိုက်ရသဖြင့် သူမခြေလှမ်းအစုံကို မြေ ကြီးတစ်ကောင်ကို ကြုံတွေ့လိုက်ရပြည့် … တုံ ခနဲ ရပ် သွားရသည်။

'အမယ်လေး'

'ဘာ အမယ်လေးလဲ၊ နှလုံးသားကျော်ဘောင်းမကြီး သူများသားပျိုသမီးပျိုကို ကိုယ့်အကျိုးရှိဖို့အဘွား ချောက် တွန်းချတဲ့ မိန်းမယုတ်ကြီး ကဲဟာ'

'ဒိုး ဒိုး'

'ဖြန်း ဖြန်း'

'ကျီး အား'

'ဘုန်း'



မပြေမပြုဆိုဆိုနိုင်ပင် ဟန့်တားသူက ချောက်ချောက် ချားချားဖြစ်နေရသော နှလုံးသားသခင်မကြီးစီခါသန်၏ပါး နှစ်ဖက်တို့ကို ဘယ်ပြန်ညာပြန် ခွေယမ်း ရိုက်ချလိုက်၏။

ထိုသူ၏ အားပါပါနှင့် ရိုက်ခတ်မှုကြောင့် နှလုံးသား သခင်မကြီးစီခါသန်မှာ နားကျင်စွာညည်းတွားရင်း မြေပေါ် သို့ ပြိုလဲကျသွားရလေသည်။

စင်စစ်အား ထိုသူမှာ ဘားတစ်ခြားလူ မဟုတ်ရှိသား၊ ဥက္ကာဖြစ်လေသည်။

ထိုစဉ်…

ဥက္ကာသည် မြေပေါ်မှကုန်းရုန်းထပြေးဟန် ပြုလိုက်သော နှလုံးသားသခင်မကြီး စီခါသန်ထံ အမြန်ကပ်ကာနှင့်ညာခြေ ဖနောင့်ဖြင့် ဆောင့်ယန်းလိုက်လေသည်။

'ကဲဟာ မိန်းမယုတ်ကြီး'

'ဒို…'

'ဘုန်း'

'အား'

'ဝုန်း'

ဥက္ကာ၏ ညာခြေဖနောင့်ပေါက်ချက်က နှလုံးသားသခင်မ ကြီး စီခါသန်၏ ဘင်းဆုံကြီးကို ပြင်းထန်စွာထိမှန်ပြီး မြေ ပေါ်သို့ ဂုမ်းလျားထိုး လဲကျသွားရလေ၏။

www.burmeseclassic.com



ထိုအတောအတွင်း၌...

ဦးကျွက်မျက်နှာရှင်၊ မျောက်မျက်နှာရှင်နှင့် ရထားထိန်း မျက်ပြူး ဟိုင်ကျူးတို့ သိမ့်ကိုစုတ်တံချွင် ဆန်ကျောင်းကို မယှဉ်ဝံ့ကြတော့ဘဲ ကြောက်လန့်ကာ လမ်းကြိုးအတိုင်း ခြေကုန်သုတ် ထွက်ပြေးသွားကြလေ၏။

သည်တွင်....

ဆန်ကျောင်းသည် သိမ်ငယ်ညှိုးရော်နေသော မျက်နှာနှင့် ရှီချွမ်းထံ မျက်မှောင်ကြုတ်ကြည့်ရင်း....

'ရှီချွမ်း....ဘယ်လိုဖြစ်တာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးသာတော့ ရှီချွမ်းမှာ ဆို နိုင်စွမ်းမရှိ ခံစားလာရသဖြင့် သူမမျက်ဝန်းအစုံဘိုငယ် မျက်ရည်စများ ရစ်ဝဲ အိုက်ထွန်းလာရပြီး ကုန်ယင် လှိုက်လှဲသံဖြင့် သူမ၏ အကြောင်းမလှသည့် ဖြစ်ကြောင်းဘုန်စင်တို့ကို ရင်ဖွင့်ပြောပြ လိုက်လေ၏။

စကားဆုံးသွားတော့ ဆန်ကျောင်းနှင့် ဝူကျိုတို့ စိတ်မကောင်းကြဟန်နှင့် ယက်ပြင်းကိုယ်စီ ချမိလိုက်ကြလေ၏။

ဝူကျိုက သူမထံ ကရုဏာသက်ဟန်ဖြင့်ကြည့်ရင်း....

'အင်း....ငါတို့သာ လိုက်မလာမိရင် ရှီချွမ်းရဲ့ ဒုက္ခရေး ဘဝဟာ မတွေးဝံ့စရာဘဲ'



ဆန်ကျောင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီးတော့....

'ဟုတ်ပါတယ်၊ အစ်ကိုတို့လဲ အလုပ်အားလပ်တာနဲ့ ကိုယ့်ကျိုရဲ့ အကြံပြုချက်အရ ညီမ အလုပ်လုပ်နေတဲ့ စားရိပ်မြို့ဘားတော်ဆော်ကို ရောက်လာကြပြီး ညီမအခြေအနေလဲ အကဲခတ်မိကြတာပါ၊ ဒါနဲ့ အဲဒီမှာ ညီမအရိပ်အယောင် မမြင်ရတော့တာနဲ့ အလုပ်သမားတစ်ဦးကို မေးကြည့်လိုက်တော့ အစ်ကို့ညီမ ရောက်ခင်လေးမှာဘဲ အလုပ်ဖြုတ်ခံရပြီး တည်းခိုခန်းပြန်သွားပြီဆိုတဲ့ သတင်းဆိုးကြားရတာပါပဲ၊ ဒါနဲ့ အစ်ကိုတို့ အကျိုးအကြောင်းမေးမြန်းကြဖို့ ညီမဆီ လိုက်လာကြရင်း အခုလိုအဖြစ်နဲ့ ကြုံတွေ့ရတာပါ၊ ကဲ...ကဲ...ညီမ အချိန်လဲ နှောင်းတော့ဘူး၊ အစ်ကိုတို့အိမ်သာ လိုက်ခဲ့ပါတော့'

ခိုကိုးရာမဲ့ နေရသော ရှီချွမ်းတစ်ယောက် မငြင်းဆန်နိုင်တော့ဘဲ ခေါင်းလေးငုံ့ကာ ညိတ်လိုက်ရပြီး....

'ဟုတ်ကဲ့ရှင့်'

သည်နောက်....

ရှီချွမ်းတစ်ယောက် ဆန်ကျောင်းတို့၏ ရထားလုံးနှင့်အတူ ထိုဖိန်မြို့ဘောင်ဘက်ဆီသို့ လိုက်ပါလာခဲ့ရလေ၏။

အိမ်သို့ရောက်ခဲ့သောအခါ ညဉ့်နက် တစ်ချက်တီးရှိသွားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရီချမ်းကို သူတို့၏ အိပ်ခန်းထဲတွင် အိပ်စေပြီး သူတို့က အပြင်ထွက်အိပ်ကြလေ၏။

နောက်တစ်နေ့ မနက်ခင်းသို့ ရောက်သောအခါ နံနက်ခင်း အဆာပြေစားသောက်ရန်အတွက် အိပ်ခန်းထဲမှ ထွက်မလာသေးသည့် ရီချမ်းကိုနှိုးဖို့ ဆန်ဒကျောင်းမှာ သူ၏ အိပ်ခန်းထဲ မစုံမရဲ ဝင်ရောက်သွားခဲ့လေ၏။

အထဲရောက်တော့ ခုတင်မွေ့ယာပေါ်ဝယ် ဖရိုဖရဲ အိပ်နေဆဲရှိနေသည့် ရီချမ်း၏ အသွင်တစ်မျိုးကို ပန်းချီဆရာ ဆန်ဒကျောင်း လှမ်းမြင်တွေ့လိုက်ရလေ၏။

ဟုတ်ပါသည်လေ....

မွေ့ယာပေါ်ဝယ် ဆံပင်များပြန့်ကျဲလျက် မျက်နှာတစ်စောင်းနှင့် မှောက်ခုံလေးအိပ်နေသော ရီချမ်း၏ အပြစ်ကင်းစင်နေသည့် ကပိုကရိုအလှကို ဆန်ဒကျောင်း လှမ်းမြင်တွေ့ရပြီး မင်သက်မိသွားရလေ၏။

'အား....အိပ်ပျော်နေတဲ့ မိန်းကလေးရဲ့ ကပိုကရိုအလှဟာ ငါ့ရင်ကို လှိုက်ခုန်စေပါလား။ ဟုတ်ပြီ....အခုခန သူ့ပုံလေးကို ပန်းချီကားချပ်ပေါ် ကောက်ကြောင်းအမြန် ဆွဲယူထားရင် ကောင်းမယ်'



တွေးတောဆုံးဖြတ်လိုက်ပြီးနောက် ဆန်ဒကျောင်းမှာ အိပ်ခန်းထဲမှ ခပ်သွက်သွက် ထွက်လာခဲ့လေ၏။

ခနစက်ပြီး....

သူ့ ပန်းချီခန်းထဲမှ စုတ်တံ ဆေးခွက်နှင့် ပန်းချီကားချပ်ကို ယယ်မကာ သူမအခန်းထဲ ဝင်မည်အပြု ဝူကျိုက ရှေ့က ပိတ်ကာ ဟန့်တားလိုက်ရင်း....

'ဆန်ဒကျောင်း....ဒီပစ္စည်းတွေ ကောင်မလေးအိပ်တဲ့အခန်းထဲ ယူသွားပြီး ဘာလုပ်ဦးမလို့လဲ'

စပ်စုမေးမြန်းလာသဖြင့် အိပ်ခန်းထဲတွင် အိပ်မောကျနေဆဲဖြစ်သော ရီချမ်းတစ်ယောက် လန့်နိုးသွားလျှင် သူရရှိထားသည့် ပန်းချီမြင်ကွင်းတစ်ကွက် လက်လွှတ်ဆုံးရှုံးသွားမည်ကို စိုးရိမ်ပူပန်ဟန်နှင့် ဆန်ဒကျောင်းမှာ ဝူကျိုကို စကားကျယ်ကျယ်မပြောရန် သတိပေးစကား ပြောဆိုလိုက်သည်မှာ....

'ဟိတ်....စကား တိုးတိုးပြော၊ ရီချမ်းလေး နိုးသွားရင် ကျုပ်ရရှိထားတဲ့ ပန်းချီရေးကွက်တစ်ကွက် လက်လွှတ်သွားရဦးမယ်'

ယင်းဆိုစကား ကြားလိုက်ရသည်နှင့် ဝူကျို၏ မျက်လုံးအစုံတို့ ပြူးကျယ်သွားရပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟာ…မင်း…မင်း… ကောင်မလေးအိပ်နေတဲ့ပုံကို ပန်းချီဆွဲဦးမလို့လား၊ ဟေ့ ကောင်ဆု မမအော်တာရော်ဆေ့'

'ဟာ…ဘာမှ မဆိုင်တာရော်မဟုတ်ဘူး၊ သူ့ အပြစ်ကင်းစင်စွာနဲ့ ကပိုကရိုလေး အိပ်နေပုံက အနုပညာသိပ်ဆန်လွန်းနေတယ်၊ ဒါကြောင့် ကျုပ် ပန်းချီရေးဖွက်ဖော်ဖို့ စိတ်ကူးပေါက်မိသွားတာ၊ ခင်ဗျားကို လက်ခံဖြေရှင်းစကား ပြောနေရတာနဲ့ပဲ ကျုပ်အတွက် အချိန်တွေ တော်တော်နှောင်းသွားရပါပြီ အကြော်'

'အေး…အေးပါ၊ ဟေ့…ပန်းချီသာဆွဲနော်'

ခင့်တဲ့တဲ့ ကျီစယ်ပြောဆိုလာသဖြင့် ဆန်ကျောင်းမှ အပြုံးရိပ်လွှမ်းနေသည့် ပေကလပ် ဖေကလပ် မျက်လုံးနှင့် ဝူကျီထိ မနေကျချမ်းအကြည့်နှင့် စူးစိုက်ကြည့်ရင်း…

'ကျုပ်က ပန်းချီပဲမဆွဲလို့ ဘာလုပ်ရမှာလဲ၊ ခင်ဗျား မဟုတ်တာတွေ လျှောက်မပြောနဲ့'

'အေးပါကွာ'

လာဖနဒက်…

ဆန်ကျောင်း ကတ်ပေါက် အိပ်ခန်းထဲသို့ ဝင်ရောက်သွားလေသည်။



အိပ်ခန်းထဲရောက်သော် မြေ့ယာထက်ဝယ် ရီချမ်း စောစောက ပုံစံအတိုင်း အနေအထားမပျက် ကပိုကရိုအလှနှင့် [illegible]ကျနေဆဲ ရှိနေလေသည်။

ထိုအခါ…

ပန်းချီဆရာ သံမဏိစုပ်တံရှင် ဆန်ကျောင်းမှာ အိပ်မျော်နေသော ရီချမ်း၏ ကပိုကရိုအလှကို စုပ်တံချက်မြန်မြန်နှင့် ရေးဆွဲလိုက်လေသည်။

ကွမ်းနှစ်ယာညက်ခန့် ကြာသောအခါ၊ သံမဏိစုပ်တံရှင် ဆန်ကျောင်းမှာ အနုပညာဆန်စွာ အိပ်မော ကျနေသည့် ရီချမ်း၏မျက်နှာတစ်ပိုင်းပုံကို ရေးဆွဲပြီးသွားလေ၏။

နောက်မှ သူ့ကောက်ကြောင်း အပြည့်အစုံဆွဲထားသော ရီချမ်း၏မျက်နှာတစ်ပိုင်းပုံကို အချောသပ်ပုံဖော်ရန်ဖြစ်လေသည်။

ပြီးသည်နှင့်…

သူ့ ပန်းချီ စုတ်စုံ ပစ္စယများကိုသိမ်းဆည်းလျက် သူမအိပ်ခန်းထဲမှ ခပ်သုတ်သုတ်ပြန်ထွက်ခဲ့လေသည်။

နောက်…

www.burmeseclassic.com

www.burmeseclassic.com



လူတံခါးပေါက်တွင်ရပ်လျက်အသံကျယ်ကျယ်ပြုအော်ဘား ရီချမ်းကို နှုတ်ဆက်လိုက်သည်မှာ....

'ရီ....ရီချမ်း... ထ....ထ'

သိပ်ကြာကြာမနှိုးလိုက်ရပါချေ။

ရီချမ်းတစ်ယောက် ခုတင်ပေါ်မှဆင်းလာသံကို သိမ်ကြီး စုတ်တံရှင် ဆန်ကျောင်းကြားလိုက်ရလေသည်။

သည်တွင်....

သူ့ဆံပင်များ သေသပ်စွာဖီးသင်ရင်း ရောက်လာသော ရီချမ်းကို အပြုံးရိပ်နှင့်စကားဆိုလိုက်သည်မှာ....

'ညီမ....နံနက်စာစားမယ်၊ နေအတော်မြင့်တော့မယ်'

ပြောတော့ ရီချမ်းမှာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'ဟုတ်....ဟုတ်ကဲ့၊ ညီမ မျက်နှာသစ် ရေမိုးချိုးလိုက်ဦးမယ်'

'ကောင်း....ကောင်းပြီ'

သည်နောက်....



ရီချမ်းသည် မျက်နှာသစ်ရေမိုးချိုးရန်အတွက် နောက်ဖေး ခန်းဆီသို့ ဝင်ရောက်သွားလေသည်။

ထိုအခါ....

သိမ်ကြီးစုတ်တံရှင်ဆန်ကျောင်းနှင့် ဝူကျို့တို့သည် အိမ်ရှေ့ ခန်းရှိစားပွဲဝိုင်းတွင်ထိုင်ကြလျက် နံနက်ခင်း အဆာပြေစား သောက်ကြရင်း ရီချမ်းအလာကို စောင့်ဆိုင်းနေမိကြလေ သည်။

အတန်ကြာမှ....

အပြုံးရိပ်ဆောင်လျက်ရှိသော ရီချမ်းတစ်ယောက် သူတို့ စားပွဲဆီသို့ ရောက်ရှိလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ရေမြှားလိုးနေပါက ငွေစင်ရောင်နှင့် ပဟေဠိ လူ (၂)ယောက်

'တိုင် ညီမ'

'ဟုတ်ကဲ့ရှင်'

ရီချမ်းထိုသို့ ရိုကျိုးစွာပြောဆိုရင်း ဖိုခန်းနောက်ဆိုင် စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်၊

ပြီး အားတုန်းအားနားဟန်ဖြင့် သူမ မတုန်မလှုပ် ထိုင်နေသဖြင့် သံမဏိစုတ်တံဆန်ကျောင်းက...

'ညီမ စားမလဲ'

'ဟုတ်ကဲ့'



ဟုဆိုကာ သူမ လက်ဖက်ရည်ခွက်အိုးကို မောက်၍ ကော်ဖီ ရည်ပန်းကန်လုံးတစ်လုံးထဲသို့ အသာအယာ စောင်း၍ ထည့်လိုက်လေသည်၊

သည်တွင်...

ဝူကျိုးသည် ကံအကြောင်းမလှရှာလေသော ရီချမ်းအတွက် စိတ်မသက်မသာဖြစ်စွာ သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ...

'မရီချမ်း ရှေ့ဆက်နေဖို့ ဘယ်လိုအစီအစဉ်ဆွဲမလဲ'

စူးစမ်းဟန်ဖြင့်လှမ်းမေးလိုက်တော့ ရီချမ်းမှာ လက်ဖက်ရည်ချိုတစ်ကျိုက် မော့သောက်လိုက်ပြီးမှ သူမ လက်ထဲက ကော်ဖီရည်ခွက်ကို စားပွဲပိုင်းပေါ်သို့ အသာအယာချထိုးကာ ငေးမြော့လင့်နေရှာသော ဝူကျိုးထံအကြည့်ရောက်ရှင်း...

'ကျွန်မ အလုပ်တစ်ခုထပ်ရှာပြီး ကိုယ့်ရည်ရွယ်ချက် ပန်းတိုင်ရောက်အောင်တော့ ဆက်လျှောက်မယ်လို့ စိတ်ဆုံးဖြတ်ထားပါတယ်၊ ခက်နေတာက...'

လေသံလေးအဆုံး သူမထံ၌ ငွေထုပ်ခေါင်းပိုက်နှိုက်ခံလိုက်ရ၍ ငွေရှာ ကြိုးစားရ အခက်တွေ့ကြုံနေသည်ကို သံမဏိစုတ်တံရှင် ဆန်ကျောင်းတို့ထံ ပွင့်ပွင့်လင်းလင်း မပြောရ၍ စကားကြောင်းကမင်ဖြတ်ခဲ့တော့မိလိုက်လေသည်၊

ထို့နောက်...

ဝူကျိုးမှာ ကစ်ခုံတစ်ခုကို သေးသေးလေးနှက်နက် တွေးနေဟန်ဖြင့် စားသောက်ပြီးမှ သူမထံအကြံပေးပြောဆိုကြည့်လိုက်သည်...

www.burmeseclassic.com



'အစ်ကိုကြီး အကြံပေးချင်တာကတော့ ညီမတစ်ယော တည်းနေရင်း ဘဝရည်မှန်းချက်ကို ရှန်းတန်ကြိုးစားနေ ဒီလိုအခက်အခဲပြဿနာတွေ ကြုံတွေ့လာရမှာပဲ၊ အစ်ကိုကြ တို့မှာလဲ ငါ့ညီမဦးလေးမျက်နှာက ရှိခနဲတော့ ညီမလေ ညက်လို မတွေးဖွံ့ဖြရာဘဝပျက်ဖို့ကြုံသွားရင် အစ်ကိုကြီးတို့ ဆန်ကျောင်းရဲ့အဖေက မစောင့်ရှောက်ကောင်းလား ဆို အပြစ်တင်ပြောဆိုလာကြတော့မယ်'

ထိုစကားကို ဆန်ကျောင်းက ခေါင်းတစ်ချက် ညိ တောက်ခံလိုက်ကာ...

'ကိုဝူကျိုပြောတာ ဟုတ်ပါတယ်'

ဆက်လက်၍ ဝူကျိုပြောဆိုလာပြန်သည်မှာ...

'ဒီတော့ ညီမ ဘယ်လိုမှမခက်အောက်မေ့နဲ့၊ ပတ်ဝန်းကျင် မမှုနဲ့၊ အစ်ကိုတို့နဲ့ မောင်နှမလို အတူနေကြရင်း ညီမရဲ့ရ ရှယ်ချက်ပန်းတိုင်ရောက်အောင် ဆက်လျှောက်ရင် ပိုပြီးအေ ကင်းရန်ကင်း အန္တရာယ်ကင်း မအောင်မြင်မယ်လို့ အစ်ကိုကြ ထင်တယ်'

သူတို့နှင့်အတူ မောင်ရင်းနှမလိုနေထိုင်ရန်အတွက်ဖိတ်ခေါ် အကြံပြု ပြောဆိုလိုက်လေသည်။

သည်တွင်...

ဆန်ကျောင်းက တွေ့တွေ့ငေးငေးလေးဖြစ်တည်နေရာသ ရီချမ်းထံအကြည့်ရွေ့စိုက်ရောက်ရင်း...

'မရီချမ်း ကိုဝူကျိုပြောတာ ဟုတ်ပါတယ်၊ ညီမဒီအိမ်မှာ လွတ်လွတ်လပ်လပ်နေပါ'



ပြောတော့ ရီချမ်းမှာ ဆန်ကျောင်းထံအားတုန့်အားနာ ာန်ဖြင့် ပြောဆိုလိုက်သည်မှာ...

'ညီမ အကိုတို့နဲ့အတူနေတော့ အနေကျဉ်းကျပ်မှာပေါ့၊ ညီမအတွက် အလုပ်ပိုရှုပ်လာမှာပေါ့'

ယင်းဆိုစကားကြောင့် ဝူကျိုမှာ အပြုံးယဲ့ယဲ့ပြုံးလိုက် ရင်း...

'အမယ်လေ၊ အားနာစရာမရှိ အားနာခနပြန်ပြီ၊ ညီမ ရောက်တော့ အနေမကျဉ်းကျပ်ပါဘူး၊ ခြောက်ချောက်ကပ် ကပ်ရှိတဲ့အစ်ကိုတို့အိမ်ခဂဟာလေး စိုစိုပြေပြေ ရှိလာရတယ်၊ ီးတော့ ညီမအနေနဲ့ ဆန်ကျောင်း ပန်းချီဆွဲတဲ့အခါ ပန်းချီ ာယ်ဟန်ပြပေးလိုက်၊ သူ့လုပ်ငန်းအတွက် အကူရတာပေါ့၊ ါကလဲ နေ့တိုင်းကြီး မဟုတ်ပါဘူး'

သံမဏိစုတ်တံရှင် ဆန်ကျောင်းက ခေါင်းဆတ်ခနဲ ညိတ် ိုက်ပြီး၊

'ဟုတ်ပါတယ်၊ ကျန်တဲ့ အားလပ်ချိန်မှာ ညီမဝါသနာ ါတဲ့ အဆိုအကပညာရပ်ကို ဆည်းပူးလေ့လာပါ၊ တကယ် ို အလုပ်ရရလဲ ဒီကနေ့ပဲ ဆင်းပေါ့'

သူတို့နှစ်ဦးစလုံးတို့က လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လာကြ ဖြင့်ရီချမ်းမှာ နောက်ဆုံးတော့သံမဏိစုတ်တံရှင်ဆန်ကျောင်း နှင့် နေထိုင်ရန် ဆုံးဖြတ်ချက် ချလိုက်မိလေ၏။

ဒါကြောင့်...

ရီချမ်းမှာ မဆွေမျိုးရင်းချာပမာ ကူညီ စောင့်ရှောက်ဖော် သော သံမဏိစုတ်တံရှင်ဆန်ကျောင်းနှင့် ဝူကျိုတို့ဖော်မပြ

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကျူးကျော်နင်းနှိပ်သော အကြမ်းဖြင့် ခေါ်ပြီး လိုက်ရာ....

'ညီ...ညီမကို အစ်ကိုတို့ ကူညီ စောင့်ရှောက် ပေးမှာ ညီမဝမ်းသာလို့ မဆုံးပါဘူး အဟင့်...ဟင့်'

မပြောဆိုရင်းက ငိုရှိုက်သံများနှင့် အဆုံးသတ်သွားသဖြင့် သံမဏိစုတ်တံရှင်ဆန်ကျောင်းနှင့် ဝူကျိုတို့ မျက်လုံးမျက်ဆံ ပြူးကုန်ကြရ၏။

'ဟာ ညီ...ညီမရီချမ်း ဝမ်းသာစကားလဲ ပြောရဲ့ ဘာကြောင့် ငိုရှိုက်နေရတာလဲ'

'အဲ ... ကြွတန်ကြောင့် ... ကျွန်မ ... ဝူကျိုက ... ဘာကြောင့် ... ရယ်မောလိုက်ရင်း'

'ဟ ဆန်ကျောင်း လူဆိုတဲ့မျိုးဟာ ဝမ်းနည်းလွန်းရင်လဲ ရှိုက်ကြီးတငင် ငိုတက်သလို ဝမ်းသာလွန်းရင်လဲ အဲဒီလို ငိုတတ်သတဲ့ဗျာ'

ထိုစကားကြောင့် ရီချမ်းမှာ ရယ်ချင်မိသွားရပြီး မျက်ဝန်းနှင့်ဖက်တို့တွင် တွယ်ငြိနေကြသော မျက်ရည်စများကို ဘူမက်အသီညာ လက်ဝါးနှင့် ကပျာကယာ သုတ်သင်မိလိုက်သည်။

ပြီး...သူမ၏ မျက်နှာပေါ်၌ ပြုံးရိပ်လေး ပွင့်ဖူးသစ်ဝေသွားရလေ၏။

သို့နှင့်....

ရီချမ်းတစ်ယောက် သံမဏိစုတ်တံရှင် ဆန်ကျောင်း၏ ညီမ အသစ်တစ်ဦး ဖြစ်သွားလေ၏။



ရီချမ်းမှာ သံမဏိစုတ်တံရှင် ဆန်ကျောင်းနှင့် ဝူကျိုတို့ကို ညီအစ်ကိုရင်းတစ်ယောက်လို ဆက်ဆံကာ လိုလေသေးမရှိအောင် စောင့်ရှောက် ပေးသဖြင့် စိတ်ချမ်းသာ ပျော်ရွှင်နေမိ ရလေသည်။

တစ်နေ့....

သူတို့သုံးဦး ထပြင်သို့ ပန်းချီထွက်ဆွဲရန်အတွက် ရထားဖြင့် တစ်စီးဖြင့် နှင်ရှောက် ကောင်းသော တိုရီမြစ်ကမ်း [illegible] မြေပြင်လိုင်းပေါ်က ဝင်ရာ ရောသော [illegible] သို့ ဦးတည် ထွက်လာခဲ့လေ၏။

သည့်အခါ....

လိုမိုမြို့ ရာသီဥတုမှာ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေသည်မှာ ရှိသည်။

ကောင်းကင်ပြင်ကတစ်ခုလုံး၌ တိမ်မြုံများ ပျံနှံ့စွာ တည်ငြိမ်စွာ ကြည့်နေကျနေလေသည်။

သို့ဖြစ်၍ကြောင့်လည်း....

သူရိန်နေမင်းကြီးမှာလည်း ထူထပ်ပျံ့နှံ့ နေသော တိမ်တိုက်များအကြားဝယ် ခေါင်းမဖေါ် နိုင်အောင် နှစ်မြုပ် ပျောက်ကွယ်နေရလေသည်။

သူတို့....

www.burmeseclassic.com

www.burmeseclassic.com



တိုရီမြစ်ကမ်းနံဘေးရှိ ရေပြာလှိုင်းပေါ်က ငွေစင်ရော် စားသောက်ဆိုင်သို့ ရောက်သောအခါ နံနက် နာရီဝက်မှာ တစ်ဆယ်ချက်တီးအချိန် ရောက်ရှိနေပြီ ဖြစ်သော်လည်း ရာသီဥတုက အုံ့မှိုင်းပြာရီနေရသဖြင့် နာရီပေါင်း ခုနစ်ချက်တီးအချိန်သာ ရှိသေးသည်ဟု ထင်မှတ်နေရလေ၏။

'ရေပြာလှိုင်းပေါ်က ငွေစင်ရော်'

လိုဖိန့်မြို့ ဆိပ်ကမ်းတံတားနှင့် တစ်ခါတည်းသော ဝေ သည့်နေရာတွင် အေးချမ်းသာယာစွာ တည်ရှိနေသော နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေ၏။

ထို ရေပြာလှိုင်းပေါ်က ငွေစင်ရော် စားသောက်ဆိုင်ကြီး တိုရီမြစ် ရေတိမ်ပိုင်းထဲတွင် စင်ရော်တစ်ကောင် ထောင် ဖြန့်၍ ပျံသန်းနေသကဲ့သို့ ပုံစံမျိုး လက်ရာမြောက်စွာ တည် ဆောက်ထားလေ၏။

ယင်း ရေပြာလှိုင်းပေါ်က ငွေစင်ရော် အဆောက်အအုံ ဖြူဆွတ်သော ဆေးဖြူများ သုတ်ထား၏။

ပြီး ရေပြာလှိုင်းပေါ်က ငွေစင်ရော်၏ စားသောက်ဆိုင် အဝင် ဆင်ဝင်အမိုးကို စင်ရော်ခေါင်း ပုံကြီးအား လက်ရာ မြောက်စွာ ဖော်ကျူးထားလေ၏။

နောက် ယင်းစင်ရော်နှုတ်သီး၌ စားသောက်ဆိုင် ဆိုင် ဘုတ်ကို ချိတ်ဆွဲထားလေ၏။



အဝေးက ကြည့်လျှင်မူ....

တိုရီမြစ်ကမ်း ရေတိမ်ပိုင်း၌ စင်ရော်ကြီးတစ်ကောင်နိုးနား နေသလို ထင်မှတ်စွာ မြင်တွေ့ရလေ၏။

ထို ရေပြာလှိုင်းပေါ်က ငွေစင်ရော် စားသောက် ဆိုင်၌ ရောက်စားသောက် အပန်းဖြေရင်း တိုရီမြစ်ကြောင်း၏ ရှုခင်းအလှကို မြစ်လှေ တစ်ဟူးဟူးနှင့် ရှုမြင်ခံစား နိုင်လေ သည်။

ပြောရမည်ဆိုလျှင်....

ယင်း ရေပြာလှိုင်းပေါ်က ငွေစင်ရော် စားသောက်ဆိုင် တိုရီမြစ်တွင်း၌ စိတ်ကူးစိတ်သန်း ကောင်းစွာဖွင့်လှစ် ထားခဲ့သော နိုင်ခဲ့သလို ဆိုင်တွင်း အခင်းအကျင်း မှာလည်း ရှင်းလင်းသပ် လှပသည်။

ပြီး ဧည့်ဝတ်ပြုကြသော စားပွဲထိုးလူငယ်လေးများလည်း ဆံရေး ရှို့ကျိုး ဖော်ရွှေကြ၏။

ထိုသို့....

ရေပြာလှိုင်းပေါ်က ငွေစင်ရော်စားသောက်ဆိုင်မှာ ဆိုင် ဆောက်မှု အများနှင့်မတူ ထူးခြားစွာ တည်ဆောက် နိုင်သလို ဆိုင်အတွင်းအခင်းအကျင်း မှာလည်း သန့်ရှင်း သပ်လှပမှုရှိသဖြင့် တာဝန် ထမ်းဆောင် နေကြသည့် ဆိုင်

www.burmeseclassic.com



ဝန်ထမ်းအားလုံးလိုလို ဆက်ဆံရေးရည်မွန်ရှိကြပြီး ဖော်ရွေ
လေသည်။

ထို့သို့...

ပြည့်စုံရုံမက ယင်းရေပြာလှိုင်းပေါ်က ငွေစင်ရော် စား
သောက်ဆိုင်၏ အစားအသောက်ပိုင်းမှာလည်း လာရောက်
အပမ်းဖြေကြသော သူတို့၏ အာခံတွင်း တစ်သက်မမေ့
နိုင်လောက် စွဲမက်သွားအောင်အချက်အပြုတ်အကြော် အလျှော့
လက်ရာကောင်းလွန်းလှသည်ရှိလေသည်။

ဗ ကြောင့် ဂ ကြောင့်...

လိုဗိန္ဒုမြို့၌ ထပေါ်ပေါက်တ အပြစ်မြင်ရာ မရှိရအောင်
ပြည့်စုံကောင်းမွန်လျက်ရှိသော ရေပြာလှိုင်းပေါ်က ငှက်
ရော်များသောက်ဆိုင်မှာ နာမည်ကျော်ကြား လူကြိုက်များ
ခြင်း ဖြစ်လေတော့သည်။

* * *



သူတို့သုံးဦး ရေပြာလှိုင်းပေါ်က ငွေစင်ရော်စားသောက်
ဆိုင်အတွင်းသို့ ရောက်သောအခါ စားသောက် အပန်းဖြေသူ
များနှင့် စည်စည်ကားကား ရှိနေလေသည်။

သူတို့သုံးဦး နေရာလွတ် နေရာကောင်းကို ဖြိုင်တွေ့ အကြည့်
ငွေ့ဝဲရှာဖွေနေခိုက်မှာပင် ပန်းတစ်ဖက်ပေါ်တွင် အဝတ်ဖြူ
ပေါ်တစ်ခု တင်ထားသော မိုးပြာရောင်ဝတ်စုံနှင့် စားပွဲထိုး
လူငယ်တစ်ယောက် ဖော်ရွေသည့်အပြုံးကိုဆောင်လျက် မင်း
သမီးအတိုင်း သူတို့ထံ အပ်သွက်သွက် ရောက်ရှိလာလေ၏။

'အစ်ကို၊ ဟို...ဟို...ဝါးထရံအကာနားက စားပွဲဝိုင်းက
လွတ်ပါတယ်'

ရည်မွန်ဖော်ရွေစွာ ညွှန်းဆိုသောသဖြင့် သူတို့ အကြည့်
အားလုံးတို့ ဝါးထရံအကာနံဘေးရှိ စားပွဲလွတ် တစ်လုံးကို
သူတို့ လှမ်းမြင်တွေ့လိုက်ကြရလေ၏။

သည်နောက်...

သူတို့ ယင်းစားပွဲဝိုင်းလွတ်ဆီသို့ ဦးတည် လျှောက်လှမ်း
သွားကြလေ၏။

သူတို့ စားပွဲဝိုင်း၌ ဝိုင်းဖွဲ့ထိုင်မိလိုက်ကြစဉ် အနောက်
ဘက်မှ ကပ်ပါလာသော စားပွဲထိုးလူငယ်လေးက ခါးတစ်
ဝက် ညွှတ်လိုက်ရင်း

'အစ်ကိုတို့ ဘာသုံးဆောင်ကြမလဲ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



လွမ်းမေးသာသော့ ဆန်ခါကျောင်းမှာ ဝူကျိုနှင့် ရှီချမ်းတို့ထိ အကြည့်တစ်ချက် ခွဲဝဲသိုက်ရင်းက အကြံပြုစကား ဆိုလိုက်သည်မှာ....

'ဝူကျိုနဲ့ ရှီချမ်း၊ ကိုယ်တို့ နံနက်စာ တစ်ခါတည်း စားလိုက်ရင် ကောင်းမလား'

ရှီချမ်းက ခေါင်းခတ်ပင် တုံ့ပြန်ဖြေလာသည်မှာ....

'အစ်ကို သဘောပါ'

သည်တွင်....

ဝူကျိုက ခေါင်းတစ်ချက်ညိတ်ရင်း....

'အတော်ပါ....ပါ....ဒါဆိုတော့ ထုံးစံအတိုင်းပဲ'

ထုံးစံအတိုင်းဆိုသော စကား ကြားလိုက်ရသည်နှင့် ဆန်ခါကျောင်း ဖျော်ခန်း သခင်ပေါက်လိုက်ပြီး....

'တင်း....ဟင်း....ကျွန်တော် သဘောပေါက်ပါတယ်'

သည်နောက် စုတ်တံရှင် ဆန်ခါကျောင်း၏ အကြည့်စောင်းနေသော စားပွဲသိုးလှူဝယ်ထံ ရွှေ့ပြောင်းရောက်ရှိသွားပြီး....



'ညီလေး၊ အစ်ကိုတို့ကို ကောင်ပိုင်းအစားအစာပြင်ပေး၊ ပြီးတော့ ရွှေကြမ်းရက် တစ်စုံအိုးယူခဲ့ပြီး အချိုရည် တစ်ခရားယူခဲ့'

'ဟုတ်ကဲ့ အစ်ကို'

ဟုဆိုကာ စားပွဲသိုးလှူဝယ်မှာ သူတို့ကို ဦးတစ်ချက်ညွတ်ပြီးနောက် ကျောခိုင်းထွက်ခွာသွားလေသည်။

အရင်ဆုံး စားပွဲသိုးလှူဝယ်မှာ ငွေလင်ဗန်းတစ်ချပ်ဖြင့် ငွေခင်ရွှေအရက်တစ်အိုး၊ အရက်ခွက်၊ အချိုရည်တစ်ခရား၊ ကောင်ပိုင်း အမြည်းဟင်းလျာနှစ်ခွက်တို့ကို သယ်ဆောင်လာရောက်ချလာသည်။

ပြီး စားပွဲသိုးလှူဝယ်မှာ ငွေလင်ဗန်းပေါ်မှ ပစ္စည်းပစ္စယများကို စိုးပြေအရောင်စားပွဲပေါ်တွင် တည်ခင်းပေးပြီးနောက ဦးတစ်ချက်ညွတ်ကာ ကျောခိုင်း ထွက်ခွာသွားလေသည်။

သည်တွင်....

စုတ်တံရှင်ဆန်ခါကျောင်းသည် ရှီချမ်းထံသို့ ဦးခေါင်းလှည့်လိုက်ပြီး....

'ကဲ....ညီမလေး အချိုရည်သောက်၊ အစ်ကိုတို့က အလုပ်ကြာနိုင်လို့ သွားရအောင် ဒါလေးသောက်ပြီးရင် လျှာလည်သွားစေမယ့် ကောင်ပိုင်းအစားအစာ စားကြတာပေါ့

www.burmeseclassic.com



ပြောစတော့ ရှိချမ်းမှာ စုတ်တံရှင်ဆန်ကျောင်းထံ အပြုံး ယဲ့ယဲ့နှင့် ခေါင်းအသာညိတ်ပြရင်း....

'ဟုတ်'

သို့နှင့် သူတို့ လေတပ်ဟူးဟူး တိုက်နိုက်နေသော တိုရိုမြို့ ကြောအလှကိုကြည့်ရှုကြရင်း အဖျော်ယမကာ သောက်သုံး နေကြလေသည်။

ထိုအချိန်မှာပင်....

သူတို့စားပွဲဝိုင်းနှင့် မျက်စောင်းထိုးခပ်လှမ်းလှမ်းရှိ စားပွဲ ဝိုင်း၌ တစ်ယောက်တည်း စားသောက်နေသော အဖြူရောင် ဝတ်စုံနှင့် အသားဖြူဖြူဆွတ်ဆွတ်ပိန်ပိန်လှလှတစ်ယောက် စုတ် တံရှင်ဆန်ကျောင်းထံ မမှိတ်မသုန် စူးစိုက်ကြည့်နေ၏။

ထိုသူမှာ အသက်အားဖြင့် သုံးဆယ့်ငါးနှစ် ဝန်းကျင်ခန့် ရှိမည်ဟုထင်ရသည်။

ပြီး သူ့မျက်နှာ မေးချွန်ချွန်နှင့် မြွေဖြူ တစ်ကောင်၏ မျက်နှာနှင့် တူနေလေသည်။

ထိုသူ၏မျက်နှာပေါ်ဝယ် အံ့ဩရိပ်တို့စိုင်းထင်လျှက် ရှိနေ လေသည်။

ဤသူ၏အမည်ကား မြွေဖြူ ချူဟိုပင် ဖြစ်လေသည်။



မြွေဖြူချူဟိုသည် ကျစ်ဆံမြီးနှစ်ခွနှင့် မျိုဆန်ဆန် လှပနေ သော ရှိချမ်းထံ တအံ့တဩဖြစ်စွာ လှမ်းအကဲခတ်ကြည့်ရှုနေ လေသည်။

"အင်း....ခလာကကြီးဟာ အတော် ခန့်ကြယ်လွန်းပါ လား၊ ဝက်ကြီးကျောင်းသန်ကို သွားခေါ်ပြသိုက်ရင် သူလဲ ယုံနိုင်မအောင် အံ့အားသင့်သွားမှာ သေချာတယ်၊ ခက်နေ တာက ငါ ဝက်ကြီးကိုသွားခေါ်နေရင် လူတွေဒီစားသောက် ဆိုင်ကထွက်သွားကြရင် ငါ ဘယ်ရှာရမှန်းမသိ လမ်းပျောက် သွားရတော့မယ်၊ ဟုတ်တယ်၊ ငါ သူတို့အခြေအနေ အသာ စောင့်ကြည့်နေဦးမှဘဲ"

ယင်းသို့ မြွေဖြူချူဟိုစိတ်ထဲက ရေရွတ် အစီအစဉ်ဆွဲလိုက် ပြီးမှ အရက်ခွက်ကိုကောက်မ၍ တစ်ကျိုက်တည်းဖြင့်ခွက်ထဲရှိ အရက်အားလုံးအား 'ကုန်စင်အောင် မော့သောက် လိုက်လေ သည်။

သို့နှင့်....

မြွေဖြူချူဟိုတစ်ယောက် သံမဏိစုတ်တံရှင် ဆန်ကျောင်း တို့လှုပ်ရှားမှုအခြေအနေကို စောင့်ဆိုင်းရင်း ယမကာကိုအဖော်

www.burmeseclassic.com

မြှနေလိုက်သောမှာ ဝါးရွက်စိမ်းအရက်တစ်အိုးပြောင်သလင်း ခါသွားရပြီး နောက်ထပ်တစ်အိုး ထပ်မှာလိုက်ရလေသည်။

ထိုအချိန်တွင်မူ...

စုတ်တံရှင်ဆန်ကျောင်းဟိုအဖွဲ့ နံနက်စာ စားသောက်ခြင်းအမှု ပြီးဆုံးသွားရ၏။

ဒါကြောင့်...

သူတို့ ပန်းချီဆွဲခြင်းလုပ်ငန်းစရန်အတွက် စားသောက်ကုန်ကျစရိတ်ကို စားပွဲထိုးခေါ်၍ ရှင်းလင်းပေးပြီးနောက် မလကဟူ ဟုတိုက်ကောင်းဆွဲရှိနေသော ရေပြာလှိုင်းပေါ်က ငွေစင်ရောင်စားသောက်ဆိုင်မှ ထွက်ခွာလာခဲ့ကြ၏။

ပြိုင်ပွဲရာသီဥတုအခြေအနေမှာ အုံ့အုံ့မှိုင်းမှိုင်းပင်ဆက်လက်ရှိနေဆဲပင်။

သူတို့စားသောက်ဆိုင် တံတားရှည်ကြီးကို ဖြတ်သန်းလာကြပြီးနောက် သဲပြင်ပေါ်သို့ ရောက်ရှိလာကြလေသည်။

ပြီး ဆန်ကျောင်းနှင့်မျက်ရွှံကြီးဝှကျိုတို့သည် ရေပြာလှိုင်းပေါ်က ငွေစင်ရောင်စားသောက်ဆိုင်ကိုနောက်ခံထား၍ ရိုး



သဲပြင်ပေါ်ဝယ် ကပိုကရို ဖူးဝေကောက်ထိုင်နေသော ဟန်ကို ပန်းချီဆွဲမည်ဖြစ်သဖြင့် နောက်ခံ အကွက်အကွင်းနေရာကောင်းကို အကြည့်ကိုယ်စီဖြင့် ကြည့်ကြကာ ရှာဖွေနေကြခြင်း ဖြစ်သည်။

ထည့်တွင်...

မျက်ရွှံကြီးဝှကျိုမှာ ကျောက်အမှုတစ်ခုကို ရှာဖွေတွေ့ရှိလိုက်ရပြီ...

'ဆန်ကျောင်း ဟိုကျောက်အမှုလေးပေါ်မှာ ရိုးရှိမ်းကို ထိုင်ခိုင်းပြီးဆွဲရင် ပိုမကောင်းဘူးလား၊ နောက်ခံရေပြာလှိုင်းပေါ်က ငွေစင်ရောင်စားသောက်ဆိုင်နေအထားပုံက စင်စေ တစ်ကောင်အနေအထား ဆိုတော့ ပိုသက်ဝင်တယ်လို့ ငါယူဆတယ် ဆန်ကျောင်း'

ထိုသို့ အကြံပြုပြောဆိုလာသဖြင့် စုတ်တံရှင်ဆန်ကျောင်းမှာ ကျောက်အမှုဆီသို့ သွားရောက်ကာ ရေပြာလှိုင်းပေါ်က ငွေစင်ရောင် စားသောက်ဆိုင် အနေအထားကို လှမ်းအကဲခတ်ကြည့်ရှုလိုက်လေသည်။

ဝှကျိုပြောသလို သဘောကျစရာ တွေ့ခြင်းလိုက်ရသဖြင့် စုတ်တံရှင်ဆန်ကျောင်းမှာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

www.burmeseclassic.com



'ဟုတ်တယ်ဗျို့၊ ဒီပေါ်မှာ ဥက္ကျွဲပြောသလို ရီချမ်းကို ထိုင်ခိုင်းပြီး ဟိုမြေပြာလွှင်းပေါ်က ငွေစင်ရောင် အဆောက်အဦနဲ့ နောက်ခံတွဲလိုက်ရင် သိပ်လှတဲ့ ပန်းချီကားချပ် ကစ်ချပ် ထွက်ပေါ်လာမှာဘဲ၊ ကဲ...ရီချမ်း လာဟေ့'

သုံးသပ်ဝေဖန်ပြောဆိုပြီးနောက် စုတ်တံရှင် ဆန်ကျောင်းမှာ မလှမ်းမကမ်းရှိ ရီချမ်းကို ကျောက်ကမူပေါ်တွင် ထိုင်ရန် ခေါင်းလှည့်ခေါ်လိုက်လေသည်။

ထိုအခါ....

ရီချမ်းမှာ အပြုံးရိပ်နှင့် ခေါင်းတစ်ချက် တုန့်ပြန်ညိတ်ရင်း ကျောက်ကမူဆီသို့ သွဲ့နွဲ့စွာ လျှောက်လှမ်းလာလေသည်။

ထိုအတောအတွင်း၌ ခပ်လှမ်းလှမ်းရှိ မြင်းလှည်းယဉ်များရပ်ထားရာ အမိုးအကာအောက်ရောက်ရှိနေသော မြေ့ဖြူချူဟိုမှာ ဆန်ကျောင်း၏လှုပ်ရှားမှုအခြေအနေကို လှမ်း၍အကဲခတ်ကြည့်ရှုနေလေသည်။

'အော် ယူတို့က ပန်းချီဆွဲဖို့ရောက်လာကြတာကိုး၊ ဒါဆိုရင် ဆိပ်ကမ်းတံတားစားသောက်ဆိုင်ကြီးစားဝိုင်းမှာရှိနေတဲ့



ကြီးကို သွား၍ခေါ်ပြရင် အချိန်ကောင်းနေကောင်း မိနိုင်ယ်'

ယင်းသို့ မြေ့ဖြူချူဟိုမှာ စိတ်ထဲက ရေရွတ်ပြောဆိုလိုက်ပြီးနောက် မြင်းညိုကြီးပေါ်သို့ လွှား၍ခုန်ပျံတက်လိုက်လေသည်။

ပြီး၊ သူ့ ဆိပ်ကမ်းဖက်လမ်းမကြီးအတိုင်း ဆိပ်ကမ်းတံတားဆီသို့ ဦးတည်လျက် မြင်းညိုကြီး၊ ကိုစိုင်းနှင်ထွက်ခွာသွားလေသည်။

ထိုအချိန်တွင်မူ....

ဆန်ကျောင်းသည် ကျောက်ကမူပေါ်တွင် အနုပညာဆန်ဆန် ကန္တာယထိုင်နေသော ရီချမ်းပုံကို မြေပြာလွှင်းပေါ်က ငွေစင်ရောင်စားသောက်ဆိုင်အား နောက်ခံထား၍ သိမ်မွေ့စွာ စုတ်တံကိုင်လျက် အာရုံစူးစိုက်စွာဖြင့် ဆွဲနေလေသည်။

သို့မို့ကြောင့်....

သူတို့ မြေ့ဖြူချူဟိုဘတ်ယော အကဲခတ် လှုပ်ရှားသွားသည်ကို မည်သူမျှ မရိပ်စားမိကြပါချေ။

www.burmeseclassic.com

www.burmeseclassic.com



နေနွေးအိုးတစ်လုံးကျက်ခန့်ကြာသောအခါ မြေဖြူချူ
နှင့်အတူ ငယ်ဖိုင့်ဖိုင့်မြင်းစီးသမားတစ်ယောက် လိုက်ပါလာ
သေသည်။

ဇင့်စစ်ဘော...

ထိုဝဖိုင့်ဖိုင့်မြင်းစီးသမားမှာ မြေဖြူချူတို့နှင့် ဂိုဏ်း
ဝက်ကြီး ကျောင်းလန့်ပင်ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် မြင်းများကို စားရေသောက်
ယာဉ်တိုင်းနှင့် အပ်နှံသွားလိုက်သည်။

... သူတို့ ဆန်ခကျောင်းတို့ ပန်းချီဆွဲသောနေရာ သို့ မ
မသာ ချဉ်းကပ်ရောက ရှိလာလေသည်။

သူတို့ပုံစံက သဲပြင်ပေါ် လမ်းလျှောက်ထွက်ရင်း စကား
စမြည် ပြောဆိုနေသည့်ဟန်။

မလှမ်းမကမ်းနေရာရောက်သော သူတို့ ရပ်နားခါ...
ကြည့်ပမာ ခြေလှမ်းကို ဖြိုင်တူဖြေ...ကြပြီး ...
ဆိုင်းလုပ်ကာ စကားစမြည်ပြောဆိုကြလေသည်။



သည်တွင်...

မြေဖြူချူဟိုဟာ ဝက်ကြီးကျောင်းလန့်ထံ တီးတိုးစကားသံ
...နှင့် လှမ်းစကားဆိုလိုက်သည်မှာ...

'ဝက်ကြီး ကျောက်ဂမ္ဘီရပေါ်မှာထိုင်ပြီးပန်းချီအဆွဲခံနေတဲ့
...ကလေးဟာ ဘယ်သူနဲ့တူသလဲ သေသေချာချာ ကြည့်
လိုက်စမ်း'

ပြောတော့ ဝက်ကြီး ကျောင်းလန့်မှာ အပေါ် လှန့်ရှိ
...သယောင်ယောင်ရှိနေရှာသော နှာခေါင်းပွကြီးဘို သူ့ အယ်
...တ်မဖျားနှင့် တစ်ချက်ပွတ်သပ်လိုက်ရင်း ကျောက်ဂမ္ဘီရ
...ပေါ် တွင် သွဲ့နွဲ့စွာထိုင်နေသော ရီချမ်းထံလှမ်းအကဲခတ်ကြည့်
...လိုက်လေသည်။

'ဟင်...ယူ...သူနဲ့သိပ်တူလွန်းနေပါလား၊ အဝတ်အစားနဲ့
ဆံပင်ပုံစံပြောင်းလိုက်ရင် ငတို့ခေါင်းဆောင်ကြီးရဲ့ ချစ်သူနဲ့
ချွတ်စွပ်တူသွားမှာပဲ'

'အေး ငါလဲသူ့ကို ... မတွေ့ခြင်လိုက်ရတော့ ... အား
အံ့အားသင့်သွားရတာ... ခါဆိုင်ခါ့ကိုအဲဒီအကြောင်းခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးဆီ စာပို့နိုလှတ်ပြီး အကြောင်းကြားလိုက်ရင် မကောင်းဘူးလား၊’

အကြံပြု ပြောဆိုလာ တော့ နှုတ်ကမှ ဖမ်းစင်းခနရခဲ့သော မျက်ဝန်းကျဉ်းကျဉ်းကို ဝက်ကြီးကျောင်းလန် မျက်မှောင် ဆပ်ကြုတ်လိုက်သောအခါ မျက်ဝန်းတို့ပျောက်ကွယ်သွားရ လေတော့သည်၊

သူ တစ်ချက်တွေးတောစဉ်းစားလိုက်ဟန်ပြုပြီးမှ—

‘အင်း.... မြေဖြူပြောတာ ဟုတ်တယ်၊ ဒါပေမယ့် အခု လောလောဆယ် သူတို့ဘယ်မှာနေထိုင်ကြတယ်ဆိုတာ နောက် ကဆင့်ကဲလိုက်စုံစမ်းကြဖို့ အရေးကြီးတယ်’

‘ဟုတ်တယ်လေ ဒါမှ တို့ဒီကောင်မလေးကိုမျက်ခြေပြတ် မသွားမှာပေါ့’

‘ဒါဆို သူတို့ပုန်းခိုဆဲနေကြတာ တော်ရုံနဲ့ပြီးဦးမှာမဟုတ် ဘူး၊ ငါတို့ ရေပြားလှိုင်းပေါ်က ငွေစင်ရော် စားသောက်ဆိုင် ထဲမှာ ဝင်ရောက်စားသောက်ကြရင်း သူတို့အပြန် စောင့်ဆိုင်း ကြရင်ကောင်းမယ်၊ ဘယ်နှယ်လဲ မြေဖြူ’



ပြောတော့ မြေဖြူချူးဟိုက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီးမှ....

‘သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဒါပေမယ့် ငါ့ခုတော့ သူတို့ အခြေအနေ စောင့်ဆိုင်းအကဲခတ်ရင်း အရက်သောက်လိုက် တာ တစ်အိုးတစ်ဝက်ကျသွားပြီ၊ ငါအရက် မသောက်နိုင် တော့ဘူး၊ အစားပဲစားတော့မယ်’

‘အေး ငါတော့ လောင်းကစားမက်နေတော့ ဘာမှမစား သောက်ရသေးဘူး သိပ်ဆာနေပြီ၊ သွားကြစို့’

‘အေး’

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ကျွဲသစ်မနှင့် လူသန်ကြီးနှစ်ဦး

သည်ကားနေ့မနက်ခင်း၌ လိုဖိန့်မြို့၏ အသ... ကာဦး... မြင်တစ်ခုလုံးမှာ ကိမ်းမလှအများအောင်းစင်ကာ ရာသီဥ... သာယာကြည်သင်လျက် ရှိနေလေသည်။

အချိန်အားဖြင့်...

နံနက်နာရီဝက်ဝင်း ခုနစ်ချက်တီးကျော်ပြီ

ရွှေရောင်ဝတ်ဆုံးဆီမှ သူရိန်ဒေနမင်းကြီး သည်လှသ... အရှေ့... မြင့်တက်လာလေ၏

ထိုအချိန်တွင်မှ...



သံမဏိစုတ်တံရှင် ဆန်းကျောင်း ဝူကျိုနှင့် ရီချမ်းတို့ အိမ်အရှေ့ ...အားပွဲဝိုင်း၌ ဝိုင်းဖွဲ့ထိုင်ကြစဉ်ကား နံနက်ခင်းအဆာမပြေ စား ...သောက်နေကြလေသည်။

ထိုစဉ်....

ဝူကျိုက ဆိတ်ငြိမ်မှုကို စဖောင်ဖြိုခွင်းကာ စကားဆိုလာ သည်ေ...

'ဆန်းကျောင်းခရေ... ငါတို့ဆီမှာ မီးဖိုချောင်ပစ္စည်းတွေ ...ထိသေးတာကုန်ရှိနေပြီ။ ဒီနေ့မင်း ပန်းချီဆွဲထွက်ဦးမှာလား'

လှမ်းမေးလာတော့...

ဆူဟုန်စုံကိုင်လျက် စားသောက်နေသော သံမဏိစုတ်တံရှင် ဆန်းကျောင်း၏အကြည့်က ဝူကျိုထံ ရွေ့ပြောင်း ရောက်ရှိသွား ...

'ဒီနေ့ နားဦးမယ်ကွာ။ ဒီတော့ ကျုပ်ခေတ်ဘို့ ဒီမနက် ...ထွက်ဝယ်ကြတာပေါ့။ ညီမကတော့ အိမ်စောင့်နေပေါ့။ ...တာရှိရင် အစ်ကိုဘို့ကိုမှာလိုက်ပေါ့ အစ်ကိုတို့ ပြန်လာမယ် ...မှာရောင်းဖို့ ချိတ်ဆွဲထားတဲ့ ပန်းချီကားမျပ်တွေ ကြက်ခမ္မ သန့်ရှင်းရေးလုပ်ရမယ်'

ပြောတော့ ရီချမ်းက ဆွက်လက်စွာ ဝင်ရောက် ပြောဆို ...သည်မှာ...

'အဲဒီအလုပ် ညီမ လုပ်ထားလိုက်ပါမယ်။ ညီအစ်ကိုနဲ့ ...မ မလိုတော့ပါဘူး။ အစ်ကို လိုလေသေးမရှိ ဝယ်ပေး ...လို့ ပြည့်စုံနေပါပြီ'

သို့နှင့်...

www.burmeseclassic.com

www.burmeseclassic.com



သူတို့ နံနက်ခင်းအစာပြေ စားသောက်ပြီးသွားကြသော အခါ ဆန့်ကျောင်းနှင့် ဝုက္ကိုဘိုသည် နေအိမ်မှ ရထားလုံး တစ်စင်းဖြင့် ဈေးဝယ်ရန်အတွက် မောင်းနှင်ထွက်ခွာသွားကြ လေသည်။

ထိုသို့....

ဆန်ကျောင်းတို့ နေအိမ်မှထွက်ခွာသွားပြီး ရေနွေးအိုး တစ်လုံးကျက်ခန့်အကြာ၌ မဟော်ဂနီရောင် ပြေးထနေသော ကျွန်းရထားလုံးကြီးတစ်စင်း၊ ခြံပေါက်ဝသို့ မောင်းနှင် ထိုး ဆိုက်လာခဲ့လေသည်။

'ချွပ်...ချွပ်'

'ကျွီ...ကျွီ'

'ဟင်း...အစ်ကို ဘာများ မေ့ကျန်ခဲ့ကြလို့ လမ်းတစ်ဝက် က ပြန်လာကြတာနဲ့တူတယ်'

ခြံပေါက်ဝသို့ ရထားလုံးထိုးဆိုက်သံ ကြား လိုက် ရ... အထက်ပါအတိုင်း ရိချမ်း တွေးထင်ရေရွတ် ပြောဆိုမိလိုက် လေသည်။

နောက်တော့....

သူမ နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်များကို ကြက်မွေးနှင့် လိုက်လံ သုတ်နေရာမှ တံခါးပေါက်ဝဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့လေသည်။



သူမ တံခါးပေါက်ဝရောက်တော့ ခြံပေါက်ဝမှာ အရပ် ထောင်ထောင်မောင်းမောင်း၊ တောင့်တင်းသန်မာသော မိန်းမ တစ်ဦး၊ ရှေ့ဆောင်လျက် လူသန်ကြီးနှစ်ဦး ဘယ်ညာရံကာ ဝင်ရောက်လာကြသည်ကို လှမ်းမြင်တွေ့လိုက်ရပြီး....

'အင်း...အစ်ကိုတို့လဲ မဟုတ်ပါလား၊ ငါ...ငါ တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာစိမ်းတွေပဲ၊ သူ...သူတို့ ဒီအိမ်ကို ဘာလာ လုပ်ကြမှာပါလိမ့်'

တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော လူတစ်စုဖြစ်နေသဖြင့် သူမ အံ့သြတုန်လှုပ်စွာဖြင့် အထက်ပါအတိုင်း ရေရွတ်မိလိုက် လေသည်။

'အင်း...အစ်ကိုတို့ကလဲ ဈေးထွက်ဝယ်ကြတော့ အိမ်မှာ မရှိတာ၊ ဒီမျက်နှာစိမ်းတွေနဲ့ ငါ ထိပ်တိုက်ရင်ဆိုင်ရတော့မှာပဲ'

ယင်းသို့...

သူမ တွေးတောရေရွတ်ရင်းက ကျောက်ခင်းလမ်းအတိုင်း ခပ်ဘောင်ထန်ထန် လျှောက်လှမ်းလာကြသော လူသုံးယောက် တို့ကို တံခါးပေါက်ဝ၌ ဆီးကြို စောင့်ဆိုင်းနေမိလိုက်လေ သည်။

သိပ်မကြာပါချေ....

www.burmeseclassic.com

www.burmeseclassic.com



သူမ ရပ်စောင့်နေရာ လှေကားထစ်ခြေရင်းသို့ ကျားသစ်ကွက် ကိုယ်ကြပ်ဝတ်စုံ ဝတ်ဆင်ထားသော သန်မာ တောင့်တင်းမှုရှိနေသည့် မိန်းမတစ်ဦးနှင့် လူသန်ကြီးနှစ်ဦးတို့ ရောက်ရှိလာကြလေသည်။

သည်တွင်...

ရီချမ်းမှာ ယောကျ်ားတစ်ဦးကဲ့သို့ ထောင်ထောင်မောင်းမောင်း တောင့်တောင့်တင်းတင်းရှိနေရသည့် ကျားသစ်ကွက်ကိုယ်ကြပ်ဝတ်စုံဝတ် မိန်းမထံ အကြည့်စူးစိုက်ရောက်ရင်း...

'ဘာကိစ္စရှိပါသလဲရှင်'

လှမ်းမေးလာမတော့...

ရီချမ်းထံ အံ့အားသင့်စွာ စိုက်ကြည့်နေမိသည့် ကျားသစ်ဝတ်စုံဝတ် မိန်းမသန်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး...

'ကြော်...ညီမ၊ အစ်မတို့က ကိုဆန်းကျော်ဆီမှာ ပန်းချီကားချပ်တွေ ခရီးကြုံကြုံသလို ဝယ်ယူအားပေးတဲ့ ကုန်သည်တွေပါ'

ထိုအဖြေစကား ကြားလိုက်ရသည်နှင့် ပန်းချီကားချပ် ဝယ်ယူအားပေးကြမည့် ရပ်ဝေးကုန်သည်များ ဖြစ်နေကြ



ကြောင်း သိရှိရပြီး သူမ ပျာပျာသလဲ ဖော်ဖော်ရွေရွေ ဖြစ်ရပြီး...

'ကြော်...အပေါ်ကိုကြွကြွပါရှင်'

အပေါ်သို့တက်ရောက်ရန် ထိုလူသုံးဦးတို့ကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်ရလေသည်။

ထိုအခါ...

ကျားသစ်ဝတ်စုံဝတ်မိန်းမနှင့် လူသန်ကြီးနှစ်ဦးတို့ ခေါင်းညိတ်လိုက်ကြပြီး လှေကားထစ်တို့ကို ဖြတ်သန်းကျော်ပြီး အိမ်ပေါ်တက်ရောက်လိုက်ကြလေ၏။

အိမ်ပေါ်ရောက်တော့ ရီချမ်းမှာ နံရံတွင် အစီအရီ ချိတ်ဆွဲထားသော ပန်းချီကားချပ်များထံ လက်ညှိုးထိုး ညွှန်ပြလိုက်

—

'ဟိုနံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားချပ်တွေဟာ ချမယ့် ပန်းချီကားချပ်တွေ ဖြစ်ပါတယ်၊ ပန်းချီကား တန်ဖိုးလဲ စာရေးကပ်ထားပါတယ်၊ ကြည့်ရှု ရွေးချယ်

သည်မျှ ရှင်းလင်းပြောပြလိုက်တော့ မျက်ခုံးထူထူနက် လှတ်တွင်းချိုင့်ချိုင့်နှင့် ဝါးရိုးကားကားကား ကျားသစ်ဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



ဝတ် မိန်းမက သက်မဝင်သော အမြုံးရိုပ်တစ်ရိုပ် ကျစ်...
ကာ ခေါင်းအသာညိတ်လိုက်ရင်း....

'ကောင်းပြီ၊ ညီမလိုက်ပြပါဦးလေ'

ဟုတူလိုက်လံပြသရန် တောင်းဆိုလာသဖြင့် ရီချမ်း...
ကပျာကယာ ခေါင်းညိတ်လိုက်ရပြီး....

'ဟုတ်ကဲ့၊ ကျွန်မလိုက်ပြပေးပါမယ်'

ဟုဆိုကာ သူမရှေ့ကဦးဆောင်၍ ပန်းချီကားချပ်မျာ...
အစီအရီချိတ်ဆွဲထားသော နံရံဆီသို့တရွေ့ရွေ့လျှောက်လှ...
သွားလေသည်။

ထိုအခါ....

သူမနောက်ဖက်မှ ကျားသစ်ဝတ်စုံဝတ် မိန်းမနှင့် လူ...
ကြီးနှစ်ဦးတို့ ထက်ကြပ်မကွာလိုက်ပါလာကြလေသည်။

လူတို့ ပန်းချီကားချပ်များ၊ အစီအရီချိတ်ဆွဲထားသော...
နံရံဆီရောက်သော် ကျားသစ်ဝတ်စုံဝတ်သူမှာ ပန်းချီကား...
ချပ်တစ်ချပ်ကို လက်ညှိုးထိုးပြရင်း....

'အဲဒီပန်းချီကားချပ်လိုချင်တယ်'

လိုချင်သည့်ပန်းချီကားချပ်ကို လက်ညှိုးထိုး ပြောဆို...
သဖြင့် ရီချမ်းလှမ်းကြည့်လိုက်ရာ....



'ဟင်....ရေပြာလှိုင်းပေါ်ကငွေစင်ရော်နဲ့ ယမင်းပျို ပန်းချီ
ကားပါလား'

စဉ်စစ်တော့....

ထိုရေပြာလှိုင်းပေါ်ကငွေစင်ရော် ပန်းချီကားမှာ ရောင်း...
...လည်း ကပ်မထားသလို ရောင်းရန်လည်း မဟုတ်သည့်
...ချီကားချပ်ဖြစ်နေလေသည်။

ဒါကြောင့် သူမ ခေါင်းကို တွင်တွင်ခါယမ်းပစ်မိလိုက်
...

'အဲဒီရေပြာလှိုင်းပေါ်က ငွေစင်ရော်နဲ့ယမင်းပျို ပန်းချီ
ကားတော့ ရောင်းဖို့မဟုတ်ပါဘူး၊ လာရောက်တဲ့ ပန်းချီဝါ
...သရှင်တွေ ကြည့်ရှုခံစားဖို့ချိတ်ဆွဲထားတဲ့ အလှပြ ပန်းချီ
ကားတစ်ချပ်ပါ'

သူမ ငြင်းဆိုစကား ပြောဆိုနေစဉ်မှာပင် သူမနောက်သို့
...ကပ်ရှိလာသည့် ခေါင်းတုံးပြောင်ပြောင်နှင့် လူသန်ကြီး
... သူမလက်နှစ်ဖက်ကို ဖျပ်ခနဲဖမ်းချုပ်၍ လိမ်ချိုးလိုက်
...သည်။

'အား....ရှင်...ရှင်....ဝူး....ဝူး'

www.burmeseclassic.com

www.burmeseclassic.com



သူမ အော်ဟစ်ရုန်းကန်လာသဖြင့် ယင်းလှေကြီးမှာ ... လှုပ်ဆယ်နေရသော ဘယ်လက်ဝါးကြမ်းကြီးနှင့် သူမ ... စပ်ပေါက်ကို ကပျာကယာဖိအုပ်လိုက်လေ၏။

ထို့ဦ....

ကျားသစ်ဝတ်စုံနှင့် ကျားသစ်မ နီချူးက သဘောကျ... ရယ်မောလိုက်ရင်း....

'ဟင်း....ဟင်း နှင့်ရုပ်ရည်က နင့်တကြမ္မာကိုဖန်တီးလို... တာဘောဲ ငါ နီချူးလဲ မတတ်နိုင်ဘူး၊ ဟိတ် ဆံပြူယက္ခ... အဲဒီရေပြာလှိုင်းပေါ်ကဆိုတဲ့ပန်းချီကားချပ်ကို အမြန် ဖြု... ယူလိုက်စမ်း'

ယင်းသို့....

ကျားသစ်မနီချူး လှမ်းအမိန့်ပေးလိုက်စတော့ တစ်ခေါ်... လုံး ဆံပင်ဆွတ်ဆွတ်ဖြူဖွေးနေသော လူသန်ကြီးဆံပြူယ... ကြီးတို့စိုင်းမှာ ဆတ်ခနဲခေါင်းညိတ်လိုက်ပြီးနောက် နံရံ... တွင် ချိတ်ဆွဲထားသည့် ရေပြာလှိုင်းပေါ်က ငွေစင်ရေ... ယမင်းပျို ဆိုသော ပန်းချီကားချပ်ကို ဖြုတ်ယူလိုက်... သည်။



သည်နောက်....

ကျားသစ်မ နီချူးတို့သည် ရှီချမ်းကို ဖမ်းချုပ်၍ ခြံဝင်းပေါက်တွင်ထိုးဆိုက်ထားသော မောင်နီရထားလုံးပေါ်သို့ တင်လိုက်ကြလေသည်။

ရထားလုံးအတွင်း ရောက်သည်နှင့် ကျားသစ်မနီချူးမှာ ရုန်းကန်နေသော ရှီချမ်းကို လက်လိမ်ချိုးလိုက်လေ၏။

ထို့စဉ်....

ခေါင်းတုံးယက္ခကြီးတို့ကျိုင်းသည် ရထားမောင်းနှင်သော နေရာဆီသို့ အလျင်အမြန်တက်ရောက်သွားလေ၏။

သည်တွင်....

ဆံပြူယက္ခကြီးတို့စိုင်းမှာ ရထားလုံးနောက်ပိုင်း ခြေနင်းခုံတွင် သွားရောက်နေရာယူ ရပ်လိုက်လေသည်။

'ဂွပ်....ချွပ်'

'ဟီး....ဟီး'

'ခွပ်....ခွပ်....ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်....

ရထားထိန်း ခေါင်းတုံး ယက္ခကြီးမှာ နှင်တံရှည်ကြီးကို မြှောက်ပင့်၍ ကထစ်သော မြင်းညိုကြီးနှစ်ကောင်တို့၏ မကျောအထီးသီးပေါ်သို့ အားပါပါလွှဲရိုက်ချလိုက်လေ၏။

ထိုအခါ....

နှင်တံ ရိုက်ချက်ကြောင့် နာနာကျင်ကျင် ဖြစ်သွားကြရသော မြင်းညိုကြီး နှစ်ကောင်မှာ တဟီးဟီးမြည်တွန်ရင်း လမ်းအတိုင်း ဒုန်းစိုင်းနှင်၍ ထွက်ခွာသွားကြ လေတော့သည်။

✽ ✽ ✽



မြင်းညိုကြီးနှစ်ကောင်ကထားသော မဟာဂန္ဓီဆောင်ပြေးကြန်းရထားလုံးကြီးမှာ လမ်းမကြီးအတိုင်း ဒုန်းစိုင်း နှင်လာရာမှ မြို့လယ်ဘက်သို့ ဦးလှည့်မောင်းနှင်လိုက်လေတော့သည်။

ရထားထိန်း ခေါင်းတုံးယက္ခကြီးတုံကျိုင်းသည်မြို့လယ်သို့ သျှင်အမြန်ရောက်လိုသည်ကတစ်ကြောင်း၊ ပြီး တိုဖြတ်လမ်း အနိမ့်အမြင့်မညီညာမှုကြောင့် လှုပ်သွားလှုပ်လာ နည်းပါ သောကြောင့် ချွေးသွားလှုပ်လာ ရှင်းလင်းနေသည်က တစ်ကြောင်း—

ထိုသို့သော အကြောင်းကြောင်းများကြောင့် ဖြတ်လမ်းကိုင်းကို ရွေးချယ်မိလိုက်ခြင်းဖြစ်လေသည်။

သို့ရာတွင်....

ခေါင်းတုံးယက္ခကြီး တုံကျိုင်းရွေးချယ်လိုက်သည့် အရွေးကောင်းမဟုတ်ဘဲ အခရွေးမှားနေသည်ကို သူတို့ ကျွန်းရထားကြီး၊ ဒုန်းမြင်းထိပ်ပေါ်မှ ဆင်ခြေလျှောအတိုင်း ဆင်းလာတော့မှ သိရှိလိုက်ရလေသည်။

'တင်...ရှေ့...ရှေ့မှာ ရထားလုံးတစ်စီး ဘီးကျွတ်ပြီး ပိတ်ဆို့နေပါလား၊ ဒုက္ခပါပဲ ရထားအမြန်ရပ်လိုက်...ဟ'

ဒု၊

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရထားထိန်းခေါင်းတိုးယက္ခကြီးတုံကျိုင်း တအံ့တ ရေရွတ်ပြီး မြင်းညိုကြီးနှစ်ကောင်ကို ပြိုင်တူဇက်ကြိုးသပ် ဆိုင်းလိုက်ရလေသည်။

'ဟိုး...ဟိုး'

'ကျွိ...ကျွိ'

'ဂူန်း...'

'ဒုန်း'

'အမယ်လေး'

ရုတ်တရက် မဆောင်ကနိုင်ရောင်ပြေး ရထားလုံးကြီးကို ဇ ကြိုးသပ် ရပ်ဆိုင်းလိုက်ရမှုကြောင့် ရထားလုံးအိမ်အတွင်း ဝယ် လိုက်ပါလာကြသည့် ကျွားသစ်မ နီချူးနှင့် ရီချမ်း ခလောက်ဆန်ကာ ရထားလုံးနံရံနှင့် ပြေးဆောင့်မိကြ သည်။

သည်တွင်...

ကျွားသစ်မ နီချူးမှာ လက်လွှတ်သွားရသော ရီချမ်း လက်နှစ်ဖက်တို့ကို ကမျာကယာ ဖမ်းချုပ်၍ ဖိလိုက်လေသည်။

'အား...ကယ်...တယ်'

'ဗွီ...'



'ဖြောင်း...'

'အား...'

လက်ချိုးလိမ်ခံလိုက်ရသော်လည်း သူမပါးစပ်ပေါက်လွတ် ထပ်နေသဖြင့် ရီချမ်း အော်ဟစ်အကူအညီတောင်းလိုက်မိလေ သည်။

သို့ရာတွင် ကျွားသစ်မနီချူး၏ ပြင်းထန်လှန်းသော ဘယ် လက်ဝါးတစ်ချက်က ရီချမ်း၏ပါးပြင်တစ်ဖက်ပေါ်သို့ အရှိန် အဟုန်ပြင်းစွာ ကျရောက်သွားရလေသည်။

ဖြောင်း...

ရီချမ်းမှာ နားကျင်စွာအော်ဟစ်ရင်း ရထားလုံး ကြမ်းပြင် သို့ လွင့်စဉ်ကျသွားရလေသည်။

ပြီး ကျွားသစ်မ နီချူးမှာ ရီချမ်းထပ်မံ မအော်နိုင်အောင် သူမ၏ဘယ်လက်ဝါးဖြင့် ရီချမ်း၏ပါးစပ်ပေါက်ကို တင်းကျပ် စွာ ဖိပိတ်ထားလိုက်သည်။

ထိုအတောအတွင်း၌ ရထားလုံး နောက်ဖက်တွင် ရပ်နေ သော ဆံပင်ဖြူယက္ခကြီးတုံစိုင်းမှာ ဟန်တားပိတ်ဆို့နေသည့် ရထားလုံးဆီ မကျေမချမ်းမျက်နှာနှင့် အလျင်အမြန် ရောက်ရှိ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည်းဘီးကျွတ်နေသည်ကို ပြန်ထပ်ဆင်နေကြသော လူနှစ်ဦးထံသို့ ဆံပင်ဖြူယက္ခကြီးတုံစိုင်းက လေသံ မာကြောကြောနှင့် လှမ်းပြောလိုက်သည်မှာ....

'ဟိတ်....ငါတို့ အရေးတကြီးကိစ္စနဲ့ သွားစရာရှိတယ်၊ မင်းတို့လှည်းဘီးတပ်ပြီးတဲ့အထိ အကြာကြီးရပ်မစောင့်နေနိုင်ဘူး၊ ငါတို့လှည်းသွားနိုင်အောင် လမ်းတစ်ဖက်ကို အရင်ရွှေ့ပေးစမ်း'

အမိန့်သြဇာသံပါပါ ခိုင်းစေပြောသဖြင့်....

ဈေးဝယ်အပြန် လှည်းဘီးကျွတ်သွားရ၍ စိတ်ထဲမကျေမနပ်ဖြစ်နေသည့် ပိုးထည်အဖြူရောင်ဝတ်စုံနှင့် လူလတ်ပိုင်းက ထိုင်ရာမှထရပ်လိုက်ပြီး မျက်နှာကြီး တင်းမာလွန်းနေသော ဆံပင်ဖြူယက္ခကြီးတုံစိုင်းထံ ထိမဆင်စွာ စိုက်ကြည့်ရင်း....

'ဟေ့လူ၊ ကျုပ်တို့ကလဲ ကျုပ်တို့ခရီးကို ခင်ဗျားတို့လိုပဲ အမြန်အရေးတကြီး ရောက်ချင်ကြတဲ့ လူတွေပဲ၊ ခင်ဗျားတို့ ကောကို လူလိုပြောသွားရင် ကျုပ်တို့ လူကားနဲ့ဝိုင်းရွှေ့ရင် ရပါတယ်၊ အခု ခင်ဗျားပြောပုံကြီးက သိပ် ရိုင်းသီးလွန်းတယ်'

ထိုအခိုက်မှာပင်....

'ဟွန်း'

'ဒုတ်'



သူတို့အနားသို့ ထတုံးယက္ခကြီး တုံကျိုင်းရောက်လာရပြီး အခြေအတင်ဖြစ်နေကြသည်ကို ရိပ်စားမိလိုက်ရသဖြင့် အပြုံးရိပ်ဆောင်လိုက်ရင်း....

'ဟိတ်ကောင် တုံစိုင်း၊ ဒီညီလေးပြောတာ ဟုတ်တာပေါ့၊ စကားကို ပြေပြေလည်လည်ပြောရင်ရသားနဲ့၊ ကဲ....ကဲ....အစ်ကိုတို့နှစ်ယောက်အားနဲ့ ညီလေးတို့လှည်းကို လမ်းနံဘေး ကူရွှေ့ရင် ဖြစ်တယ်မဟုတ်လား'

ထိုသို့ လိမ္မာပါးနပ်စွာ ချိုချိုသာသာ ပြောဆိုလာသော ထတုံးယက္ခ တုံကျိုင်းစကားကြောင့် ပိုးထည်ဖြူဝတ်စုံနှင့်ဦးပေါ် ပြေငြိ လူလတ်ပိုင်းမှာ ကျေနပ်သွားရပြီး....

'အေးဗျာ၊ နောင်ကြီးတို့ ပြေပြေလည်လည်ပြောရင် ကျွန်တော်တို့က လူမှုရေးရိုင်းစိုင်းတဲ့လူတွေမှ မဟုတ်တာ၊ ကဲ...ကဲ ဝိုင်းရွှေ့လိုက်ကြရအောင်'

'အေး....အေး ကျေးဇူးပဲ ညီလေး'

သည်နောက် ယက္ခကြီးနှစ်ယောက်နှင့် ပိုးထည်ဖြူဝတ်စုံဝတ် သူတို့ဖက်က နှစ်ယောက်တို့ ဝိုင်းဝန်းကာ လမ်းကန့်လန့်ပိတ်ဆို့နေသော ရထားလုံးကို လမ်းကြောနံဘေးသို့ရွှေ့လိုက်ကြလေသည်။

ထိုအတောအတွင်း၌ ကျားသစ်မ နီချုံ ဖမ်းချုပ်ခြင်း ခံရသော ရိဒ္ဓိမာမှာ ပြတင်းပေါက်မှတစ်ဆင့်ရထားလုံးကို လှမ်းမြင်တွေ့လိုက်ရသည်နှင့် အားတက်သွားရပြီး....

'ဟင် ဒီ....ဒီရထားလုံးဟာ ဖေဖေ့ရထားလုံးပဲ ဒါ.... ဒါဆို အစ်ကိုဆန်ကျောင်းတို့ ကြားအောင် အော်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ယေ်၊ ခက်ထာက် ဒီကောင်မကြီးက ငါ့ပါးစပ်ကို အတင်း ပိတ်ထားတော့ အခက်ပဲ၊ ဒုက္ခပဲ'

တွေးတတ်ပါသည်။

လှည်းဘီးကျွတ်ကာ ရထားလုံးကြီး ချာလည်လည်သွားရပြီ၊ ကုန်းအဆင်း ကန့်လန့်ဖြတ် လမ်းပိတ်မိ သွားရသော ရထားလုံးမှာ ရီချမ်း ရွေ့ရှုတ် ပြောဆိုလိုက်သလို သံမဏိစုတ်တံချွင်ဆန်ကျောင်း၏ ရထားလုံးပင် ဖြစ်၏။

ပြောရမည်ဆိုလျှင်....

သံမဏိစုတ်တံချွင် ဆန်ကျောင်းနှင့် ဝူကျိုတို့သည် အိမ်တွင် တစ်ယောက်တည်းထားခဲ့ရသော ရီချမ်းကို စိတ်မချနိုင်သဖြင့် ဈေးထဲ၌ အရေးတကြီး မရှိမဖြစ်သည့် အိမ်သုံး ပစ္စည်းနှင့် ဟင်းချက်စရာများကို ကပျာကယာ ဝယ်ယူပြီး ပြန်လာလေ၏။

အိမ်ပြန်ရောက်ချင်လိုသောဇောနှင့် လမ်းကောင်းလမ်းရိုးက ပြန်မလာဘဲ ဖြတ်လမ်းကို အသုံးပြုပြန်လာခါမှ ကံဆိုးချင်၍လော ကံကောင်းချင်၍လောမသိ ရထားဘီး တစ်ဖက် ကျွတ်ထွက်ကာ ချာလည်ပြီး ရထားလုံးမှာ ကန့်လန့်ဖြတ် အနေအထားဖြင့် ပိတ်ဆို့သွားရလေ၏။

သို့နှင့်....

သူတို့နှစ်ယောက် ကျွတ်ထွက်နေသော လှည်းဘီးကို ပြန် လည်တပ်ဆင်နေချိန်မှာပင် ယက္ခကြီးတို့မဟော်ဂနီရောင်ရထား လုံးနှင့် တန်းတိုးနေမိခြင်း ဖြစ်လေသည်။



ထိုမဟော်ဂနီရောင်ပြေး ကျွန်းရထားလုံးကြီး၊ အတွင်း၌ မိန်းတစ်ယောက်ကို ဖမ်းချုပ် ခေါ်ဆောင် လာသည်ကို ...သံမဏိစုတ်တံချွင် ဆန်ကျောင်းနှင့်ဝူကျိုတို့ လုံးဝမသိ ...ပါချေ။

သို့ဖြင့်....

...ဝန်း ရွှေ့လိုက်မှုကြောင့် သံမဏိ စုတ်တံချွင် ဆန် ...ကျောင်းတို့၏ ရထားလုံးမှာ လမ်းပိတ်ဆို့မှုမှ လွတ်မြောက် ...လေ၏။

ထိုအခါ....

ဆံပင်ဖြူကွကြီး တိုစိုင်းနှင့် ကတုံးယက္ခကြီး တုံကျိုင်းတို့ ...နီ ရထားလုံးဆီသို့ အလျှင်အမြန်ရွေ့လျား ရောက်ရှိ ...ကြလေ၏။

ထိုအခိုက်မှာပင်....

...မ်းချုပ်ခံထားရသော ရီချမ်းသည် သူမ၏ပါးစပ်ကို ပိတ် ...ထားသော ကျားသစ်မ နီချူး၏ ဘယ်လက်ဝါးပြင်ကို ...မထင် ငုံ့ခဲကိုက်လိုက်လေ၏။

အား.... ကြည့်စမ်း၊ ကောင်မစုတ် ငါ့ကိုကိုက်တယ်၊ ကြည့်

...ညည်း၊ တွား ရေရွတ်ရင်း နာကျင်မှုကြောင့် ဆို့ထား... ကျားသစ်မ နီချူး၏ ဘယ်လက်ဝါး လွတ်ထွက်သွား ...၏။

...စဉ်....

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေး ရရှိသွားသော ရိချမ်းမှာ ပြတင်းပေါက် ထစ်ဆင့် သိမ်းဆီစုတ်တံချွင်ဆန်ကျောင်း ကြားအောင်ခပ်ကျ ကျယ် အော်ဟစ်လိုက်သည်မှာ...

'အစ်ကိုဇရ...ညီမ ရီချမ်းကို...'

'ရို...'

'ဖြောင်း'

'အား...'

'တုန်း...'

သူမ ကြာကြာ ခေါ်ခွင့် မရလိုက်တော့ပါချေ။

ကျားသစ်မ နီချူး၏ ဘယ်သန် လက်ဝါး ရိုက်ချက် ရီချမ်း၏ ပါးပြင်တစ်ဖက်ပေါ်သို့ ပြင်းပြင်းထန်ထန်ကျရော သွားမှုကြောင့် စူးရှနာကျင်စွာ အော်ဟစ်ရင်း ရထား ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက်သွားရလေတော့၏။

* * *

အခန်း ( ၉ )

ဆံဖြူယက္ခကြီးနှင့်ခေါင်းတုံးယက္ခကြီး

'ဟင် ကို...ကိုဝူကျို ဒါ...ဒါ ရီချမ်းရဲ့ အော်ဟစ်အကူ ညီ တောင်းတဲ့ အသံပဲ'

ရုတ်တရက်...

ရီချမ်း၏ အော်ဟစ်သံကို လှမ်းကြားလိုက်ရသဖြင့်အံ့အား သွားသဖြင့် အနီးရှိဝူကျိုအား လှမ်း အသိပေးလိုက် လေ သည်။

သည်တွင်...

ဝူကျိုမှာ ရီချမ်း၏ အော်ဟစ်သံကို ကြားလိုက် မိရသဖြင့် ပ်ပျာပြန်ဟန်နှင့် ခေါင်းဆတ်ခနဲ ညိတ်မိလိုက်ရပြီး...

www.burmeseclassic.com



'အေး...ဟုတ်တယ်၊ ဟုတ်တယ်ဆန်ခကျောင်း'

ဒါကြောင့်...

သူတို့နှစ်ယောက်ခုန်းစိုင်း မေ့ရင်းနှင့်လာခဲ့သော မယော
ဂနီ ကျွန်းရှေထားလိုးထဲ အကြည့်မှိုင်တွေ ရောက်မိသွားပြ
သည့်အခါ...

'ဟင် ရဲ...ရထားအိမ်ထဲမှာ ရှိ...ရှိချမ်းပါသွားပြီ'

'အေး...အေး ဟုတ်တယ်၊ အမြန်လိုက်မှ'

သူတို့ မြင်တွေ လှမ်းအကြည်နှင့် ကြမ်းပြင်ပေါ်မှ ဆွဲကျ
ရခဲ့သော ရှိချမ်းထ အလိုကို လှမ်းမြင်တွေ့ သွားရခြင်းဖြစ်
သည်။

ထိုအခိုက်...

သိမ်မကျိစုက်တံရှင် ဆန်ကျောင်းသည် နီးစပ်ရာ ကျောက်
နှစ်လုံးကို ဖျတ်ခနဲ ကောက်ယူ၍ ရထားကြီးအား ခုန်စိုင်း
မောင်းနှင် သွားခဲ့သော ရထားထိန်း ခေါင်းတုံး ယက္ခ
တိုက်ကျိုင်းထံ လက်ထဲမှ ခဲနှစ်လုံးတို့ဖြင့် လက်နက်ပုန်းသဖွ
ပစ်ခွင်းတိုက်နိုက်လိုက်လေ၏။

'ဝှီး...ဝှီး'

'ဒုတ်...ဒုန်း'



'ရှုန်း'

'ဟာ...'

ပစ်ခတ်လိုက်သော သိမ်မကျိစုက်တံရှင်ဆန်ခကျောင်း၏ ခဲလုံး
နှစ်လုံးတို့မှာ ပြောင်သလင်းခါခါအောင် တုံးထားသော ခေါင်း
တုံးယက္ခကြီး ထိုကျိုင်း၏ နောက်စေ့မိုင်းနှင့် ကျောပြင်ဆီသို့
မိမိရရ ထိမှန်သွားရလေ၏။

ဒါကြောင့်...

ခေါင်းတုံးယက္ခကြီးထိုကျိုင်းမှာ ညည်းတွားအော်ဟစ်ရင်း
သော မောင်းနှင်ခဲ့သော နေရာမှ လမ်းနံဘေး ချောက်ကမ်းပါး
သို့ လှိမ့်၍ ကျရောက်သွားရလေသည်။

ထိုအခါ...

ထိန်းကွပ် မောင်းနှင်သူမဲ့ သွားရသော မြင်းညိုနှစ်ကောင်
တို့မှာ လမ်းအတိုင်း ဆက်လက်ပြေးလွှားနေကြလေသည်။

သည်တွင်...

ခေါင်းတုံးယက္ခကြီး ဘုံကျိုင်းတစ်ယောက် ရထားလိုးမှ
လှိမ့်စဉ် ကျရောက်သွားသည်ကို လှမ်းမြင်တွေ့လိုက်ရသော
ဆံပြူယက္ခကြီး တိုးစိုင်းမှာ တဆို့တကြွ ရှေတ်ပြီး ရထားအမိုး
ပေါ်သို့ ကုပ်တွယ်တက်လိုက်လေ၏။

ပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



သူ ရထားအမိုးပေါ်ကို ဖြတ်ယန်းပြီး ရထားမောင်းနှင်သည့် နေရာသို့ ရောက်ရှိသွားရပြီး မြင်းဇက်ကြိုးတို့ကို ကောက်ကိုင်လိုက်လေ၏။

ထိုအခိုက်မှာပင်....

'ဟျား....'

'ဘုန်း'

ကုန်းမြင့်အောက်ခြေသို့ ရောက်ရှိသွားသော မဟော်ဂနီကျွန်းရထားလုံးကြီးအမိုးပေါ်သို့ အဖြူရောင် လူရိပ်တစ်ရိပ် ချိန်ကိုက်မိစွာ ကုန်းမြင့်ပေါ်မှ ပျံသန်း ကျရောက်လာလေသည်။

စင်စစ်တော့....

ယင်းအဖြူရောင်လူရိပ်မှာ တခြားသူဟုတ်ရိုးလား၊ သံမဏိစုတ်တံရှင် ဆန်ကျောင်းပင် ဖြစ်ခဲ့လေသည်။

သည်တွင်....

ဆန်ကျောင်းသည် ရထားမောင်းနှင်နေသော ဆံဖြူယက္ခကြီး၊ တုံစိုင်းဆီသို့ ရွှေ့လျား ရောက်ရှိသွားသည်။

ထိုစဉ်....

ရထားအမိုးပေါ်သို့ ရန်သူရောက်ရှိနေကြောင်း ထင်ထင်ပေါ်ပေါ် သိရှိလိုက်ရသော ဆံဖြူယက္ခကြီး တုံစိုင်းမှာ နှင်တံဖြင့် အနားသို့ ချဉ်းကပ်ရောက်ရှိလာသည့် ဆန်ကျောင်းထံ နောက်လှည့်ကာ ရှေ့ယမ်းတိုက်ခိုက်လိုက်လေ၏။



'ဝှီး....'

'ဝှစ်....'

'ထန်'

'ချလန်'

သည့်တွင်....

ဆန်ကျောင်းမှာ ရှေ့ယမ်း တိုက်ခိုက်လာသော ဆံဖြူယက္ခကြီး၊ တုံစိုင်း၏ နှင်တံရိုက်ချက်ကို သူ့ သံမဏိစုတ်တံဖြင့် အကာအကွယ်ယူလျှင်မြန်စွာ ခုခံလိုက်၏။

ပြီးလျှင်....

သူ ညာခြေခုံဖြင့် ဆံဖြူယက္ခကြီး၊ တုံစိုင်း၏ မျက်နှာဆီသို့ ကော်ပိုင်းသဏ္ဌာန် ဝေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

'ဝှီး....'

'ဖောင်း....'

'အား....'

မြင်းဇက်ကြိုးကို တစ်ဖက်ထိန်းကိုင်ထားရသော ဆံဖြူယက္ခကြီး တုံစိုင်းမှာ တရစပ် တိုက်ခိုက်လာသည့် ဆန်ကျောင်း၏ ညာခြေခုံတိုက်ခိုက်ချက်ကို လုံးဝ ကာကွယ်နိုင်ခြင်းမရှိဘဲ မျက်နှာဆီသို့ ပြင်းပြင်းထန်ထန် ထိမှန်သွားရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်....

ဆံပြုယက္ခကြီး တို့စိုင်းမှာ ရှုံ့ဝါးစွာ မအော်တစ်ရင်[...] ရထား ခုမှာခင်းနှင့်သည့်နေရာမှ လွှင့်စဉ် ကျရောက်သွားရလေ[...] သည်။

ထိုအခါ....

ဆန်ကျောင်းမှာ ရထားမောင်းနှင်သော နေရာသို့ ခုန်ဆင်[...] လိုက်ပြီး မြင်းဇက်ကြိုးကို ဆွဲဆောင်ကာ ရပ်ဆိုင်းလိုက်[...] လေသည်။

'ဟီး....ဟီး'

'ကျွီ....ကျွီ'

ထိုအခိုက်မှာပင်....

'ဖိုး'

'ခွပ်'

'အား'

'အုန်း'

သူ့နောက်ကျောဘက်မှ သုံးချောင်းဆက်တုတ်ဖြင့် မ[...] မထင် တိုက်ခိုက်လာမှုကြောင့် ဘစ်အက်ဆီသို့ ကာရံစူးစို[...] မျက်ခဲနေရသော ဆန်ကျောင်း လုံး၀ ခုခံနိုင်ခြင်းမရှိဘဲ [...] ကျင် အော်ဟစ်သံနှင့်အတူ ရထားမောင်းနှင်သည့် နေရာ[...] လမ်းနံဘေးသို့ လွင့်စဉ် ကျရောက်သွားရလေ၏။



စင်စစ်....

ဆန်ကျောင်းကို နောက်ဘက်မှ ပိုင်ပိုင်နိုင်နိုင် သုံးချောင်းဆက်တုတ်ဖြင့် ၈၀ ယမ်းတိုက်ခိုက်သူမှာ တခြားသူ မဟုတ်ပါချေ၊ ကျွဲသစ်မ နီချူးပင် ဖြစ်လေသည်။

ထိုသို့....

အခြေအနေမဟန်မှုန်း ရိပ်စားမိလိုက်ရသော ကျွဲသစ်မ နီချူးမှာ မဟော်ဂနီရှင်ပြေးနေသော ရထားလုံးကို ခုန်းစိုင်း မောင်းနှင်သွားလေ၏။

သည့်တွင်....

လမ်းနံဘေးတွင် လွှင့်စဉ် ကျကျန် နေခဲ့ရသော ဆန်ကျောင်းမှာ ခုန်းစိုင်းမောင်းနှင်ထွက်သွားသည့် မဟော်ဂနီရထားလုံးကို လှမ်းကြည့်ရင်း တုန်လှုပ်စိုးရိမ်စွာဖြင့်....

'အား....ကျွတ် ကျွတ်....ရီ...ရီချမ်းတစ်ယောက် ရထားလုံးနဲ့ ပါသွားပြီထင်တယ်'

ထိုသို့....

သူ ခေါင်းအုံမူးနောက်စွာ ခံစားရင်းက ရထားလုံးနှင့် ပါသွားရှာသည့် ရီချမ်းအတွက် စိုးရိမ်ခံပြင်းစွာ ရေရွတ်မိလိုက်းလေ၏။

ထိုအခိုက်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



လမ်းနံဘေး သစ်ပင်ကြီးတစ်ပင်အကွယ်မှ လူရိပ် တစ်ရိပ် မြက်ခင်းပေါ် စိတ်မကောင်းခြင်းဖြစ်စွာ ငုတ်တုတ်ထိုင်နေသော ဆန်ကျောင်းဆီသို့ သွက်လက်လျင်မြန်စွာ လျှောက်လှမ်းလာနေလသည်။

'ဂျွတ်...ဂျွတ်'

'ဖျောက်...ဖျောက်'

သူ့နောက်ကျောဘက်ဆီမှ သစ်ရွက်ခြောက်များ နင်းဖြတ်လာသံတို့ကို နားပါးလှစွာ ကြားလိုက်ရသော ဆန်ကျောင်းမှာ နောက်သို့ ခေါင်းလှည့်ကြည့်မိလိုက်ရာ...

'မာင်...ညီ...ညီမ ရီချမ်း၊ အား...ကျွတ်...ကျွတ်'

'အစ်ကို'

မမျှော်လင့်ဘဲ ရီချမ်းကို ဆန်ကျောင်း လှမ်းမြင်တွေ့ရပြီး အံ့သြတုန်လှုပ် လှိုက်လှဲ ဝမ်းသာသွားရလေတော့သည်။

* * *



'အား...စပ်...စပ်တယ်'

'ဆေးပွဲအစ်ကိုရှယ်စပ်မှာပေါ့၊ နည်းနည်းတော့အောင့်အီးပေါ့'

ခေါင်းမှဒဏ်ရာကို ရီချမ်းဆေးထည့်ပေးလိုက်သဖြင့် မခံနိုင်အောင်စပ်လွန်းသော အနာကျက်ဆေးမို့ သီမကျတ်တ်ရှင်ဆန်ကျောင်းမှာ ညည်းတွားသိုက်မိရခြင်း ဖြစ်လေသည်။

ဤသည်ကို ရီချမ်းမှာသဘောအကျစွာပြုံးဖိုက်မိရင်းဖျောင်းဖြပြောဆိုလိုက်၏။

သည်တွင်...

ဝူကျိုက မျက်စိဘစ်ဖက် မပတ်လပ်ပေကလပ်နှင့် ထိုးနှက်ရောက်ပြောဆိုလာသည်မှာ...

'အေးကွာ မင်းဟာဝယာကျောအရင့်မကြီး ဖြစ်ပြီးတော့ ညည်းကြောင်းရသလား'

ပြောတော့ သီခကျိတ်စုတ်တ်ရှင် ဆန်ကျောင်းမှာ ဝူကျိုထံ စောင်းထိုးကြည့်ရင်း...

'ဒီမယ် ကိုဝူကျို၊ ခင်ဗျားကိုယ်တိုင် မခံစားဘူးတော့ တားမပြောပါ၊ ဒီဆေးက အတော့်ကို မခံနိုင်အောင် စပ်တယ်'

သည်မတော့...

ဝူကျိုမှာ ရယ်ကျဲကျဲဖြစ်သွားရပြီး...

'အေးပါကွာ၊ ကဲ အိမ်ရှေ့ခန်းသွားပြီး လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့'

www.burmeseclassic.com



ထိုသို့ ဝူကျိုးပြောဆိုပြီးနောက် အိပ်ခန်းထဲမှ ကျော်ခို ထွက်ခွာသွားလေသည်။

ထိုစဉ်မှာပင်....

သီမကီစုတ်တံရှင်ဆန်ကျောင်းမှာ ရင်ထဲမှ ကြိတ်မှိတ်ခံစား နေရသော အချစ်စိတ်ကို မျိုသိပ်နိုင်ခြင်းမရှိဘဲ ရီချမ်း၏ စင့်သွယ်သျှလျှက်ရှိသည့် ညာလက်ဖဝါးအား သူ့ညာလ ဝါးဖြင့် အုပ်မိုးကိုင်လိုက်ရင်း....

'ညီမ'

လှိုက်လှဲသံဖြင့် လှမ်းခေါ်လိုက်ရာ ရီချမ်းမှာ သီမကီစု တံရှင်ဆန်ကျောင်းကို လှည့်ကြည့်လိုက်မိလေသည်။

သည်တွင်....

သူမ သီမကီစုတ်တံရှင်ဆန်ကျောင်း၏ ချစ်စိတ်မျှ ယိုဖိ နေသော မျက်ဝန်းအစုံကိုလှမ်းမြင်မိလိုက်ပြီး သူမနှလုံးသား တို့ သိမ့်သိမ့်တုန်စွာ ခံစားလိုက်ရလေသည်။

ဖော်ကယ်ပြင်တော့ သူမလည်း ဆန်ကျောင်းအခေါ် တိုက်တ သံယောဇဉ် ရစ်ကွယ်နေမိသူဖြစ်ခဲ့လေသည်။

ထိုစဉ်....

သီမကီစုတ်တံရှင် ဆန်ကျောင်းမှာ ရီချမ်း၏လက်တစ်ဖ ကိုဆုပ်ကိုင်ရင်း....

'ညီမ ရထားလုံးနဲ့ပါသွားပြီ့ထင်ပြီး အခုတော့ခံစား တယ်'

ခံစားလှိုက်လှဲစွာ ပြောလိုက်တော့ ချစ်ရည် ရွှန်းလဲ့ သော ရီချမ်းမှာလည်း တုန်ယင်သံလေးနှင့်....



'ညီမလဲ အစ်ကိုတစ်ခုခုဖြစ်သွားပြီထင်ပြီး စိုးရိမ်လိုက် တာ'

'ညီမရယ်'

ဟုဆိုကာ ဆန်ကျောင်းမှာ ရီချမ်းကိုသူ့ရင်ခွင်ကျယ်ကြီး သို့ ဆွဲသွင်းလိုက်လေသည်။

ထိုအခါ....

ရီချမ်းမှာလည်း အလိုက်သင့်ပင် ဆန်ကျောင်း၏ရင်ခွင် သို့ ခေါင်းတိုးဝင်လိုက်လေသည်။

သည်တွင်....

ဆန်ကျောင်းမှာ ရီချမ်း၏ပါးပြင် ဖွေးဖွေးမို့မို့ပေါ်သို့ နှမ်းမိုးစွေ့ရှူချလိုက်လေသည်။

ထိုအခိုက်မှာပင်....

အိမ်ရှေ့ခန်းမှ ဝူကျိုး၏လှမ်းခေါ်သံ ပေါ်ထွက်လာ သည်မှာ....

'ဆန်ကျောင်းရေ ငါ့အပြင်မှာစောင့်နေတာ နေခောင်း တော့မယ်'

ယင်းသို့ လှမ်းခေါ်သံဖြင့် ပြောဆိုလိုက်သည်ကို သူတို့နှစ်ဦး ကြားမိကြပြီး သဘောကျစွာ ရယ်မောမိလိုက်ကြလေသည်။

အပြင်ရောက်ကြတော့ သူတို့နှစ်ယောက် စားပွဲဝိုင်း၌ ဖိုခ နောက်ဆိုင် စိုင်းဆိုင်လိုက်ကြလေသည်။

ပြီး သူတို့သုံးဦး နံနက်စာ စားသောက်ကြရင်း စကား ပြည် ပြောဆိုကြလေသည်။

ထိုစဉ်....

www.burmeseclassic.com

ဆန်ကျောင်းမှာ ရီချမ်းထံ သုံးမယ်ဇဥ် အမျှင်တန်းနေ သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ရင်း....

'ညီမ...အဲဒီလူစုဟာ ဘာ့ရန်ငြိုးရန်စနဲ့ကြောင့်ညီမကို ရှာကြတာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ ရီချမ်းမှာ တွေးတော စဉ်းစားမရဟန်နှင့် ခေါင်းသွင်သွင်ခါယမ်းလိုက်ကာ....

'ဒီလူတွေကို ညီမတစ်ခါမှလဲ မတွေ့ဘူး မဆုံဘူးပါဘူး ဘာမှလဲ ညီမနဲ့ ရန်ညိုးဖွဲ့စရာမရှိဘူး၊ အဲဒါကြောင့် ညီမ စဉ်းစားလို့မရအောင်ဖြစ်နေရတာပါ'

ထိုစကားကြားလိုက်ရသော ဆန်ကျောင်းမှာ သက်ပြင်း တစ်ချက်ချလိုက်ပြီး....

'အင်း....ညီမလို ကာယကံရှင်ကတောင် မတွေးတော စဉ်း စားတတ်တော့ ခက်တာပေါ့၊ ကဲပါ ဒါတွေခေါင်းထဲ ထည့် မထားပါနဲ့တော့'

ထိုအခါ....

ရီချမ်းက သက်ပြင်းခပ်မျှင်းမျှင်းချလိုက်ပြီးမှ....

'ဒါပေမယ့် ငါ့တို့အစစအရာရာ သတိတော့ ထားနေ မှာပေါ့ကွ'

သတိပေးစကား ဆိုလာတော့ ဆန်ကျောင်းနှင့် ရီချမ်းတို့ နှစ်ဦးသည်အလား ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

ထို့နောက်....

ဆန်ကျောင်းနှင့်ရီချမ်းတို့ ချမ်းသာစွာဝနှင့် ပျော်ရွှင်စွာနေ ထိုင်လိုက်ကြလေသည်။



တစ်နေ့....

နံနက်ခင်း၌ သူတို့နေအိမ်ဆီသို့ လူသုံးယောက်ရောက်ရှိ လာကြလေသည်။

ဦးဆောင်လာသူမှာ ဆန်ကျောင်းနှင့် ခင်မင်ရင်းနှီးသူဖြစ် သည်။

ထိုသူကား၊ သူ့ထံမှ ခရီးကြုံဘိုင်းပန်းချီကားချပ်များ ဝယ် ယူသွားလေ့ရှိသော မှကျွန်လင်းပွင့်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

## ကုန်သည်လေးနှင့် လူစိမ်း နှစ်ယောက်

ထိုလူစိမ်းနှစ်ယောက်ပုံစံဘိုမှာကား တစ်ယောက်မှာ [illegible] ကြုံ့စုတ်ပြီး ပိန်ပိန်ပါးပါးဖြစ်၏။

ကျန်တစ်ယောက်ပုံစံမှာ ဝဝတုတ်တုတ် မျက်နှာသ[illegible] ဖောင်း ကားကားနှင့် ဖြစ်နေသည်။

ထိုစဉ်....

ကုန်သည်လေး မှုကျွန်လင်းမှာ သိမ်ကြီး စုတ်တံချွင် [illegible] ကျောင်းထံ ရွှေ့ဖိုက်ခဲ့ရောက်မှင်း။

'အခု ကိုဆန်ကျောင်းထံ မှရောက်လာတာ ပန်းချီလု[illegible] နဲ့ ပတ်သက်ပြီး လုပ်ငန်းတစ်ခုရှိလို့ ရောက်လာ ကြ[illegible]



ယင်းဆိုစကားကြောင့်....

သိမ်ကြီးစုတ်တံချွင် ဆန်ကျောင်း၏ မျက်လုံးအစုံဝင့်ကျယ် [illegible]သွားရ၏။ ကုန်သည်လေး မှုကျွန်လင်းထံသို့ချင်ဝေ ရလေသ [illegible] လှမ်းမေးလိုက်သည်မှာ....

'ဘာလုပ်ငန်းလဲ ဆိုစမ်းပါဦး'

ကုန်သည်လေးမှုကျွန်လင်းက အပြုံးယဲ့ယဲ့ မျက်လုံးရှင်း[illegible]နှင့်အတူ ပေါ်လာကြသော မျက်နှာစိမ်း နှစ်ဦးတို့ကို တစ်[illegible]ယောက်ပြီးတစ်ယောက် မိတ်ဆက်ပေးလာခဲ့၏။

ကုန်သည်လေး မှုကျွန်လင်းမှ ပထမဦးစွာ အသားဖြူ[illegible] ပြီး မိန့်မိန့်ပါးပါးလူနှင့် သိမ်ကြီးစုတ်တံချွင်ဆန်ကျောင်း[illegible] မိတ်ဆက်ပေးလေသည်မှာ၊

'ကိုနန်ကျောင်း သူက ပန်းချီပညာရပ်ကို ဝါသနာထုံတဲ့ [illegible]ချူဟိုပါ၊ အဲ...သူကတော့ ကျောင်းလန်ပါ'

တစ်ဆက်တည်းမှာပင် ကုန်သည်လေး မှုကျွန်လင်းမှာ ဝဝ [illegible]တ်တုတ်လူနှင့်ပါ မိတ်ဆက်ပေးလိုက်လေသည်။

သည့်တွင်....

သိမ်ကြီးစုတ်တံချွင်ဆန်ကျောင်းမှာ အပြုံးရိပ်ဆောင်လျက် [illegible]စိမ်းနှစ်ဦးကို ခေါင်းတညိတ်ညိတ်နှင့် အသိအမှတ်ပြုသည့် [illegible]အားဖြင့် တုံ့ပြန်လိုက်လေသည်။

ဆက်သက်၍....

ကုန်သည်လေး မှုကျွန်လင်းမှပြောဆိုလာသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



'သူတို့နှစ်ဦးဟာ လီကျန် မြို့တော်ကြီးမှာ ပန်းချီကား အရောင်းအဝယ် လုပ်ငန်းကို အကြီးအကျယ် လုပ်ဆော နေပါတယ်'

သည်တွင်....

ချူဟိုက ကြားဝင် ပြောဆိုလာသည်က....

'ကျွန်တော်တို့ဟာ လီကျန်မြို့တော်ကြီးမှာပန်းချီလုပ်နေ တစ်ခုတင်မကပါဘူး ပန်းပွဲရှုးပဟောင်းပစ္စည်းတွေလဲ ဝယ် စုဆောင်းနေပါတယ်'

ကျောင်းလန်က ခေါင်းဆက်ခနဲညိတ်လိုက်ပြီး

'ဟုတ်ပါတက်'

ကုန်သည်လေး မူကျန်လင်းက ဆက်ပြောလာသည်မှာ...

'အဲဒါ ကိုဆန်ကျောင်းရဲ့ ပန်းချီလှဲခဲ့ရာ ကားချပ်တွေ ကို သူတို့ သဘောကျ ကြိုက်နှစ်သက်တယ်၊ ပြီးတော့ အ တစ်ခေလာ ကိုဆန်ကျောင်းဆွဲ ဆွဲနေတဲ့အမျိုးသမီးပုံနဲ့ ပန်း ကိုလဲ ကျွန်တော်ကတစ်ဆင့် ပြောပြလို့ ကြိုက်နေကြပါတယ်

ထိုစဉ်....

ချူဟိုက ကြားဖြတ် ဝင်ပြောလာသည်မှာ၊

'ဟုတ်ပါတယ်၊ ဒါကြောင့် ဆရာကိုဆန်ကျောင်းကို အဲ ပန်းချီကိုယ်တိုင်ပြ မိန်းကလေးနဲ့အတူ ကျွန်တော်တို့ရဲ့ လီကျ မြို့ကို ဖိတ်ခေါ်ပြီး မြို့တော်ရှင်းအောက်တွေ နောက်ခံထားပြ ပန်းချီကားတွေ ဆွဲစေချင်ပါတယ်'

ထိုစကားကြားလိုက်ရတော့ ဆန်ကျောင်းမှာ ချင်ထဲ ပ မပြနိုင်အောင် ဝမ်းသာသွားမိရသော်လည်း လီကျန်မြို့တော



သို့ သွားရောက်ပန်းချီဆွဲဖို့အာ အိပ်မက်ပင် မမက်ဝံ့ပါ

အကြောင်းဟူမူ....

နေထိုင်စရိတ် ကြီးမြင့်သော လီကျန် မြို့တော်ကြီးသို့ သူတို့ ားရောက် နေထိုင်မှုအတွက် ငွေကြေး မတတ်နိုင် သော ကြောင့် ဖြစ်လေ၏၊

ပြီး လီကျန်မြို့သို့ သွားရောက်ရမည့် ခရီးက မနီးလှပါ

ဒါကြောင့်...

သံ၊ကိုစုတ်တံရှင် ဆန်ကျောင်းမှာ ဆက်မြင်းသေးကြီး ချက် ချလိုက်ပြီးနောက်

'ခအားဗျား ကျွန်တော့် အနေနဲ့ လီကျန်မြို့တော်ကြီးသွား က်ပြီး ပန်းချီဆွဲချင်မိတာတော့ အမှန်ပဲ၊ ဒါပေမယ့် စိတ် ပဲ တတ်နိုင်တာပါဗျာ'

စိတ်ပျက်ငြီးငွေ့သံဖြင့် ပြောလိုက်လေ၏၊

ထိုအခါ....

ကုန်သည်လေး မူကျန်လင်းက အားအားအယား ပြုံးယိုက်

'ဟင်း....ဟင်း ဒီမပူပါနဲ့ဆန်ကျောင်း ဒီအတွက် ခင်ဗျား ဘယ်ဟာဒီကိုချူဟိုနဲ့ ကိုကျောင်းလန်တို့က လီကျန်မြို့တော် တည်းခိုခန်းမှာ တည်းခိုဖို့ ကုန်ကျစရိတ်အားလုံး သူတို့ ယ်၊ အခု ကိုဆန်ကျောင်းတို့ လာရောက်ရမယ့် ခရီးလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကျွစရိတ်ကိုလဲ သူတို့အကုန်ခံသွားမှာပါ၊ အဲ...တစ်
တော့ ရှိတယ်...

စကားကြော တခဏ ဖြတ်တောက်လိုက်ပြီးနောက် အ
မျှောက်သွားဟန်တူပါသည်။

ကုန်သည်လေး မူကျွန်လင်းမှာ လက်ဖက်ရည် ဆရာအို
ကို မကောက်မ၍ လက်ဖက်ရည် ပန်းကန်လုံး တစ်လုံး ထဲ
လက်ဖက်ရည်အချို့ စောင်းငှဲ့ထည့်လိုက်လေသည်။

ပြီး သူ ယင်းလက်ဖက်ရည်ပန်းကန်လုံးကို မြှောက်ပင့်
လက်ဖက်ရည်ချို တစ်ကျိုက် မော့သောက်လိုက်လေ၏။

ထိုအခိုက်...

ဆန်ကျောင်းမှာ သိချင်စိတ်ပြင်းပြဟန်နှင့် ကုန်သည်လေး
မူကျွန်လင်းထံ လှမ်းမေးလိုက်သည်မှာ၊

'တစ်ခုတော့ရှိတယ်ဆိုတာဘာလဲ၊ ရှင်းစမ်းပါဦး'

သည်တော့...

ကုန်သည်လေး မူကျွန်လင်းမှာ အသံတိတ် ခေါင်းတ
ချက်ညိတ်ပြပြီး သူ့လက်ထဲမှ ပန်းကန်လုံးကို စားပွဲပေါ်
အသာအယာချလိုက်ပြီးမှ စောင့်စားနေသော ဆန်ကျောင်း
အကြည့်စူးစိုက်ရောက်ရင်း၊

'တစ်ခုဆိုတာ သူတို့ကို ပန်းချီကား တကယ့်မက်ကား
ပေးရမယ်၊ အလကားတော့ မဟုတ်ပါဘူး၊ တန်ဖိုးအတိုင်း
ပေးချေမယ်၊ နောက် ကုန်ကျစရိတ်တွေ ပြန်ဖြတ်မယ်၊ အဲ
သဘောတူနိုင်မလား'

BURMESE CLASSIC



ထိုစဉ် ချူဟိုက ကပျာကယာ ကြားဖြတ် ပြောဆိုလာ
သည်မှာ...

'ဟာ...ကုန်ကျစရိတ်အတွက်မဖြစ်ပါဘူး၊ ကျွန်တော်တို့
ပဲ အကုန်ခံပါ့မယ်၊ ကျွန်တော်တို့ ရည်ရွယ်ချက်က ကိုဆန်
ကျောင်းရဲ့ တကယ်လက်ရာမြောက် ပန်းချီကားတွေကို နိုင်ငံ
ခြားကို ရောင်းချဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေတာပေါ'

ထိုစကားကို ကြားလိုက်ရသော ဆန်ကျောင်းမှာ ရင်ထဲ
ဘာကျွန်စ်ခြိုက်သွားရလေ၏။

'အင်း...သူတို့ စရိတ်အားလုံး အကုန်ကျခံမယ်ဆိုရင်တော့
ရှဲ့ ရှိချမ်းတို့ ပျားရည်ဆမ်းခရီးထွက်တဲ့အခနဲ့ လီကျန်မြို့
သွားရောက်ရင်ကောင်းမယ်'

ထိုသို့...

ဆန်ကျောင်းမှာ ချစ်သူရှိချမ်းနှင့်အတူ ယူမျှားစားစရိတ်
နှင့် လီကျန်မြို့တော်သို့ ပျားရည်ဆမ်းခရီးလည်ပတ်ဖို့ စိတ်
ခဲလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့….

ဆွေးနွေးပြောဆိုနေကြသည်ကို ခပ်လှမ်းလှမ်းတွင် ရှိ…ကြသော ရီချမ်းနှင့် ဝဏ္ဏကျော်တို့ အလာငြိမ်နေကြလျက် နား…ထောင်နေကြလေ၏။

ထိုအခိုက်မှာပင်…

ကုန်သည်လေး မှုကျွန်လင်းက တွေးတွေးဆဆရှိနေရ…ဆန်ကျောင်းထံ လှမ်းမေးလာသည်မှာ….

'ကဲ…ကိုဆန်ကျောင်း ဘယ်လို သဘောရသလဲ၊ ကျ…တော် ဆန္ဒသဘောမပြောရရင် ဒီလို အခွင့်အရေးမျိုး …တယ်'

ယင်းသို့…

…တိုက်တွန်းပြောဆိုလေသဖြင့် နောက်ဆုံး ဆန်ကျောင်းမှ…ထိုအစီအစဉ်ကို သဘောတူလက်ခံဖို့ တွေးတောဆုံးဖြတ်လို…လေသည်။

ဒါကြောင့်…

ဆန်ကျောင်းမှာ အားမြင့်လင့်ခန့်သော ကုန်သည်လေ…မှုကျွန်လင်းထံ အကြည့်ရောက်ခဲ့၏။ ခေါင်းတစ်ချက် ညိ…လိုက်ကာ….

'ကောင်းပြီလေ၊ အဲ့ဒီအစီအစဉ်ကို သဘောတူ လက်…ပါတယ်'

လက်ခံသွားသောတူသည့် စကားကို ကြားလိုက်ရသော…ကုန်သည်လေး မှုကျွန်လင်း၊ ချူဟိုနှင့် ကျောင်းလန်တို့…



…နှာအသီးသီးဝယ် ကျေနပ်ရိပ်များ ဆိုင်းထင်သွားကြ…သည်။

ထိုအခါ….

ကုန်သည်လေး မှုကျွန်လင်းက အပြုံးရိပ်နှင့် ဆန်ကျောင်း…ထံ မေးလာသည်မှာ….

'ကဲ….ဒါဆို ကိုဆန်ကျောင်း လီကျန်မြို့ဘက်ကို ဘယ်…တော့လောက် အရောက်လာခဲ့ကြမလဲ'

သည်တွင်….

ဆန်ကျောင်းမှာ နဖူးကြောတစ်ချက်ကြုတ်ကာ တွေး…တော စဉ်းစားဟန်ပြုလိုက်ပြီးမှ….

'…ငြိုး….ကျွန်တော်တို့ ရှေ့တလလောက်ဆိုရင် ဒီမြို့ကနေ…ထွက်လာခဲ့မယ်'

'ကောင်းပြီ၊ ရှေ့လဆိုတော့ အခု လူကုန်ဖို့ နှစ်ပတ်…လောက်ပဲ ကျန်တော့တာပဲ'

'ဟုတ်ပါတယ်'

ထိုစဉ်….

ချူဟိုက ဆန်ကျောင်းထံ စူးစိုက်ကြည့်ရင်း….

www.burmeseclassic.com



'ကိုင်း...ဒါဆို ကိုဆန်ကျောင်းတို့ လီကျုန်မြို့တော် လာရောက်ဖို့ ခရီးစရိတ်ငွေ အခုကတည်းက လုံလုံလောက်လောက် ပေးခဲ့ပါမယ်'

ပြောပြောဆိုဆိုနှင့်ပင် ချူးဟိုမှာ အသင့် ယူဆောင်လာသော ငွေထည့်ထားသည့် သားရေသေတ္တာကို စားပွဲပေါ်တင်လိုက်သည်။

ပြီးလျှင်...

သူက ယင်းသားရေသေတ္တာကိုဖွင့်လျက် ငွေများကို ထုတ်ယူလိုက်ပြီး ဆန်ကျောင်းရှေ့သို့ ပုံပေးလိုက်၏။

'လမ်းခရီးစရိတ်အတွက် ပိုပိုလိုလို ကျွန်တော် ငွေ ငါးသောင်း ပေးခဲ့ပါတယ်၊ လုံလောက်ပါရဲ့လား'

ဆိုလောက်မှု ရှိမရှိ မေးလာတော့ ယူပေးလာသော ငွေငါးသောင်းမှာ နည်းနည်းနောနော မဟုတ်ပါချေ။

လုံလောက်ရုံမက ပိုလျှံနေပါသေးသည်။

ဒါကြောင့်...

သူ အံ့ဩဝမ်းသာဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

'အား...လုံလောက်ရုံတင်မကဘူး၊ အတော်ကို ပိုလျှံနေပါတယ်'



ထိုအခါ...

ချူးဟိုမှာ သဘောကျစွာ ရယ်မောလိုက်ရင်း...

'ဟင်း...ဟင်း...ကိုဆန်ကျောင်းကျေနပ်ရင် ပြီးတာပေါ့ပဲ၊ အဲ...ဒီတော့ ကျွန်တော့် အလုပ်ကို လက်ခံကြောင်းနဲ့ ငွေလက်ခံရရှိတဲ့အကြောင်း၊ စာချုပ်မှာ လက်မှတ်ထိုးပေးပါ'

ပြောဆိုရင်း အသင့်ယူဆောင်လာသော စာချုပ်တစ်ရွက်ကို ဆန်ကျောင်းထံ ချူးဟိုက လှမ်းထိုးပေးလိုက်လေ၏။

သည်တွင်...

ဆန်ကျောင်းမှာ ချူးဟိုလှမ်းပေးလာသော စာချုပ်ကို စေ့စေ့စပ်စပ် ဖတ်ရှုလိုက်လေ၏။

ပြီးနောက်...

သူ စာချုပ်အောက်ဘက်တွင် လက်မှတ်ရေးထိုးလိုက်လေသည်။

ပြီးလျှင်...

သူ ထိုစာချုပ်ကို ချူးဟိုထံ လှမ်းပေးလိုက်လေ၏။

ထို့စဉ်...

ဆန်ကျောင်းသည် တစ်စုံတစ်ခုကို ဖြတ်ခနဲ တွေးတောမိလိုက်ပြီး ချူးဟိုထံ ကပျာကယာ လှမ်းမေးလိုက်သည်မှာ...

'ဒါနဲ့ ကျွန်တော်တို့ လီကျုန်မြို့တော်ကိုရောက်ရင် ကိုချူးဟိုနဲ့ ဘယ်လိုလုပ်ပြီး ဆက်သွယ်ရမလဲ'

ချူးဟိုက အသာအယာပြုံးလိုက်ရင်း မဆိုင်းမတွပင် ကို ပြန် ဖြေလာသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



'သီကျန်မြို့ခေတ်ရောက်ခဲ့ရင် မြို့ဘက်မြောက်ဘက်က ရှေ့စင်နဂါးတည်းခိုခန်း အဆောက်အဦကြီးကို အရောက်သွားပါ၊ အဲဒီမှာ ကိုဆန်ကျောင်းတို့ဟာင်းဖို့ အခန်းကို ကြိုတင်ငှားရမ်းထားပေးပါမယ်၊ အဲဒီအဘွက် ဘာမှမပူပါနဲ့'

'ကြော်...ဟုတ်ကဲ့...ဟုတ်ကဲ့'

ဘာသြနောက်....

ကုန်သည်လေး မှုကျွန်လင်းက ဆန်ကျောင်းထံ ပြန်ရန်နှုတ်ဆက်စကားဆိုလာသည်မှာ....

'ကဲ ကိုဆန်ကျောင်း ကျွန်ုပ်တော်တို့ကိုပြန်ခွင့်ပြုပါဦး'

ပြောပြီး ဆန်ကျောင်းမှာ အပြုံးရိပ်နှင့် ခေါင်းအတ်ခနဲညိတ်ကိုက်ပြီး....

'ဟုတ်ကဲ့'

အညိတ်ပြင်....

ချူမှိုနှင့် ကျောင်းလန်တို့သည် သိမ်ကောစုဘ်တာ်ချင် ဆန်ကျောင်းကို ပြုံးရွှင်စွာ နှုတ်ဆက်စကား ဆိုသွားကြလေသည်။

ထို့နောက်....

ထိုလူသုံးဦးတို့ အိမ်ထဲမှ ကျောခိုင်း ထွက်ခွာသွားကြလေသည်။

ထိုအခါကျမှ....

စားပွဲဝိုင်းဆီသို့ ရီချူမာနှင့်ဝူကျိုတို့ ဝင်ရောက်ထိုင်လိုက်ကြလေသည်။

....နောက်....



သိမ်ကောစုဘ်တာ်ချင်ဆန်ကျောင်းက ချင်သူရီချမ်းကို စားပွဲပေါ်တင်ပုံထားသော ငွေထုပ်ကိုညာလက်ဝါးဖြင့်အသာပြရင်း....

'ညီမရေ အစ်ကိုနဲ့ညီမလက်ကာပ်ဖို့ရယ်၊ ပျားရည်ဆမ်းရေးဖို့ရယ် ငွေပုံကြီး ရောက်လာပြီဟ.... ဟား....ဟား....ဟား'

ထိုစကားကြောင့်....

ရီချူမ်းတစ်ယောက် ရှက်သွေးဖြာကာ ခေါင်းကိုခေါင်းငုံ့သွားလေသည်။

ပထမပိုင်း ပြီး၏။

( ဒုတိယပိုင်းကို ဆက်လက် ဖတ်ရှုပါရန် )

www.burmeseclassic.com

ဝင်းဘုန်းအောင်

# ဘန္ဓာရအီလူးနှင့် ကျောက်စိမ်းမြင်းရုပ်

(ဒုတိယပိုင်း ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

## ရွှေစင်နဂါးထောင်ချောက်

ရွှေစင်နဂါး စားတော်ဆက်နှင့် ညြှိဒဂဟာ။

ထိုစားတော်ဆက်နှင့် တည်းဒဂဟာ တစ်ဆက်တည်းတွဲဖွင့်ထားသော ရွှေနဂါးစားတော်ဆက်မှာ လီကျုန်မြို့တော်ကြီး၏ မြောက်ဘက် ရပ်ကွက်အလယ်၌ ခန့်ညား ထည်ဝါစွာ တည်ရှိနေပေသည်။

ထိုရွှေစင်နဂါး စားတော်ဆက်မှာ လီကျုန်မြို့တော်ကြီး၏ နာမည်ကျော်ကြားလျက်ရှိသော စားတော်ဆက်တစ်ခုဖြစ်လေသည်။

www.burmeseclassic.com



ယင်း ရွှေစင်နဂါး စားတော်ဆက်နှင့် တည်းဂေဟာသ... ပန်းချီဆရာ သံမဏိစုတ်တံရှင် ဆန်ကျောင်းနှင့်ရီချမ်းတို့ ညာ... ခါစဇနီးမောင်နှံအတွဲ ရောက်ရှိနေသည်မှာ နှစ်ရက်ပင် ရှိ... ချေပြီ။

ပြောရမည်ဆိုလျှင်....

သူတို့နှစ်ဦးသည် စာချုပ်ချုပ် ဖိတ်ခေါ်ထားသော ပန်း... လုပ်ငန်းကို လုပ်ဆောင်ရင်း ပျားရည်ဆမ်းခရီး ထွက်သ... သဘောနှင့် တိုးတက်စည်ကားသည့် လီကျန်မြို့တော်ရှိ ရွှေ... နဂါး စားတော်ဆက်နှင့်တည်းဂေဟာသို့ ရောက်ရှိနေကြခြ... ဖြစ်လေသည်။

သည်ကနေ့...

လီကျန်မြို့တော်ကြီး၏ နံနက်ခင်းရာသီဥတုမှာ သာယာ ကြည်လင်လျက်ရှိသည်။

ပူနွေးတောက်ပြောင်သော နံနက်ခင်း နေရောင်ခြည်သ... ခန့်ညားထည်ဝါစွာ တည်ရှိနေသည့် ရွှေစင်နဂါးစားတေ... ဆက် အဆောက်အအုံပေါ်သို့ ဖြန့်ကျက်လွှမ်းခြုံလျက် ရှိ... ရလေသည်။

အချိန်အားဖြင့် နံနက်ခင်းနာရီမခင်း (၈)ချက်တီးအချိ... ရှိနေချေပြီ။

ထိုအချိန်တွင်....

ဆန်ကျောင်းနှင့် ရီချမ်းတို့သည် နံနက်ခင်းအဆာပြေစာ... သောက်ရန်အတွက် စားသောက်ခန်းမရှိရာ အလယ်ထပ်... ရောက်ရှိနေကြသည်။



ယင်း ရွှေစင်နဂါး စားတော်ဆက် အဆောက်အအုံမှာ ...တော်ကြီးရှိ စားတော်ဆက်ပီပီ အထပ်လေးထပ် ထပ်ဆင့် ...ဆောက်ထားသော အဆောက်အအုံကြီးဖြစ်လေ၏။

အပေါ်ဆုံးအထပ်တွင် တည်းခိုခန်းများသာ ရှိသည်။

ဒုတိယအဆင့်ထပ်တွင်တော့ စားသောက်ခန်းမကြီးဖွင့် ...ထားသည်။

အဲ သတိယထပ်မှာတော့ လောင်းကစားဝိုင်းများ၊ လက် ...သည် ယှဉ်ပြိုင်တိုက်ခိုက်ကြသည့် ပြိုင်ပွဲစင်တို့ကို ထားရှိခဲ့ ...သည်။

အောက်ဆုံး မြေညီထပ်တွင် ဧည့်ခန်း၊ ကိုယ်ဆိုခန်း၊ ဧည့် ...သည်ဆုံခန်းနှင့် လုံခြုံရေးအဖွဲ့ အခန်းများ ထားရှိလေသည်။

ထို့ ရွှေစင်နဂါး စားတော်ဆက်မှာ လိုလေသေးမရှိ ...အောင် အဖက်ဖက်ကပြည့်စုံအောင်ထားရှိသဖြင့် လာရောက် ...သူများ မပြတ်စည်ကားလျက်ရှိလေ၏။

အခုလည်းကြည့်လေ....

ရွှေစင်နဂါးစားသောက်ခန်းမ၌ နံနက်ခင်း စားသောက် ...များနှင့် စည်စည်ကားကားရှိနေရလေသည်။

ဆန်ကျောင်းနှင့်ရီချမ်းတို့သည် ခန်းမအလယ်ရှိ စားပွဲလွတ် ...လုံးတွင် ဝင်ရောက်ထိုင်လိုက်ကြလေ၏။

ထိုစဉ်....

ရွှေဝါရောင်ဝတ်စုံဝတ် စားပွဲထိုးလူငယ်တစ်ဦး ဖော်ရွေ ...သော အပြုံးဆောင်လျက် သူတို့စားပွဲဆီသို့ ခပ်သုတ်သုတ် ...ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး….ထိုစားပွဲထိုးလူငယ်မှာ သူတို့ကို ဦးတစ်ချက် ညွှတ်လိုက်ပြီးမှ….

‘အစ်ကိုတို့ ဘာသုံးဆောင်ကြမလဲခင်ဗျာ၊ အမိန့်ရှိပါ’

ဟု မှန်ရိုကျိုးစွာ လှမ်းမေးလာသဖြင့် ဆန်ကျောင်းက မဆိုင်းမတွ တုန့်ပြန်ပြောလိုက်သည်မှာ….

‘လိုဟူးမပါတဲ့ ခေါက်ဆွဲပြုတ်ပေးကွာ၊ ပြီးတော့ လက်ဖက်ရည်အိုးတစ်အိုးချပေး’

‘ဟုတ်ကဲ့ ခင်ဗျာ’

ဟုဆိုကာ စားပွဲထိုးလူငယ်မှာ ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ပြီးနောက် သူတို့စားပွဲမှ ကျောခိုင်းထွက်ခွာသွားလေသည်။

ကွမ်းနှစ်ယာညက်ခန့်ကြာသောအခါ ငွေလင်ပန်းတစ်ချပ်ဖြင့် စားပွဲထိုးတစ်ယောက် ရောက်ရှိလာလေ၏။

ယင်း စားသောက်ဖွယ်ရာများ လာပို့သော စားပွဲထိုးမှာ စောစောက လူငယ်တစ်ဦးမဟုတ်တော့ဘဲ ရွှေဝါရောင်ဝတ်စုံ ဝတ် လူလတ်ပိုင်းတစ်ဦး ဖြစ်နေလေသည်။

ထိုစဉ်….

ယင်းလူလတ်ပိုင်းစားပွဲထိုးမှာ ငွေလင်ပန်းပေါ်မှ ပစ္စည်းပစ္စယများ စားပွဲပေါ်သို့ တည်ရာမှာ ကျွမ်းကျင်မှုမရှိသော ကြောင့် သူမ ယူချလိုက်သော ခေါက်ဆွဲပြုတ်ပန်းကန်လုံးမှာ ရီချမ်းထိုင်နေသည့် ထိုင်ခုံကျောမှီနှင့်တိုက်မိပြီး ခေါက်ဆွဲပြုတ်များ သူမပေါင်ပေါ်သို့ ဖလခနဲဖိတ်ကျသွားရလေ၏။

‘ဟာ’



‘ဟင်’

‘ကျွန်…. ကျွန်တော် တောင်းပန်ပါတယ်၊ နောက်ထပ် ခေါက်ဆွဲပြုတ် ထပ်ယူခဲ့ပါ့မယ်၊ အစ်မလေးကို ဟိုဘက်မှာ မိန်းမများအတွက် သီးသန့် သန့်စင်တဲ့အခန်းရှိပါတယ်၊ ကျွန်တော့်ချို့ယွင်းချက်ကို ခွင့်လွှတ်ပါ’

ရီချမ်းမှာ ရှိကျိုးစွာ အခါခါတောင်းပန်လာသဖြင့် စိတ်ထဲ မကျေနပ်ဖြစ်မိသော်လည်း ခွင့်လွှတ်စိတ် မွေးမြူလိုက်ပြီး….

‘ရပါတယ်ရှင်’

‘ကျေး….ကျေးဇူးပါပဲအစ်မလေးရယ်၊ ကျွန်တော်ခေါက်ဆွဲပြုတ်တစ်ပန်းကန် သွားယူလိုက်ပါ့မယ်’

‘ဟုတ်ကဲ့’

သည်နေရာ….

စားပွဲထိုးလူလတ်ပိုင်းမှာ ရီချမ်းကိုတောင်းပန်ပြီး ခပ်သုတ်သုတ် ထွက်ခွာသွားလေသည်။

ယင်းအခြေအနေကို မြင်တွေ့လိုက်ရသော ဆန်ကျောင်းမှာမူ ပေါ့လျော့မှုရှိသည့် စားပွဲထိုးကို မကြေမချမ်း ဖြစ်မိသော်လည်း လူပုံအလယ်မှာ အချင်းမဖြစ်ပွားလို၍ သည်းခံစိတ်မွေးလိုက်လေသည်။

‘ဘောက်….အတော်အသုံးမကျတဲ့ စားပွဲထိုးပဲ’

www.burmeseclassic.com

www.burmeseclassic.com



သည့်တွင်...

ရီချမ်းက အပြုံးရိပ်ဖြင့် မကျေမနပ်ဖြစ်စွာ ခတၢက်ခေ
ပြောဆိုလိုက်သော ခင်ပွန်း ဆန်ကျောင်းကို မျက်ချောင်းဖျံ့ကာ
ဆိုလိုက်သည်မှာ...

'မပေါ်တဲ့အပြစ်ဘာပဲ အစ်ကိုရယ်၊ ကဲ...အစ်ကိုဒီမှာခဏ
စောင့်နေနော်၊ ညီမ ပေကျနေတဲ့ဝတ်စုံကို သန့်ရှင်းခန်း
သွား ရေဆေးပစ်လိုက်ဦးမယ်'

'အစ်ကိုပါ လိုက်ခဲ့ရမလား'

'အို မဟုတ်တာ မိန်းမသားတွေအတွက်ပဲ သီးသန့်ခန်း
ဆိုတော့ အစ်ကိုဘယ်လိုက်လို့ ဖြစ်မလဲ'

ယင်းသို့ကားစကြောင့် ဆန်ကျောင်းမှာသာလ်ပြုံးတစ်ချက်
ချလိုက်ပြီး

'ဒါဆိုညီမသွားလေတော့၊ အစ်ကို စားသောက်ရင်း စော
နေမယ်'

'ကောင်းပါပြီ အစ်ကို'

ကိုသို့ ရီချမ်းပြောဆိုပြီး ဆန်ကျောင်းကို ကပိုးရှာလှမ
တစ်ပွင့် ချွေပြလိုက်ပြီးနောက် စားပွဲဝိုင်းမှ ထွန်ခွာ မင်းလ
အတိုင်း သန့်စင်ခန်းရှိရာ ခန်းမညာဖက်အခြမ်းဆီသို့ လျှော
လှမ်းသွားလေ၏။

ထိုအခါ...



ဆန်ကျောင်းမှာ အကျောခိုင်းကာ တစ်ခရွရွ ထွက်ခွာ
သွားသော ရီချမ်းထံ ခေးရီကြည့်ရင်း သက်ပြင်း ခပ်မျှဉ်း
ချလိုက်မိလေ၏။

ထိုနှင့်...

ရီချမ်းမှာ လှုသွားလှုလာ ရှင်းလင်းလျှက်ရှိသော မိန်းမ
သားများအတွက်သာ သီးသန့်သတ်မှတ်ရှိသော သန့်စင်ခန်းတစ်
ခန်းထဲသို့ ဝင်ရောက်လာခဲ့လေ၏။

သန့်ရှင်းခန်းမှာ သန့်သန့်ပြန့်ပြန့် ယှလှပပ ပြင်ဆင်ထား
သည်။

လက်ဆေးကန်၏ခေါ့ နံရံပေါ်တွင် မန်ကာနုတ်များ ပတ်
သည့် သက်ရာမြောက်စွာ ဖော်ကျူးထားသော ကြေးမုံ
တစ်ချပ် တပ်ဆင်ထား၏။

ဒါ့ကြောင့်...

လူမ ရေကန်ငယ်ထဲတွင် အသင့် ထည့်ထားပေးသော ရေ
နှင့် ဝတ်စုံပေါ်တွင် ပေကျနေသည့် ခေါက်ဆွဲပြုတ်ရည်
ကပ်ငြိနေသည့် ခေါက်ဆွဲဖတ်တို့ကို ဆေးကြောသန့်
စင်လိုက်လေ၏။

ထိုအခိုက်မှာပင်...

သူမရှိရာသန့်စင်ခန်းထဲသို့ လူရိပ်တစ်ရိပ် မြေသံလုံခြုံဖြင့်
ဝင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို ရိချမ်းတစ်ယောက် လုံးဝ ရိပ်စားမိခြင်း
ပါချေ။

ယင်းလူရိပ်မှာ ကျားသစ်ကွက်ကိုယ်ကြပ်စတ်စုံကိုဝတ်
မြန်းထားသော မိန်းမသန်ကြီးတစ်ဦးဖြစ်၏။

စင်စစ်တော့....

ထိုမိန်းမသန်ကြီးက တစ်ခြားမဟုတ်ပါချေ၊ ကန္တာရဘီ
၏ လက်ရုန်းတပည့်ဖြစ်သူ ကျားသစ်မ နီချူးပင် ဖြစ်
သည်။

ကျားသစ်မနီချူးသည် လက်ဆေးကန်တွင် ဆေး
သန့်စင်နေသော မကျော်ခိုင်းအနေအထားရှိသည့် ရိချမ်း
ခြေသံလုံလုံနှင့် တစ်ရွေ့ရွေ့ ချဉ်းကပ် ရောက်ရှိ သွား
သည်။

အနားရောက်သည့်အခါ ရိချမ်းမှာ နံရံတွင် ချိတ်
မတာ ကြေးမုံပြင်မှ တစ်ဆင့် ကျားသစ်မနီချူး ချဉ်း
ရောက်ရှိ လာသည်ကို အထိတ်တလန့်ဖြစ်စွာ လှမ်း မြင်
လိုက်ရပြီး....

'ရှင်....ရှင်'

'ဝှီး....ဖောင်း'

အ....ဝူး....ဝူး'



ကျားသစ်မ နီချူးမှာ အသံခတ္တွက်အောင် ရိချမ်း၏ပါး
ပေါက်ကို သူမ၏သန်စွမ်းခိုင်မာသော ဘယ်လက်ဝါးဖြင့်
း အုပ်ပိတ်လိုက်သည်။

ပြီး သူမ ရိချမ်း၏ ညာလက်တစ်ဖက်ကို သူ့ကလက် လျင်
စွာ ဖမ်းချုပ်၍ ချိုးလိမ်လိုက်လေ၏။

ထိုအခါ....

ရိချမ်းမှာ ကျားသစ်မ နီချူးဖမ်းချုပ်ထားမှုမှာ ကြောက်
ကြီး ရုန်းကန်လေသည်။

ထိုစဉ်....

'ဟိတ်.... ရုန်းကန်မနေနဲ့၊ ငါ့နောက်ကို အသာတကြည်
ခဲ့စမ်း'

'အ....ဝူး....ဝူး'

အမိန့်ပေးပြောဆိုကာမှ ရိချမ်းမှာ ကျားသစ်မနီချူးလက်
ရုန်းကန်သွက်လေသည်။

သည်တွင် ကျားသစ်မနီချူးမှာ ဒေါသအမျက် ထွက်လာ
ပြီး....

'ပြောတာ နားမထောင်ဘူး၊ သေချင်တဲ့ကောင်မ၊ ကဲ
....ကဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ထန်း....ထန်း'

'အား....'

'ဘုန်း....'

ပြောပြောဆိုဆိုနှင့်ပင် ကျားသစ်မနီချုံးသည် ရီချမ်း၏ လည်ကုပ်ကို နံရံတွင်ချိတ်ထားသော ကြေးမုံပြင်ချပ်နှင့် ရီချမ်း၏ နဖူးပြင်ကို အားသုံး၍ အရှိန်ဖြင့် ဆောင့်ဆောင့် စစ်လိုက် လေတော့၏။



ရီချမ်းတစ်ယောက် ကြေးမုံပြင်နှင့် ပြင်းပြင်းထန်ထန် သုံးလေးကြိမ် အဆောင့်ခံလိုက်ရမှုကြောင့် သူမ၏နဖူးပြင် ပေါက်ပြဲကာ သွေးအလွှဲလွှဲဖြစ်တည်ကာ သတိလစ်မေ့မြော သွားက် ကြမ်းပြင်ပေါ်သို့ ပျော့ခွေကျသွားရှာလေ၏။

သည်တွင်...

ယောကျ်ားတစ်ယောက်အသွင် သန်စွမ်းကြံ့ခိုင်လျက် ရှိနေရသော ကျားသစ်မနီချုံးမှာ သတိလစ်သွားရသည့် ရီချမ်းကို သယ်မလျက် သိုးသန့် သန့်ရှင်းခန်းထဲမှ ထွက်ခွာသွားလေ၏။

ဆန်ကျောင်းတစ်ယောက် သန့်ရှင်းခန်းထဲမှ ရီချမ်း တစ်ယောက် ထွက်လာနိုး ထွက်လာနိုးနှင့် စောင့်ဆိုင်းနေမိသည်မှာ မှန်းထားသည့်အချိန် ရောက်ရှိလာလေ၏။

'ဟာ... ဒီခလေးက အချိန်ကြာကြီး သန့်ရှင်းခန်းထဲမှာ ရီချမ်း ဘာလုပ်နေပါလိမ့်၊ မဟုတ်သေးဘူး၊ ငါ လိုက်သွားကြည့်လိုက်ဦးမှ'

ထိုသို့...

ဆန်ကျောင်းမှာ သဘောမတွေ့စွာဖြင့် ရေရွတ်ပြောဆိုပြီးနောက် သန့်ရှင်းခန်းရှိရာ ခန်းမညာဘက်ခြမ်းဆီသို့ ခပ်သွက်သွက် လျှောက်သွားလေသည်။ သိုးသန့်ခန်းရှိရာ အခန်းထဲသို့ ရောက်သောအခါ...

'ရီချမ်း...ရီချမ်း'

www.burmeseclassic.com

www.burmeseclassic.com



ရီချမ်းနာမည်ကို တကြော်ကြော် အသံပြု အော်ခေါ်လိုက်လေသည်။

ယန္တရားခန်းများမှ တုံ့ပြန်ထူးသံ ပေါ်ထွက်လာခြင်း မရှိပါချေ။

'ဟင်'

ဒါမကြာခင့်....

သူ့စိတ်ထဲ ရီချမ်းအပေါ် စိုးရိမ်ကြောင့်ကြလာရပြီး သူ့နှုတ်မှ ဟင်ဟူသော အာမေဋိတ်သံတစ်ချက် ရေရွတ်မိလိုက်လေသည်။

ပြီးနောက်....

သူ ရီချမ်း ဝင်ရောက်သွားခဲ့သော ယန္တရားခန်းထဲသို့ ဝင်ရောက်လာခဲ့လေ၏။

အထဲရောက်တော့....

သူ ကြမ်းခင်းပေါ်ဝယ် သွေးစက်များကို လှမ်းမြင်တွေ့လိုက်ရ၏။

'ဟင်....ရီ.... ရီချမ်း တစ်ယောက်တော့ ဒုက္ခရောက်ပြီနဲ့တူတယ်'

စိုးရိမ်တကြီးရေရွတ်လိုက်ပြီး ယန္တရားခန်းတစ်ခုလုံး အခြေအနေကို သူ့အကြည့် ဝေ့ဝဲကြည့်ရှုမိလိုက်လေ၏။



'ဟင်....တောင့် ရန်သူတစ်ဦးဦးက ရီချမ်းကို ကြေးမုံပြင် တိုက်ခိုက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားတာ ဖြစ်ရမယ်၊ ....ငါ အမြန်လိုက်ရှာမှ'

ယင်းသို့....

ဆန်ကျောင်း သုံးသပ် ကောက်ချက်ချ လိုက်ပြီးနောက် ယန္တရားခန်းထဲမှ လျှင်မြန်စွာ ပြေးထွက်လာခဲ့လေ၏။

စိန့်ဝက်ပြီး....

စားသောက်ခန်းအနှံ့ ရီချမ်းကို လိုက်လံရှာဖွေသည်။

သို့သော်....

ရီချမ်းကို အစအနပင် ရှာမတွေ့ချေ။

သို့နှင့်....

သူ့စိတ်ထဲတွင် ရီချမ်းမှာ တည်းခိုခန်းများရှိရာ ပထမဆုံးဆီသို့ လျှင်မြန်စွာ တက်ရောက်ခဲ့လေ၏။

သူတို့ တည်းခိုခန်းထဲရောက်ပြန်တော့....

'ရီချမ်း....ရီချမ်း'

စိုးရိမ်ပူပန်စွာဟစ်ခေါ်ရင်း တည်းခိုခန်းထဲကြည့်ပြန်တော့ ရီချမ်းအရိပ်အယောင် လုံးဝ လုံးဝ မတွေ့ရပါချေ။

'ဟူး....သေ....သေချာလောက်ပါပြီ၊ ရီချမ်းကို ရန်သူ တစ်ဦးဦးက ဖမ်းချုပ်ခေါ်ဆောင်သွားတာ သေချာလောက်ပြီ၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝါ အောက်ထပ်က လုံခြုံရေးအဖွဲ့ကို သွားအကြောင်းကြား မှာပဲ'

ယင်းနောက်....

သူ တွေးတောဆုံးဖြတ်လိုက်ပြီးနောက် လုံခြုံရေးစခန်း ရှိရာ ရွှေစင်နဂါးစားသောက်ဆိုင်အောက်ထပ်သို့ သုတ်လက် လျင်မြန်စွာ ဆင်းခဲ့လေ၏။

သူ ရွှေစင်နဂါး လုံခြုံရေးစခန်းတည်ရာ အခန်းရောက် တော့ အုဇနီး ရီချမ်းရှောက်သရက် သန့်ရှင်းခန်းထဲမှ ပျောက် သွားကြောင်း....

သလွန်စအဖြစ် ကြမ်းခင်းပြင်၌ သေးစ သေးနမျှား တွန်း ထင်ကျန်ရစ်ခဲ့ကြောင်း....

ပြီး နံရံတွင် ချိတ်ဆွဲထားသော ကြေးမုံပြင်မှာလည်း အရိုင်း ပြစ်ထန်စွာ ထိုက်ထားမှုကြောင့် ချိုင့်ခွက်ခနောက်ကြောင်း ဟသည့် အကြောင်းကြောင်းများကို လုံခြုံရေးအဖွဲ့ခေါင်းဆောင်မှား အား တိုင်ကြားလိုက်လေသည်။

ထိုအခါ လုံခြုံရေးအဖွဲ့ခေါင်းဆောင် ချိန်ဆီဖုန်နှင့် အဖွဲ့ သားနှင့်ဦးတို့သည် သိမ်ကိတ်စုတ်တံရှင်ဆန်ကျောင်းနှင့်အတူ မသောက်ခန်းမကို ညွှန်ပြ၍ ရီချမ်း ဝင်ရောက်သွားသော သန့်ရှင်းခန်းကို ဝင်ရောက် ကြည့်ရှု စစ်ဆေးကြလေသည်။

သည်တွင်....



လုံးဝပြောင်းလဲနေသော အခြေအနေကို သိမ်ကိတ်စုတ်တံရှင် ဆန်ကျောင်းတွေ့မြင်လိုက်ရပြီး ပါးစပ်အဟောင်းသား ဖြစ်မှု သိတုန်လှုပ်သွားရှာလေသည်။

'ဟာ....'

အကြောင်းတော့မူ....

ဓားစာက သူကိုယ်တိုင် မျက်မြင်တွေ့ခဲ့ရသော ကြမ်းခင်း ပေါ်ရှိ သေးစ သေးနမျှား လုံးဝမရှိဘဲ ရှင်းလင်းနေသည်ကို သိမ်ကိတ်စုတ်တံရှင် ဆန်ကျောင်း [illegible] တွေ့လိုက်ရသော ကြောင့်ဖြစ်လေသည်။

ထို့နည်း....

လုံခြုံရေးအဖွဲ့ခေါင်းဆောင် ချိန်ဆီဖုန်က ကြမ်းခင်း ပေါ်ဝယ် သိမ်ကိတ်စုတ်တံရှင်ဆန်ကျောင်းတိုင်ကြားသလို သေး စ သေးနမျှားလုံးဝမတွေ့ရသဖြင့် မကျေမနပ်အကြည့်နှင့်....

'ဟော ဟူး ခင်ဗျား တိုင်ကြားသလို ကြမ်းခင်းပေါ်မှာ သလွန်စအဖြစ် သေးစ သေးနတွေ ကျန်ရစ်ခဲ့တယ် ဆိုတာ ဘယ်မှာလဲ'

မေးလေတော့....

သိမ်ကိတ်စုတ်တံရှင်ဆန်ကျောင်း အကြပ်ရိုက်သွားရပြီး....

'ဟာ....ကျွန်...ကျွန်တော် ဒီကြမ်းခင်းပေါ်မှာ သေးစ သေးနတွေ ထင်ကျန်နေတာ မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတာ ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကသာ မြင်တွေ့ခဲ့ရတယ် ပြောဘယ်။ အခု ကြမ်းပြင်ပေါ်မှာ ဘာ သွေးစွန်းနေလဲ မတွေ့ရပါလား'

သည်တွင်....

သူ့ ခေါင်းထဲသို့ သဲလွန်စအဖြစ် အထင်ကရ ကျန်ရစ်နေခဲ့သော ချိုင့်ခွက်နေသည့် ကြေးမုံပြင်ချပ်ကို ဖျတ်ခနဲ ဝင်ရောက်လာလေသည်။

ဒါကြောင့်....

သူ မကျေမနပ်မျက်နှာနှင့် လုံခြုံရေးသိုင်းအဖွဲ့ ခေါင်းဆောင် ချိန်စီဖုန်ထံ အကြည့်ရောက်ရင်း....

'ခနက သဲလွန်စတစ်ခုကတော့ ဟောဟိုနံရံမှာ ချိတ်ဆွဲထားတဲ့ ကြေးမုံပြင်ပါပဲ၊ ဟောဒီမှာ....'

သူထိုးညွှန်ပြရင်း ရှေ့ကန်ယော်တော့ နံရံပေါ်တွင် ချိတ်ဆွဲထားသော ကြေးမုံပြင်ထံ အကြည့်ရောက်သွားမိသောအခါ လုံးဝပြောင်းလဲနေသည့် အခြေအနေကို လှမ်းမြင်တွေ့လိုက်ရသောကြောင့် သူ့မျက်လုံးအစုံ ပြူးထွက်ရပြီး အံ့သြဘကြီးဖြစ်ကာ အာမေဋိတ်စကားကို ဖရွတ်မိလိုက်ရလေသည်။

အကြောင်းမှာ သူ ခေတ္တခဏက မြင်တွေ့ခဲ့ရသော ချိုင့်ခွက်နေသည့် ကြေးမုံပြင်ချပ်မှာ အခုတော့ ပြောင်ချောနေသောမှ ဒဏ်ရာလုံးဝမရှိသည့် ကြေးမုံပြင်ချပ် အသစ်တစ်ခု ချိတ်ဆွဲထားသည်ကို သူ လှမ်းမြင် တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။



လုံးဝ လုံးဝ သူ မှင်သက်မိကာ တွေးတောစဉ်းစား၍ မရအောင်ဖြစ်သွားရလေသည်။

ထိုအခါ....

လုံခြုံရေးသိုင်းအဖွဲ့ခေါင်းဆောင် ချိန်စီဖုန်မှာ စုတ်တံရှင်ဆန်ကျောင်းကို ဝတ္ထုရား နှောင့်ယှက်သည်ဟု အပြစ်တင်ပြောဆိုပြီး သန့်ရှင်းခန်းထဲမှ အလျှိုလျှို ထွက်သွားကြလေသည်။

သည်နောက်....

သူ စိတ်ပျက်လက်ပျက်ဖြစ်ကာ စားသောက်ခန်းမရှိ စားပွဲလွတ်တစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်လိုက်လေသည်။

ထိုစဉ်....

စားပွဲထိုးလူငယ်လေးတစ်ယောက် ရောက်လာပြီး....

'အစ်ကို ဘာသုံးဆောင်မလဲ'

မေးလာတော့ ဆန်ကျောင်းမှာ မလိမ့်တပတ် အလှည့်ခံလိုက်ရမှုကြောင့် ခံပြင်းဒေါသထွက်ကာ အရက်သောက်ချင်စိတ်ပေါ်လာရပြီး....

'ဝါးရွက်စိမ်းအရက်တစ်အိုးနဲ့ အမြန်ဆုံးရမယ့် အမြည်းနှစ်ပွဲယူခဲ့ကွာ'

'ဟုတ်ကဲ့'

www.burmeseclassic.com



စားပွဲထိုးလူငယ်မှာ သူ့ကို ဦးတစ်ချက်ညွှတ်ပြီးနောက် ခပ်သုတ်သုတ် ထွက်ခွာသွားလေသည်။

"အင်း...ငါ မျက်မြင်ကိုယ်တွေ့ကြုံလာရတဲ့ ကြမ်းပြင်ပေါ်က သွေးစေးသွေးနှ၊ ပြီးတော့ နံရံပေါ်မှာ ချိတ်ဆွဲခံနေရတဲ့ကြ မှုချပ်တို့ဟာ ငါ့မျာများပြီး ရီချမ်းကို လိုက်လံရှာဖွေနေ အချိန်မှာ အကျွန်ုပ်အမြင်ပြောင်းလဲပစ်လိုက်တာပဲ၊ ဒါ...ဒါ ရီချမ်းကို ဖမ်းချုပ်သွားတဲ့သူတွေဟာ ဒီမရှစ်နဂါးစားသော ဆိုင်ဝန်ထမ်းတွေနဲ့ ပူးပေါင်းကြံစည်ကြတာများလား၊ အ ဖြစ်နိုင်တယ်"

ထိုသို့ ဆန်းကျော်မှာ အန္တရာယ်ရှင်းခန်းထဲတွင် သံလွန်းအဖြ ကျန်ရစ်ခဲ့သည့် အခြေအနေအားလုံး ချက်ခြင်း ပြောင်းလဲသွား ရသည်မှာ ရီချမ်းကိုဖမ်းပြီးခေါ်ဆောင်သွားသော ရန်သူမျာ နှင့် ရှစ်နဂါး စားတော်ဆက် ဝန်ထမ်း အဖွဲ့အချို့နှင့် ပေါင်းလုပ်ဆောင်သွားသည်ဟု တွေးတောမိ လိုက်လေသည်။

ထိုသို့တွင် သူ့ဦးနှောက်ထဲသို့ ရီချမ်းကိုယ်ခေါ်သို့ စား ထိုးလုပ်သူ ခေါက်ဆွဲပြုတ်ပန်းကန်အမှာကိုလာချသည်ကိုတွေ့ရသော ရှိ [illegible] ဟုတ်ကြောင်း အဖြေတစ်ခု ဖျတ်ခနဲ ပေါ်လာ လေသည်။

"အင်း...အဲဒီကိစ္စလဲ ရီချမ်းကို သန့်ရှင်းခန်းသဲ ခေါ် အောင် စားပွဲထိုးလုပ်သူက ထမင်းဖန်တီးလိုက်တာပဲ"



ထိုသို့ သူ တွေးတောနေစဉ်မှာပင်....

ငွေလင်ဗန်းတစ်ချပ်နှင့် အရက်အိုး၊ အရက်ခွက်၊ အမြည်း ပန်းကန်များကို လာချရောက်ရှိခဲ့ဆောင်လာသော စားပွဲထိုးလူငယ် ရောက်ရှိလာလေသည်။

ယင်းစားပွဲထိုးလူငယ်လေး ငွေလင်ဗန်းပေါ်က ပစ္စည်း များ ဖတ်စီ နေရာချပြီးသွားရာ သူ့ကိုဦးညွှတ်ကာ ထွက်ခွာသွားမည်အပြု...

"ညီလေး... ခဏစောင့်ဦး ကောင်လေး"

လှမ်းပြောလိုက်သော စားပွဲထိုးလူငယ်လေးမှာ သူ့ထံသို့ မျက်နှာ အစုံးလျှပ်ချာ ချဉ်းကပ်ရောက်ရှိလာပြီး....

"ဘာခိုင်းမလို့လဲအစ်ကို"

"တစ်ခြားမဟုတ်ပါဘူး၊ စောစောအချိန်တုန်းက မင်းတို့ဆိုင်က အသက်ကြီးတဲ့စားပွဲထိုးလူကြီးကို ငါတွေ့ချင်လို့ ခေါ်ပေးပါလား"

ယင်းဆိုစကားကြောင့် စားပွဲထိုး လူငယ်လေးမှာ တအံ့ သြဖြစ်ဟန်နှင့် မျက်လုံးအစုံကိုဝင့်ကျယ်သွားပြီး....

"ဟာ အစ်ကို၊ ကျွန်တော်တို့ ရှစ်နဂါး စားတော်ဆက် စားပွဲထိုးဝန်ထမ်းအားလုံးကို ကျွန်တော်တို့လို လူငယ်တွေပဲ ထားပါတယ်၊ အစ်ကိုပြောတဲ့လူကြီးဆိုတာ မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်ပြောဆိုလာသောစကားကြောင့် သိမကျိစုတ်တ
ဆန်ကျောင်းမှာ မျက်မှောင်တစ်ချက်ကြုတ်သွားကာ....

'ညီလေးကသာမဖြစ်နိုင်ဘူးပြောနေ အဲ့ဒီလူကြီး ငါတို့
တည်ခင်းသွားလို့ ငါ့မိန်းမအပေါ်တောင် ခေါက်ဆွဲပြ
မှောက်ခဲ့ရသေးတယ်'

'ဟုတ်လား၊ ဒါဆို မနက်ခင်းပိုင်း တာဝန်ယူတဲ့
ထမင်းအဖွဲ့ကဖြစ်မယ်၊ အခု သူတို့တခုဝန်ပြောင်းသွားပြီး
လွှန်ကြပြီ၊ ကျွန်တော်တို့အဖွဲ့က နေ့ခင်းပိုင်းအဖွဲ့၊ ပြီးတော့
ညနေပိုင်း စားပွဲထိုးအဖွဲ့ကလဲ ရှိသေးတယ်'

'အော် မင်းတို့က အချိန်ပိုင်းနဲ့ခွဲပြီးတာဝန်ယူဆောင်ရွ
နေကြတာကို၊'

'ဟုတ်ပါတယ်အစ်ကို'

'အေး ဒါပါပဲ'

သည်နောက်....

စားပွဲထိုးလူငယ်လေးမှာ သူ့ကိုဦးတစ်ချက်ညွှတ်ပြီး ဆေ
နိုင်းထွက်ခွာသွားလေသည်၊

နဂါးတစ်ရာစံအိမ်တော်၏ အဖွင့်ကြမ္မာဆိုးရှင်းတမ်း

သည်ကနေ့....
လီကျန်မြို့တော်ကြီး၏ မနက်ခင်းရာသီဥတုအခြေအနေမှာ
အောက်တည်ရာမရ ဖြစ်နေ၏၊
အကြောင်းဟူမူ....
နေသာတစ်လှည့် မိုးအုံ့တစ်လှည့်တည်ငြိမ်မှုမရှိမကြာခဏ
ပြောင်းလဲနေသောကြောင့်ဖြစ်၏၊
ယခု နာရီမောင်း ရှစ်ချက်တီးအချိန်မှာတော့ တိမ်ဝိုက်
အောက်ထဲသို့ သူရိန်နေမင်းကြီး ခေါင်းမဖော်နိုင်အောင် နစ်
မြုပ်နေရာမြင့် မိုးအုံ့ဆိုင်းဆိုင်းတော့ ဖြစ်တည် နေရလေ
သည်၊

www.burmeseclassic.com

www.burmeseclassic.com



တိုအချိန်တွင်မူ....

မဟူရာရောင်ပြေးထခနေသော ကျွန်းရထားလုံးကြီးတစ်

လီကျွန်မြို့တော်ကြီး၏ တောင်ဖက်စွန်းရှိ သစ္စာသမားတေ

ဆားကုရုံ အဆောက်အအုံ၏ဆင်ဝင်အောက်သို့ ထိုးဆိုက်လ

လေသည်။

ပြီး....

ထိုမဟူရာရောင်မြေး ကျွန်းရထားလုံးကြီးပေါ်မှ ဝဝဖိုင့်ဖိုင့်

ထောင်ထောင်မောင်းမောင်း ခိုင်ခန့်သောမေးရိုးနှင့် ဥ

ခန့်ညားသည့် လူကြီးတစ်ယောက် ကူခြေချရသက်ဆင်းလ

လေသည်။

ယင်းလူကြီးမှာ အသက်အားဖြင့် (၅၀) ဝန်းကျင်ခန့်

မည်ဟု ထင်ရလေသည်။

ထိုလူကြီးမှာ ဖိုးထည်အညိုရောင်အကျီရှည်ကြီးကိုဝတ်ဆ

ထားလေသည်။

စင်စစ်ဆိုသော်...

ထိုဖိုးထည် အညိုရောင်ဝတ်စုံဝတ် လူကြီးမှာ နယ်နယ်

ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါချေ။

လီကျွန်မြို့တော်၏ ရဲမက်တပ်ဖွဲ့မှ ရဲမက်မှူးကြီးချူ ယိုင်ဖုန်

ပင် ဖြစ်လေသည်။



လု ကျောက်ခင်းလမ်းပေါ် ခြေစုံရပ်မိသည်နှင့် ထု ဆား

ယ်ညာသို့ ရဲမက်ဝတ်စုံကိုယ်စီနှင့် ရဲမက်နှစ်ဦး ရောက်ရှိလာ

လသည်။

ထိုရဲမက်နှစ်ဦးမှာလည်း ကာယဗလ တောင့်တင်းကြံ့ခိုင်

ကြသော လူသန်ကြီးများ ဖြစ်ကြလေသည်။

သို့ဆိုရလျှင်....

ထိုရဲမက်ကြီး ချူယိုင်ဖုန်းမှာ သ သမားတော်ကြီး ဆေး

ရုံ အဆောက်အအုံသို့ မည်သည့်အကြောင်းကြောင့်လာရ

ပါသနည်း။

သိုအကြောင်းကို ချင့်ချိန်ရလျှင်မူ....

လွန်ခဲ့သော (၀၈)ရက်နေ့က ညဦးပိုင်းအချိန်၌ လီကျွန်မြို့

ရောက်တော်ရှိ မြို့မျက်နှာဖုံးသူဌေးကြီး ဟိုင်ချင်စန် ၏မြန်းရာ

ပါးတစ်ရာစီအိမ်တော်ကြီး၌ လူသတ်မှုကြီးတစ်ခုပေါ်ပေါက်

ခဲ့ရလေသည်။

ထိုနေ့ညက ရဲမက်မှူးကြီး ချူယိုင်ဖုန်းတို့အဖွဲ့ သည် နဂါး

စ်ရာစီအိမ်တော်သခင် သူဌေးကြီး ဟိုင်ချင်စန်တို့မိသားစုကို

ရာသ်ရှိအကြောင်း ကြိုတင်သတိပေးလို၍ နဂါးတစ်

မ်တော်သို့ ဝင်ရောက် လာမှ နောက်ကျကာ သူဌေးကြီး

သားစုမှာ လူသတ်သမားလက်ချက်ကြောင့် သေဆုံးသွားလူ

အနိဌာရုံမြင်ကွင်းအား ကြုံတွေ့ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

သေနတ်သံနှင့်အတူ မီးအလင်းရောင်များ ပြန့်ကျဲသွားကြသည်ဟု ထင်မြင်မကျောင်း၊ ရှုမကောင်းအော ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေကြရသော သူဌေးကြီး ဟိုင်ချင်စန်၊ သူဌေးကတော် ကျင်လန်စင်တို့ကို ရဲမက်မှူးကြီး ချူလိုင်ဖုန်းက စမ်းသပ်စစ်ဆေးကြည့်လိုက်သောအခါ ... မျောက်စလို၊ ဇီဝိန်ချုပ်ငြိမ်းနေကြရလေသည်။

နောက်....

သူဌေးသမီးလေး ဟိုင်မေစင်ကို သူစမ်းသပ်စစ်ဆေးကြ ရှုသောအခါ အသက်နှင့်ခန္ဓာ မြဲလျက်ရှိနေကြောင်းစမ်းသ သိရှိရ၏။

ဒါကြောင့်...

ရဲမက်မှူးကြီး ချူလိုင်ဖုန်မှာ သူ့ရဲမက် စစ်သည်များ မေသွေးအလူးလူးနှင့် အသက်မြဲနေရသော သူဌေးသမီး ... မေစင်အား အသက်ဆက်သက်ရှင်သန်အောင် အမြန်ကုသ ရန်အတွက် သစ္စာသမားတော်ကြီး ဆေးကုရုံသို့ အမြန် ဆောင်ခိုင်းလိုက်လေသည်။

ထိုအခါ...

ရဲမက်စစ်သည်တို့၏ အချိန်မီ ပို့ဆောင်ပေးနိုင်ခဲ့မှုဖြင့် သူ သမီးလေးဟိုင်မေစင်မှာ သစ္စာသမားတော်ကြီး၊ တင်ကွမ်း ၏ စွမ်းစွမ်းတမံကုသပေးနိုင်မှုကြောင့် အသက်မသေသဲ ဘေးမှလွတ်မြောက်လာရလေသည်။



သို့ရာတွင်...

သူဌေးသမီးလေး ဟိုင်မေစင်မှာ လူသတ်သမား၏ ပြင်း ထန်သော ဓားချက်ကြောင့် အသက်ရှင်သန်လာရသော်လည်း အတိတ်မေ့ရောဂါ စွဲကပ်ကျန်ရစ်ခဲ့လေသည်။

သို့မို့ကြောင့်...

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ လူသတ်သမားခံကိုဖော်ထုတ်ဖို့ အသက်မသေသဲကျန်ရစ်ခဲ့သော သူဌေးသမီးလေး ဟိုင်မေစင် ကို စစ်ဆေးမေးမြန်းရန်အတွက် အခက်ကြီး ကြုံနေရလေ၏။

သို့သော်လည်း...

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ သူဌေးသမီး ဟိုင်မေစင်ကို ရဲမက်နှစ်ဦး စေ့စပ်ကင်းရှောင်လျက် စွဲကပ်နေသော အတိတ်မေ့ ဝေဒနာဆိုးကြီး ပျောက်ကင်းအောင် သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းထံ ဆက်လက်ကုသခံစေလေသည်။

ပြောရမည်ဆိုလျှင်...

နဂါးတစ်ရာစံအိမ်တော်သခင် သူဌေးကြီး ဟိုင်ချင်စန်နှင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်းတို့မှာ ခင်မင် ရင်းနှီး ကျွမ်းဝင်ကြ သော ငယ်သူငယ်ချင်းများ ဖြစ်ကြလေသည်။

သို့မို့ကြောင့်လည်း....

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ တစ်ယောက် အိမ်တွင်းရေးကို တစ်ယောက် ဖွင့်ဖွင့်လင်းလင်း ဖွင့်ပြောဆိုကြရင်း တောင်းရေးကောင်းကြောင်းအကြံပြုပြောဆိုကြလေသည်။

အခုတော့လည်း မသမာသူ လက်ချက်ကြောင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်း၏အခင်မင်ဆုံးဖြစ်သူ သူငယ်ချင်း သူဌေးကြီး ဟိုင်ချင်စန်တစ်ယောက် တမလွန်မြန်းသွားခဲ့သည်မှာ ရက်ပင်မနည်းတော့ပါချေ။

သည်ကနေ့လည်း ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ အတိတ်မေ့ဝေဒနာဆိုးစွဲကပ်ခံစားနေရသော သူဌေးသမီးလေး ဟိုင်မေစင် အခြေအနေကို အကဲခတ်ရန်အတွက် သစ္စာသမားတော်ကြီး တင်ကွမ်ဟီန်း၏ဆေးကုသရုံ အဆောက်အဦသို့ ရောက်ရှိလာရခြင်းဖြစ်လေသည်။

ရဲမက်မှူးကြီးချူလိုင်ဖုန်းကိုလည်း ရဲမက်နှစ်ဦးတို့ဘယ်ညာရံလျက် သစ္စာဆေးကုရုံ အောက်ထပ်သို့ လှေကားထစ်များ နင်းကျော်ဖြတ်သန်းကာ တက်ရောက်လာကြလေသည်။

ပြောရမည်ဆိုလျှင်....

သစ္စာဆေးကုရုံမှာ လီကျုန်မြို့တော်၌ နာမည်ကျော်ကြားသဖြင့် လာရောက်ကုသကြသည့်လူများ မနေစဉ်မပြတ် လူဝင်လူထွက် များပြားလျက်ရှိနေရလေသည်။



သို့နှင့် ရဲမက်မှူးကြီးချူလိုင်ဖုန်းသည် ရဲမက်နှစ်ဦးတို့ဘယ်ညာရံလျက် သစ္စာသမားတော်ကြီး တင်ကွမ်ဟီန်းရှိရာအခန်းဦးတည် လျှောက်လှမ်းလာခဲ့ကြလေသည်။

သစ္စာသမားတော်ကြီးတင်ကွမ်ဟီန်း၏ရုံးခန်းမှာ အောက်ထပ်ခေါင်းရင်းပိုင်းရှိ အခန်းတစ်ခန်းဖြစ်သည်။

ရဲမက်မှူးကြီး ချူလိုင်ဖုန်းတို့သုံးဦး သစ္စာသမားတော်ကြီး တင်ကွမ်ဟီန်း၏ရုံးထိုင်ရာအခန်းရှေ့သို့ရောက်သောအခါ ကိုယ်ရံတော်ရဲမက်နှစ်ဦးတို့မှာ အဝင်တံခါးပေါက်အပြင်၌ ရပ်ကျန်ခဲ့ကြလေသည်။

ရဲမက်မှူးကြီး ချူလိုင်ဖုန်း တစ်ယောက်တည်းသာ သစ္စာသမားတော်ကြီး တင်ကွမ်ဟီန်း၏ရုံးခန်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

အခန်းတွင်း ရောက်သော စားပွဲတစ်လုံးနောက်တွင် ထိုင်လျက် စာအုပ်ထူကြီးတစ်ခုကို လှန်ဖတ်နေသောသစ္စာသမားတော်ကြီးက ချူလိုင်ဖုန်းကို လှမ်းမြင်တွေ့လိုက်ရသဖြင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ဦးတစ်ချက်ညွှတ်ကာ နှုတ်ဆက်လိုက်သည်။

ထိုအခါ....

သူရောက်ရှိလာသည်ကို လှမ်းဂရုမမူမိလာရသော သစ္စာသမားတော်ကြီး တင်ကွမ်ဟီန်းမှာ ဘာ့အံ့အားသြ ဖြစ်သွားဟန်နှင့်....

www.burmeseclassic.com

www.burmeseclassic.com



'ဟာ….ရဲမက်မှူးကြီး ရောက်လာတာကို၊ ကျွန်တော်… ခင်များကို မျှော်လင့်နေတာနဲ့ အတော်ဘဲ'

လှိုက်လှဲ့ဘုန်းဖြင့် ပြောဆိုလာမှုကြောင့် ရဲမက်မှူးကြီး ချူ လိုင်ဖုန်းမှာ အကြောင်းထူးရှိပြီဟု ထင်မှတ်ကာ တက်ကြွ သော ခြေလှမ်းများနှင့် သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်း ထိုင်နေရာစားပွဲဆီသို့ ချဉ်းကပ်ရောက်ရှိသွား၏။

ပြီး သူ သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းနှင့် မျက်နှာ ချင်းဆိုင်ရှိ ထိုင်ခုံတစ်လုံး၌ ဝင်ရောက် ထိုင်လိုက်၏။

ထိုစဉ် ရဲမက်မှူးကြီးချူလိုင်ဖုန်းမှာ သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းအား အကြည့်စူးစိုက်ရောက်ရင်း….

'သမားတော်ကြီး ကျွန်တော့်ကို ဘာအကြောင်း တွေ့လို မျှော်လင့်နေတာလဲ'

ယင်းအမေးကြောင့် သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်း မှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း၊

'အင်း….ရဲမက်ကြီးကို မျှော်လင့်နေတာ တစ်ခြားမဟုတ် ပါဘူး၊ ကျုပ်မော်စပ်တဲ့ နှစ်ထစ်တောင် မြွေပွေးရဲ့သည်းခြေ နဲ့ ဆေးတန်ခိုးကြောင့် သူဌေးသမီးလေးရဲ့ အတိတ်မေ့ ရောဂါ ကောင်းစပြုလာပြီ၊ ဒါကြောင့် 'သူ' ကသိုလ်ကာ အကြောင်းတာရာပဲ ပြောရမှာပါ၊ ပြောဆိုကျွန်းက ကျုပ်



…ဘ်ဆေး မှုသိုးကြီး အဲဒီရှားရှားပါးပါး ရခဲလှခြပ်းဆိုတဲ့ …စ်တစ်တောင်မြွေပွေးကြီးရဲ့ သည်းခြေကို ယူခဲ့ဆောင်လာတာ …ကြုံကြိုက်နေတယ်မလာ'

'ဟင် ဒါ…ဒါဆို သူ…သူဌေးသမီးလေး နဂိုစိတ်အတိုင်း …ရောက်လာပြီလား'

သိချင်ဇော ခေါ်သံဖြင့် ခပ်လောလော လှမ်းမေးလိုက် …ာ….

သစ္စာ သမားတော်ကြီး တင်ကွမ်ဟိန်းမှာ သက်ပြင်းခပ် …ဉ်းမျှဉ်း ချလိုက်ပြီးမှ

'အင်း….အရင်ထက်စာရင် ပိုကောင်းလာပါပြီ၊ ဒါပေမယ့် …လဲ မလည်သေးဘူးလေ၊ ဒါပေမယ့် သူဖြစ်ပျက်ခဲ့တဲ့ကိစ္စကို …းလေးနက်နက်တွေးပြီး စဉ်းစားနေပုံရတယ်'

ထိုစကားကြားလိုက်ရသော ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ …တက်ကြွကြွဟန်နှင့်….

'ဒါ….ဒါဆိုသမားတော်ကြီး 'သူ့'အဖြစ်မှန်ကို သတိရ …အောင် သူ့ရဲ့ အတိတ်အရကြောင်းကို ဖွင့်ဟပြောပြလိုက်ရင် …ကောင်းမှာလား'

အကြံလှမ်းပေါင်းခံ့ဖို့ကိုရှ သစ္စာသမားတော်ကြီး တင် …ကွမ်ဟိန်းမှာ နှုတ်ခမ်းကြားတစ်ချက်ကြိုက်ကာ တွေးတောစဉ်း …းဟန် ပြုလိုက်ပြီးမှ….

www.burmeseclassic.com

www.burmeseclassic.com



'အင်း....ရဲမက်မှူးကြီး ငယ်းတိုးမေးပြီး မြောကြည့်လိုက်ပါ၊ အခြေအနေ ကောင်းရင်လဲ ဆက်မပြောပေါ့၊ အဲ....သူ့ အခြေအနေ မဟန်ဘူးဆိုရင်တော့ သူ့အတိတ် ကြောင်း ဆက်မပြောဖြန့်ပေါ့၊ ကျုပ်ရဲ့ဆေးမါတ် လည်သွားရင်တော့ သူ့နဂိုလူကောင်းဘာဝအတိုင်း ပြန်ရောက်လာမှာပါ'

'ဟုတ်ကဲ့၊ ဒါဆို သမားတော်ကြီး သူ့ကို ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်'

'ကောင်းပါပြီ'

သည်တွင်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ တစ်စုံတခုကိုသတိရမိလို သဖြင့်သမားတော်ကြီး တင်ကွမ်ဟိန်း စားပွဲရှေ့မှ ထွက်ခဲ့ မည်ပြုပြီးမှ သစ္စာ သမားတော်ကြီးတင်ကွမ်ဟိန်းထံ အကြ ရှေ့ပြောင်း ရောက်ရှိသွားရပြီး၊

'ဒါနဲ့သမားတော်ကြီး သူဌေးမလေးနဲ့ ဘာတော်တူ စပ်ထားတဲ့ ဝူရှန်ကျွင်းဆိုတဲ့ သူငယ်ကော ဗီဇဆေးရုံကို လာ လေးလား'

ရှုးဓမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းမှာ ခေါင်းတစ်ချက် ခါဘမ်းလိုက်ရင်း



'သူ့ဒီကို လုံးဝမလာပါဘူး၊ ဒါနဲ့ ရဲမှူးကြီးက သူ့ကို ယမှုနဲ့ တရားရုံးတော်မှာ တရားစွဲဆိုထားတယ် မဟုတ် ၊ အဲဒီအခြေအနေကကော'

မေးတော့ ရဲမှူးကြီး ချူလိုပ်ဖုန်းက သက်ပြင်း မသိမသာ တ်ပြီးနောက်၊

'အဲဒီကိစ္စကလဲ ကျွန်တော် ဖက်က တခါက ဆက်သေ သက်အထောက်အထားဖြစ်တဲ့ သူဌေးမလေးက သတိမရလာခတော့ ကြုံနေရတယ်၊ ဒါကြောင့်အမှုကို သူဌေးမလေး ကျန်း ရေး ချိုယွင်းချက်ကို အကြောင်းပြုပြီးအချိန်ဆွဲထားရပါ ယ်၊အခု သမားတော်ကြီးကသူ့ အခြေအနေ ကောင်းလာ ဆိုတဲ့စကား ကြားရတော့ ကျွန်တော် အတော်လေးကို တက် ဝမ်းသာ သွားမိရပါတယ်'

ထိုအခါ သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းမှာ အသွာ ပြုံးလိုက်ရင်း....

ကဲ ရဲမှူးကြီးသူဌေးသမီးလေးတိုင်မေစင်ကို သွားရောက် ကြည့်ပြီး အခြေအနေ ထူးခြားမှုရှိမရှိ စစ်ဆေးကြည့် ပါဦး'

သူဌေးသမီးလေးတိုင်မေစင်ထံ သွားရောက်၍ အခြေအနေ မေးစစ်ဆေးရန် သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းက

www.burmeseclassic.com

တိုက်တွန်း ဖြော့ဆိုလာသဖြင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်း ခေါင်းဆတ်ခနဲညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ပါ သမားတော်ကြီးရဲ့...ဒါဆိုသမားတော်ကြီး ကျွန်တော် တို့ သူဌေးသမီးလေးကို သွားရောက်တွေ့ဆုံဖို့ ပြုပါဦး'

'ကောင်းပါပြီ ခင်ဗျာ'

ထိုသို့ ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် သမားတော်ကြီး တင်ကျုမ်ဟိုနိုးကို နှုတ်ဆက်ပြီးနောက် ရုံးခန်းထဲမှ နိုင်းထွက်လာခဲ့လေတော့သည်။

* * *

## အခန်း ( ၁၂ )

### ကတိုးထိမေ့ နေဝါနှင့်ရှင်မလေး ဟိုင်မေစင်

သို့နှင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် သူဌေးသမီးလေး ဟိုင်မေစင်တစ်ယောက်ကုသခံနေရသော အခန်းရှိရာ အပေါ် ဆင်ဆောင်သို့ ကိုယ်ရံတော်ရဲမက်နှစ်ဦးတို့ခြံရံလျက်စာကာ ရောက်လာကြလေသည်။

သူမ၏ဆေးကုခန်းမှာ အပေါ်ထပ် ထန်းလျားဆောင်၏ ထောင့်ဆုံးအခန်းတွင် တည်ရှိနေလေသည်။

ပြီး သူမအခန်းတံခါးပေါက်၌ သူမအန္တရာယ်လုံခြုံရေး အတွက် စောင့်လို ရဲမက်နှစ်ဦးတို့ အစောင့်ချထားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်မှူးကြီး ချူလိုင်ဖုန်းတစ်ယောက် သူဌေးသမီးလေ
ဟိုင်မေစင်၏ ဆေးကုခန်းတံခါးပေါက်ရောက်သည်နှင့်အခ
စောင့်ရဲမက်နှစ်ဦးတို့မှာ သူ့အားပြိုင်တူဦးညွှတ်အလေးပြုလ
ကြလေသည်။

ထိုစဉ် ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ အသိအမှတ်ပြုသ
သဘောနှင့် အလေးပြုလာကြသော ရဲမက်နှစ်ဦးတို့ကိုတုံ့ပြ
၍ ခေါင်းတစ်ချက် အသာညိတ်ပြလိုက်သည်။

ပြီးနောက်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ အစောင့် ရဲမက်နှစ်ဦး
အခန်းတံခါး အသင့်ဖွင့်ဟပေးလာသော တံခါးပေါက်
ဖြင့် ကျော်၍ ဆေးကုခန်းထဲသို့ ဝင်ရောက်လိုက်လေ၏။

အထဲရောက်သောအခါ....

ခုတင်ပေါ်၌ဝယ် မျက်ကွင်းနှစ်ဖက် ညိုရောင်သမ်း
ဟောက်ပက်ဖြစ်နေသော သူဌေးသမီးလေး ဟိုင်မေစင် တ
ယောက် သူ့ထံ ကြောင်ကြည့်နေသည်ကို ရဲမက်မှူးကြီး ချူလို
ဖုန်းမှာ ရင်ဆို့နင့်စွာ ခံစားလိုက်ရလေ၏။

ပြီးနောက်....

သူ ခုတင်အနား ခြေစုံရပ်လိုက်မိရင်း....

'သမီး ဟိုင်မေစင် နေသိုင်ကောင်းရဲ့လား'



စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်သော သူဌေးသမီးလေး
ဟိုင်မေစင်မှာ ရဲမက်မှူးကြီး ချူလိုင်ဖုန်းထံ စူးစူးစိုက်စိုက်
ကြည့်ရင်း မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစားအားဖြတ်နေ
လေ၏။

ထိုအခြေအနေကို လှမ်းအကဲခတ်မိလိုက်ရသော ရဲမှူးကြီး
ချူလိုင်ဖုန်းမှာ အသာအယာပြုံးလိုက်ကာ....

'သမီး....ဦးလေး ချူလိုင်ဖုန်းလေ၊ သမီးတို့စံအိမ်တော်ကို
ကြာခဏ ရောက်ရောက်လာတဲ့သူလေ'

ထိုသို့....

သူ့အား အမှတ်ရစေရန်အတွက် အတိတ်အကြောင်း
တစ်ပိုင်းတစ်စကို ထုတ်ဖော်ပြောပြလိုက်လေ၏။

ထိုအခါ....

သူဌေးသမီးလေး ဟိုင်မေစင်မှာ နှုတ်ခမ်းလေး တွန့်
ကြွတ်သွားရပြီး ရဲမက်မှူးကြီး ပြောဆိုလိုက်သော စကားများ
တွေးတောသုံးသပ်လိုက်လေသည်။

သည်တွင်....

မှေးလျော့နေသော သူမ ဦးနှောက်ထဲသို့ သူမ၏ နဂါး
စရာ စံအိမ်တော်ကြီးသို့ ရဲမက်အရာရှိဝတ်စုံ ဆင်မြန်းလျက်
အားလုံးတစ်စင်းနှင့် မကြာခဏဆိုသလို လာလည်လေ့ရှိ
သည့် ရဲမက်မှူးကြီး ချူလိုင်ဖုန်း၏ လှုပ်ရှားမှုပုံရိပ် ထင်ဟပ်
ပေါ်ယောင်မိလာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်...သ...သမီး မှတ်မိပြီ ဦး...ဦးလေး ချူလိုင်ဖုန်း'

ထိုသို့...

သူ့ငွေးသမီးလေး ဟိုင်မေစင်မှာ အမှတ်ရလာစွာဖြင့် လှ
လှမ်းရှားရှား ပြောဆိုလာသည်ကို ရဲမက်မှူးကြီး ချူလိုင်ဖုန်း
လှမ်းမြင်တွေ့ရပြီး အားတက်စမ်းလာသွားရကာ...

'အေး...ဟုတ်တယ်၊ ငါပါ၊ သမီးလေး ဦးဦးကို အမှတ်
ရလာပြီလား'

အားတက်ခမ်းသာစွာ လှမ်းမေးရင်း ခုတင်နံဘေးရှိ ထိုင်
တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေ၏။

ပြီးနောက်...

လှုပ်လှုပ်ရှားရှားတန်မှာ ရုတ်ခြည်း ငိုင်ကျသွားရပြီး
စတွေငေးငေး ဖြစ်သွားရကာ သူ့ငွေးသမီးလေး ဟိုင်မေစင်
အခြေအနေကို မြင်မတွေ့လိုက်ရသဖြင့် သူ့စိတ်ထဲ ထင့်ခနဲ
သွားရပြီး...

'သ...သမီး၊ ဘာတွေစဉ်းစားနေတာလဲ'

စိုးထိတ်သံဖြင့် လှမ်းမေးလိုက်တော့ မျက်ရည်ကြည်
ဝေဝဲတက်နေရသော မျက်ဝန်းအစုံနှင့် သူ့ငွေးသမီး
ဟိုင်မေစင်မှာ ရဲမက်မှူးကြီးချူလိုင်ဖုန်းထံ အကြည့်ရွေ့ပြော
ရောက်ရှိလာရပြီး...



'ဦး...ဦးလေး၊ သ...သမီး ဒီ...ဒီ ဆေးကုခန်းကို ဘယ်
ဘယ်လို ရောက်ရတာလဲဟင်'

ယင်းအမေးစကားကို ကြားလိုက်ရသော ရဲမက်စူးကြီး
ချူလိုင်ဖုန်းမှာ ရင်နင့်စွာ ခံစားလိုက်ရပြီး...

'အင်း...သမီးလေး ဟိုင်မေစင်က၊ သူ ဖြတ်သန်းလာခဲ့ရ
တဲ့ အတိုတ်ကြမ္မာဆိုးကြီးကို မသိရှာဘူး၊ သူ့ အတိတ်ကို ပြန်
သတိရလိုရငြား ငါ အတိတ်ကြမ္မာဆိုးကြီးအကြောင်း ပြော
လိုက်ရင် ကောင်းမယ်၊ ထကယ်လို့ ကံကောင်းထောက်မရင်
တော့ သူ...သူလေး အတိတ်အကြောင်းကို ပြန်သတိရချင်
ကောင်းပါရဲ့...ဟူး'

ယင်းသို့...

သူ တွေးတောဆုံးဖြတ်ချက်ချလိုက်ပြီးနောက် သက်ပြင်း
မောတစ်ချက် မသိမသာ ချလိုက်မိလေသည်၊

ပြီးမှ...

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ဝေးစိုက်ခံစောင့်စားနေရှာ
သော မျက်နှာညှိုးညှိုးခရာ်ခရာ်နှင့် သူ့ငွေးသမီးလေး ဟိုင်
မေစင်ထံ မျက်နှာရွေ့မပြောင်း ရောက်ရှိသွားရပြီး...

'အင်း...သမီးလေး ဗီသစ္စာသမားတော်ကြီး ဆေးကုခန်း
မှာ ဘယ်လို ဒဏ်ရာ ဒဏ်ချက်ရရှိပြီး ဆေးကုသဆောင်တဲ
ရောက်လာရသလဲဆိုတာ ဦးလေး သမီး ပြန်အမှတ်ရအောင်
အောင် ဖြစ်ကြောင်းကုန်စင် ပြောပြပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်တော့ မျက်လုံးအနေအထား မှန်ကန်မှုရှိလာသော သူဌေးသမီးလေး ဟိုင်မေစင်မှာ ခေါင်းအသာ ညိတ်လိုက်ရင်း....

'ဟုတ်...ဟုတ်ကဲ့ပါ ဦးလေး၊ သမီး မနေ့ကထည်းက ဒီကို ဘာကြောင့် ရောက်လာရသလဲလို့ အဖြေထုတ် စဉ်းစားနေတာ၊ စဉ်းစားလို့မရဘူး။ ဒါနဲ့ သမီး ဖေဖေနဲ့ မေမေတို့လဲ သ...သမီးဆီ မလာကြပါလား၊ ဖေဖေ မေမေတို့ သမီးကို စိမ်းကားကြတယ်၊ မကြင်နာကြဘူး...အီး ဟင့် ဟင့်'

မိဘနှစ်ပါးတို့ မသမာသူလက်ချက်ကြောင့် မရှိမယှ သေဆုံးသွားရသည်မှာ ကြာပြီဖြစ်သည်ကို အခုတိုင် မသိရှာသေးသော သူဌေးသမီးလေး ဟိုင်မေစင်မှာ သူမ သစ္စာသမား မတော် ဆေးကုရုံသို့ တက်ရောက်ကုသနေသည်ကို မိဘနှစ်ပါးစလုံး မလာရောက်သည်ဟု စိတ်မကောင်းဖြစ်စွာ ပြောဆိုငိုကြွေးလိုက်တော့၏။

သည့်တွင်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ စိတ်မကောင်းခြင်းဖြစ်စွာနှင့် သက်ပြင်းလေးကြီးတစ်ချက်ချလိုက်ပြီးမှ...

'သမီး ငိုပါနဲ့ကွယ်၊ သမီးမိဘနှစ်ပါးဟာ သမီး ဆေးကုရုံဆောင်ထက်ရောက် ကုသနေတာကို ဘာကြောင့် မရောက်နိုင်သလဲဆိုတာ ဦးလေး ပြောပြမယ်၊ အဖတ်အကြောင်းကို သမီး သေချာနားထောင်ပြီး ပြန်စဉ်းစားရင် သမီး ဘာကြောင့် ဒီဆေးရုံကို ရောက်လာရသလဲဆိုတာ သဘောပေါက် သိရှိလာရမှာပါ'



ဖျောင်းဖျပြောလိုက်တော့....

သူဌေးသမီးလေး ဟိုင်မေစင်မှာ မျက်ဝန်းစပ်တို့မှ သွယ်စီးရစ်လာကြသော မျက်ရည်စီးကြောင်းတို့ကို သူမ၏ ညာလက်ခုံဖြင့် ဝေ့ယမ်းသုတ်သပ်လိုက်ပြီးမှ ရဲမက်မှူးကြီး ချူလိုင်ဖုန်းထံ အကြည့်ရောက်ကာ ခေါင်းတစ်ချက် အသာ ညိတ်လိုက်ရင်း....

'ဟုတ်ကဲ့ပါ ဦးလေး'

ထိုစဉ်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ကမ္ဘာဆိုးကြီး ပေါ်ပေါက်လာဖို့ အကြောင်းရင်းခံ အဖတ်ကြောင်းအစကို မည်သည့်နေရာလောက်က သူဌေးသမီးလေး ဟိုင်မေစင်ကို ရင်ဖွင့်ပြောပြရင် ကောင်းမလဲဟု နဖူးကြောကြီး ရှုံ့တွကာ စဉ်းစားတော ဦးစားမိလိုက်လေ၏။

ထိုအချိန်တွင်မူ...

သူဌေးသမီးလေး ဟိုင်မေစင်မှာလည်း တွေးတွေးဆဆ ဖြစ်နေရသော ရဲမက်မှူးကြီး ချူလိုင်ဖုန်း၏ ဖွင့်ဟလာသည့် စကားကို စိတ်ဝင်တစားဟန်နှင့် ငံ့လင့်စောင့်စားနေမိလေသည်။

သိပ်မကြာလိုက်ပါချေ။

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ သက်ပြင်း မသိမသာချလိုက်ပြီးမှ သူဌေးသမီးလေး ဟိုင်စင်မေထံ အကြည့်ရောက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



'သမီးအဖေနဲ့ ဦးလေးတို့ဟာ လူပျိုဘဝကတည်းက သ
ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းနှစ်ယောက်ပဲ၊ အဲ....အိမ်ထေ
အသီးသီးကျကြတော့လဲ တစ်ယောက်အိမ်ထောင်ရေးမိသာ
အကြောင်း တစ်ယောက် ရင်ဖွင့်ပြောကြပြီး ဆို့ တိုင်
ကောင်းတိုင်ပင်ရှိကြတယ်၊ အဲ တစ်နေ့ သမီးနဲ့ ပတ်သက်
ကိစ္စတစ်ခု ဦးလေးထံ သမီးအဖေ ရင်ဖွင့်တိုင်ပင်လာတ
လေ'

ပြောတော့ သူဌေးသမီးလေးဟိုင်စင်မေမှာ သူ့ ထိမျက်
အစုံတို့ ဝင့်ကြည့်လာပြီး....

'ဖေဖေက ဘာကိစ္စတိုင်ပင်တာလဲဦးလေး'

စူးစမ်းဟန်ဖြင့်လှမ်းမေးလာတော့ ရဲခက်မှူးကြီး ချူလို
ဖုန်မှာ အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း....

'သမီးတို့ကိစ္စပဲ'

'သမီးတို့ကိစ္စဟာ ဘာပါလိမ့်'

ထိုသို့ သူဌေးသမီးလေး ဟိုင်စင်မေမှာ သူ့ ကိစ္စဟု ရဲ
မှူးကြီးချူလိုင်ဖုန်းက ပြောဆိုလာသဖြင့် အမှတ်မရသဖြင့် နှ
လေးတွန့်ကာ ပြဖြေထုတ် စဉ်းစားဟန် ပြုလိုက်မိလေတေ
သည်။

* * *



တို့အနိုက်....

ရဲခက်မှူးကြီးချူလိုင်ဖုန်းသည် အဓိပ္ပာယ်ပါပါ တစ်ချက်
းလိုက်ရင်း....

'သမီးတို့ကိစ္စက ဘာလဲဆိုတော့ သမီးနဲ့ရည်ငံနေတဲ့ သမီး
သူ ဝူရှန်ကျင်းကိုဖကာ သမီးသတိရသေးသလား'

အကဲစမ်း၍လှမ်းမေးလိုက်တော့ သူဌေးသမီးလေး ဟိုင်
မေမှာ မျက်ဝန်းအိမ်အတွင်းတို့မှ မျက်ဆံတို့အပေါ်ဘက်
းဘက်သွားရပြီး....

'ဝူရှန်ကျင်း....ဝူရှန်ကျင်းက ကျွန်မနဲ့ရည်ငံမနေတဲ့ချစ်သူ'

နှုတ်မှ တီးတိုးရေရွတ်ရင်း သူမ၏ချစ်သူ ဝူရှန်ကျင်းကို
နောက်အသုံးပြုကာ ပုံဖော်ကြည့်မိလိုက်လေ၏။

ထိုအခါ....

သူမအာရုံ၌ပေါ်သို့ ရုပ်ရည်ချောမောလျက်ရှိသော ချစ်သူ
န်ကျင်း၏ ရုပ်သွင်တူ တဖြည်းဖြည်း ထင်ဟပ်လာရလေ
သည်။

'ဟုတ်တယ်၊ သူဟာ ငါ့ချစ်သူပဲ'

ယင်းသို့ သူဌေးသမီးလေး ဟိုင်စင်မေမှာ ချစ်သူ ဝူရှန်
င်းကို အမှတ်ရမိစွာ တွေးတောရေရွတ်မိလိုက်လေ၏၊
ပြီး သူမအကြည့် ရဲခက်မှူးကြီး ချူလိုင်ဖုန်းထံ စူးစိုက်
က်ရင်း....

'သမီး သူ့ကိုအမှတ်ရမိပါပြီ'

'အေး....ဟုတ်ပြီ၊ ဒါဆို ဦးလေး အတိတ်အကြောင်းကို
က်ပြောဖို့ အားရှိလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး သမီးတို့ကိစ္စကို ဖေဖေက ဘာတွေကိုမှာထား
လို့လဲ'

ဟုသိချင်သောလေသံဖြင့် သူမ်ိမေးလာသဖြင့် ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ဖေဖေက သစ္စာသမားတော်ကြီး တင်ကျ ဟိန်းပြောဆိုခဲ့အောင် (သူဌေးသမီးလေးဟိုင်စင်မေတစ်ယော သူ၏ နှစ်တစ်ထောင်မြေပေး၏ သည်းခြေအကြောင့် အတ မေ့ဝမေနာဆုံး ပျောက်ကင်းစမြဲသရပြဲ၂ဟူသည့်တိုစာ မှန်ကန်နေကြောင်း ကြုံတွေ့လာရသဖြင့် သူ့ရင်ထဲဖော်မပြ အောင် ဝမ်းသာသွားရလေ၏။

သည်တွင်...

ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် ခေါင်းတစ်ချက် ညိ လိုက်ပြီး...

'သမီးကိုပြောပြပါမယ်၊ သမီးတို့နှစ်ယောက် ချစ်သူ ဖြစ်တဲ့အကြောင်း သူဌေးကြီး ဟိုင်ချင်စန်းသိသွားပြီးတဲ့နေ ပိုင်းမှာ ဦးလေးဆီ အကူအညီတစ်ချက်တောင်းလာတယ်

အဲဒီအကူအညီက ဘာလဲဆိုတော့...'

* * *



'သူဌေးချင်း ချူလိုင်ဖုန်း၊ ငါ့အကူအညီတစ်ခုတောင်းချင် တယ်ကွာ'

လက်ဖက်ရည်ဝိုင်းမှာ သူဌေးချင်းသူဌေးကြီး ဟိုင်ချင်စန်း က လက်ဖက်ရည်သောက်နေသော ရဲမက်မှူးကြီးချူလိုင်ဖုန်း ထံ အထက်ပါအတိုင်း အကူအညီ တောင်းခံလာသည့်စကား ပြောလိုက်ရသဖြင့် ရဲမက်မှူးကြီးချူလိုင်ဖုန်းလက်ထဲမှ လက် ဖက်ရည်ခွက်ကို စားပွဲဝိုင်းပေါ်သို့ အသာအယာချလိုက်ရလေ သည်။

ပြီးမှ သူဌေးကြီး ဟိုင်ချင်စန်းထံ အကြည့်ဝင့်ပြည့်လိုက် ပြီး...

'သူဌေးချင်းက အဲတွေ့အသွားမှုပြောစရာမလိုပါဘူးကွာ၊ မင်းနဲ့ငါဟာ တစ်ယောက်နဲ့တစ်ယောက် ယိုင်းပင်းကူညီခဲ့ တဲ့ကြတာ ကြာပြီပဲ၊ ကဲ ငါ့သူဌေးချင်းကို ဘာအကူအညီ ပေးရမယ် ဆိုတာပြောဦး'

ပြုံးမေးလိုက်တော့ သူဌေးကြီး ဟိုင်ချင်စန်းမှာ သက် ပြင်းခပ်မှုဉ်းမှုဉ်းချလိုက်ပြီးနောက်...

'တစ်ခြား မဟုတ်ပါဘူးကွာ၊ ငါ့သမီးမှာ ရည်ငံနေတဲ့ ချစ်သူတစ်ယောက်ရှိလာပြီ၊ ဒါကသို့ လူ့အခန်းထဲ အမှတ် မထင်ရောက်သွားတဲ့အချိန်မှာ သူ့ချစ်သူလက်ဆောင်ပေးထား တဲ့ ပန်းချီကားချပ်ကို မြင်တွေ့ခဲ့တယ်'

'ဪ'

-'ဒါနဲ့ ငါလဲ မှင်ပုပ်မြင်းသင်းသိပိုတာနဲ့ သမီးကိုခေါ်ဆူ မေးမြန်းလိုက်တော့ သမီးကလည်းဝန်ခံတယ်၊ ကောင်လေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ကတော့ လှချောပါပဲ၊ နောက်ပိုင်း သမီးက အဲဒီ ကောင်လေးကို စံအိမ်တော်ကို ခေါ်လာတယ်၊ သူငယ်ချင်းက တာဝန်တွေများပြားနေလေတော့ ငါစံအိမ်တော်ကိုအရောက် အပေါက် နည်းလာရတယ်လေ'

'ဟုတ်တယ်သူငယ်ချင်း'

'အဲဒီတော့ ငါ့ကိုအကူအညီ ပေးရမှာ၊ အဲဒီငါ့သမီး နဲ့တွဲနေတဲ့ကောင်လေးဟာ လူဆိုးလား လူကောင်းလားဆို တဲ့ သူ့အတိတ် ရာဇဝင်ကြောင်းကို ငါသိချင်တယ်၊ ဒါမှလဲ သူ့ကို ငါတို့မိသားစုအသိုင်းအဝိုင်းထဲ ဆွဲသွင်းမှ ဖြစ်မှာ'

'အာ ဒါတော့ မှတ်တယ်၊ သူနဲ့တွဲနေတဲ့ ကိုယ့်သမီးကို အဲဒီကောင်လေး သူ့နာမည် ဘယ်လိုခေါ်သလဲ'

'ငွေရှန်ကျွင်းလို့ ခေါ်တယ်'

'အေး...အဲဒီ ငွေရှန်ကျွင်းအကြောင်း စစ်ဆေး မေးမြန်း မကြည့်ဘူးလား'

'ဟ ဘယ်နှလိမ့်မလဲ မေးကြည့်တာပေါ့၊ သူ့ချစ်သူ ငွေရှန်ကျွင်းက ဒီနယ်ကမဟုတ်ဘူး၊ တစ်ခြားနယ်က ကုန်သည် လေး တစ်ဦးပဲ၊ ဒီမှာ စီးပွားရေး ကောင်းလို့ အခြေချပြီး ရတနာ အရောင်းအဝယ်ဆိုင်ကြီး ဖွင့်လှစ်တည်ထောင်ဖို့ ကြိုး စားနေတယ်ဆိုပဲ၊ ပြီးတော့ သမီးကိုလဲ အဖိုးထိုက်တန်တဲ့ ရတနာတစ်ဆင်စာ လက်ဆောင်ပေးတယ်'

'အင်း...ဒီဘိုင်းဆိုရင် မျိုးကောင်းလေးပေါ့'



'ဘာပဲဖြစ်ဖြစ်လေ၊ သမီးပြောတာနဲ့ ငွေရှန်ကျွင်းအကြောင်း ငါတို့ဖာသာ နောက်ကွယ်ရာက စုံစမ်းသိရှိအောင် ပိုနိုင်သုံ အပ်ချရတာပေါ့'

ပြောတော့...

ရဲမက်မှူးကြီး ချူဟိုင်ဖုန်းမှာ သူဌေးကြီး ဟိုင်ချင်စန်၏ စကားကို လက်ခံသည့်အနေ ခေါင်းဆတ်ခနဲ ညိတ်လိုက် ပြီ...

'အင်း... သူငယ်ချင်းပြောတာ ကိုယ်လက်ခံပါတယ်'

ဟုဆိုလေ...

သူဌေးကြီး ဟိုင်ချင်စန်မှာ စကားပြောဆိုရင်းက ထိုင်ရာမှ ထ ရပ်လိုက်ပြီး၊

'သူငယ်ချင်း၊ ခဏနေဦး၊ ငါမင်းကို ပေးစရာရှိလို့အထဲကို ဝင်လိုက်ဦးမယ်'

ခွင့်တောင်းစကားဆိုလာတော့ ရဲမက်မှူးကြီး ချူဟိုင်ဖုန်း မှာ ခေါင်းအသာ ညိတ်ပိုက်ရင်း၊

'ကောင်းပါပြီ သူငယ်ချင်း'

သည်နောက်...

သူဌေးကြီး ဟိုင်ချင်စန်သည် သူ့ကိုကျောခိုင်း၍ လှသော ဆောင် ဝရံတာမှနေ၍ စံအိမ်တော်အတွင်း ကျောခိုင်းဝင် ရောက်သွားသော်၏။

ကွမ်းတစ်ကာသွက်ခန့်ကြာသောအခါ သူဌေးကြီးဟိုင်ချင် စန်မှာ သူ့ထံသို့ ပြန်လည်ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူဌေးကြီး ဟိုင်ချင်စန့်မှာ သူ့ညာလက် ထဲ
အသင့် ကိုင်ဆောင်လာသော ကဝတ်လိပ် တစ်လိပ်ကို သူ
ချင်း ရဲမက်မှူးကြီး ချူလိုင်ဖုန်းထံ လှမ်းပေးလာရင်း၊

'ရော့သူငယ်ချင်း ဒါ…ဝူရှန်ကျင်းရဲ့ ပန်းချီကားချပ်ပဲ'

ထိုအခါ…

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ သူဌေးကြီး ဟိုင်ချင်စန့်လှမ်း
ပေးလာသော ပန်းချီကားလိပ်ကို လှမ်းယူလိုက်လေ၏။

သည်နောက်…

ယင်းပန်းချီ ကားလိပ်ကို ဖြန့်ကြည့်မိ လိုက်သော အခ
ရှင်ရှည်ချောမောလျက်ရှိသော အသက်သုံးဆယ်ဝန်းကျင်ခန့်
လူလတ်ပိုင်းဖြစ်သည့် ဝူရှန်ကျင်းပုံအား လက်ရာမြောက်
မြင်တွေ့လိုက်ရလေ၏။

'အင်း…လူကတော့ လူချောတစ်ယောက်ပါပဲ၊ ရုပ်ရည်
တာလဲ ကန့်သည့် ရုပ်ပါပဲ၊ ကောင်းပြီလေ…၊ နောက်
အကြောင်းကို အခါ အားလျော်စွာ စုံစမ်း ပေးပါမယ်
အကြောင်းထူးရင်တော့ လူလွှတ် အကြောင်းကြားလိုက်
မယ်၊ တကယ်လို့ ကိုယ် အလုပ်အားရင်လဲ သူ့ကိုယ်တိုင်လာ
တွေ့ဆုံကြပါမယ်'

'အေး…ကျေးဇူးပဲသူငယ်ချင်း'

ထိုအခိုက်မှာပင်…

သူတို့ လက်ဖက်ရည်ဝိုင်းဆီသို့ သူရိပ်တစ်ရိပ် သွဲ့နွဲ့
လျှောက်လှမ်းလာလေ၏။

စင်စစ်တော့…



ယင်းလူရိပ်မှာ တစ်ခြားသူ မဟုတ်ချေ၊ သူဌေးကတော်
ကြီး ကျင်လန်စင်ပင် ဖြစ်လေ၏။

သူဌေးကတော်ကြီး ကျင်လန်စင်က ရဲမက်မှူးကြီး ချူလိုင်
ဖုန်းကို လှမ်းမြင်တွေ့လိုက်ရသကိုနှင့်၊

'ဟယ်…ရဲမက်မှူးကြီး ပျောက်ချက်သား ကောင်းလှချည်
သား၊ အခုမှပဲ ကျွန်မတို့ဆီ ပေါ်တော်မူ ရောက်လာရတော့
တယ်'

ထိုအခါ ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ အပြုံးရိပ်ဆောင်
လိုက်ရင်း၊

'ဟုတ်တယ် သူဌေးကတော်ရေ၊ ရဲမက်အလုပ် ဆိုတော့
အလုပ်က ရှုပ်တွေးပွေလီနေတော့ မအားမလပ်ဖြစ်ပြီး ဒီကို
ရောက်မလာရတာပါ'

ဟု တုံ့ပြန်ပြောဆိုလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

### ကန္တာရ ယက္ခမယ်၏ ရန်ကြွေး

'တုံ တုံ တုံ'

ညနာရီမောင်း ချွစ်ချက် ခေါက်သံမှာ စည့်စည့်ကားကား သွားလာလျက်ရှိနေသော လီကျွန်မြို့လယ် ရပ်ကွက်တစ်ခုလုံးကို ဖြန့်ကျက် လွှမ်းခြုံ သွားရလေသည်။

ထိုအချိန်တွင်မူ....

မြို့သယ်လမ်းမကြီး၊ နံဘေးရှိ ရှေးပွဲလာ စားသောက်ဆိုင်အတွင်းမှ သားရည်နပျော့ ဦးထုပ်တစ်လုံးခပ်ငိုက်ငိုက်ဆောင်းထားပြီး အညိုရောင်လှူလတ်ပိုင်းဘက်ယောက် ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာလေသည်။



ထို့နောက်....

ယင်းအညိုရောင်အင်္ကျီရှည်ကြီးဝတ်လူမှာ ရှေးပွဲလာ စားသောက်ဆိုင်နှင့် မလှမ်းမကမ်းရှိ ယာဉ်ရပ်စခန်းရှိရာသို့ မြို့လယ်လမ်းမကြီးအတိုင်း တစ်ရွေ့ရွေ့ ထွက်လှမ်း လာလေသည်။

ထိုအနိုက်မှာပင်....

သူ့နောက်ကျောဘက်မှ အငှားရထားလုံးတစ်စင်း ပုံမှန်အရှိန်ဖြင့် မောင်းနှင်လာ၏။

'ခွပ်....ခွပ်'

'ကျွီ....ကျွီ'

သူ့နံဘေးအနားရောက်တော့ အငှားရထားလုံးယာဉ်မှာ မြင်းကို ဇက်ကြိုးသင်၍ ရုတ်ခြည်းရပ်ဆိုင်းလိုက်ပြီး....

'အစ်ကိုလေး ရထားငှားမလား'

မိန်းမသံလို အသံသေးသေး ကြည်ကြည်ရှင်ရှင်နှင့် ရထားထိန်းက လှမ်းမေးလာသဖြင့် သွားရေပျော့ဦးထုပ်ဆောင်း အညိုရောင်အင်္ကျီရှည်ဝတ် လူလတ်ပိုင်းက နံဘေးသို့ ခေါင်းတစ်ချက်စွေ့ကြည့်လိုက်ပြီးမှ....

'အော.... ရထားအိမ်ထဲမှာ တခြားခရီးသည် ပါသေးသလား'

ရှုးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ လူရွယ်ရထားထိန်းက ခေါင်းတစ်ချက်ခါယမ်းလိုက်ကာ....

'ဘယ်သူမှ မပါပါဘူး အစ်ကို'

'အေး....ဒါဆို ငါ့ကို မြို့ရှေ့ဘက်ဆီ ပို့ခပေးကွာ'

'ဟုတ်ကဲ့၊ အပေါ်တက်လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'အေး....အေး'

အညိုရောင်အင်္ကျီရှည်ဝတ် လူလဘ်ပိုင်းမှာ ရထားလုံးတံခါး ဖွင့်ကာ ရထားအိမ်ပေါ်သို့ ခပ်သွက်သွက် တက်ရောက်လိုက်လေသည်။

ပြီးနောက်....

ရထားလုံးမှာ ထိုနေရာမှ မြို့လယ်လမ်းမကြီးအတိုင်း ကျွန်မြို့ အရှေ့တက်ဆီသို့ ဦးတည် မောင်းနှင်ထွက်ခွာသွားလေသည်။

ထိုအချိန်တွင်....

မလှမ်းမကမ်းမှ ရထားလုံးတစ်စင်းမှာ အညိုရောင်အင်္ကျီ ရှည်ဝတ် ခရီးသည် လိုက်ပါသွားသော ရထားလုံးနောက်မှ နောက်ယောင်ခံ လိုက်သွားလေ၏။

ကျွိသည့်ပုံစံ ရှေ့က အရှိန်မပျက် မောင်းနှင်နေသော ရထားထိန်းရော လိုက်ပါလာသည့် အညိုရောင်အင်္ကျီရှည် ခရီးသည်လည်း ရိပ်စားမိပုံမပေါ်ပါချေ။

သို့နှင့်....

လူသွားလူလာ ပြတ်တောက်သွားရသော မြို့လယ်ရပ်ကွက် အလွန် မြက်ခင်းပြင်ကြီးနှင့်ဘေး လမ်းခန်းရှည်သို့ ရောက်သော အခါ ရထားလုံးမှာ တစ်စုံတစ်ရာ ဟန့်တားမှုမရှိဘဲ ရ... တနေ့က် ကြော်ကြီးသိပ်ကဲ့ ရပ်ဆိုင်းသွားရလေ၏။

ထိုအခါတွင်....

နောက်ယောင်ခံလိုက်လာသော ရထားလုံးမှာလည်း မြေခဲပေါ်တွင် ရပ်ဆိုင်းသွားလေ၏။



သည်တွင်....

ရထားအိမ်အတွင်း၌ စီးနှင်းလိုက်ပါလာသော သွားရေ ...ဦးထုပ်ဆောင်း အညိုရောင်အင်္ကျီရှည်ဝတ်လူမှာ တအံ့ ...သြ ဖြစ်ဟန်နှင့်....

'ဟိတ်....ဘာကြောင့် ရထားကို ရပ်ပစ်လိုက်ရတာလဲ'

...ဟု သို့ အပြစ်တင်လေသံဖြင့် လှမ်းမေးလိုက်လေ၏။

ထိုစဉ်....

'ဟူး'

'ဘုတ်'

လူရိပ်တစ်ရိပ် ရထားအမိုးပေါ်မှနေ၍ ရထားလုံးတံခါး ...ဝင်းရှေ့ မြေပြင်ပေါ်သို့ ညင်သာစွာ ခုန်ဆင်းကာ ... ...နဲ့ ရုတ်တရက်ကျရောက်လာလေ၏။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော အညိုရောင် ...အင်္ကျီရှည်ဝတ်လူမှာ အန္တရာယ်အရိပ်အငွေ့ကို ရှူရှိုက်မိသည့် ...လာ၍ ရထားအိမ်မပေါ်မှ အောက်သို့ ခုန်ပျံဆင်းလိုက်လေ ...သည်။

ပြီးနောက်....

အညိုရောင်အင်္ကျီရှည်ဝတ်လူသည် ရထားထိန်းထံ အကြည့် ...စေကာ ကျရောက်ရင်း....

'မင်း...ဘာအကြောင်းကြောင့် ရထားထိန်း အယောင် ...ဆောင်ပြီး ဒီကို လှည့်ခေါ်လာတာလဲ'

မေးလိုက်တော့ ရထားထိန်းမှာ ပခုံးတွန့်ချက်တွန့်ကာ ...သွမ်းသွားလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း ဟင်း....လှကိုမြင်လိုက်ရင် သခင်ဘာဝေါက်သွား... လိမ့်မယ်၊ ကန္တာရဘီလူးကြီးရယ်၊ ဘယ်သူလဲဆိုတာ ကြ... လိုက်စမ်းပါ'

ပြောပြော ဆိုဆိုနှင့် ယင်း ရထားထိန်းအသွင် ရုပ်ဖျက်ထား... သော ခေါင်းပေါ်ထားသည့် အဝတ်စကို ဖြတ်ခနဲ ဆွဲဖြ... ပစ်လိုက်လေသည်။

ထိုအခါ....

နက်မှောင်ရှည်လျားသော ဆံပင်ရှည်မှာ ထိုသူ၏ ... နှစ်ဖက်ပေါ်သို့ ပျံ့ဝဲကျဆင်းလာလေ၏။

သည်တော့မှ....

ရထားထိန်းမှာ ယောက်ျားသားမဟုတ်ဘဲ မိန်းမသ... တစ်ဦး ဖြစ်နေသည်ကို ကန္တာရဘီလူး ကွင်းကွက်ကွင်းကွ... လှမ်းမြင်တွေ့လိုက်ရလေ၏။

ပြီး ငွေလရောင် ဖြန့်ကျက်ထားမှုကြောင့် ဆံပင်ရှည်... အမျိုးသမီး၏ နာကြည်းမုန်းတီးရိပ် ဆိုင်းထင်နေရသော မျ... နှာကို ကန္တာရဘီလူး လှမ်းမြင်တွေ့လိုက်ရပြီး အံ့အား... ဟန်ဖြင့်....

'ဟင်....ကန္တာရယက္ခမယ် လီလင်းကျိုးပါလား'

အံ့ဩတကြီး ရေရွတ်ပြောဆိုလာသဖြင့် ကန္တာရယက္ခ... လီလင်းကျိုးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း....

'သိပ်ဟုတ်သမေရှင်၊ ရှင့်ကို မိုးအနှံ့မြေအဆုံး လိ... ရှာဖွေနေရတာ ကြာပြီကော၊ ရှင် အခုတော့ ပြေးမလွတ်... ဘူး မဟုတ်လား'



ခနဲ့ခဲ့ပြင်းသံဖြင့် ပြောဆိုလာသဖြင့် ကန္တာရ ဘီလူးမှာ ...မထင်ဟန်နှင့် ပြုံးလိုက်ရင်း....

'မင်း....ငါ့ကို ဘာ့အကြောင်းကိစ္စနဲ့ တွေ့ချင်နေတာလဲ'

မသိကျိုးကျွင်ဟန်ဖြင့် လှမ်းမေးလိုက်တော့ ကန္တာရယက္ခ... ...ယ် လီလင်းကျိုးက နှုတ်ခမ်းတစ်ချက် တွန့်မဲ့ပစ်လိုက်ရင်း....

'ဟင်း ဟင်း.... ရှင်က ဘယ်အမေ့ခံ့ကောင်းနေပါလား၊ ...ိမကတော့ ကျွန်မခင်ပွန်း တစ်ယောက်လုံး ရက်ရက်စက် ... အဆုံးခံထားရတာ တစ်သက် ဘယ်မေ့နိုင်မလဲ၊ ရှင်ဟာ ...ရိုက်သမားအချင်းချင်းတောင် သစ္စာမဲ့လွန်းတယ်၊ တစ် ...ယ်ကောင်းသိပ်ဆန်တယ်'

'ကန္တာရယက္ခမယ် မင်း ဘာတွေ ရှုပ်ထွေးပြောဆိုနေတာလဲ'

'မှန်တာတွေလေ....မှန်တာတွေ ရှုပ်ထွေးပြောနေရဘာ၊ ရှင်တို့ ...ယောက် စီချွမ်းပြည်နယ်မှာ ရတနာကုန်သည်ကြီးတစ်ဦးကို ...ပေါင်းလုပ်ကြံခဲ့တယ်၊ ပြီးတော့ အဲဒီ ရတနာကုန်သည်ကြီး ...က ရတနာအားလုံးကို ယူဆောင်ပြေးကြတယ်၊ ဒါတော ...တွေလာပြောသလဲလို့ ရှင် ပြောင်ပြင်းချင်သေးသလား'

ယင်းသို့ အကွက်ထောက်ပြောဆိုလာသဖြင့် ကန္တာရဘီလူး ... မည်သည့်စကားမျှ တုံ့ပြန်မပြောဘဲ ငြိမ်နေမိလေ၏။

ထိုစဉ်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရယက္ခမယ် လီသင်းကျိုးမှာ ခံပြင်းကြေကွဲဟန်ဖြင့် ဆက်လက် ပြောဆိုလာသည်မှာ....

'ပြီးတော့ ရှင်ဟာ ကျွန်မယောကျ်ားကို အလိုသွင်းပြီး အရက်သဲ အဆိပ်ခတ်လုပ်ကြံပြီး ရတနာတွေအားလုံးကို ယူသွားပြီး မြောက်ပိုင်းစီးပြီး ဒီမြို့မှာ ခြေရာဖျောက် နေတာ မဟုတ်လား'

သည်တွင်....

ကန္တာရဘီလူးမှာ သူနှင့် ကန္တာရလင်းယုန်ကြီး ချိုင်ဟိုတိန်တို့ လျှို့ဝှက်လုပ်ဆောင်ခဲ့သောအလုပ်ကို လင်းယုန်ကြီး၏ ဇနီးဖြစ်သူ ယက္ခမယ် လီသင်းကျိုးတစ်ယောက် အားလုံး သိနေရသည်ကို ကြားသိရပြီး တအံ့တသြဖြစ်ဟန်ဖြင့်....

'နေစမ်းပါဦး၊ ဒီအကြောင်းတွေကို ခင်ဗျားဘယ်လိုလုပ် သိလာခဲ့တာလဲ'

မေးလိုက်တော့ ယက္ခမယ် လီသင်းကျိုးမှာ အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီး....

'ဘယ်လိုလုပ်သိရသလဲဆိုတော့ ကျွန်မယောကျ်ားကန္တာရ လင်းယုန်ကြီး မသေခင်ပြောပြသွားနိုင်လို့ပေါ့'



'ဟုတ် မဖြစ်နိုင်တာ၊ ကျုပ်ခတ်လိုက်တဲ့အဆိပ်ဟာ အာခေါင်းထွန်တဲ့အဆိပ်၊ ကျုပ်ခတ်လိုက်တဲ့ အဆိပ်ကို သောက်ပြီး ပြင်းပြင်းပေါ် သေဆုံးသွားတာ ကျုပ်မျက်မြင် ကိုယ်တွေ့ပဲ'

'ဒါကတော့ ရှင်အဆိပ်ခတ်လိုက်မှုကြောင့် သူ့ ရှင့်ကိုမခုခံ မဆိုင်နိုင်တော့တဲ့အခြေအနေ ဖြစ်သွားရလို့ အသေ သေချင် ယောင်ဆောင်နေခဲ့တာ၊ အကယ်တော့ ကျွန်မယောကျ်ားဟာ တိုက်လိုက်တဲ့ အရက်ထဲမှာ အဆိပ်ပါတာကို ခံတွင်းထဲ ရောက်တော့ အကြော်တစ်ချို့တစ်ဝက်ကို မျိုမချမိအောင် ငုံ ထားခဲ့တယ်၊ သူ သတိလက်လွတ်မျိုချမိတဲ့ အရက်တစ်ချို့ ဝက်တော့ သူ့ ဝမ်းထဲ ရောက်သွားရတာပေါ့၊ နောက် သူ့ ကို ... တယ်ထင်ပြီး ... ထားတဲ့ အရက်ကို ... ပြီး ကျွန်မ အိမ်ရောက်ပြန်လာ တယ်၊ ဒီအကြောင်းတွေ ရင်ဖွင့်ပြောပြသွားပြီး သူ့ဝမ်းထဲ ရောက်သွားတဲ့ အဆိပ်ဒဏ်ကြောင့် ရုတ်သိမ်းကြောက်ကွဲ၊ မြန်ဆန်ပေမယ့်နောက်ဆိုးခံစားပြီး သေသွားရတာပေါ့၊ ကိုင်း.... ကျွန်မ ရှင့်ရဲ့ဖုံးကွယ်မှု လျှို့ဝှက်ချက်ကို ဘယ်လိုလုပ်သိခဲ့တာ ဆိုတာ သိပြီပေါ့'

တကယ်တော့....

ကန္တာရဘီလူးမှာ ထောက်ခံသည့်အလား ခေါင်းတညိတ်ညိတ် လုပ်ပြီး–

www.burmeseclassic.com



'သိရပါပြီ၊ အခုကျုပ်ကိုလာတွေ့တာ ခင်ဗျားယောကျ်ား ရသင့်ရထိုက်တဲ့ ရတနာပစ္စည်းတစ်ဝက်လာယူတာမဟုတ်လား'

စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်ခတာ့ ယက္ခမယ်လီလင်းကျိုကာ ရယ်သွမ်းသွေးလိုက်ပြီး...

'ဟင်း...ဟင်း...ဟင်း၊ ကျွန်မရှင့်ဆီကလိုချင်တာ ရတနာပစ္စည်းတွေ မဟုတ်ပါဘူး'

ယင်းဆိုစကားကြောင့် ကန္တာရဘီလူး၏ မျက်လုံးအစုံဝိုင်းကျယ်သွားရပြီး...

'ဒါဆို မင်းငါ့ဆီက ဘာလိုချင်တာလဲ'

'ဘာလိုချင်တာလဲဆိုတော့ ရှင့်အသက်ပဲ'

'ဟင်...'

'ဟင်း...ဟင်း...ဟင်း ရှင်အံ့သြတုန်လှုပ်သွားရသလား။ ကျွန်မချစ်လင်အသက်ကို စတေးလိုက်ပြီးမှ ရှင့်ဆီကရမယ့် ရတနာပစ္စည်းတွေနဲ့ ချွေဘုံဖေပါမှာ မစံချင်ဘူး၊ ကျွန်မချစ်လင်တမလွန်က ကျေနပ်ဝမ်းမြောက်သွားရအောင် ရှင့်အသက်ပဲ လိုချင်တယ်၊ ပြီးတော့ ရှင်ဒီမြို့မှာ ကုန်သည်မျက်နှာဖုံးအစာကိုတပ်ပြီး သူဌေးသမီးတစ်ယောက်ကို အယုံသွင်းပြီး ဘယ်



ခြလှမ်းဖွေတွလှမ်းနေတယ်ဆိုတာလဲ ကျွန်မ စုံစမ်းသိပြီးပါပြီ လေ'

ထိုသို့ လီကျန်မြို့၌ သူ့လျှို့ဝှက် ကြိတ်ကြံလှုပ်ရှားနေသော ခြလှမ်းပင့်စုံစမ်းသိရှိနေကြသည့် ကန္တာရယက္ခမယ် လီလင်ကျိုး၏ ခြိမ်းခြောက်စကား ကြားလိုက်ရပြီး ကန္တာရဘီလူး ရှန်ကျင်းဘတ်ခကောက် ဇာ ခြေမဆယ်နိုင်အောင် လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး—

'ဒီ...ဒီကိစ္စ မင်းနဲ့ဘာမှမဆိုင်ပါဘူး'

သည်တွင်...

ကန္တာရယက္ခမယ် လီလင်းကျိုးမှ ဟက်ခနဲ ရယ်မောချင်း...

'ဟုတ်ပါတယ်လေ၊ ဒီကိစ္စဟာ ကျွန်မနဲ့ မဆိုင်ပါဘူး၊ ကျွန်မနဲ့ဆိုင်တဲ့ကိစ္စက အခုရှင့်အသက်ကို နှုတ်ယူဖို့ပဲ'

'ဝို...ဝို'

'ဝှစ်...ဟွစ်'

'ဖောင်း...ဖောင်း'

'ဘုတ်'

* *

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် ကန္တာရယက္ခမယ် လီလင်းကျိုး ကန္တာရဘီလူး ဂူရှန်ကျောင်းထံ ယက္ခဦးခွံဖောက် သိုင်းကွက် အသုံးပြု၍ ဘယ်ညာလက်ဝါးဖြင့် လျှပ်တစ်ပြက် ခုန်ပျံ ခိုက်လာလေသည်။

ထိုစဉ်...

ကန္တာရဘီလူး ဂူရှန်ကျောင်းမှာသူ့ ခေါင်းထက်ဆီသို့ကျ တိုက်ခိုက်လာသော ကန္တာရယက္ခမယ် လီလင်းကျိုး၏ ညာ လက်ဝါးရိုက်ချက်တို့ကို သူ့ဘယ်ညာ လက်ဝါး ဖြင့် ခုခံဖယ်ထုတ်ပစ်လိုက်လေ၏။

ဒါကြောင့်...

ငွေလရောင်အသွင်ဆောင်တဲ့ လက်ဝါးချင်း ပြင်းထန်စွာ တွေ့လိုက်သည့်တဖောင်းဖောင်းသော အသံကြီးမှာ ဆိတ် မှုကို ဖောက်ထွင်းလွှမ်းခြုံသွားရလေသည်။

ပစ်မှတ်ကိုထိမှန်အောင် မတိုက်ခိုက်နိုင်အောင်ကန္တာရ လီလင်းကျိုးတစ်ယောက် နောက်ခပ်လှမ်းလှမ်းသို့ ခုန် လိုက်ရလေ၏။

ထိုအခိုက်မှာပင်...



ကန္တာရဘီလူး ဂူရှန်ကျောင်းမှာ နောက်ခုန်ဆုတ်လိုက်သော ကန္တာရယက္ခမယ် လီလင်းကျိုးထံ ဆောင်ဓားထုတ်၍ မိုးဓား ဖြင့် သွက်လက်လျင်မြန်စွာ ခုတ်ပိုင်းချလိုက်လေသည်။

'ယား...'

'ဝိုး...'

'ဟူး...ဝိုး...ဝိုး'

'ခွပ်...ဖြောင်း'

'အူး...အား'

'ဘုန်း...'

ထိုစဉ်...

ကန္တာရယက္ခမယ် လီလင်းကျိုးမှာ ကန္တာရဘီလူး ဂူရှန်ကျောင်း၏ ဓားချက်ကို ကိုယ်တစ်ဖက် တိမ်းရှောင်လိုက်ပြီးနောက် ထွ သားခြေခုံနှစ်ဆင့်ကန်ချက်ဖြင့် လစ်ဟာသွားရသော ကန္တာရ ဘီလူး၏ခေါင်းနှင့် နံဘေးစောင်းဆီသို့ ရွေ့ယမ်းတိုက်ခိုက် လိုက်လေသည်။

ထိုအခါ...

တစ်ဖက်သို့ ကိုယ်ရှိန်လွန် ကျသွားသော ကန္တာရဘီလူး ဂူရှန်ကျောင်းမှာ ကန္တာရယက္ခမယ် လီလင်းကျိုး၏ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကို လုံးဝ ခုခံနိုင်ခြင်းမရှိဘဲ မိမိရရ ထိမှန်သွားရ[illegible]
သည်။

ဝါကြောင့်....

ကန္တာရဘီလူး ဝူရှန်ကျင်း တစ်ယောက် နာကျင်ညည်း
တွားစွာအော်တစ်ရင်း လမ်းနံဘေး ရေနုတ်မြောင်းစပ်အန[illegible]
သို့ လွင့်စဉ်ကျရောက်သွားလေ၏။

သည်တွင်....

ကန္တာရယက္ခမယ် လီလင်းကျိုးသည် ကျောထက်ဝယ် [illegible]
ထားသော ဆေးစင်များကို ဆွဲထုတ်လိုက်လေ၏။

ပြီး....

ရေနုတ်မြောင်းစပ်တွင်ညည်းတွားလူးလွန့်နေသောကန္တ[illegible]
ဘီလူး ဝူရှန်ကျင်းထံ ဆောင်မားဖြင့် ပွေ့ယမ်းကာ ခုန်[illegible]
တိုက်ခိုက်လိုက်လေ၏။

'ယား'

'ဝှီး....'

'ဂှစ်....'

'ထန်'



'ဝှီ'

'ခွပ်'

'အား'

ထိုအခိုက်....

မျက်စိလျှင်သော ကန္တာရဘီလူး ဝူရှန်ကျင်းသည် အရှိန်
အဟုန်နှင့် ခုန်ပျံခုတ်ပိုင်းတိုက်ခိုက်လာသော ကန္တာရယက္ခမယ်
လီလင်းကျိုး၏ဓားချက်ကို သူ့ဆောင်မားဖြင့် လျှပ်တစ်ပြက်
ခုခံလိုက်လေသည်။

ဝါကြောင့်....

ကန္တာရယက္ခမယ် လီလင်းကျိုးမှာ မှန်းချက်မကိုက်ကြုံတွေ့
လိုက်ရသည်မှာ သူမညာခြေအစုံက ကန္တာရဘီလူး ဝူရှန်ကျင်း
၏ မျက်နှာဆီသို့ ဝေ့ယမ်းတိုက်ခိုက်ပိုက်လေသည်။

သည်တစ်ခါတော့ ကန္တာရဘီလူး ဝူရှန်ကျင်းတစ်ယောက်
သူမ၏ ညာခြေစုံကန်ချက်ကို လုံးဝ ခုခံကာကွယ် ရှောင်တိမ်း
နိုင်ခြင်းမရှိဘဲ မိမိရရထိမှန်ကာ ရေနုတ်မြောင်းထဲသို့ ထိုးကျ
သွားလေသည်။

ထိုအခိုက်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးတစ်ဖက်မှ သစ်ပင်အုပ်ထဲမှ လူရိပ်လေးရိပ်တို့ လမ်းပေါ်သို့ ခုန်ပျံရောက်ရှိလာကြလေသည်။

ထိုလူရိပ်လေးရိပ်တို့သည် ကျောခိုင်းအနေအထား ရှိနေသော ကန္တာရယက္ခမယ် လီလင်ကျိုးထံ လက်နက်ပုန်းကိုယ်စီ ပြိုင်တူ ပစ်ခွင်းတိုက်ခိုက်လိုက်ကြလေ၏။

'ဝှစ်...ဝှစ်...ဝှစ်'

'ဝှီး...ဝှီး'

'သန်း...'

'ချွင်'

'ခုတ်...ခုတ်'

'အုန်း...အုံး'

'အုန်း'

...ည်တွင်...

နားပါးလှလွန်းသော ကန္တာရယက္ခမယ် လီလင်ကျိုးမှာ နောက်ဖက်မှ လက်နက်ပုန်းတို့ မြင်ထုံ မဖောက်ထွင်းက အချိန်အဟုန်ပြင်းစွာ ပျံသန်းရောက်ရှိလာသည်ကို ကြားသိရပြီး နောက်ဖက်သို့ ချာခနဲလှည့်ကာ သူမ၏ဆောင်ခါးပြင်ဖြင့် ယမ်းခွက်ထုတ်လိုက်လေ၏။

သို့ရာတွင်မူ...

ကန္တာရ ယက္ခမယ် လီလင်ကျိုးမှာ လက်နက်ပုန်းလေးခုတို့မှ နှစ်ခုကိုသာ အောင်အောင်မြင်မြင် ဖယ်ရှားထုတ်ပယ်နိုင်လေသည်။



ကျန်နှစ်ခုကိုမူ လုံးဝခုခံဖယ်ရှားနိုင်ခြင်း မရှိသဖြင့် လီလင်ကျိုးမှာ သွားရှာလေသော သူမရင်အုံဆီသို့ ထိမှန်သွားနေလေ၏။

ဒါ့ကြောင့်...

သူမ ရူးရှူးဒုံးကျင်စွာ ဟစ်အော်ရင်း လမ်းပေါ်သို့ မှောက်လဲကျသွားရှာလေ၏။

ထိုအခါ...

ရေနုတ်မြောင်းထဲ ကျရောက် သွားရှာလေသော ကန္တာရဘီလူး ဝှရှန်ကျွင်းမှာ အပေါ်သို့ ပြန်တက်လာလေသည်။

ထိုစဉ်...

လက်နက်ပုန်းတို့ဖြင့် ပစ်ခွင်းတိုက်ခိုက် လိုက်ကြသည့်လူရိပ်လေးရိပ်တို့ ကန္တာရဘီလူး ဝှရှန်ကျွင်းဆီသို့ ခုန်ပျံ ရောက်ရှိလာကြလေ၏။

ပြီး ထိုလူရိပ်လေးရိပ်တို့သည် ကန္တာရဘီလူး ဝှရှန်ကျွင်းကို ပြိုင်တူ ဦးညွှတ်လိုက်ကြသည်။

စင်စစ်တော့...

ထိုလူရိပ် လေးရိပ်တို့မှာ ကန္တာရဘီလူး ဝှရှန်ကျွင်း၏ ယောင်လုံးနောက်သို့ နောက်ယောင်ခံ လိုက်လာကြသည့်သူ၏ လက်အောက်ခံ ဂိုဏ်းသားများပင် ဖြစ်ကြလေ၏။

ထိုလူရိပ်လေးရိပ်တို့မှာ...

ကျား သစ်မ နီချုံး

မြွေဖြူ ချူဟိုး

ဝက်ကြီး ကျောက်လန်နှင့် ဆံဖြူယက္ခကြီး တုံစိုင်းတို့ပင် ဖြစ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင်….

ကန္တာရဘီလူး ဝူရှန်ကျင်းမှာ လက်နက်ပုန်း၊ ထိမှန်ကာ ရင်အုံတစ်ဝိုက်၌ သွေးအလူးလူး ဖြစ်နေရသော ကန္တာရယက္ခ မယ်လီလင်းကျိုးထံ အကြည့် ရောက်ရင်း ရယ်သွမ်းသွေးလိုက်တာ….

'ဟင်း….ဟင်း….ယက္ခမယ် ငါ့ဟာမင်းထက် ခြေတစ်လှမ်း အမြဲသာတယ်မှတ်၊ မင်းဒီမြို့ကို ရောက်နေတယ် ဆိုတဲ့သတင်း လဲ ငါ့ဂိုဏ်းသားတွေဆီက ကြားရပြီးပါပြီ၊ ဒါကြောင့် မင်း ဆင်ယင်ထားတဲ့ မထောင်ချောက်ကို မင်းပြန်ထောင်လိုက် တာပဲ ဟား….ဟား….ဟား….ဟိတ် ဒီခကာင်မ အသက်သေမသေ ကြည့်လိုက်စမ်း မသေရင် ငရဲပြည်ပို့လိုက်စမ်း'

စကားမပြောဆိုနေချင်းက ကန္တာရဘီလူးဝူရှန်ကျင်းမှာ သူ့ ဂိုဏ်းသားများထံ မလှုပ်မယှက်ငြိမ်နေခဲ့သာကန္တာရယက္ခမယ် လီလင်းကျိုးကို သုတ်သင် ရှင်းလင်းရန်အတွက် လှမ်းအမိန့် ပေးလိုက်လေတော့၏။

* * *

အခန်း ( ၁၄ )

လျှို့ဝှက် စာတစ်စောင်

'ဟုတ်ကဲ့ ခေါင်းဆောင်ကြီး'

ထိုသို့ ဆံပြုယက္ခကြီးတို့စိုင်းမှာ ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီးနောက် မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေရသော ကန္တာရယက္ခမယ် လီလင်းကျိုးထံဆီသို့ ချဉ်းကပ် ရောက်ရှိသွားလေသည်၊

အနားရောက်တော့ဘေးတစ်ခစောင်း လဲလျောင်းနေသော ကန္တာရ ယက္ခမယ် လီလင်းကျိုး၏ ခန္ဓာကိုယ်ကို ဆံပြုယက္ခ တို့စိုင်းမှာ ညာဖက် ခြေဖြင့်လှန်လိုက်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဟိုး'

'အုန်း'

'အင်း...အသက်မရှိတော့ဘူး'

မျက်လုံးမျက်ဆန်ပြူးကျယ်လျက် အသက်ရှုသွင်းနေဟန်ရှိသော ကန္တာရယက္ခမယ် လီလင်းကျီးကို ဆံဖြူယက္ခကြီး တစ်ဦး လှမ်းမြင်တွေ့ရပြီး အထက်ပါအတိုင်း ထင်မြင်ချက်ပြောဆိုလိုက်လေသည်။

'ခွပ် ခွပ် ခွပ်'

'ကျွီ...ကျွီ'

မြို့လယ်လမ်းမကြီးအတိုင်း စိုင်းနှင်လာသော ရဲမက်မြင်းစီးသမားငါးဦးထက်ခြင်းမုန်းနှင့် ရထားလုံးတစ်စင်းကို ကန္တာရ ဘီလူး ဝှရှန်ကျင်းတို့အဖွဲ့ လှမ်းမြင်တွေ့လိုက်ကြလေ၏။

သည်တွင်....

ကန္တာရဘီလူး ဝှရှန်ကျင်းသည် သူ့အဖွဲ့သားများအား ခပ်ဖွဖွ လေသံဖြင့် လှမ်းအမိန့်ပေးလိုက်သည်မှာ...

'ဟိုက်...ရဲမက်အဖွဲ့တွေလာနေကြပြီ ငါတို့ ဒီကနေအမြန် ရှောင်တိမ်းပြေးမှဖြစ်မယ်'

'တွတ်ကွဲ'

သည်နောက်....

ကန္တာရဘီလူး ဝှရှန်ကျင်းတို့အဖွဲ့သည် ထိုနေရာမှအလျင် အမြန်ထွက်ပြေးသွားကြလေ၏။



သူတို့လူစု ထွက်ခွာပြေးသွားကြပြီးနောက်မှ ကျည်းမျက်ဆန်များစွာ သေချင်ဇယာင် ဆောင်နေသော ကန္တာရယက္ခမယ် လီလင်းကျီး လူးလွန့်လှုပ်ရှားလာရလေသည်။

'အား...ကျွတ် ကျွတ်...ယက္ခဘီလူးကို ငါ...ငါ လျှော့တွက်မိကာ မှားပြီ အခုကြားနေရတဲ့ မြင်းခွာသံတွေဟာ ရဲမက်အဖွဲ့ပဲ ဖြစ်မယ်ထင်ပါတယ်'

ယင်းသို့...

ကန္တာရမယ် လီလင်းကျီးမှာ ကန္တာရဘီလူး ဝှရှန်ကျင်း အလှူးခံရင်ဆိုင်လိုက်ခဲ့မိ၍ အရှုံးနှင့် ရင်ဆိုင်လိုက်မိသည့် နေ့ရက်တကြိမ်မှာရဟုန်နှင့် ရေရွတ်ပြောဆိုမိလိုက်လေ၏။

သိပ်မကြာပါချေ။

ရဲမက်စစ်သည်အဖွဲ့တို့ ကန္တာရယက္ခမယ် လီလင်းကျီးထံသို့ အရောက်ရှိလာလေ၏။

ထိုစဉ်...

ရထားလုံးပေါ်မှ ရဲမက်အရာရှိကြီးတစ်ဦး သက်ဆင်းလာသည်။

ယင်း ရဲမက်အရာရှိကြီးမှာ တခြားမဟုတ်ပါချေ။ ရဲမက်ကြီး ချူလိုင်ဖုန်းပင် ဖြစ်လေသည်။

သည်တွင်...

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ရင်အုံပိုင်း၌ သွေးတရဲရဲနှင့် လဲရာရရှိနေသော မြို့မျက်နှာစိမ်း အမျိုးသမီးတစ်ဦး လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရသည်နှင့် သူ့ရဲမက်စစ်

www.burmeseclassic.com

www.burmeseclassic.com



သည်များအား ခပ်လောလောဖြင့် လှမ်း အမိန့်ပေး လိုက်သည်မှာ....

'ဟိတ်...သူ့ကို သစ္စာသမားတော်ကြီး ဆေးကုရုံကို အမြန်ရောက်အောင် ပို့မှဖြစ်မယ်၊ မြန်မြန် ရထားလုံးပေါ် တင်လိုက်ကြ'

'ဟုတ်ကဲ့ ရဲမှူးကြီး'

သည်နောက်....

ရဲမက်စစ်သည်တို့သည် သေးအလူးလူး ဒဏ်ရာထရ ရှိနေသော ကန္တာရယက္ခမယ် လီလင်းကျိုးကို ရထားလုံးပေါ်သို့ တင်ဆောင်လိုက်ကြ၏။

ပြီးနောက်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းတို့အဖွဲ့ ထိုနေရာမှ ဖဲ့ကြဉ်ကြ၍ သစ္စာဆေးကုရုံရှိရာ လီကျန်းမြို့ တောင်ဘက်ဆီသို့ ဦးတည်ထွက်ခွာသွားကြလေ၏။

ရဲမက်ကြီး ချူလိုင်ဖုန်းတို့အဖွဲ့ သစ္စာသမားတော်ကြီး တင်ကွမ်ဟိန်းထံဆီသို့ အချိန်မီရောက်ရှိသွားသဖြင့် ကန္တာယက္ခမယ် လီလင်းကျိုးတစ်ယောက် အသက်ရှင်သန်ခွင့် ရရှိသွားလေသည်။

ထိုစဉ်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် ကန္တာရယက္ခမယ် လီလင်းကျိုးကို ထိခိုက်ဒဏ်ရာရမှုနှင့် ပတ်သက်သော အခြေအနေအား စစ်ဆေးမေးမြန်းခဲ့၏။



ထိုအခါ....

ကန္တာရယက္ခမယ် လီလင်းကျိုးမှာ သူမခင်ပွန်း ကန္တာရလင်းယုန် ချိုင်ဟိုင်တိန်နှင့် ကန္တာရဘီလူး ဂူရှန်ကျင်းတို့ ဖြစ်ပျက်ခဲ့သော အတိတ်ရန်ကြွေးအကြောင်းတို့ကို ရှင်းလင်းပြောပြလိုက်လေသည်။

ထိုအခါ....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ကန္တာရဘီလူး ဂူရှန်ကျင်း၏ နာမည်နာမကို ကြားလိုက်မိရာ သူ့နားထဲတွင် စွဲရစ်နေမိသော သူ့ဌေးသမီးလေး ဟိုင်မေစင်၏ ချစ်သူ နာမည်နာမနှင့် တူနေသည်ကို သုံးသပ်မိလိုက်ရလေသည်။

'လီလင်းကျိုးပြောတဲ့ ဒီမြို့မှာတော်မြုပ်ရောက်နေတဲ့ ဗုဒ္ဓမိုက်သမား ကန္တာရဘီလူး ဂူရှန်ကျင်းဆိုတာတော့ ငါတို့သတင်းရမိဘူး၊ ဒါပေမယ့် နာမည်တူ ဂူရှန်ကျင်းကတော့ ကုန်သည်လေးပဲ'

ယင်းသို့ပြောလိုက်တော့ ကန္တာရယက္ခမယ်လီလင်းကျိုးမှာ အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီးမှ....

'ဟင်း....ဟင်း....ဟုတ်ပါတယ်၊ သူဟာ ကုန်သည်ကြီးထံက ခိုးယူ ခိုးပြောခဲ့တဲ့ ရတနာပစ္စည်းတွေ ဒီမြို့မှာဘုန်းပြမြိုး သူဌေးလုပ်သည်လေးလို့ ဟန်ဆောင်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်...နေဦး...နေဦး ပိုသေချာသွားအောင် ငါ့ဆီမှာ သူ့ပုံတူပန်းချီဆွဲထားတဲ့ ပန်းချီကားရှိတယ်'

ခြေမြန်ဆိုဆိုနိုင်ပင် ထွက်သွားလေရာကိုယ်နှင့်မပြိုင်တမ်း ယူဆောင်ခဲ့သော ရှုရှင်ကျင်း ပုံတူပန်းချီကားလိပ်ကို ထုတ်ယူ၍ ကန္တာရယက္ခမယ်လီလင်းကျိုးထံ ထုတ်ပေးလိုက်ကာ...

'ကဲ...ကန္တာရယက္ခမယ် လီလင်းကျိုး မင်းပြောတဲ့ ကန္တာရဘီလူး ရှုရှင်ကျင်းဆိုတာ အဲဒီ ပန်းချီကားချပ်ထဲကလူ ဟုတ်မဟုတ် ကြည့်...ကြည့်လိုက်ပါဦး'

ထိုအခါ...

ကန္တာရယက္ခမယ်လီလင်းကျိုးမှာ ရဲမက်မှူးကြီးချူလိုင်ဖုန်းထံ ပန်းချီကားချပ်လိပ်ကို တရိုတသေလှမ်းယူရင်း ဖြန့်ကြည့်လိုက်လေသည်။

'ဟာ...ရဲမက်မှူးကြီး သူမှ သူအစစ်ပါပဲ၊ အခု သူဟာ ရွှေသမီးလေးကို ကုန်သည်သားတန်ဆောင်ပြီး ဖမ်းယူသွားပြီး ချစ်သူဘဝရောက်အောင် ကြိုးစားနေပါတယ်'

'ဟင်...ဒါဆို ဟုတ်ပြီ၊ ငါ့သူငယ်ချင်း ဘာမီးလေးတော့ အခက်တွေ့တော့မှာပဲ၊ ဒါနဲ့ အဲဒီကောင်က သူ့ရွှေသမီးလေးကို ဘာအကြံအစည်နဲ့ ဖမ်းယူသွင်းပြီး ချစ်သူဖြစ်ရအောင် လုပ်ဆောင်နေတာလဲ၊ အဲဒါကော မင်းသိသလား'



ဒူးစမ်းတန်ဖြင့် လှမ်းမေးလိုက်တော့...

ကန္တာရယက္ခမယ်လီလင်းကျိုးမှာ မဆိုင်းမတွံ့ပင် တုံ့ပြန်လာသည်မှာ...

'သူ ဘာနည်းလမ်းနဲ့ချက်နဲ့ သူ့ရွှေသမီးလေးကိုခိုးအောင် ကြံနေတာလဲဆိုတဲ့ အကြံအစည်ကို အတိအကျ မသိသေးပေမယ့် ကောင်မျိုးဟာ အလုပ်တစ်ခုလုပ်ရင် အကြံအစည် တစ်ခုရှိမှလေ ရှိသဘောတဲ့အကျင့်ရှိတာတော့ ကျွန်မ အဲ့ စိတ်သဘောကို ဘာတ်ဆပ် သိထားပါတယ်'

'အေးကွာ ငါ မင်းနဲ့ကြုံတွေ့ခွင့်ရတာ အတော်အကျိုးရှိပြီ၊ ဒီတော့ ဒီကောင်ရဲ့ ဉာဏ်နီဉာဏ်နက်ကို ဖော်ထုတ်နိုင်အောင် မင်းကို ... အသေး နိုင်နိုင်လိုလုံအောင် ...လို့ ပြောပါတယ်၊ ဒီတော့ ကန္တာရဘီလူးဟာ မင်းကို မသေသွားလို့ သူ့ကောင်းရသွားရင် ဘယ်နည်းနဲ့မဆို ရန်...မှာပဲ'

'ဟုတ်ပါတယ် ရဲမက်မှူးကြီး'

'အေး...ဒီတော့ မင်းမှာက ဘက်လိုက်မကျက်သေးတော့ ...ခဲ့တဲ့ တစ်နေရာမှာ ခြေရာဖျောက် နေနိုင်ဖို့ အရေးကြီးတယ်'

'ဟုတ်ကဲ့ရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအတွက်ကို ငါတို့ ရဲမက်အဖွဲ့က ကြည့် စီစဉ်ပေး မယ်'

'ကျေးဇူးပါပဲရှင်'

သည်နောက်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် ယူဒွေးကြီးသားမက် စပ်ရမည့် ဝူရှန်ကျောင်း၏ ဇာတိရုပ်ကို မမျှော်လင့်ပဲ ကန္တာ ယက္ခမယ်လီလင်းကျိုးက ဖော်ထုတ်ပေးသဖြင့် ဒုစရိုက်အမ ရောင်သိုင်းသမား ကန္တာရဘီလူး ဝူရှန်ကျောင်းမှန်း သိရှိလို လေသည်။

ဒါကြောင့်....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် ဝူရှန်ကျောင်းမှာ ဒုစ သိုင်းသမား ရာဇဝင် လူဆိုးဖြစ်သည့် ကန္တာရဘီလူး ဝူ ကျောင်းဖြစ်ကြောင်း ယူဒွေးကြီးထံထုတ်ဖော်လိုက်သည့်စာ စောင်ကို ရေးလိုက်လေသည်။

ပြီး၊ ထိုစာရွက်ကို သူ့လက်အောက်ခံ ရဲမက်တစ်ဦး ယူဒွေးကြီး ဟိုင်ချင်စန်စံမြန်းရာ နဂါးတစ်ရာ စံအိမ် ဆီသို့ အရင်ဝတ်လဲစေပြီး လျှို့ဝှက် ပို့ဆောင်နိုင်းလိုက် သည်။



ထိုစာရွက်မှာ ယူဒွေးကြီးဟိုင်ချင်စံထံ ချောချောမောမော က်ရှိသွားသည်။

ထိုအခါ....

ယူဒွေးကြီးဟိုင်ချင်စန်မှာ သူငယ်ချင်းဖြစ်သူရဲမက်မှူးကြီး ိုင်ဖုန်း ပို့လိုက်သောစာကို သူ့စာကြည့်ခန်းတွင် လျှို့ဝှက် ဖတ်လိုက်လေသည်။

သူငယ်ချင်း ယူဒွေးကြီး ဟိုင်ချင်စန်....

မင်း အကူအညီတောင်းတဲ့အတိုင်း မင်းသမီးနဲ့ရည် ငံနေတဲ့ ဝူရှန်ကျောင်းရဲ့ ဇာတိရုပ်ကို မမျှော်လင့်ဘဲ သူတို့ လက်ချက်ကြောင့် ဒဏ်ရာရရှိခဲ့တဲ့ ကန္တာရယက္ခမယ် လီသင်းကျိုးနဲ့ တွေ့ဆုံခဲ့ရယ်၊ သူ့ရဲ့ဖော်ထုတ်ချက်အရ သူဟာ စီချမ်းပြည်နယ်မှာ ရတနာကုန်သည်ကြီး တစ် ဦးကို ကန္တာရမယ်ရဲ့ ခင်ပွန်းဖြစ်တဲ့ ကန္တာရလင်းယုန် ကြီး ချိုင်ဟိုင်တိန်နဲ့ ပူးပေါင်းလုပ်ကြံပြီး ရတနာတွေ အားလုံး ယူလိုက်ကြတယ်'

အဲဒီမှာ အချင်းချင်း သစ္စာမဲ့တဲ့ ကန္တာရဘီလူး ဝူရှန်ကျောင်းဟာ ရတနာတွေအားလုံး မပေးချင်ပိုင်စီးချင် တာနဲ့ ကန္တာရလင်းယုန်ကြီးကို အရက်ထဲ အဆိပ်ခပ် လုပ်ကြံခဲ့တယ်၊ ဒါပေမယ့် သတိရှိတဲ့ လင်းယုန်ကြီး

www.burmeseclassic.com



တာ ဝမ်းထဲ အဆိပ်ကာစ်ဝင် ရောက်သွားပြီး
ချင်ခယောင် ဆောင်ခဲ့ရလို့ လွှတ်မြောက်လာရ ပါတ
သီ ရောက်လာတယ်၊ နောက် သူလဲ အဲ့ဒီ အဆိပ်
ကြောင့် သေဆုံးခဲ့ရတယ်၊

အဲ့ဒီအတွက် မင်းရဲ့ သမီးနဲ့ လုံးဝ သခင်ဘာမတူ
နော် ဒီခေါင် ဘာအကြံနဲ့ မင်းသမီးကို ယူမ
တာ ငါမသိဘူး၊ ဒီခေါင် အကြံကြီးသမား
တာတော့ ယုံကြည်မယ်ပြောပြလို့ သိရပါတယ်၊
အရာရာသတိထားဖို့ လိုပါပြီ

ဒါပါပဲ၊ မင်းအစ်ကိုယ်ချင်းကော
ချူလိုင်ဖုန်း

'ဟင်....ငါ...ငါ့သမီး တကယ်ရှာဖွေဝင်လာဆိုးကိုမှ
မင်နေတာလား၊ အင်း....ဒါကလဲ ဒီခေါင်က ရတနာ
သည်လို သုံးဖြုန်းနိုင်၊ ရတနာ တစ်ဆင်စပေးနိုင်တော
သမီး ယုံစားမိတာအမှန်ပဲ၊ အဲဒါအရေးမကြီးဘူး၊ ခ
ငါ့သမီးကို ဘာအကြံအစည်နဲ့ ရအောင် ကြံဆောင်ရ
တုရား...ဘုရား၊ ငါ့လက်ထဲမှာ ရှိနေတဲ့ ခနုလစ်ကြာ
မဟာသိုင်းကျမ်းနဲ့ တန်ဖိုးကြီးမားတဲ့ ကျောက်စိမ်း
လျှို့ဝှက်ရောက်ရှိနေတာကို ဒီနလှောင်မျှား သိသွားသ



ပီပစ္စည်းတွေလိုချင်လို့ ငါ့သမီးကို ရအောင်ယူပြီး ငါ့နောက်
တစ်ပုစ်အိမ်တော်ကို တခါ ါးမရှိခါးမရှိဝင်နိုင်အောင်၊ မိ
စုဝင် တန်မယောက်ဖြစ်သအောင် အကြံနဲ့လုပ်ဆောင်တာလား၊
ခင်းဆွေးစရာပဲ....

အင်း...ပီပစ္စည်းနှစ်ခု ငါ့ဆီမှာရှိနေတာ၊ ပြီးတော့ အယ်
မနေရာမှာထားတယ်ဆိုတာ ငါ့နီးနဲ့ငါ့သမီးပဲသိနေတာ၊ ငါ
လဲ စိတ်ချသက်ချနဲ့ ပီပစ္စည်းကို ထုတ်မကြည့်တာကြာခဲ့ပြီ
သွားထုတ်ကြည့်ဦးမှပဲ'

ထိုသို့ သူ အေးတော ဆုံးဖြတ်လိုက်ပြီးနောက် စကြော်
ခန်းထဲမှ ကျောင်းဆိုင်ထွက်လာခဲ့လေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး သမီး အားလုံးသတိရပြီ၊ သမီး... သမီး မသေဘူးဆိုတော့ ဖေဖေနဲ့ မေမေတို့ကော ဟင်၊ သ...သမီးလိုပဲ အသက်ရှင်ကြရဲ့လား အီး....ဟီး....ဟီး'

ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် အတိတ်သမိုင်းသမ်းကြောင်းကို ဖွင့်ဟပြောဆိုပြီး အတိတ်မေ့နေရသော သူဌေးသမီးလေး ဟိုင်စင်မေ အတိတ်သတိရအောင် လုပ်ဆောင်လိုက်ရာ မထင်မှတ်ပဲ သူဌေးသမီးလေး ဟိုင်စင်မေမှာ နဂိုအတိုင်း သတိပြန်ကောင်းလာရလေသည်။

ဒါကြောင့်....

သူဌေးသမီးလေးဟိုင်စင်မေမှာ လုပ်ကြံခံခဲ့ရသော အတိတ်ဖြစ်ရပ်ဆိုးကို သတိရပြီး မိဘနှစ်ပါးအတွက် စိုးရိမ်ပူပန်စွာဖြင့် အထက်ပါအတိုင်း ရဲမက်မှူးကြီးချူလိုင်ဖုန်းထံ မေးရင်း ဝမ်းနည်းစွာကြီး ငိုကြွေးလေသည်။

သူမအတိတ်ကို သတိပြန်ရလာ၍ ရဲမက်မှူးကြီး ချူလိုင်ဖုန်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားရသော်လည်း မိဘနှစ်ပါး ကင်းမဲ့သွားရသည့် သူမအား အမှန်ကို သိရှိသွားရလျှင် မည်မျှကြေကွဲထိခိုက်ခံစားရမည်ကို ရဲမက်မှူးကြီး ချူလိုင်ဖုန်း တွေးမိပြီး စိတ်မချမ်းမသာ ဖြစ်မိရလေ၏။

သို့သော်လည်း....



အဖြစ်မှန်ကို ဖုံးကွယ်မရသည်ကို စွမိ ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ သက်ပြင်းလေးကြီး တစ်ချက်ချလိုက်မိပြီး....

'သမီး စိတ်ခိုင်ခိုင်ထားပါ၊ လူဆိုတာ သေမျိုးတွေချည်း ဦးလေးတို့ရော သမီးပါ ရွှေသွားနေရာကို ဖိုက် သေကြရ ပဲ၊ သမီးရဲ့မိဘနှစ်ပါး လူသတ်သမား လက်ချက်ကြောင့် ဆုံးသွားရတာဟာ ရက်တွေအတော်ကြာခဲ့ပါပြီ'

'ရှင်... ဦး....ဦးလေး၊ ဖေဖေမေမေတို့ သေကုန်ကြပြီ'

'ဟုတ်ပါတယ်၊ သမီးတောင် ဦးလေးတို့အဖွဲ့ ဒီသစ္စာ မားတော်ကြီးထံ အချိန်မီရောက်အောင်ပို့နိုင်ခဲ့လို့ အသက် ခဲ့ရတာပါ၊ ဒါပေမယ့် သမီးပြင်းထန်တဲ့ဒဏ်ရာ ဒဏ်ချက် ကြောင့် သတိမေ့ဝေဒနာဆိုးစွဲကပ်နေတာ ဒီနေ့တိုင် ပဲ၊ အခုသမီး သမားတော်ကြီးရဲ့ ဆေးစွမ်းထက်မြက်မှု င့် အတိတ်မေ့ဝေဒနာဆိုးကြီး ပျောက်သွားတာဦးလေး မှာတော့ ဝမ်းသာပါတယ်'

'ဖေဖေနဲ့မေမေ သမီးကို တစ်ယောက်ထဲ ပစ်သွားကြပြီ ...ဟင့်...ဟင့်'

'ဘုရားနဲ့ ဖြေပါကွယ်၊ တကယ်တော့ သမီးတို့မိသားစု ကွဲကွဲအောင် ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့တဲ့လူ တ်သမားကိုတော့ သမီးသိမှာပေါ့'

သူသတ်သမားကို သိမသိ ရဲမက်မှူးကြီး ချူလိုင်ဖုန်းက ဌေးသမီးလေး ဟိုင်စင်မေကို ခသွားတိုးစမ်း မေးလိုက်လေ သည်။

ထိုအခါ....

www.burmeseclassic.com

သူဌေးသမီးလေး ဟိုင်စင်မေ၏မျက်နှာမှ ကြေကွဲခြင်း နာကြည်းမှု မုန်းတီးမှုစသည့် တာရှိမ်အဓယောင် ထင်လာ အမျက်မီးပါ ထွက်သံဖြင့်....

'ကျွန်မတို့မိသားစုသုံးဦးကို ခေသွားခေအားနဲ့ ရက် စက်စက်လုပ်ကြံသတ်ဖြတ်သွားတဲ့ လူသတ်သမားကို သိ တစ်ခေ!'

ထိုအခြေအကားကြားလိုက်ရသော ရဲမက်မှူးကြီး ချို ဖွန်းမှာ ထက်ကြလှုပ်ရှားလာရပြီး....

'ဟုတ်ပြီ၊ ဒါဆို အဲဒီလူသတ်သမားကို သမီးအခုနဲ့တ ရုံးတော်မှာ ဖော်ထုတ်နိုင်ပြီပေါ့!'

'ဟင်း....သမီးမိဘနှစ်ပါးအတွက် သူ့ကို တရားရုံး မှာ ကလဲ့စားချေရမယ်၊ သူဟာ ကျွန်မကိုခုတ်ထိုးလုပ်ပြီး ဟင့်...ဟင့်...သမီးမိုက်ပစ်ကြောင့် မေမေမရှိမှ ဆေးသွားကြရတာပေါ့'

'အင်း မိလောက်ဆို လူသတ်သမား ဘယ်သူဟာပဲ တာ သဘောပေါက်ပြီ၊ ကဲ သမီးတို့ကြုံမှာဆိုးကြီး ဆုံ ရတဲ့ည အဖြစ်အပျက်ကို ဦးလေးကိုပြောပြပါလား'

သူဌေးကြီး ဟိုင်စင်ချန်တို့မိသားစု လုပ်ကြံသတ်ဖြတ်ခံ သော ကြုံမှာဆိုးည အခြေအနေ အဖြစ်အပျက်ကို သိလို ရဲမက်မှူးကြီး ချိုလိုင်ဖုန်းမှာ သူဌေးသမီးလေး ဟိုင်စင်မေအား မေးမြန်းလိုက်ခြင်းဖြစ်၏။

ထိုအခါ....



သူဌေးသမီးလေး ဟိုင်စင်မေမှာ မျက်ဝန်းအစုံမှတဆင့် သွင်စီးဆင်းကျလာရသော မျက်ရည်စများကို သူမ၏ ချည် မျက်နှာသုတ်ပဝါနှင့်သုတ်လိုက်ပြီး....

'အဲဒီည ဦးပိုင်းမှာ ဦးလေးသို့ စာကပ်ပို့လိုက်တဲ့စာကြောင့် မေမေနဲ့သမီးတို့ဟာ သိရှိလာတဲ့ နေ့စကြာသိုင်းမဟာသိုင်း ကျမ်းနဲ့ ကျောက်စိမ်းမြင်းရုပ်တို့အတွက် စိုးရိမ်စိတ် ဝင်ပြီး အဲဒီ စွဲသိုးစေတဲ့ လျှို့ဝှက်မြေအောက်ခန်းကိုဝင်ရောက် သွားပါတယ်။ အဲဒီမှာ မိုးမီးလောင်တဲ့ ပြဿနာကြီးပေါ် ပေါက်လာတော့တာပါပဲ'

www.burmeseclassic.com



'မသာက်.... ဒီပစ္စည်းနှစ်ခုထည့်ထားတဲ့သေတ္တာ ပျောက်သွားရတာ ဒီပစ္စည်း ငါဘယ်မှာထားတယ်ဆိုတာ မင်းတို့သားအမိနှစ်ယောက်ကလွဲရင် ဘယ်သူမှမသိဘူး'

'ရှင်'

'မေမေ ဘာပစ္စည်းပျောက်လို့လဲ'

ရုတ်တရက်....

ဖခင်ကြီး ဒေါသအိုး ပေါက်ကွဲသံကြီးဖြင့် သူတို့သားအမိအပေါ် သံသယမကင်းစွာဖြင့် ပစ္စည်းပျောက်ဆုံးသွားရသည်မှာ သူတို့နှစ်ဦးအား ဖြစ်နိုင်ကြောင်း၊ စွပ်စွဲပြောဆိုလာမှုကြောင့် သူတို့သားအမိ တအံ့တသြဖြစ်သွားကြရလေတော့သည်။

သည်တွင်....

ဟိုင်မေစင်မှာ ဒေါသအလွန်အမင်းထွက်ရှိမှုကြောင့် မျက်နှာကြီး နီမြန်းနေသော ဖခင်ကြီးဟိုင်ကျင်စန်းထံ မဝံ့မရဲလေသံဖြင့် အထက်ပါအတိုင်း မည်သည့်ပစ္စည်းပျောက်ရကြောင်း သိချင်ဇောဖြင့် လှမ်းမေးလိုက်လေ၏။

ထိုအခါ —



ဒေါသအမျက် ချောင်းချောင်းထွက်နေသော သူဌေးကြီး ဟိုင်ချင်စန်းသည် သိမ်ငယ်စိုးရွံ့နေသည့်မျက်နှာလေးနှင့် ဟိုင်စင်မေထံ အကြည့်စူးစူးရောက်ရှိလာပြီး....

'ဘာပစ္စည်းရှိဦးမှာလဲ၊ တခြားပစ္စည်းတွေပျောက်ရှသွားရင် ငါ မနှမျောပါဘူး၊ တန်ဖိုးလဲမထားဘူး၊ အခု ငါမြတ်တနိုးတန်ဖိုးထားပြီး လျှို့ဝှက်သိမ်းဆည်းထားတဲ့ နေလစကြာသိုင်းမဟာကျမ်းနဲ့ တန်ဖိုးကြီးမားတဲ့ ကျောက်စိမ်းမြင်းရုပ် ပျောက်သွားတာ ငါ့ရင်ထဲကနှလုံးသားကို ဆွဲထုတ်ပစ်ခံလိုက်ရသလို ခံစားလိုက်ရတယ်'

'ဟင်'

သမီးဖြစ်သူ ဟိုင်မေစင်သည် ဖခင်ကြီးထံမှ နေ့လစကြာသိုင်းမဟာကျမ်းနှင့် ကျောက်စိမ်းမြင်းရုပ်တို့ ပျောက်ဆုံးသည်ကို ကြားသိလိုက်ရပြီး တုန်လှုပ်ချောက်ချားစွာ ခံစားမိလိုက်ရလေသည်။

ထိုအခိုက် သူဌေးကြီး ဟိုင်ချင်စန်းမှာ နှမျောသည့်စိတ်မချမ်းမသာဖြစ်တည်နေရသော ဇနီးဖြစ်သူ ကျင်ဖေ့စင်ထံ ဒေါသရောင် တဝင်းဝင်း လက်နေသည့် မျက်လုံးအစုံတို့ဖြင့် စူးစိုက်ကြည့်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ညီမ အစ်ကို မစ္စံ့သိန္နစ်ရာကို ယူသလား၊ ဒီမှာ ကြည့်စမ်း သေတ္တာထဲမှာ ငါ့ရွှေသား မရှိတော့ဘူး ဘာမှတွက် တဲ့ ကျောက်ရှိုင်းတစ်တုံးနဲ့ စာအုပ်တစ်အုပ် ထောက်ထားတယ်၊ ဒါ ဒါ မစွန်းချင်း လဲလှယ်ယူသွားတာ'

ခက်ယန်းမှာ ကြာစွာ စစ်ဆေးနေ မြန်းလိုက်တော့ သူဌေး ကာဓတော် ကျင်လန်းစင်မှာ ခေါင်းကျင်တွင်နေ ယမ်းလိုက်ပြီး....

'မ...မယူရပါဘူး အစ်ကိုကြီးရယ်၊ ညီမ ဘာလုပ်ဖို့ ယူမှာလဲ'

ဖြစ်ဆန်းစကား ကြားလိုက်သဖြင့် သူဌေးကြီး မိုင်ချင်စန်းမှာ ဇနီး ဒေါ်ကျင်လန်းစင်ကို မျက်မှောင်ကုတ်ကြည့်ရင်း....

'မင်း မယူတာ သေချာသလား'

တိတိကျကျ သိလို့ ထင်မ် ဒမမြန်းလာသဖြင့် သူဌေး ကာဓတော် ဒေါ်ကျင်လန်းစင်မှာ ခေါင်းဆတ်ခနဲ ညိတ်လိုက်ရပြီး....

'သိပ် သေချာပါတယ်ရှင်၊ ညီမ မယူထား ဘုရားသခင်



တ်ဖေဖေါ်အဖေပါင်းကို တိုင်တည်ပြီး ကျိန်ဆိုခဲ့ရဲ့ပါ တယ်'

ဘွန်းအမှာ ဝန်ခံပြောဆိုလာသဖြင့် သူဌေးကြီး ဟိုင်ချင် စန်းမှာ ဇနီးဖြစ်သူအပေါ် သံသယကင်းသွားရပြီး မျက်နှာ ထက်လျှိုးအနေရှမေသာ သမီးဖြစ်သူ ဟိုင်မေစင်ထံ အကြည့် ရွှေ့ ပြောင်း ရောက်ရှိသွားရပြီး....

'ကိုင်း...သမီးတော် မေမေဖရဲ့ စွံ့သိန္နစ်ရာကို ယူသလား၊ မှန်မှန်ပြော၊ ဒီခေါ်သာ ခေါ်ရှုခဲ့ ပြောရတော့ပဲ၊ သမီးကိစ္စ ကြောင့်ဆဲ'

ယင်းစကားကြောင့် ငုံ့မိုးတားရှုနေသော ဟိုင်မေစင်၏ ခေါင်း ဆတ်ခနဲ မော့တင်မက်လာရပြီး စူးစိုက်ကြည့်နေသည့် ဖခင်ကြီးထံ မျက်လုံးအစုံကို ဝင့်ကြည့်လာရပြီး....

'သမီးကိစ္စကြောင့် ဟုတ်လား ဖေဖေ'

'ဟုတ်မှာပေါ့ဟယ်၊ ဖေဖေ ပြောလိုက်တဲ့ သမီးကိစ္စ ကြောင့် ဆိုတဲ့စကား အဓိပ္ပါယ် သဘောသူ့ပါက် နားလည် သွားရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မပြောပြောဆိုဆိုနှင့် သူဌေးကြီး ဟိုင်ချင်စန်မှာ သူငယ်ချ ဖြစ်ယူ ရဲမက်မှူးကြီး ချူလိုင်ဖုန်း ပေးလိုက်သေး စာရွက် သမီးထံ လှမ်းပေးလိုက်လေသည်။

ထိုအခါ....

ဟိုင်မေစင်မှာ မည်သည့်စာများလည်း ဟူ သိချင်ဇော ဖြင့်ကြီး၊ လှမ်းပေးလာသော စာရွက်ကို ကပျာကယာ လှ ယူ၍ ဖတ်ရှုကြည့်မိလိုက်လေသည်။

စာဆုံးအောင် ဖတ်ရှုမိသောအခါ သူဌေးသမီး ဟိုင်မေစင်ခမျာ မျက်စိမျက်နှာ ပျက်သွားရလေသည်။

ထိုအခိုက်....

သူဌေးကြီး ဟိုင်ချင်စန်က အမူအယာ ပျက်ယွင်းသွာ သေရ သမီး ဟိုင်မေစင် အခြေအနေကို လှမ်းအကဲခတ် ရဲ့ပြီး....

'ကဲ....သမီးနဲ့ ရည်ငံနေတဲ့ ရွှေရှန်ကျင်းဆိုတာ ရာဇ လူဆိုးကြီးမှန်း သိပြီလား၊ ဒီစာဖတ်နေပြီး ဖေဖေ စိတ် ဒီတော့ ဘာရည်ရွယ်ချက်နဲ့ သမီးကိုရအောင် ကြံလ



ဆလဲဆိုတာ တွေးတောသုံးသပ် စဉ်းစားမိရင်တော့ ဖေဖေ လျှို့ဝှက်သိမ်းဆည်းထားတဲ့ နေ့စကြာ သိုင်းမဟာသိုင်းကျမ်း နဲ့ ကျောက်စိမ်းမြင်းရုပ်အပေါ် စိုးရိမ်မကင်း ဖြစ်မိပြီး လျှို့ ဝှက် မြေအောက်ခန်း သွားကြည့်မိလိုက်တော့ ဝါးခြယ်တ္တာ ထဲမှာ ဒီပစ္စည်းတွေ လဲလှယ်ရောက်နေရတာပဲ၊ ကဲ.... သမီး အဖေ့ကို အမှန်အတိုင်း ဝန်ခံစမ်း'

မေးလိုက်တော့ သမီးဖြစ်သူ ဟိုင်မေစင်မှာ နှောင့်တကြီး ခွာ ရသွားသည့်ဟန်နှင့် ဝမ်းနည်းတကြီး ရှိုက်ခါ ငိုခါ ငိုကျွေးလေသည်။

'အီး....ဟီးဟီး....သမီးတော့ မယူပါဘူး ဖေဖေ၊ ဒါ ဒါ ပေမယ့် ကို....ရွှေရှန်ကျင်းက ဖေဖေ ဆီမှာ ရှိနေတဲ့ နေ့လ ကြာသိုင်းမဟာသိုင်းကျမ်းနဲ့ ကျောက်စိမ်းမြင်းရုပ်ကို ခဏ ကြည့်ချင်တယ်ဆိုလို့ အကြိမ်ကြိမ် အခါခါ ခွင့်တောင်းနေ တော့ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က ဖေဖေမသိအောင် မြေအောက် လျှို့ဝှက်ခန်းထဲက ထမီး သေတ္တာကို ထုတ်ပေး ခဲ့ပါတယ်'

'ဟင်....တောက်....အမိုက်မ၊ ဒင်း....ဒင်း နှင် အလစ် အငိုက်မှာ ဒီပစ္စည်းတွေနဲ့ လဲယူသွားမှာပေါ့၊ နင် နင် ပြန် စစ်ဆေးကြည့်မိဘူး မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့'

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

ဘွားခနဲပေါ်သွားရသော ဇာတိရုပ်

အချိန်အားဖြင့် ညဦးပိုင်း ရှိနေသော်လည်း ဆိတ်ငြိမ်လွန်းသော လူချမ်းသာ လူမလိုင်ရပ်ကွက်မို့ ညဉ့်နက်သည့်အလား တိတ်ငြိမ်လွန်းလျက်ရှိသဖြင့် နဂါးတစ်ရာစံအိမ်တော်အောက်ဆပ် ခန်းမကြီးအလယ်မှ သူဌေးကြီးဟိုင်ချင်စန်နှင့် မိသားစုတို့ ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြသော စကားသံများ ပြန့်လွင့်လျက် ရှိနေလေသည်။

အချိန်အားဖြင့်ဆိုသော် နာရီမောင်း (၈) ချက်တီးအချိန် ရှိနေချေပြီ။

ထိုအချိန်မှာ....



အပြင်ဘက် မဟူရာည ရာသီဥတု အခြေအနေမှာ မိုးသားသုံးများ အုံ့ဆိုင်းလျက် လျှပ်ပန်း လျှပ်နွယ်တို့လည်း တစ်ချင်းဝင်း ထစ်လက်သက်ရှိနေရာသည်။

ထိုအခိုက်....

အရပ် မြင့်မြင့်မားမား လူရိပ်တစ်ရိပ် စံအိမ်တော်ဝင်းအတွင်းရှိ ကျောက်ခင်းလမ်းမကြီးအတိုင်း နဂါးတစ်ရာအိမ်တော်ဆီသို့ ဦးတည်လျက် ခြေလှမ်းမှန်မှန် တရွေ့ရွေ့လျှောက်လှမ်းလာလေသည်။

ထိုလူရိပ်မှာ သားရည်ပျော့ ဦးထုပ်တစ်လုံးကို ဆောင်းထားပြီး အညိုရောင် အင်္ကျီရှည်ကြီးကို ဆင်မြန်းထားလေသည်။

ယင်းသို့....

အညိုရောင် အင်္ကျီရှည်ဝတ်ဆင်ထားသောလူ စံအိမ်တော်ဆီသို့ ချဉ်းကပ်ရောက်ရှိလာသည်ကို စံအိမ်တော်ခန်းမ အတွင်းရှိ ကျယ်ကျယ်လောင်လောင် စကားပြောဆို နေကြသည့် သူဌေးကြီး မိသားစုတို့ လုံးဝရိပ်စားမိခြင်း မရှိပါချေ။

'သမီး စီတောင်ကို အဆက်ဖြတ်ရမယ်၊ ဖေဖေ ပြောသည့်အခုကိုလဲ ဒီလူယုတ်မာ ယူသွားပဲ သေချာတယ် ထွတ်

www.burmeseclassic.com



သမီးကို မာမှန်တကာယ်သံယေ ငဉ်ရှိလို့မဟုတ်ဘူး၊ အဖေ ဆီး မစ္စည်းနှစ်ခုကိုယူဖို့ သမီးကို ခုတုံးလုပ် ဝင်လာတဲ့ ရုစရိုး ကောင်ပဲ၊ ဖမဖေတို့ မြွေခွေးခါးပိုက်ပိုက် ဖြစ်နေရပြီ'

ယင်းသို့....

သူခိုးကြီး ဟိုင်ချင်စန်မှာ သမီးတိုင်မေစင်ကို ကြေ ခံပြင်းစွာဖြင့် ရင်ဖွင့် ပြောဆိုနေလေ၏၊

ထိုစဉ်မှာပင်....

'ဒေါက် ဒေါက် ဒေါက်'

စံအိမ်တော် တံခါးပေါက်ကြီး မှ ပုံမှန်ခြေလှမ်းဖြင့်လျှော လှမ်းလာနေသော ဖိနပ်သံ တစ်ဒေါက်ဒေါက်မှာ စံ တော် ခန်းမတစ်ခုလုံး ပြန့်ကျက်ညံမြံ ခြုံသွားရလေ၏၊

သို့မို့ကြောင့်....

သူခိုးကြီး ဟိုင်ချင်စန်၊ လူးဒွေးကတော် ကျင်လန်စင် သမီးတိုင်မေစင်တို့ အကြည့်အားလုံး စည်ဆက်မပြတ်တွက်ပေ နေသော ဖိနပ်သံ ပြန့်လွင့်လာရာဆီသို့ စုပြုံကျရောက်သွ ကြလေ၏၊



'ဟင် ဝူရှန်ကျင်း ပါလား'

သူတို့ထံ ခြေလှမ်းမှန်မှန်ဖြင့် ဦးတည် လျှောက်လှမ်းလာ နေသူမှာ တခြားလူမဟုတ်ပဲ သမက်လောင်းဖြစ်သူ ဝူရှန်ကျင်း ဖြစ်ကြောင်း သိရှိလိုက်ရ၍ သူခိုးကြီး ဟိုင်ချင်စန်မှာ အံ့သြ ခံပြင်းစွာ မျက်မှောင်ကြုတ်လေသည်၊

သည်တွင်....

ဝူရှန်ကျင်းသည် မျက်နှာကိုတင်းတင်း မျက်ယှဉ်း ခံနကြသော သူခိုးကြီး ဟိုင်ချင်စန်တို့ရှေ့သို့ ရောက်ရှိလာခဲ့လေ၏၊

သည်တွင်....

ခံပြင်းဒေါသအိုး ပေါက်ကွဲလုနီးနေသော သူခိုးကြီး ဟိုင် ချင်စန်မှာ အပြုံးရိပ် ဆောင်ထားသည့် ဝူရှန်ကျင်းထံ ဒေါသ ရောင်တစ်ဝင်းဝင်း လက်ထနေသော မျက်လုံးရှဲကြီးဖြင့် စူး စိုက်ကြည့်ရင်း၊

'မင်း....မင်း၊ အကြံသမား လူယုတ်မာပဲ၊ ငါ....ငါ့ဆီက စွည်းနှစ်ခုကို ငါ့သမီးဆီက အလစ်သုတ်ယူသွားတယ်'

ခက်ထန်မာကျောစွာ စွပ်စွဲပြောဆိုလိုက်သော ဝူရှန်ကျင်း မှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း၊

www.burmeseclassic.com

www.burmeseclassic.com



'ဟင်…ဟင်း လူဌေးကြီး ကျွန်တော် ကို ဘာသက်သေ အထောက်အထားရှိလို့ ဒီလောက်တောင် မှိုချိုးမျှစ်ချိုးရှပ် ပြောဆိုနေတာလဲဗျာ၊ ဒီစံအိမ်တော်ကြီးမှာ ကျွန်တော် ထ ယောက်ထဲ ဝင်ထွက်သွားလာနေကြတာမှ မဟုတ်ဘဲ'

ချေပပြောဆိုလာသော စကားကြောင့်– ပြောင် လိမ်ညာ ပြောဆိုနေသည့် ဝူရှန်ကျောင်းထံ သူဌေးကြီး ဟိုင်ချင်စန် ဒေါသ အမျက် ပိုမိုတောက်ရှိသွားရပြီး မီးခြိမ်းသံအလား ပေါက်ကွဲ အော်ဟစ် ပြောဆိုလိုက်သည်မှာ…

'ဟေ့ကောင် မင်းကိုသက်သေ အထောက်အထား မရှိဘဲ ဆင်ကန်းတောတိုး ပြောနေတာ မဟုတ်ဘူးကွ၊ ရော့ ဒီစာ မတ်ကြည့်လိုက်ရင် မင်းပြကတေ့ ရုပ်ကို ကြေးမုံပြင်ပေါ်မှာ ကြည့်လိုက်ရသလို ငါဟာ ဒုစရိုက်သမား၊ ကန္တာရဘီလူး ဝူရှန်ကျောင်း ဆိုတာ ကွက်ကွက်ကွင်းကွင်း ပြန်မြင်လာရမှာ ဟဲ့'

'ဟင်'

လုံးဝဥဿုံ မထင်မှတ်သော စကားကို သူဌေးကြီးဟိုင်ချင်စန်ထံမှ ကြားလိုက်ရသည့် ဝူရှန်ကျောင်းမှာ မျက်စိမျက်နှာ ပျက်စွာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေတော့၏။



ပြီးနောက်…

သူ သတိချပ်စွာဖြင့် ရုတ်ခြည်း (သတိလစ်ကာ ဣန္ဒြေပျက် ယွင်းသွားရသော) သူ့မျက်နှာကို သက်မဝင်သည့် အပြုံးရိပ် ဆောင်လိုက်ပြီးမှ သူဌေးကြီးဟိုင်ချင်စန် လှမ်းပေးလာသော စာရွက်အား တရိုတသေ လှမ်းယူကာ ဖြန့်ကြည့်မိ လိုက်လေသည်။

စာဆုံးအောင်ဖတ်ရှုပြီးသောအခါ သူ့အားစိမ့်သည့်အပြုံး ယဲ့ယဲ့ပြုံးလိုက်ရင်း။

'အင်း…ငါ ယက္ခမယ် လီလင်းကျိုး အသက်မသေမီသေကို သေချာဂရုတစိုက် မစစ်ဆေးခဲ့လို့ ငါ့ရဲ့ဇာတိရုပ်သူဌေးကြီး ထံမှ ဘွားခနဲ ပေါ်သွားရတာပဲ၊ ဟူး… မတတ်နိုင်ဘူး မီးစင် ကြည့် ကရမှာပဲ'

ယင်းသို့…

သူ့အကြည့်က စာရွက်ပေါ် ဝယ်စူးစိုက်နေခဲ့ရသော် လည်း သူ့စိတ်အတွေးက သူ့ဟာကွက် ပျော့ညံ့ကွက်တို့ကို အပြစ်တင် ဝေဖန်မိနေရလေသည်။

သူသက်ပြင်းတစ်ချက် လျှို့ဝှက်အသာချလိုက်ပြီးမှ…

'ရော့ရော့…ဦးလေးစာရွက်ပြန်ယူပါ'

www.burmeseclassic.com

www.burmeseclassic.com



မြှားတော့သူခွေးကြီး ဟိုင်ချင်စန်မှာ သက်မဲ့သော အခေါက် တထော၊ဖြင့် ထိုစာရွက်ကို သိမ်းယူထားရှိမှာဖြစ်သဖြင့် ဝူရှန်ကျင်းထံမှ ကမ်းပေးလာသည့် စာရွက်ကိုလှမ်းယူလိုက်ရင်း...

'မင်းမြင်းကွယ်ဖို့စကားအဘိဓာတ်တွေ စဉ်းစားထားမိပြီလဲ'

ခနဲ့သံဖြင့် ထိုးနှက်ခမ်းလာသဖြင့် ဝူရှန်ကျင်းက မအေးစိမ့်စွာ ပြုံးလိုက်ရင်း၊

'ကျွန်တော်မြင်းကွယ်ဖို့ စဉ်းစားစရာ မလိုပါဘူး၊ ကျွန်တော်တို့ပြန် အမြွေခပေးချင်တာဘာဘောဒ့ ဒါပါပဲ'

'ဗိုး....'

'ခွပ်'

'အွ....'

'အစ်ကို'

'ရှင်း...ရှင် အမေ့ကိုဘာလို့ စော်ကားရတာလဲ'

ပြောပြောဆိုဆိုနှင့်ပင် ဝူရှန်ကျင်းမှာ စာရွက် လှမ်းယူနေတုန်း၊ အူညာလက်သီးဆုပ်ဖြင့် သူခွေးကြီး ဟိုင်ချင်စန်၏ မျက်နှာခွက်ဆီသို့ လှုပ်တစ်ပြက် ထိုးနှက်လိုက်လေ၏။



အလယ်အဝိုင်းသို့ သူခွေးကြီးဟိုင်ချင်စန်ခမျာ ဝူရှန်ကျင်း၏ ကြီးထွားသော ညာလက်သီးဆိုးချက်ထိရန်သွားရပြီး ကြမ်းပြင်ပေါ်သို့ညည်းတွားသံနှင့်အတူ ဖင်ထိုင်လျက်သား ကျသွားရလေသည်။

ထိုသို့....

မမျှော်လင့်သော ဝူရှန်ကျင်း၏ တိုက်ခိုက်မှုကိုကြုံတွေ့လိုက်ရသည့် သူခွေးအကောင်ကြီး ကုင်လန်စင်မှာ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားသော ခေါင်းမြစ်တူ သူခွေးကြီး တိုင်ချင်စန်အသို့ တိုးရိမ်ပူပန်ဟန်ဖြင့် အလျင်အမြန် ချဉ်းကပ်လာခဲ့ရှာလေ၏။

ထိုစဉ်....

အူခွေးသမီးလေး ဟိုင်မေစင်က ဖခင်ကြီးအပေါ် ရှိုင်းပျစော်ကားလွန်းသော ကန္တာရသီလူး ဝူရှန်ကျင်းကို လှမ်း၍ ဒေါ်ကမ်း ပြောဆိုလိုက်လေ၏။

သည်တွင်....

ဝူရှန်ကျင်းမှာ နှုတ်ခမ်းတစ်ချက် မဲ့ ပြစ်လိုက်ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကြီး ကျုပ်ရဲ့ ဇာတိရုပ်ကို သိရှိခွင့်ရသွားတော့ ခင်ဗျားကြမ္မာဆိုးကို ခင်ဗျားငင်တာပဲ၊ ကျုပ်အမှန်ပြောရရင် ခင်ဗျား နယ်လှည့်ကုန်သည်ကြီး ကျင်ထုံးဆီက နေ့လစကြာ သိုင်းမဟာသိုင်းကျော်နဲ့ မကျောက်စိမ်းမြင်းရုပ်ကို ထိုက်ထိုက် တန်တန်လေး ဝယ်ခဲ့တယ်ဆိုတာ ကျုပ်သတင်းရခဲ့တယ်'

'ဪ…မင်း ငါ လျှို့လျှို့ဝှက်ဝှက် ဝယ်ယူခဲ့တဲ့သတင်း ကို ဘယ်သူ့ဆီက ရခဲ့တာလဲ'

ရှုစမ်းဟန်နှင့် သူဌေးကြီးဟိုင်ချင်စန် လှမ်းမေးလာတော့ ဝူရှန်ကျင်းမှာ ခြောက်ကပ်ကပ်ရယ်မောလိုက်ရင်း …

'ဟား၊ ဟား…ဘယ်ကရလာသလဲဆိုတော့ အဲဒီ နယ်လှည့် ကုန်သည်ကြီး ကျင်ထုံးနဲ့ ကျုပ် စီချွမ်းပြည်နယ်မှာ ဆုံဆည်း ခဲ့ကြတယ်လေ၊ ဒီလူဟာ ကျုပ်ကို သတင်းကောင်းပေးခဲ့သလို သူ့ဆီက ရတနာတွေအားလုံးလဲ ရက်ရက်ရောရော ပုံပေးခဲ့ တာပဲ…ဟင်း…ဟင်း'

'ဟင်…လက်စသတ်တော့ စီချွမ်းပြည်နယ်မှာ ကန္တာ လင်းယုန်ကြီးနဲ့ မင်း ပူးပေါင်းပြီး လုပ်ကြံသတ်ဖြတ်လိုက်တာ ဟာ နယ်လှည့်ကုန်သည်ကြီး ကျင်ထုံးပဲ မဟုတ်လား'



'ဟား…ဟား…ဟား…သိပ်ဟုတ်တာပေါ့ သူဌေးကြီး၊ သူဌေးကြီးဟာ ဆက်ပြီး တွေးခေါ်တတ်တဲ့နေရာမှာ သိပ် တော်တဲ့ ပုဂ္ဂိုလ်ကြီးပါလား၊ ဒါကြောင့် သူဌေးကြီးကိုလဲ ကျုပ် ချီးကျူးထောပနာပြုတဲ့အနေဖြင့် ကဲ…ခရာ'

'ရှပ်…ဖုစ်…ဖွစ်'

'ဒုတ်'

'ဇွပ်'

'အီး'

'အား…'

'ဟင်…မင်း…မင်း…ရက်စက်လှချည်လား'

ပြောဆိုနေရင်းက ဝူရှန်ကျင်းမှာ အညိုရောင်အင်္ကျီရှည်ကြီး အတွင်းမှ ဆောင်ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ပြီး၊ သူဌေး ကြီး ဟိုင်ချင်စန်အား ဓားချက်နှစ်ချက်တို့ တရစပ် တိုက်ခိုက် လိုက်လေ၏။

အငိုက်မိသွားရသော သူဌေးကြီး ဟိုင်ချင်စန်မှာ ဝူရှန် ကျင်း၏ ဓားချက်တို့ကို လုံးဝ ခုခံရှောင်တိမ်းနိုင်ခြင်းမရှိ မိမိ

www.burmeseclassic.com

www.burmeseclassic.com



ရှရှ ထိမှန်ကာ စူးရှနာကျင်စွာ ညည်းတွားအော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားရှာလေ၏။

ထိုသို့…

ရက်စက်ကြမ်းကြုတ်လွန်းသော လုပ်ရပ်ကို လှမ်းမြင်တွေ့လိုက်ရသည့် သူဌေးကတော်ကြီး ကျင်လန်စင်မှာ ဝူရှန်ကျင်းကို နာကြည်းကြေကွဲခြင်းဖြင့် အောက်ပါအတိုင်း အော်ဟစ်ပြောဆိုလိုက်လေ၏။

ထိုအခိုက်အတွင်း၌…

ဖခင်ကြီး လုပ်ကြံခံလိုက်ရသည်ကို မထင်မှတ်ဘဲ မျက်မြင်တွေ့လိုက်ရသော သူဌေးသမီးလေး ဟိုင်ချေစင်မှာ အံ့ဩမင်သက်စိတ်ကစွာ ကျောက်ဆစ်ရုပ်ပမာနှယ် ရပ်နေမိ၏။

ထိုစဉ်မှာပင်…

သွေးအေးအေး ဒုစရိုက်သမား ဝူရှန်ကျင်းမှာ ခံပြင်းဒေါသဖြစ်စွာ ပြောဆိုလာသည့် သူဌေးကတော် ကျင်လန်စင်အား လှည့်ဆောင်ဓားဖြင့် ဝေ့ယမ်းတိုက်ခိုက်သုတ်သင်လေ၏။

'ဝှစ်…ဝှစ်'



'ရှပ်'

'ဒုတ်'

'အီး'

'အား'

'ဘုန်း'

'ဟင်…ရှင့် ရှင်… လူ… လူယုတ်မာ၊ လူသတ်သမား… အီး…ဟီး…ဟီး'

မိခင်ကြီးကိုပါ ဝူရှန်ကျင်းက ရက်စက်ကြမ်းကြုတ်စွာ ဆောင်ဓားဖြင့် ဝေ့ယမ်းလုပ်ကြံလိုက်သည်ကို လှမ်းမြင်တွေ့လိုက်ရသော သူဌေးသမီးလေးဟိုင်ချေစင်မှာ နာကြည်းမုန်းတီးခြင်းဖြင့် ရေရွတ်ပြောဆိုပြီး တံခါးပေါက်ဆီသို့ ထွက်ပြေး၏။

'ဟိတ်…မပြေးနဲ့'

'ဟွား'

'ဝှစ်…ဝှစ်'

'ရှပ်…ရှပ်'

'အွန့်'

'အား'

'ဘုန်း'

www.burmeseclassic.com

www.burmeseclassic.com



ပူရှန်ကျင်းသည် ဟန့်တားအော်ဟစ်ရင်းက တံခါးပေါက်ဆီသို့ ကြောက်လန့်တကြား ပြေးသွားလေသော သူဌေးသမီးလေး ဟိုင်မေစင်အား ဆောင်ဓားဖြင့် ခုန်ပျံတိုက်ခိုက်လိုက်လေ၏။

ထိုအခါ....

သူဌေးသမီးလေး ဟိုင်မေစင်မှာ ပူရှန်ကျင်း၏ ဓားချက်နှစ်ချက်ထိမှန်ပြီး နာကျင်ခြင်းကြီးစွာ အော်ဟစ်ရင်း အမိုးထောက်တိုင်လုံးကြီးဆီသို့ အရှိန်လွန် ကျရောက်သွားလေ၏။

ထို့စဉ်....

သူဌေးသမီးလေး ဟိုင်မေစင်၏ ဦးခေါင်း အမိုးထောက်တိုင်လုံးကြီးနှင့် အရှိန်ပြင်းစွာ ထိမှန်ပြီး သတိလစ်ကာ ကြမ်းပြင်ပေါ်သို့ သွေးအလူးလူးဖြင့် ကျရောက်သွားရလေတော့သည်။

* * *



ရဲမက်မှူးကြီး ချူလိုင်ဖုန်းသည် ကြမ်းမှ ဆိုးအဘိုက်ကြောင်း …ပြန်လည် သတိရလာသဖြင့် ရင်ဆို့နစ်စွာ ပြောဆိုနေ…သော သူဌေးသမီးလေး ဟိုင်စင်မေ၏စကား၊ ဆုံးခန်းတိုင်…သွားသည်နှင့် သက်ပြင်းမောကြီးတစ်ချက် ချလိုက်ပြီးနောက်—

'အော်.... ဒါဆို ကန္တာရဘီလူး သူ့ဘယ်ဘက်ရင်အုံမှာ …ဖာသာခေါ်ဒဏ်ရာရအောင်လုပ်ပြီး တခြားဒုစရိုက် အဖွဲ့…ည်းက ဝင်ရောက်လုပ်ကြံတဲ့ပုံစံ သူလုပ်ဆောင်လိုက်တာ …ဟုတ်လား'

မေးလိုက်တော့ သူဌေးသမီးလေး ဟိုင်စင်မေမှာ ခေါင်း…သာ ညိတ်လိုက်ရင်း....

'ဟုတ်....ဟုတ်ပါတယ် ဦးလေး'

'အင်း....ဒါဆို ဒီကောင်ကိုရုံးတော်မှာရင်ဆိုင်ပြီး အမှု…ကို ဖော်ထုတ်ရမယ်'

ပြောတော့ သူဌေးသမီးလေး ဟိုင်စင်မေ၏မျက်နှာပေါ်…ယ် နာကျည်းကြေကွဲရိပ်များ သိုင်းဆင်သွားရပြီး....

'သမီး... တရားရုံးတော်မှာ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုကို …က်မြင်သက်သေတစ်ယောက်အဖြစ် ရင်ဆိုင်ဖော်ထုတ်ပါ့မယ် ဒါမှ

www.burmeseclassic.com



လဲ တမလွန်က သမီးရဲ့ ဖေဖေနဲ့မေမေတို့ကြေနပ်ဝမ်းမြော
နိုင်ကြမှာပါ'

'အင်း…ဦးလေးက ဦးလေး သူငယ်ချင်းအတွက်ရှေ့
တွေအပေါ်ဂုဏ်ယူနေတဲ့ ဒုစရိုက်ကောင်အဖွဲ့ ပြိုကွဲရှင်းလ
သွားရအောင် ဒီကန္တာရဘီလူးရဲ့ဖြစ်မှုကြီးကို တရားရုံးတော်
ပေါ်မှာ ကွက်ကွက်ကွင်းကွင်း ပေါ်ထွက်လာအောင် ကြိုး
စားမယ်၊ အဲ သမီးကို အထူးသတိပေးချင်တာက ကန္တာ
ဘီလူး သမီးအတိတ်မေ့ ဝေဒနာပျောက်ကင်းတာကို မသိ
အောင် အရင်ပုံစံအတိုင်း ဟန်မပျက်နေနိုင်ဖို့ပဲ'

ယင်းသို့

သတိပေးပြောဆိုလာသဖြင့် ယုဇ္ဇေးသမီးလေး ဟိုင်
မေမှာ နားခံသည့်အလား ခေါင်းတစ်ချက် ညိတ်လိုက်လေ
သည်။

ထိုအခိုက်မှာပင်…

'ကျွီ…'

သူတို့ရှိရာလူနာခန်းထဲသို့ သူတစ်ယောက် ဝင်ရောက်လာ
လေသည်။



သို့မို့ကြောင့်…

သူတို့အကြည့်များသည် အခန်းထဲသို့ဝင်ရောက်လာသော
အစောင့်ရဲမက်တစ်ဦးထံ စုပြုံရောက်ရှိသွားကြလေ၏။

သည်တွင်…

ရဲမက်မှူးကြီး ချူလိုင်ဖုန်းက အခန်းစောင့်ရဲမက်ထံ မျက်
မှောင်ကြုတ်ကြည့်လိုက်ရင်း…

'ဟိတ်–ဘာကိစ္စရှိသလဲ'

သူ၏မေးလိုက်တော့ အခန်းစောင့်ရဲမက်က မဆိုင်းမတွပင်
တုံ့ပြန်ဖြေလိုက်သည်မှ…

'ရဲမှူးကြီး၊ သခင်မလေးကို သခင်မလေးနဲ့ပတ်သက်တဲ့
ဝူရှန်ကျောင်းက တွေ့ချင်လို့ အပြင်မှာ ရောက်နေပါတယ်'

ယင်းဆိုစကား ကြားလိုက်ရသည်နှင့် ရန်သူတော်ကြီး
ကန္တာရဘီလူး၊ ဝူရှန်ကျောင်းတစ်ယောက် တိုက်ရိုက်ဆိုင်ဆိုင်
ရောက်ရှိလာသည်ကို သူတို့ကြားသိလိုက်ရသဖြင့် လှုပ်လှုပ်
ရှားရှားဖြစ်သွားကြရလေသည်။

ထိုစဉ်…

ယုဇ္ဇေးသမီးလေး ဟိုင်စင်မေမှာ ရဲမက်မှူးကြီး ချူလိုင်ဖုန်း
ထံ အကြည့်ရောက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'ဦး...ဦးလေး၊ သ...သမီး ဒီလူယုတ်မာနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး'

ပြောတော့...

ရှဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ ခေါင်းသွင်သွင် ခါယမ်းလိုက်ကာ...

'သမီး အတွေ့မခံလို့မဖြစ်ဘူး'

'ဟင်... သမီးတာဖြစ်လို့ သူ့ကို အတွေ့မခံလို့ မဖြစ်ရမှာလဲ'

'သမီး သူ့ကို လုံးဝအတွေ့မခံဘူးဆိုရင် သမီးအတိတ်မေ့ဝေဒနာပျောက်ကင်းသွားတာကို သူရိပ်စားမိပြီး သမီးတို့အကြံအစည်အမျိုးမျိုးနဲ့ ဒုက္ခပေးလာတော့မှာပေါ့'

ထို့သို့...

ရှဲမက်မှူးကြီး ချူလိုင်ဖုန်းတစ်ယောက် သဘိပေး ပြောဆိုလိုက်တော့မှ...

သူ့ဌေးသမီးလေး ဟိုင်စင်မေ သဘောပေါက် နားလည်သွားဟန်နှင့် ခေါင်းတစ်ချက် ငြိမ့်ပြ၍ ညိတ်လိုက်လေသည်။



'ဟုတ်ကဲ့'

'သမီး...နင်အား နေအထား ဟန်မပျက် နေဖို့ကတော့ ကြိုးစားနော်'

'ဟုတ်ကဲ့ပါ ဦးလေး'

သည့်နောက်...

ရှဲမက်မှူးကြီး ချူလိုင်ဖုန်း၏ အကြည့်အမိန့် ခေါင်းဆိုင်းနေရသော အခန်းစောင့်ရှဲမက်ထံ ရှေ့ပြေး ရောက်ရှိသွားပြီး လှမ်းအမိန့်ပေးလိုက်သည်မှာ...

'သူ့ကို ဝင်ခွင့်ပြုလိုက်ပေါ့'

'ဟုတ်ကဲ့ ရှဲမက်မှူးကြီး'

ဟု ဆိုကာ အခန်းစောင့်ရှဲမက်စစ်သည်မှာ သူ့ကိုဦးညွတ်အလေးပြုလိုက်ပြီးမှ အခန်းအပြင်သို့ ကျောခိုင်းထွက်ခွာသွားလေ၏။

သိပ်မကြာပါချေ။

အခန်းထဲသို့ အပြုံးရိပ်ဆောင်လျက် ရွှေဝါရောင်ပိုးထည်ဝတ်စုံနှင့် ခေသည်ပ်စွာ ဖဲတ်ဆင်မြန်းထားသော ဦးမိရှပ်

www.burmeseclassic.com

www.burmeseclassic.com



ချောမောသည့် ကန္တာရဘီလူး ဝူရှန်ကျင်း ဝင်ရောက်လာလေသည်။

သူ့လက်အစုံမှာမူ လက်ဆောင်ပစ္စည်းတစ်ခုကိုကိုင်ဆောင်လျက်လာ၏။

'ဟာ… ရဲမက်မှူးကြီးပါ လူနစ်ကြည့်ရောက်နေတာကိုး'

ခုတင်နံဘေးခုံတစ်လုံးတွင်ထိုင်နေသော ရဲမက်မှူးကြီး ချူလိုင်ဖုန်းကို ကန္တာရဘီလူး ဝူရှန်ကျင်း လှမ်းမြင်တွေ့လိုက်ရသဖြင့် ဖော်ရွေသည့်အပြုံးနှင့် လှမ်းနှုတ်ဆက်စကား ဆိုလိုက်လေသည်။

ထိုအခါ…

ရဲမက်မှူးကြီး ချူလိုင်ဖုန်းက အလိုက်သင့်စွာဖြင့် တုံ့ပြန်ပြုံးလိုက်ရင်း…

'အော်… မင်းလည်းဟိုင်မေစင်ကို လာကြည့်တာလား'

'ဟုတ်ပါတယ် ရဲမက်မှူးကြီး'

ဟုဆိုကာ ကန္တာရဘီလူး ဝူရှန်ကျင်းမှာ လူရွှေသမီးလေး ဟိုင်စင်မေ၏ ခုတင်အနားသို့ ချဉ်းကပ် ရောက်ရှိလာလေသည်။



ထိုအခိုက်—

ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ အလိုက်သိစွာပင် ထိုင်ခုံမှ ထကြွ၍ ရှောင်ပေးလိုက်လေ၏။

ထိုအခိုက်…

ကန္တာရဘီလူး ဝူရှန်ကျင်းသည် ရဲမက်မှူးကြီး ချူလိုင်ဖုန်း ဖယ်ပေးလိုက်သော ထိုင်ခုံတစ်လုံး၌ဝင်ရောက်ထိုင်လိုက်လေသည်။

ပြီး— သူ့ကို တစ်ဖက်စောင်းအိပ်နေသော လူရွှေသမီးလေး ဟိုင်စင်မေထံ အကြောင်းနာစွက်ဖက်သံဖြင့် လှမ်းစကားဆိုလေသည်မှာ—

'ညီ… ညီမလေး၊ နေကောင်းလား၊'

ထိုစဉ်…

လူရွှေသမီးလေး ဟိုင်မေစင်မှာ ဝူရှန်ကျင်းဘက်ဆီသို့ ကိုယ်လှည့်ကြည့်မိလိုက်လေ၏။

သည်တွင်…

လူမ မိဘနှစ်ပါးကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သော လူသတ်သမား ဝူရှန်ကျင်း၏ မျက်နှာအား မြင်တွေ့လိုက်ရသည်နှင့် ဟန်ဆောင်ထိန်းချုပ်၍ မရနိုင်တော့သော

www.burmeseclassic.com

www.burmeseclassic.com



ဒေါသလှိုင်းများ ရင်တွင်းရယ် တဝုန်းဝုန်း ရိုက်ခတ်ဝေါ-
ကြွလာရပြီး....

'ရှင်....ရှင် ထွက်သွား၊ ရှင့်....ရှင့်မျက်နှာလို မကြည့်ချင်
ဘူး၊ ထွက်သွား၊'

ရုတ်တရက် မစ်ပစ်ခါခါ ဖြောင်းထုတ်ခံလိုက်ရသော ဝုန္
ကျင်းမှာ အံ့ဩတုန်လှုပ်သွားရပြီး....

'ညီ....ညီမလေး၊ သ....သတိထားပါဦး၊'

ထိုအချိန်တွင်မှ....

ရှေ့ဆက် သွတ်ပေးထားလိုက်လျှင် သူငှေးသမီးလေး ...
မောင်၏ အခြေအနေမှန်ကို ဝုန္နန်ကျင်း ရိပ်စားသိရှိသွား
မည်ကို စိုးရိမ်ပူပန်သွားရသည့် ရဲမက်မှူးကြီး ချူလိုင်ဖုန်း...
ဝုရှန်ကျင်းအား အပြင်သို့ထွက်သွားရန် လှမ်း၍ တိုက်တို
တွန်းတွန်း ပြောဆိုလိုက်ရသည်မှာ....

'ညီ...ညီလေး ဝုရှန်ကျင်း၊ ဟိုင်းမင် ရောဂါဝေ...
လတ္တပြီနှုတ္တူတယ်၊ မင်းရော ငါပါ အပြင်ထွက်မှ ဖြစ်မယ်
လာ....လာ'

ပြောပြောဆိုဆိုပင် ရဲမက်ကြီး ချူလိုင်ဖုန်းမှာ ဝုရှန်ကျ...
၏ လက်မောင်းတစ်ဖက်ကို ဆွဲလျက် လှူနာခန်းထဲမှ ...
ထွက်လာခဲ့ကြလေတော့၏။

* * *

အခန်း ( ၁၆ )

လူသန်ကြီးနှစ်ဦးနှင့် ပန်းနုရောင်မိန်းကလေး

လီကျန်မြို့၏ မဟာရာည ကောင်းကင်မပေါ်၌ သီအဂ္ဂု လှ
တစ်ပိုက်မှာ ကြယ်တာရာလေးများ ပြန့်ကျဲစွာ ဝိုင်းရံလျက်
အေးချမ်းသာယာလျက် ရှိနေပေသည်။

'တုံ....တုံ....တုံ'

ထိုစဉ်မှာပင်....

ညဉ့်နက်ရှိမောင်း ဆယ့်နှစ်ချက်တီတီက လီကျန်မြို့ပြကြီး
တစ် ရပ်ကွက်တစ်ခုလုံးကို ယိမ်းပြင်ပြင် လွှမ်းခြုံသွားလေ၏။

ထိုအချိန်တွင်မှ....

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် စည်စည်ကားကား ဆူဆူညံညံရှိနေရသော လီကျန်မြို့တော်ကြီး၏ မြို့မြောက်ဘက်ရပ်ကွက်မှာ လူသွားလူလာ ပြတ်တောက်လျက် ဆိတ်ငြိမ်လျက် ရှိနေရလေ၏။

သို့ရာတွင်....

မြို့တော်ကြီး၏ မြို့မြောက်ဘက် ရပ်ကွက်လယ်မို့ လမ်းမီးတိုင်ကြီးများ၊ အစီအရီ ထွန်းထားမှုကြောင့် လင်းလင်းချင်းချင်း ရှိနေရလေ၏။

ထိုအခိုက်....

လူလတ်ပိုင်းတစ်ဦးသည် ခရီးဆောင် ကျောပိုးအိတ်ကို လွယ်ပိုးလျက် လူသွားလူလာ ကင်းရှင်းနေသော မြို့လယ်လမ်းမကြီးအတိုင်း ရပ်ကွက်စွန်းဘက်ဆီသို့ တစ်ရွေ့ရွေ့ လျှောက်လှမ်းလာလေ၏။

စင်စစ်တော့....

ယင်းလူလတ်ပိုင်းမှာ တခြားသူမဟုတ်ပါချေ။

ရပ်ဝေး လိုဖိန်မြို့မှ ရောက်ရှိလာသော ပန်းချီဆရာ သံမဏိစုတ်တံရှင် ဆန်ကျောင်းပင် ဖြစ်လေသည်။

သို့ရာတွင်....

အခု သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ အချိန်အခါမဟုတ် ညဉ့်နက်သန်းခေါင်ကြီး မြို့မြောက်ဘက် လမ်းမကြီးပေါ်ဝယ် ခေါင်းငိုက်စိုက်ချလျက် မည်သည့်အရပ်သို့ ဦးတည်လျက် လမ်းတစ်ဘက်တည်း လျှောက်လှမ်းနေရပါသနည်း။

ပြောရမည်ဆိုပါက....



သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ လီကျန်မြို့ မြောက်ဘက်ရပ်ကွက်လယ်ရှိ ရွှေစင်နဂါးစားတော်ဆက်နှင့် တည်းဂေဟာမှာ တည်းခိုနေရာ ကြိုတင်ငွေပေးထားသော ရက်သတ္တပတ်မှာ ရုတ်တရက် ပျောက်ဆုံးသွားရသည့် ဇနီးဖြစ်သူ ရီချမ်းကို မနားမနေ လိုက်လံရှာဖွေရင်းက ပြည့်မြောက်သွားလေ၏။

နောက်ထပ် သူ့အတွက် တည်းခိုစားသောက်စရိတ် ထပ်ခံမည်ဆိုသော သူများလည်း အစအနပင် ပေါ်မလာချေ။

ထိုအခါ....

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ စရိတ်ကြီးမားလှသော ရွှေစင်နဂါး တည်းခိုခစရိတ် တစ်ပတ်စာ ကြိုမပေးနိုင်တော့သဖြင့် ယင်းဂေဟာမှ အချိန်အခါမဟုတ် ထွက်လာခဲ့ရခြင်း ဖြစ်လေ၏။

သည်နေ့တွင်လည်း....

သူ သတင်းအစအနကို ရှာဖွေရသော ဇနီး ရီချမ်းနောက် လိုက်လံရှာဖွေ စုံစမ်းနေရသဖြင့် ရွှေစင်နဂါးစားတော်ဆက်သို့ ညဉ့်နက်မှ ပြန်ရောက်လာရလေ၏။

ရွှေစင်နဂါးစားတော်ဆက်နှင့် တည်းဂေဟာရောက်ပြန်တော့လည်း တည်းခိုစရိတ် ဆက်လက်မပေးနိုင်သဖြင့် သူ့အတွက် အခက်ကြီးကြုံရပြီ....

နောက်ဆုံးတော့ သူ ခရီးဆောင်ကျောပိုးအိတ်ကို လွယ်ပိုးလျက် ရွှေစင်နဂါးစားတော်ဆက်နှင့် တည်းဂေဟာ အဆောက်အအုံမှ ကျောခိုင်းကာ ခြေဦးတည့်ရာ လျှောက်လှမ်းလာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်....

သူ တရွေ့ရွေ့ လျှောက်လှမ်းလာရင်းက လမ်းခွဆုံအလယ်၌ ဝန်းခြံငယ်လေးတစ်ခုဆီသို့ ရောက်ရှိလာလေ၏။

ထိုလမ်းခွဆုံ ပန်းခြံ၏အတွင်း၌ ကျောမှီထိုင်ခုံရှည် သုံး လေးခုံ ရှိနေသည်ကို သူ လှမ်းမြင်တွေ့လိုက်ရလေ၏။

'အား.... ငါ့ခြေထောက်တွေလဲ တစ်နေကုန် ခေါက် တောက်အောင် လျှောက်လာခဲ့ရလို့ ခြေတွေလဲ ညောင်းကိုက်နေရပြီ။ ပန်းခြံလေးထဲ က ထိုင်ခုံရှည်တစ်ခုံမှာ ထိုင်အနားယူလိုက်ရင် ကောင်းမယ်၊ ဒီတစ်ညတော့ အဲဒီထိုင်ခုံရှည်ပေါ်မှာပဲ အိပ်စက်အနားယူရတော့မှာပဲ'

ယင်းသို့...

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ တွေးတောရေရွတ် လိုက်မိပြီးနောက် လမ်းခွဆုံလည်၌ အလှပြုပြင်ထားသော ဝန်းခြံလေးဆီသို့ ဦးတည် လျှောက်လှမ်းလာခဲ့လေသည်။

ယင်း ပန်းခြံလေးအတွင်းရောက်တော့ သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ ကျောမှီထိုင်ခုံရှည် တစ်လုံးပေါ်သို့ ခြေ လက်ပစ် ထိုင်ချလိုက်လေသည်။

နောက်...

သူ ကျောခေါ်ပေါ်မှ ခရီးဆောင် ကျောပိုးအိတ်ကိုဖြုတ်ကာ ထိုင်ခုံအစွန်းတစ်ဖက်ပေါ်သို့ တင်လိုက်လေသည်။

ထိုအချိန်မှာဝင်....



ညဉ့်လေပြေညင်းက သူ ထိုင်အနားယူနေသော ပန်းခြံငယ်လေးဆီသို့ ဦးတည်ကာ တစ်သုန်သုန် တိုက်ခိုက်လာလေသည်။

သို့သော်...

ယင်းညဉ့်နက်လေပြေအေးက ပူလောင်နေရသော သံမဏိစုတ်တံရှင် ဆန်ကျောင်း၏ရင်ကို အေးမြနိုင်စွမ်း မရှိနိုင်ပါချေ။

'ဟူး'

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ လေပူတစ်ချက် 'ဟူး' ခနဲ မှုတ်ထုတ်လိုက်ပြီးနောက် ထိုင်ခုံကျောမှီကို ကျောမှီချပြီး ခေါင်းမော့အိပ်လိုက်လေသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ဒုန်းစိုင်းနှင်လာသည့် မြင်းခွာသံများ ကြားလိုက်ရလေသည်။

မိမိနှင့် ပတ်သက်မည် မထင်သောကြောင့် သူ ပုံမပျက် ခေါင်းမော့ အိပ်မြဲနေမိလိုက်လေသည်။

ထိုအခါ,...

လမ်းမကြီးပေါ်ဝယ် စိုင်းနှင်လာကြသော မြင်းခွာသံများ ရပ်စိုင်းသွားကြရပြီး မိန်းကလေးတစ်ဦး၏ အော်ဟစ်သံကို သူ ကြားလိုက်ရလေသည်။

'ရှင်...ရှင်တို့ လူယုတ်မာတွေ၊ လွှတ်...လွှတ် ကျွန်... ကျွန်မ ရှင်တို့ထင်သလို ညဉ့်ငှက်မ မဟုတ်ဘူး'

'ဟီး...ဟီး'

'ဟား...ဟား'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့....

ဗရုတ်ဗယက် အသံများ ကြားလိုက်ရမှုကြောင့် ခေါင်းမြီးခြုံအိပ်နေရသော ဆန်ကျောင်း ခေါင်းထောင်ထလာရလေသည်။

မြို....

သူ့အကြည့် ရှုတ်ရှက်သဲသဲ ဖြစ်တည်နေရသော လမ်းမကြီးဘက်ဆီသို့ ရွှေ့ပြောင်းရောက်ရှိမိရာ....

'ဟင်...မိန်းကလေးတစ်ဦးကို လူသန်ကြီးနှစ်ဦး ဖမ်းချုပ်ပြီး သူတို့ရထားထိုးပေါ် တင်နေပါလား။ မဖြစ်သေးဘူး။ ဒီမိန်းကလေးလဲ ရှိချမ်းလို ဒုက္ခရောက်ရတော့မယ်နဲ့ တူတယ်'

ထိုသို့....

ဆန်ကျောင်းမှာ လူသန်ကြီး နှစ်ဦးတို့ မိန်းမပျိုကို အဓမ္မဖမ်းချုပ်ကာ ရထားအိမ်ပေါ်သို့ တင်နေသည်ကို လှမ်းမြင်တွေ့လိုက်ရလေသည်။

ဒါကြောင့်....

သူ စိုးရိမ်ပူပန်စွာဖြင့် အခင်းဖြစ်ပွားရာ နေရာသို့ ပန်းခြံဝယ် အတွင်းမှ လျင်မြန်သောအဟုန်နှင့် ရွှေ့လျားရောက်ရှိသွားလေသည်။

တစ်ဖက်သို့....

အာရုံစော သန့်နေကြသော လူသန်ကြီး နှစ်ဦးတို့မှာ နောက်ဖက်မှ ဆန်ကျောင်း ချဉ်းကပ် ရောက်ရှိလာသည်ကို လုံးဝ မရိပ်စားမိကြချေ။

ဒါကြောင့်....



ဆန်ကျောင်းမှာ ခြေစုံဖြင့် ကျောခိုင်းအနေအထား၊ ရှိနေကြသော လူသန်ကြီး နှစ်ဦးတို့၏ ခေါင်းအသီးသီးဆီသို့ ဝဲယမ်းတိုက်ခိုက်လိုက်လေသည်။

'ဒို...ဒို'

'ခွပ်...ခွပ်'

'အူး...အူး'

'ဘုန်း...ဘုန်း'

အားပါလှသော ညာခြေခုန်ကန်ချက် ထိမိသွားကြရသော လူသန်ကြီးနှစ်ဦးတို့ နာကျင်ညည်းတွားစွာ ပြိုင်တူအော်ဟစ်ကြရင်း လမ်းပေါ်သို့ ပြိုလဲသွားကြလေသည်။

ထိုအခါကျမှ....

အရပ်အမောင်း မြင့်မြင့် မိန်းမလှလေးမှာ လူသန်ကြီးနှစ်ဦးလက်ထဲမှ လွတ်မြောက်သွားရလေသည်။

ထိုစဉ်....

အနှောင့်အယှက်ခံလိုက်ကြရသော လူသန်ကြီးနှစ်ဦးတို့မှာ ဆန်ကျောင်းထံ မကျေမချမ်းဖြစ်စွာဖြင့် ဘေးဘယ်ညာဝိုင်းရံလာကြလေသည်။

သည့်တွင်....

ညှပ်ပူညှပ်ပိတ် ဝိုင်းရံလာကြသော လူသန်ကြီးနှစ်ဦးတို့ကို ရင်ဆိုင်တိုက်ခိုက်ရန်အတွက် သိုင်းကွက်နင်းလိုက်လေသည်။

ထိုအခိုက်....

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီး နှစ်ဦးတို့သည် သူတို့၏ကြီးမားပြန့်ကားသော ညာလက်ဝါးကြီးတို့ဖြင့် ဆန်းကျောင်းဆီသို့ ဘယ်ညာညှပ်ကာ ပြိုင်တူ ခုန်ပျံတိုက်ခိုက်လာကြလေသည်။

'ယား....ယား'

'ဟိုင်း....ဟိုင်း'

'ဗိုး....ဗိုး'

'ဖောင်း....ဖောင်း'

သည်တွင်....

ဆန်းကျောင်းသည် လူသန်ကြီးနှစ်ဦးတို့၏ ညာလက်ဝါး ရိုက်ချက်တို့ကို ဘယ်၊ ညာခြေနှစ်ချောင်းကန်ချက်တို့ဖြင့် ဝဲ ယမ်း ခုန်ကာ ကွယ်လိုက်လေသည်။

ထိုအခါ....

မှန်းချက်မကိုက်ဖြစ်သွားကြရသော လူသန်ကြီးနှစ်ဦးတို့မှာ နောက်သို့ပြိုင်တူ ခုန်ထွက်လိုက်ကြလေသည်။

ထိုစဉ်မှာပင်....

ဆန်းကျောင်းမှာ နောက်သို့ ပြိုင်တူခုန်ထွက်သွားကြသော လူသန်ကြီးနှစ်ဦးတို့၏ မအားနေရာဆီသို့ ဘယ်၊ ညာခြေတို့ဖြင့် ခုန်ပျံတိုက်ခိုက်လိုက်လေသည်။

'ဟိုင်း....ဟိုင်း'

'ဗိုး...ဗိုး'

'ဘုတ်...ဘုတ်'

'အီး....'

'အား....'



'အိုး....'

မအားနေရာသို့ မိမိရရထိမှန်သွားကြရသော လူသန်ကြီးနှစ်ဦးတို့ မျှောက်မျှားလို ခုန်ဆွခုန်ဆွ နာကျင်ဖော်ဟစ်စွာ ညည်းညူကြရင်း ရထားလုံးပေါ်သို့ ကြောက်ကြောက်ရွံ့ရွံ့ တက်ပြေးကုန်ကြလေသည်။

သိပ်မကြာလိုက်ပါ....

လူသန်ကြီးနှစ်ဦးတို့ လမ်းမကြီးအတိုင်း ရထားလုံးကို မောင်းနှင်ထွက်ပြေးသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို ခုလိုလှူရမ်းကားကြီး နှစ်ယောက် လက်ထဲ ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်'

ကျေးဇူးတင်အားကိုးလာသော ပန်းနုရောင် ဝတ်စုံနှင့်ပါ ပါးလျားလျား မိန်းမချောလေးထံ သံမဏိစုတ်တံရှင် ဆ ကျောင်း အကြည့်စူးစိုက်မရှုတ်ရင်း....

'ရပါတယ်ဗျာ၊ ဒုက္ခရောက်နေတဲ့ မိန်းမသား တစ်ဦး ကိုယ်မျက်စိရှေ့မှာ မကြည့်ရက်နိုင်ပါဘူး၊ ဒါနဲ့အမိ ဘာတ လုပ်ပြီး ဒီလူကြီးနဲ့ ဆုံခဲ့တာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်သော ပန်းနုရောင်ဝတ် ဝတ်မိန်းမချောလေးမှာ ခံပြင်း ဒေါသသံပါပါနှင့်....

'ကျွန်မ ရပ်ကွက်လယ်မှာ ကုန်စုံဆိုင်တစ်ခု ဖွင့်ထားပါ တယ်၊ ဒီကနေ့ ကုန်ပစ္စည်းတွေရောက်လာလို့ လက်ခံနေရတာ နဲ့ အပြန် နောက်ကျသွားတယ်၊ အဲဒါ ဒီလူယုတ်မာကြီးတွေ ဘယ်ကနေ အကွက်ချောင်းနေလဲ မသိဘူး၊ ကျွန်မလှည် နောက်ကို ထက်ကြပ်မကွာလိုက်လာပြီး အခုလိုအကြမ်းဖ တော့တာပါပဲ၊ ဒါနဲ့ အစ်ကို့နာမည် ဘယ်လိုခေါ်သ

သူ့နာမည်ကို လှမ်းမေးလာသဖြင့် သံမဏိစုတ်တံရှင်ဆ ကျောင်းမှာ သတ်ပြင်းခပ်မှုဦးမျှစ်ချလိုက်ပြီးမှ....



'ကျွန်တော့်နာမည် ဆန်ကျောင်းပါ'

'ကျွန်မနာမည်က ကျင်ရွှေရှင်ပါ'

'ဟုတ်ကဲ့....ကဲ....ကျွန်ခေတ်ကို ပြန်ခွင့်ပြုပါဦး'

ထိုသို့....

သူ နှုတ်ဆက်လိုက်ပြီးနောက် ပန်းနုရောင်ဝတ်စုံဝတ်ကျင် ရွှေရှင်ကို ကျောခိုင်းကာ ပန်းခြံငယ်ဆီသို့ ဦးတည်လျှောက် လှမ်းသွားလေ၏။

ထိုစဉ်....

သူ့နောက်ဖက်မှ ပြေးလိုက်လာသော ခြေသံတဖတ်ဖတ်ကို သံမဏိ စုတ်တံရှင် ဆန်ကျောင်း အတိုင်းသား ကြားလိုက်ရ လေသည်။

ထိုအခိုက်....

'အစ်ကိုဆန်ကျောင်းဘယ်ကို ပြန်မှာလဲ'

လိုက်လှဲသော လေသံဖြင့် လှမ်းမေးလာသဖြင့် သံမဏိ စုတ်တံရှင် ဆန်ကျောင်းမှာ နေ့ခတ်သို့လှည့်လိုက်ပြီး လေသ ချိုချိုဖြင့် တုံ့ပြန်ပြောဆိုလိုက်သည်မှာ....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ရှေ့ကပန်းခြံငယ်ကိုသွားမှာ'

ထိုအခါမှ ကြားလိုက်ရသော ပန်းနုရောင် ကျွင်ချေချင်မှာ မျက်မှောင်တစ်ချက်တွန့်သွားရပြီ။

'အစ်ကို ပန်းခြံငယ်ကို ဘာသွားလုပ်မှာလဲ'

သံမဏိစုဏ်တံရှင် ဆန်နဲ့ကျောင်းမှာ သက်ပြင်းတစ်ချက် လျှို့ ဝှက် ချလိုက်ကာ

'ဒီည အတွက်ကျွန်တော့်ရဲ့ တည်းခိုရာနှင်းခေလားဒီပန်းခြံငယ် လေးပါပဲ'

'ဟင်'

မသင်မှတ်သော အဖြေစကားကို ကြားလိုက်ရသော ပန်းနုရောင် ကျွင်ချေချင်၏ မျက်ဝန်းအစုံ ဝင့်ကျယ်သွားရပြီး တအံ့တသြဖြစ်ကာ 'ဟင်'ဟူသော အာမေဋိတ်သံ တစ်ချက် လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

ပြီးမှ....

ပန်းနုရောင် ကျွင်ချေချင်သည် သံမဏိစုဏ်တံရှင် ဆန် ကျောင်းကို မျက်မှောင်ကြုတ်ကြည့်ရင်း လိုက်လှဲသံဖြင့် မေး လိုက်သည်မှာ....



'ဒါဆိုရင်အစ်ကိုရယ် ကျွန်မရဲ့အိမ်ကိုလိုက်ခဲ့စေချင်ပါတယ်။ အဲဒီနေရာ အစ်ကိုနေဖို့ မသင့်တော်ပါဘူး။ ဒါ့ကြောင့် ဘယ်လို ဆိုတော့ အစ်ကို လိုက်ခဲ့စေချင်ပါတယ်'

တောင်းဆိုလာသဖြင့် တစ်ညတာ တည်းခိုစရာ မရှိသော သံမဏိ စုဏ်တံရှင် ဆန်ကျောင်းမှာ မျက်ခုံးအစုံ တွန့်ကြုတ် လိုက်ရင်း တစ်ချက် တွေးတော စဉ်းစားမိလိုက်လေ၏။

'အင်း...ငါ ဒီပန်းခြံမှာ အိပ်နေရင် ညလုံခြုံရေး အဖွဲ့နဲ့ဆုံ တွေ့ခဲ့ရင် ပြဿနာ ဖြစ်လာနိုင်တယ်။ အဲဒီတော့ ကျွင်ချေချင် နောက်ကို ငါလိုက်သွားလိုက်ရင် ငါ့အတွက်တစ်ညတာတည်း ခိုဖို့ အဆင်ပြေသွားမယ်'

ယင်းသို့ သံမဏိစုဏ်တံရှင် ဆန်ကျောင်းက တွေးတော ဆုံးဖြတ်လိုက်လေ၏။

ဒါကြောင့်....

သံမဏိစုဏ်တံရှင်ဆန်ကျောင်း၏အကြည့်မှ ငံ့လင့်နေသော ကျွင်ချေချင်ထံ ဖူးဆိုက်ရောက်ပြီး....

'အေးပါ....ကျွန်တော် မှာလဲ ကျွန်တော့်ဗိုက်နဲ့ကျွန်တော် အခုလို မကျွင်ချေချင်က တစ်ညတာ တည်းခိုဖို့ဖိတ်ခေါ်တာတွေ အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်လိုက်ခဲ့ပါ့မယ်'

www.burmeseclassic.com

ထိုအဖြေစကားကို ကြားလိုက်ရသော ပန်းနုရောင် ကျင်ချေရှင်မှာ ကျေနပ်ပီတိဖြစ်၍ သွားရလေ၏။

'ဒါဆို ညီမ ရထားမှာ စောင့်နေမယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ခရီးဆောင် ကျော့ပိုးအိတ်ကို ပန်းခြံထဲမှာ သွားယူလိုက်ဦးမယ်'

'ဟုတ်ကဲ့ရှင့်'

သည်နောက်...

သိမ်မကီစုတ်တံရှင် ဆန်ကျောင်းသည် သွက်လက်သောခြေလှမ်းများဖြင့် ပန်းခြံငယ်ဆီသို့ ရွေ့လျားလာခဲ့လေ၏။

သိပ်မကြာလိုက်ပါချေ။

သိမ်မကီစုတ်တံရှင် ဆန်ကျောင်းသည် ပန်းခြံအတွင်းရှိ ကျောမှီထိုင်ခုံရှည်ပေါ်တွင် တင်ထားသော ခရီးဆောင် ကျော့ပိုးအိတ်ကို ယူဆောင်လျက် ပန်းနုရောင် ကျင်ချေရှင် စောင့်ဆိုင်းနေသော ရထားလုံးဆီသို့ ရောက်ရှိလာလေသည်။

သို့နှင့်...

ဆန်ကျောင်းတစ်ယောက် ပန်းနုရောင်ကျင်ချေရှင် ခေါ်ဆောင်ရာနောက်သို့ ရထားလုံးဖြင့် လိုက်ပါခဲ့ရလေ၏။



နောက်တစ်နေ့ နံနက်ခင်းသို့ ရောက်လာသောအခါ ဆန်ကျောင်းနှင့် ပန်းနုရောင်ကျင်ချေရှင်တို့သည် နံနက်ခင်းအဆာပြေ စားသောက်ကြရင်း စားပွဲဝိုင်း၌ စကားစမြည် ပြောဆိုကြလေ၏။

ပန်းနုရောင် ကျင်ချေရှင်သည် လက်ဖက်ရည်ချို တစ်ကျိုက်သောက်လိုက်ပြီးမှ ဆန်ကျောင်းထံအကြည့်ရောက်ရင်း...

'အစ်ကို ဘယ်လိုအကြောင်းကြောင့် လမ်းခွဲဆုံပန်းခြံငယ်မှာ အိပ်ဖို့ အခြေအနေ ရောက်လာရတာလဲ'

စင်စစ် မေးမြန်းလာသဖြင့် ဆန်ကျောင်းသည် လီကျန်မြို့ မြောက်ဖက်ရပ်ကွက်လယ်ရှိ ချွစ်နဂါး စားသောက်ဆိုင်နှင့် တည်းခိုဟော်၌ တွေ့ကြုံဖြစ်ပျက်ခဲ့ရသော ဒုက္ခအိုးကို ပန်းနုရောင် ကျင်ချေရှင်ထံ ရင်ဖွင့်ပြောပြလိုက်လေ၏။

သည်တွင်...

ပန်းနုရောင် ကျင်ချေရှင်မှာ သိမ်မကီစုတ်တံရှင်ဆန်ကျောင်း၏အဖြစ်အပျက်ကိုကြားမိရပြီ၊ စိတ်မကောင်းဖြစ်သွားရလေသည်။

ဒါကြောင့်...

ပန်းနုရောင် ကျင်ချေရှင်မှာ သက်ပြင်းမောလေးကိုချလိုက်ပြီ...

www.burmeseclassic.com



'ဒါဆို အစ်ကို ဇနီးရိချွမ်းကို အခုအချိန်အထိ သတင်းအ
အနေအထား စုံစမ်းလို့မရဘူးလား'

ယင်းအမေးကြောင့် သိမ်ကော်စုတ်တံချင်ဆန်ကျောင်းမှာ
ဇနီး ရိချွမ်းကို ရုတ်ခြည်းလွမ်းဆွတ်သတိရမိလိုက်ပြီး ကြေ
ဆို့နစ်ကာ....

'မ... မရေသေး မကျွင်ချွေရှင်၊ အခုလဲ ကျွန်တော် 
သတင်းကို သွားရောက်စုံစမ်းရဦးမယ်၊ ကျွန်တော့်ကို ခွင့်
ပါဦး'

ခွင့်တောင်းစကားဆိုလိုက်တော့ ပန်နုရောင် ကျွင်ချွေရ
မှာ သက်ပြင်းတစ်ချက်လျှို့ဝှက်ချလိုက်ပြီး....

'ဟုတ်ကဲ့ရှင်၊ တကယ်လို့အစ်ကိုလိုက်လံစုံစမ်းပြီးရင် ညီ
အိမ်ကိုလာပါဦးနော် ပြောပါရစေ'

သူ့အစကို သိတတ်နားလည်စွာဖြင့် တောင်းဆိုလာသော
ပန်းနုရောင်ကျွင်ချွေရှင်၏စကားကိုကြားလိုက်ရသည့် သိမ်
စုတ်တံချင်ဆန်ကျောင်း၏ရင်ထဲ လှိုက်ခနဲ့စွာ ခံစားလိုက်ရ
သည်။

ထို့နောက်....



သိမ်ကော်စုတ်တံချင်ဆန်ကျောင်းမှာ ယခုအခါဖြူဖွေးလာ ပန်း
နုရောင်ကျွင်ချွေရှင်ကိုနှုတ်ဆက်ပြီး သိုးချင်းအိမ်လေးမှ ကျေ
နိုင်း ထွက်ခွာလာခဲ့လေ၏။

သို့ဖြင့်....

ဆန်ခကျောင်းမှာ မျောက်ဆိုးနေသော ဇနီးရိချွမ်းသတင်း
ကိုစုံစမ်းရန်အတွက်မြို့ရှေ့ဘက်အခြမ်းမှနေ၍မြို့လယ်ရပ်ကွက်
ဆီသို့ ဦးတည်လျှောက်လှမ်းခဲ့လေသည်။

မြို့လယ်ရပ်ကွက်သို့ရောက်သောအခါ မွန်းတည့်ချိန် ကျော်
လွန်ခဲ့ချေပြီ။

ထိုအခါ....

ဆန်ခကျောင်း၏ ဝမ်းဗိုက်မှာလည်း အစာကြုံလိုက်မြည်
ကာ ဆာလောင်လာခဲ့လေသည်။

သို့မို့ကြောင့်....

ဆန်ခကျောင်းမှာ နံနက်စာစားသောက်ရန်အတွက် မြို့လယ်
လမ်းမကြီးနားတွင် ရှေ့ပွဲလာ စားသောက်ဆိုင်ဆီသို့ ဦးတည်
လျှောက်လှမ်းလာခဲ့လေသည်။

သို့နှင့်....

www.burmeseclassic.com

www.burmeseclassic.com



သူ ရှေ့ပွဲလည်းစားသောက်ဆိုင်အတွင်းသို့ ရောက်သောအခါ စားသောက်သူများ စည်ကားလျက် ဆူဆူညံညံ ရှိနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ထို့စဉ်....

ဆန်ကျောင်းသည် စားသောက်ဆိုင် အတွင်းသို့ အကြည့်ဝေ့ဝဲကာ စားပွဲလွတ်တစ်လုံးကို ရှာဖွေလိုက်လေသည်။

ကံအားလျော်စွာပင်စားသောက်ဆိုင်အတွင်းထောင့်ကျကျ စားပွဲတစ်လုံးမှ စားသောက်သူနှစ်ဦး ထလာသည်ကိုသူ လှမ်းတွေ့လိုက်ရလေ၏။

ဒါကြောင့်....

သူ မင်းလမ်းအတိုင်းလျှောက်သွားရသော စားပွဲဝိုင်းဆီသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။

သူ ထိုစားပွဲဝိုင်း၌ ထိုင်ခုံရှိသေးသည့် အပြုံးရိပ်ဆောင်ထားသော စားပွဲထိုးလူငယ်တစ်ယောက် ခပ်သုတ်သုတ်ရောက်ရှိလာလေသည်။

- ထို့စဉ်....

ယင်းစားပွဲထိုးလူငယ်မှာ သူ့အား ဦးတစ်ချက်ညွှတ်လိုက်ပြီး....

'အစ်ကိုလေး ဘာစားသုံးဆောင်မလဲခင်ဗျ'



ရည်မွန်ယဉ်ကျေးစွာ လှမ်းမေးလာသဖြင့် သံမဏိစုတ်တံ ရှင်ဆန်ကျောင်းမှာ မဆိုင်းမတွပင် တုံ့ပြန်ပြောဆိုလိုက်သည်မှာ....

'ညီလေး–အစ်ကိုအရင်ဆုံး ဝါး ရွက်စိမ်းတစ်အိုးနဲ့ အမြန်ဆုံးရမယ့် အမြည်းချပေးကွာ'

ပြောကြားလိုက်တော့ စားပွဲထိုးလူငယ်လေးမှာ ဦးတစ်ချက်ညွှတ်လိုက်ပြီး....

'ဟုတ်ကဲ့ အစ်ကိုလေး'

ဟုဆိုကာ သူ့စားပွဲဝိုင်းမှ ကျောခိုင်း ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

---

### ကုန်သည်လေး၏ ထုတ်ဖော်ချက်

ကျွမ်းတစ်ယာညက်ခန့် ကြာသောအခါ စားပွဲထိုးလူငယ်လေးမှာ ငွေလင်ပန်းတစ်ချပ်နှင့် အရက်အိုး၊ အရက်ခွက်နှင့် အမြည်းပန်းကန်တို့ကို သယ်ဆောင်ရင်း ဆန်ကျောင်းစားပွဲသို့ ရောက်ရှိလာလေ၏။

ပြီး... ထိုစားပွဲထိုးလူငယ်သည် ငွေလင်ပန်းပေါ်မှ ပစ္စည်းပစ္စယများကို ဖန်ဖူးချောင်ခင်းထားသော စားပွဲခုံပေါ်သို့ အစီအရီ တည်ခင်းလိုက်လေသည်။

ပြီးနောက်....



ထိုစားပွဲထိုးလူငယ်လေးသည် ဆန်ကျောင်းကို ဦးတစ်ချက်ညွတ်ပြီး ကျောခိုင်းထွက်ခွာသွားလေ၏။

ထိုစဉ်...

ဆန်ကျောင်းသည် ဝါးရွက်စိမ်းအရက်အိုးကို ကိုင်မြှောက်လျက် အရက်ခွက်ထဲသို့ ဝါးရွက်စိမ်းအရက်အချို့ စောင်းငှဲ့ထည့်လိုက်သည်။

ပြီး...

သူ ယင်းအရက်ခွက်ကိုမြှောက်၍ ဝါးရွက်စိမ်းအရက်ကို မော့သောက်လိုက်လေသည်။

နောက်...

သူ တူတစ်စုံကိုင်လျက် အမြည်းပန်းကန်ထဲမှ အမြည်းအချို့ကို ညှပ်ယူ၍ စားသောက်လိုက်လေသည်။

ထိုသို့...

သူ စားသောက်နေရင်း သူ့အကြည့်က ပြတင်းပေါက်နံဘေးရှိ စားပွဲဝိုင်းဆီသို့ ရွေ့ပြောင်း ရောက်ရှိသွားလေသည်။

ထိုအခါ...

ယင်းပြတင်းပေါက်နံဘေးရှိ စားပွဲဝိုင်း၌ တစ်ယောက်တည်း စားသောက်နေသော လူလတ်ပိုင်းတစ်ဦးကို လှမ်းမြင်တွေ့လိုက်ပြီး အံ့ဩလှုပ်ရှားသွားလေ၏။

ဟင်... ဟိုစားပွဲမှာ စားသောက်နေတဲ့ကောင်ဟာ ကုန်သည်လေး မူ... မူကျန်လင်းပါလား၊ ဒီကောင် ငါ့ကိုလီကျန်မြို့တော်ကြီးရောက်စဉ်က အကြောင်းအထည် ပြောပေးခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



တရားခံဟာ ဒီကောင်ပဲ၊ ဟင်း...မင်းနဲ့ငါ မကြာခင် တွေ့ကြသေးတာပေါ့ကွာ'

မမျှော်လင့်ဘဲ....

သူ့ကို ဇနီးမောင်နှံ နှစ်ယောက်တို့ကို ဓုက္ခရောက်အောင် စောင် အကောင်အထည်ဖော်ခဲ့သော တရားခံ ကုန်သည်လေး မှုကျွန်လင်းကို တွေ့မြင်လိုက်ရသဖြင့် အထက်ပါအတိုင်း မအောမချမ်းဖြစ်ကာ စိတ်ထဲက ကြိတ်ကာ ပြောဆိုမိလိုက်လေသည်။

ပြီးနောက်....

သမဏီစုတ်တံရှင် ဆန်ကျောင်းသည် အနီးကသောက်ဆိုင်ရင်းက ကုန်သည်လေး မှုကျွန်လင်း၏ အခြေအနေကို မသိမသာ အကဲခတ်နေမိလေ၏။

ရေနွေးတစ်အိုးကျက်ခန့် ကြာသောအခါ သူ မသိမသာ လှမ်းအကဲခတ်နေသော ကုန်သည်လေး မှုကျွန်လင်းမှာ စားသောက်ဆိုင်းမှ ဖဲကြဉ်၍ စကြံသမ်းအတိုင်း အပေါ်အပေါ် သွားရာ စားသောက်ဆိုင် အတွင်းပိုင်းဆီသို့ ဒယီးဒယိုင် လျှောက်လှမ်းသွားသည်ကို သူ လှမ်းမြင်တွေ့လိုက်ရလေ၏။

ဒါကြောင့်....

သမဏီစုတ်တံရှင် ဆန်ကျောင်းမှာလည်း ကုန်သည်လေး မှုကျွန်လင်း ဝင်ရောက်သွားသော ဆိုင်အတွင်းပိုင်းသို့ ခပ်သုတ်သုတ် လိုက်သွားလေသည်။



အတွင်းရောက်တော့....

အပေါ့အပါးခန်းထဲမှ ထွက်လာသော ကုန်သည်လေး မှုကျွန်လင်းနှင့် သူ မျက်နှာချင်းဆိုင်တိုက်တိုးလေ၏။

ထိုအခါ....

သမဏီစုတ်တံရှင် ဆန်ကျောင်းမှာ သူ့အား တွေ့မြင်လိုက်ရသည်နှင့် သရဲ တစ္ဆေ တွေ့ဆုံရသည့်အလား တုန်လှုပ်ချောက်ချားသွားရသော ကုန်သည်လေး မှုကျွန်လင်း၏ ရင်ညွန့်ရှိ ဝတ်စုံစကို သူ့ညာလက်ဝါးဖြင့် ဖမ်းဆွဲဆုပ်ကိုင်လိုက်လေသည်။

'ဟိတ်ကောင်...မှုကျွန်လင်း မင်းဟာ ငါ မိတ်ဆွေကောင်းတစ်ယောက်လို့ ထင်မိခဲ့တာ၊ လက်စသတ်တော့ မင်း ငါတို့ ဇနီးမောင်နှံ ဓုက္ခရောက်အောင်ကြံခဲ့တဲ့ကောင်ပဲ...ကဲကွာ'

'ဝုန်း'

'ရှပ်'

'အုန်း'

'ဘုန်း'

ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်ရက်ကျသွားသော ကုန်သည်လေး မှုကျွန်လင်းမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

'ကျွန်...ကျွန်တော်လုပ်တာ မဟုတ်ပါဘူး'

'မင်းဟာ ကြံရာပါပဲ၊ ကဲ...ငါ့ဇနီးကို ဘယ်သူခေါ်သွားလဲပြော'

'ကျွန်...ကျွန်တော် မသိဘူး'

'အေး...မင်းမသိရင် သိအောင်လုပ်ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပြောမပြောဆိုသိနိုင်ပယ် သံမဏိစုတ်တံရှင် ဆန်ခါကျောင်းမှာ ထိတ်ထိတ်ပျာပျာဖြစ်နေသော ကုန်သည်လေး မှူကျုန်လင်း၏ မျက်နှာဆီသို့ ညာမခြေရုံတစ်ချောင်း ဝေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

'ရှယ်'

'ဖြောင်း'

'အား'

'ဘုန်း'

ထန်ချက်ပြင်းထန်မှု ကြောင့် ကုန်သည်လေး မှူကျုန်လင်းမှာ ရှူးရှူး ကျွင်းမှာ အသက်တာဆိနေး အခန်းနံရံဆီသို့ လွင့်စဉ် ကျရောက်သွားရလေ၏။

ထို့စဉ်....

သံမဏိစုတ်တံရှင် ဆန်ခါကျောင်းမှာ နံရံထောင့်ဆီသို့ လွင့်စဉ်ကျရောက်သွားသော ကုန်သည်လေး မှူကျုန်လင်းထံ လျှင်မြန်စွာ ချဉ်းကပ်ရောက်ရှိသွားပြီး သူ့ဖိနပ်ဦးချွန်ဖြင့် ကုန်သည်လေး၏ လည်မျိုဆီသို့ ဖိထောက်လိုက်ပြီး...

'ဟေ့ ကောင် မှူကျုန်လင်း၊ ငါမေးတာကို မင်း မြန်မြန်မဖြေရင် မင်းကို ငရဲပြည်ပို့မယ် ဟင်း'

'ကျွန်...ကျွန်တော် ဖြေပါ့မယ်'

'အေး...ဒါနဲ့ ငါ့ငန်းကို ဖမ်းသွားတာ ဘယ်သူလဲ'

'ဒါ...ဒါတော့ ကျွန်တော်မသိတာ အမှန်ပါပဲ'

'မင်းမသိရင် သိတဲ့ကောင်ကို ငါ့ပြော'



အကြပ်ကိုင်ခံနေရမှုမြန်းလိုက်သော ကုန်သည်လေးမှူကျုန်လင်းမှာ တုန်ယင်ထစ်ခေါ်သွားဖြင့် တုံ့ပြန်ဖြေသည်မှာ...

'ကို...ကိုမြူမြူ ချူဟိုတာ အဲ...အဲဒီကိစ္စ သိ...သိပါတယ်'

'အေး...ဒါဆို အဲဒီ မြူမြူချူဟို ဘယ်မှာရှိသလဲပြော'

'သူ...သူ အခု မြို့လယ် တိမ်တံခွန်တည်းခိုခန်း အခန်းထဲမှာ ရှိ...ရှိနေပါတယ်'

'ဟုတ်ပြီ...မင်းအခုပြောတာ အမှန်ပဲနော်'

'ဟုတ်...ဟုတ်ပါတယ်'

'အေး...ဒါဆိုတော့ သေဘက်ကြီးနဲ့ ခဏတွေ့ အဆက်ဖြတ်နေလိုက်ဦးကွာ'

ပြောဆိုပြီးသည်နှင့်...

သံမဏိစုတ်တံရှင် ဆန်ခါကျောင်း၏ ညာခြေရုံတန်ချက်မှာ ကြောက်ရွံ့ထိတ်ပျာနေသော ကုန်သည်လေး မှူကျုန်လင်း၏ မျက်နှာဆီသို့ ဝေ့ယမ်းတိုက်ခိုက်လိုက်လေ၏။

'ဖွတ်'

'ဖြောင်း'

'အား'

'ဘုန်း'

ပြင်းထန်ထိမိသော ခြေဆန်ချက်ကြောင့် ကုန်သည်လေး မှူကျုန်လင်း နံကျောင်ခြင်းကြီးစွာ အောက်ဟန်ရင်း ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက်သွားရလေ၏။

ထည့်နောက်...

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်လေး မူကျန့်လင်း တစ်ယောက် လောကကြီးနှင့် ခေတ္တ အဆက်အသွယ်ပြတ်တောက် သတိလစ် မေ့မျောသွားရလေ၏။

ထိုအခါ.....

သိမ်ကျီစုတ်တံချင် ဆန့်ခကျောင်းမှ အတွင်းခန်းထဲမှ ကျောခိုင်း ထွက်လာခဲ့လေတော့၏။

*  *  *



နေညိုသွားသည်နှင့် တိမ်တံခွန်တည်းခိုခန်း အဆောက်အဦ၏ အမိုးအပေါ်ထပ်၌ လေတဟူးဟူးနှင့် လေညှင်းခံကာ ယမကာအဖျော်ပွဲ၌ စိမ်ခံလို့ အကောင်းဆုံးအချိန် ဖြစ်လေသည်။

သို့ဖြစ်၍လည်း.....

ကန္တာရအီလား ပွဲရှန်ကျင်း၏ လက်သုံးတပည့် တစ်ယောက် ဖြစ်သော မြူဖြူချူမျှတိတစ်ယောက် တိမ်တံခွန် တည်းခိုခန်း အမိုးပေါ် ရောက်လျက် စားပွဲတစ်လုံးတွင်ထိုင်ကာ ယမကာ အဖျော်ပွဲရင်း လေညှင်းခံနေလေသည်။

ထိုအချိန်မှာပင်.....

အဖြူရောင်ဝတ်စုံဝတ် လူတစ်ဦး တိမ်တံခွန် တည်းခိုခန်း အမိုးထပ်ပေါ်သို့ အဆောက်အဦအနောက်ဖက်မှလျှို့ဝှက်စွာ တက်ကာ ရောက်ရှိလာလေသည်။

သို့မို့ကြောင့်လည်း.....

တိမ်တံခွန်တည်းခိုခန်း အမိုးထပ်ပေါ်တွင် တစ်ယောက်တည်းသာ ရောက်ရှိနေသော မြူဖြူချူမျှတိမှာ သူ့နောက်ကျောဖက်မှ ကျော်လွှားတက်ရောက်လာသည့် အဖြူရောင်ဝတ်စုံဝတ်လူ အခြေအနေအား လုံးဝ မရိပ်စားမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြူရောင်ဝတ်စုံဝတ်လူမှာ ကျောခိုင်း ထိုင်နေသော မြေဖြူချူဟိုအနားသို့ ကိုယ်ဖော့ကာ ရွေ့လျား ရောက်ရှိလာသည်။

အနားရောက်သည်နှင့် ထိုအဖြူရောင်ဝတ်စုံဝတ်လူ၏ ဝဲ ယမ်းတိုက်ခိုက်လာသော ညာလက်မှ ငွေရောင် အလင်းတန်း တစ်ချက် ပြာခနဲ လင်းလက်သွားသည်။

‘ဝှီး....’

‘ခွပ်....’

‘အား....’

‘ဝုန်း....’

အရှိန်အဟုန်ပြင်းထန်သော သံမဏိ အလင်းတန်းတစ်ချက် ယမ်းကာ ရုန်းမှုနေသည့် မြေဖြူချူဟို၏ ခေါင်းပေါ်သို့ ကျ ရောက်သွားသည်။

သို့မို့ကြောင့်....

မြေဖြူချူဟိုမှာ စူးရှနာကျင်စွာ ညည်းတွားရင်းထိုင်ခုံနှင့် ကြမ်းပြင်ပေါ်သို့ နောက်လန်ကျရောက်သွားသည်။

ထိုအခိုက်မှာပင်....



‘ဝှီ....’

‘ဖွပ်....’

‘အီး....ဟင်.... သံ...သံမဏိ စုတ်တံရှင် ဆန်ကျောင်းပေါ် လား။’

သံမဏိစုတ်တံရှင် ဆန်ကျောင်းသည် သံမဏိစုတ်တံမှုန်နှင့် ခေါင်းထက်၌ သွေးများရဲပြာနေသော မြေဖြူချူဟို၏ လည်မျိုသို့ ဖျပ်ခနဲ ထိုးထောက်ချိန်လိုက်သည်။

ထိုအခါကျမှ....

မြေဖြူချူဟိုမှာ သူ့ကို ရုတ်တရက် တိုက်ခိုက်လာသူမှာ သံမဏိစုတ်တံရှင် ဆန်ကျောင်းဖြစ်မှန်း သိရှိလိုက်ရပြီး အံ့ဩ တုန်လှုပ်သွားလေသည်။

သည်တွင်....

စုတ်တံရှင်ဆန်ကျောင်းမှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

‘ဟင်း....ဟင်း...ခင်ဗျား သိပ် အံ့ဩသွားသလား၊ ကဲ... ကျုပ်ဇနီး အခု ဘယ်မှာဖမ်းထားသလဲ ပြော’

စစ်ဆေး မေးမြန်းလိုက်တော့ မြေဖြူချူဟိုမှာ ချက်ချင်း တုန့်ပြန်မဖြေပဲ စေ့လည်ကြောင်ပတ် လှုပ်နေသဖြင့် သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



စုတ်တံရှင်ဆန်ကျောင်းမှာ ထိုးစိုက်ချိန်ကားသော သိမ်ကိစုတ်တံများကို မြေပြုမျှော်လည်းမျှသို့ ဆတ်ခနဲစိုက်သွားလိုက်လေသည်။

'အား....ပြော....ပြောပါမယ်၊ ရီ...ရီချမ်းလား အ....အနုမြူအပြင်က ချိုင့်ဝှမ်းအိမ်မှာ ရောက်နေပါတယ်'

'သူ့ကို ဘယ်သူက ဖမ်းချုပ်ထားတာလဲ'

'ကျွန်တော်တို့ခေါင်းဆောင်ကြီး ကန္တာရဘီလူးဝူရှန်ကျင်းပါ'

'ဟင်...နေစမ်းပါဦး၊ ရီချမ်းကို ခင်ဗျားတို့ခေါင်းဆောင်ကြီး ကန္တာရဘီလူး ဝူရှန်ကျင်းက ဘာရန်ငြိုးရှိလို့ ဖမ်းရတာလဲ'

'ဘာ...ဘာရန်ငြိုးရန်စမှ မရှိပါဘူး'

ထိုအဖြေစကားကို ကြားလိုက်ရသဖြင့် စုတ်တံရှင် ဆန်ကျောင်းမှာ တအံ့တသြဖြစ်ဟန်နှင့် မျက်လုံးအစုံတို့ ဝိုင်းကျယ်သွားပြီး....

'ဟင်...ဘာရန်ငြိုးရန်စမှမရှိဘဲ ကျုပ်ဇနီး ရီချမ်းကို ခင်ဗျားတို့ခေါင်းဆောင်ကြီး ဖမ်းသွားခဲ့ရ မလိုဘူး'



'ဒီ....ဒီလိုပါ၊ ရီချမ်းဟာ ကျွန်....ကျွန်တော်တို့ ခေါင်းဆောင်ကြီးနဲ့ မကြာခင်လက်ထပ်တော့မယ့် သူဌေးသမီးလေး ဟိုင်မေစင်နဲ့ ရုပ်ချင်းခွဲမရအောင် တူလွန်းနေလို့ပါ'

'နေစမ်းပါဦး၊ အဲဒီလို သူဌေးသမီးလေးနဲ့ ရုပ်ချင်းခွဲမရအောင် တူလွန်းနေတာနဲ့ ကျုပ်ဇနီး ရီချမ်းကိုဘာ ရည်ရွယ်ချက်နဲ့ ဖမ်းရတာလဲ'

'ရည်ရွယ်ချက်က အခု လူသတ်သမားတစ်ဦး၊ လက်ချက်ကြောင့် အသက်မသေဘဲ အတိတ်မေ့ရောဂါ စွဲကပ်နေတဲ့ သူဌေးသမီးလေး ဟိုင်မေစင်ဟာ သစ္စာ သမားတော်ကြီး ဆေးကုရုံမှာ ဆေးကုသနေခဲ့ပါတယ်၊ အဲ...အခုဆိုရင် လေ သူ့ရဲ့ အတိတ်မေ့ရောဂါ ပျောက်ကင်းကာ ပြန်ကောင်းစပြုလာပါပြီ၊ ဒီတော့ ခေါင်းဆောင်ကြီးဟာ ရုပ်ချင်းတူလွန်းတဲ့ ရီချမ်းကို သူဌေးသမီးနဲ့လာတာလဲ အလှည့်လှမ်းဖို့ပါပဲ'

'နေစမ်းပါဦး၊ ခင်ဗျားပြောတဲ့ စကားတွေ မရှင်းဘူးဖြစ်နေတယ်၊ ခင်ဗျားခေါင်းဆောင်ကြီးနဲ့ မကြာခင် လက်ထပ်မဲ့ သူဌေးသမီးကို ဘာကြောင့် ကျုပ်ဇနီးနဲ့ အလဲအလှယ် လုပ်စရာ အကြောင်းရှိသလဲ'

ထိုအခိုက်မှာပင်....

'ဖတ် ဖတ် ဖတ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....လူတစ်ယောက် ပြေးဆင်းသွားသံပဲ'

သူတို့စကားပြောဆိုနေရင်းက အမိုးထပ်ပေါ်မှ လှေကားအတိုင်း ပြေးဆင်းသွားသော သူတစ်ဦး၏ ခြေသံတို့ကို ဆန်ကျောင်း လှမ်းကြားလိုက်ရလေ၏။

ဒါကြောင့်....

ဆန်ခကျောင်းမှာ တံခါးပေါက်ဆီသို့ သွက်လက်လျင်မြန်စွာ ရွေ့လျား ရောက်ရှိ သွားလေ၏။

သို့သော်....

သူ တံခါးပေါက်ဝလှေကားထိပ်သို့ရောက်သောအခါ လှေကားအတိုင်း ပြေးဆင်းသွားသော လူရိပ်ကိုအရိုက်အယောင်ပင် မမြင်ရတော့ချေ။

'ဧကန္တ ကန္တာရဘီလူးအဖွဲ့ဝင်ကလူပဲဖြစ်ရမယ်၊ ငါမြေဖြူကြီးကို ဆက်မေးရမယ် ဟင်....'

တွေးတောရရှာမိလိုက်ပြီးနောက်၊ လှေနောက်လှည့်ကြည့်မိလိုက်သောအခါ ခေါင်းဆက်ရာနှင့် မြေဖြူချူဟိုမှာ ဝေ... ကာကို ကျော်လွှား၍ ထွက်ပြေးဟန်ပြုနေသည်ကို လှမ်းမြင်တွေ့လိုက်ရလေ၏။

'ဂွစ်...ဂွစ်'



'ဒုတ်'

'ဖောက်'

'အွန့်....'

'အား....'

'ဝေါ...'

ပစ်ခွင်း တိုက်ခိုက်လိုက်သော လက်နှက်ပုန်း နှစ်ခုစလုံး ကျောပြင်ဆီသို့ ထိမှန်သွားရသည့် မြေဖြူချူဟိုမှာ သေမင်းခေါ်သံနှင့်အတူ ဝရံတာပေါ်မှနေ၍ အဆောက်အဦအောက်ဖက်သို့ လွင့်စဉ်ကျရောက်ကာ ဘဝဇာတ်သိမ်း သွားရလေသည်။

ထိုအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ဆန်ခကျောင်းမှာ သက်ပြင်းတစ်ချက် 'ဟူး' ခနဲမှုတ်ထုတ်မိရင်း....

'ဟူး.... ဒီအတိုင်း ဆိုရင်တော့ ရှီချမ်းကိုတွေ့ဖို့ မြေဖြူချူဟိုပြောသွားတဲ့အတိုင်း မြို့ပြင်ချိုင့်ဝှမ်းအိမ်ကို သွားရှာရမယ်၊ ငါ ဒီမြို့တော်ကြီးအခြေအနေမကျွမ်းကျင်တော့ အရေးအပြစ် ကျင်ရွှေရှင်ကို ခေါ်သွားရမယ်၊ ဆင်း....ကန္တာရဘီလူးအဖွဲ့ခေါင်းဆောင်က သူ့ဆက်ထိပ်မယ့် သူ့ရှေ့ သင်းလေးနေရာမှာ ရှက်ချင်းခွဲမရအောင်တူနေတဲ့ ငါ့ဇနီး ကို အသေးထိုးလဲ

www.burmeseclassic.com

www.burmeseclassic.com



လှယ်ဖို့ တမင် လီကျွန်မြို့တော်ကြီးကို မှန်းချိဆွဲခိုင်းဖို့ ခေါ်လာတာကိုး၊ ဘာရည်ရွယ်ချက်နဲ့ လူစားထိုး လဲလှယ်ရတာလဲ ဒီအချက်ကို ငါဖော်ထုတ်ရမယ်'

'အင်း....ပထမဦးဆုံးတော့ ရီချမ်းကို တွေ့ဆုံနိုင်ဖို့ မြို့ပြင် ချိုင့်ဝှမ်းကို သွားရမှာပဲ'

ထိုသို့....

ဆန်ကျောင်းမှာ တွေးတော ဆုံးဖြတ် လိုက်ပြီးနောက် တိမ်တိုက်နှင့်တည်းခိုခန်း၊ အမိုးထပ်ပေါ်မှ ပြန်ဆင်းသွားခဲ့ လေသည်။

သူ ပန်းနုရောင် ကျင်ချေချင်မန်အိမ်သို့ ပြန်ရောက်သော အခါ ညမှောင်နေချေပြီ။

ပြီး သူနှင့် ပန်းနုရောင် ကျင်ချေချင်တို့ စားပွဲဝိုင်း၊ တစ်ဝိုင်း တွင် မျက်နှာချင်းဆိုင်လျှက် ညစာစားသောက်ကြရင်းစကား ပြောဆိုမိကြလေ၏။

ပန်းနုရောင် ကျင်ချေချင်မှာ ဆန်ကျောင်းထံ အကြည့်စူး စိုက် ရောက်ရင်း....

'အစ်ကို.... ဒီနေ့ ရီချမ်းအခြေအနေ စုံစမ်းခဲ့တာ ဘာ အကြောင်းထူးခဲ့သလဲ'



ရှုံးစမ်းဟန်ဖြင့် လှမ်းမေးလာသဖြင့် ဆန်ကျောင်းမှာ မြို့ဖုရှုပ်ရှိနှင့် တွေ့ဆုံခဲ့သော အဖြစ်အပျက်အားလုံးကိုခေရ စေ့တွင်းကျ ထုတ်ဖော်ပြောပြလိုက်လေသည်။

ထိုအခါ....

ကျင်ချေချင်မှာ တအံ့တဩ ဖြစ်ဟန်နှင့်....

'အော်...ဒါဆို ကန္တာရဘီလူးအဖွဲ့ဟာ ယူငွေ့သမီးလေးနဲ့ ချပ်ချွင်းတို့လှန်းတဲ့ ရီချမ်းကို လူချင်း လဲလှယ်မယ်ဆိုတော့ ကြီးမားတဲ့ ရည်ရွယ်ချက်တစ်ခု ရှိနေမှာအမှန်ပဲ'

'ဟုတ်ပါတယ်၊ ဒါ မြို့ပြင်ချိုင့်ဝှမ်းအိမ်ကိုသွား၊ ရီချမ်းနဲ့ တွေ့အောင် ကြိုးစားလိုက်ရင် ကန္တာရဘီလူးရဲ့ ရည်ရွယ်ချက် ကို သိလာရမှာပဲ၊ အဲဒါ'

မြို့ပြင်ချိုင့်ဝှမ်းသို့ လိုက်ပို့ရန်အတွက် အကူအညီတောင်း ဆိုရသည်ကို ဆန်ကျောင်း အားတုန့်အားနာ ဖြစ်ဟန်နှင့် တောင်းရပ်ပစ်လိုက်လေသည်။

သည့်တွင်....

အလိုက်သိတတ်လှသော ပန်းနုရောင် ကျင်ချေချင်မှာ အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း....

'အစ်ကိုက ဒီမြို့သားမဟုတ်တော့ နယ်မြေ ဘယ်ကျွမ်း ကျင်မလဲ၊ ညီမ အဲဒီ မြို့ပြင်ချိုင့်ဝှမ်းဒေသကို သိပါတယ်၊ နက်ဖြန် လိုက်ပို့ပေးပါမယ်'

ထိုစကားကိုကြားရသော ဆန်ကျောင်းမှာ အလိုက်သိ တတ်လှသည့် ပန်းနုရောင် ကျင်ချေချင်ကို ကျေးဇူးတင်ရိပ် သော အကြည့်ဖြင့် လှမ်းကြည့်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

အန္တရာယ်စကြကွင်းထဲ သွားရောက်ရမည့်အရေးကို ရွတ်ခြည်း တွေးတောမိလိုက်ရပြီး....

'ညီမ အဲဒီကို လိုက်ပို့ခဲ့ပေးတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရန်သူနယ်မြေဆိုတော့ ညီမအတွက် အန္တရာယ်များ မြောင်လှပါတယ်'

ပြောတော့....

သူမမှာ စိုးမရိမ်ထိမ်ထင်စွာ ပြုံးလိုက်ရင်း....

'ဟင်....ဟင်.... အစ်ကို၊ ညီမ သေမှာမနည်းပါဘူး၊ အဲဒီလို စွန့်စားမှုမျိုး လုပ်ရမှာကို ဝါသနာပါပါတယ်'

ရဲရင့်သော စိတ်ဓာတ်စကားကို ကြားလိုက်ရသည့် သိမထိ ရတ်တစ်ရှင် ဆန်ကျောင်းမှာ ပန်းနုရောင် ကျင်ချေရှင်အား သူ့စိတ်ထဲက ခိုးကျူးသောပမာ မြှုပ်ဆိုက်မိလေသည်၊

'ညီမဟာ အင်မတန် လေးစားထိုက်တဲ့ မိန်းကလေး တစ်ဦးပါလား''

အခန်း ( ၁၈ )

---

တစ်ချက်ခုတ် နှစ်ချက်ပြတ်

နောက်တစ်နေ့....

နံနက်ခင်းသို့ရောက်သောအခါ ဆန်ခကျောင်းနှင့် ကျင်ချေရှင်တို့သည် နံနက်ခင်း အဆာပြေ စားသောက်ပြီးနောက် ရထားလုံးတစ်စင်းဖြင့် လီကျန်မြို့တော်ကြီး အပြင်ဘက်ဆီသို့ ထွက်ခွာလာခဲ့ကြလေသည်၊

သို့နှင့်....

သူတို့နှစ်ယောက် ဘစ်ပင်ကြီးငယ်များ ပေါက်ပေါက်လေသောပိုင်း၏ အုပ်ဆိုင်းဖုံးကွယ်ထားသော 'ပ' စောင့်သဏ္ဌာန်ရှိုင့်ဝှမ်းသို့ ရောက်ရှိလာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကကြည့်လျှင်မူ...
ယင်း 'ပ' စောင့်သင်္ကြာန် ချိုင့်ဝှမ်းမှာ သစ်ပင်ကြီးဝေ
များ သဘာဝအုပ်ဆိုင်းထားမှုကြောင့် သစ်ပင်အုပ်အဖြစ်သာ
တွေ့ရလေသည်။
အတွင်း၌ကား...
ယင်း 'ပ' စောင့်သင်္ကြာန်ချိုင့်ဝှမ်း တည်ရှိနေသည်ကို မသိ
ရှိနိုင်ပေ။
ဆန်ကျောင်းနှင့် ပန်းနုရောင်ကျင်ချေချင်တို့သည် သစ်ပင်
များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော 'ပ' စောင့်သင်္ကြာန် ချိုင့်
ဝှမ်းထဲသို့ ချိုင့်ဆင်းလမ်းအတိုင်း သက်ဆင်းလာခဲ့ ကြလေ
သည်။
ချိုင့်ဝှမ်းအတွင်းသို့ ရောက်သောအခါ သူတို့နှစ်ယောက်
လုံး ချိုင့်ဝှမ်းအလယ်ရှိ လှိုင်းချိုင်းပျဉ်ထောင်အိမ် တစ်လုံးကို
လှမ်းမြင်တွေ့လိုက်ရလေသည်။
သည်တွင်....
ဆန်ကျောင်းသည် ချိုင့်ဝှမ်းအလယ်ရှိ ပျဉ်ထောင်အိမ်
လေး တစ်လုံးဆီသို့ အကြည့်ရောက်ရင်း...
'ညီမ အစ်ကိုတို့ တောဟိုပျဉ်ထောင်အိမ်လေးဆီကို သွား
ကြမယ်၊ သတိထားရှိနော်'
သတိပေးစကား ပြောလိုက်တော့...
ကျင်ချေချင်မှာ ခေါင်းတစ်ချက် အသာ ညိတ်လိုက်လေ
သည်။
'ဟုတ်ကဲ့ အစ်ကို'



သို့ဖြင့်...
သူတို့နှစ်ယောက် လူသူရှင်းလင်းလျက် ဆိတ်ငြိမ်နေသော
ပျဉ်ထောင်အိမ်လေးဆီသို့ သတိကြီးစွာဖြင့် ဦးတည်လျှောက်
လှမ်းသွားကြလေသည်။
အနားရောက်သောအခါ...
ပျဉ်ထောင်အိမ်တံခါးပေါက်မှာ ဖွင့်ထားသည်ကို ဆန်
ကျောင်း လှမ်းမြင်တွေ့လိုက်ရလေသည်။
ဒါကြောင့်...
သူ နောက်က ထပ်ကြပ်မခွာလိုက်လာသော ကျင်ချေချင်
ကို ဆက်မလိုက်ရန် လက်ကာပြလိုက်သည်။
ထိုအခါ...
ကျင်ချေချင်မှာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး နောက်သည့်
နေရာ၌ပင် ခြေစုံရပ်လိုက်လေသည်။
ထို့စဉ်...
ဆန်ကျောင်းမှာ တံခါးပေါက်ဆီချဉ်းကပ် ရောက်ရှိသွား
သည်။
ပြီး....
သူ ဖွင့်ထားသော တံခါးကိုဖြတ်ခနဲ တွန်းကန်ဖွင့်ပြီး ပွင့်က
ရင်း အိမ်အတွင်းထဲသို့ ခုန်ပျံဝင်လိုက်လေသည်။
'ဟူး...'
'ဘုတ်...'
'ဖုန်း...'
ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းအတွင်း၌ မည်သူမျှမရှိသည်ကို ဆန်ကျောင်းတွေ့မြင်လိုက်ရပြီး တအံ့တဩ ဖြစ်သွားရလေသည်။

သည်နောက်...

သူ အိပ်ခန်းအတွင်း၌ ရီချမ်းကို လိုက်လံရှာဖွေကြည့်လိုက်လေသည်။

သို့သော်...

သူ ရီချမ်းအရိပ်အခြယောင်ကို လုံးဝရှာဖွေ မတွေ့ရှိပါချေ။

'ဟင်...တစ်ယောက်မှလဲ မတွေ့ပါလား၊ မြေပြုချ ပေါ်ကို ချောက်တွန်းလိုက်သလားမသိဘူး၊ အပြင် ထွက်ကြည့်လိုက်ဦးမှ'

ယင်းသို့...

သူ့တွေးတောဆုံးဖြတ်လိုက်ပြီးနောက် အိမ်အတွင်းမှထွက်လာခဲ့သည်။

အပြင်ရောက်တော့ ပန်းနုရောင် ကျင်ချေ့ရင်က သိမ်မကျီစုတ်တံရှင် ဆန်ကျောင်းကို အခြေအနေသိလိုဇောဖြင့် လှမ်းမေးလိုက်သည်မှာ...

'အစ်ကို ဘာအခြေအနေထူးသလဲ'

သိမ်မကျီစုတ်တံရှင် ဆန်ကျောင်းမှာ ခေါင်းတစ်ချက်ယမ်းလိုက်ရင်း...

'ဘာမှ အခြေအနေမထူးဘူး၊ ကြည့်ရတာ အစ်ကိုတို့ မြေပြု မမှန်သတင်းပေးလိုက်ပြီနဲ့တူတယ်'



'အင်း... ဘယ်သူမှ မတွေ့ဘူးဆိုရင် ဟုတ်ချင်မှ ဟုတ်မှာပေါ့'

'ဒါပေမယ့် အစ်ကို အသံပြုခေါ်ကြည့်လိုက်ဦးမယ်၊ ဘာများ တုံ့ပြန်ချက်ရှိလာမလဲဆိုတာ သိရအောင်ပေါ့'

'ဟုတ်ကဲ့'

သည်နောက်...

သူတို့နှစ်ယောက် လုံးချင်းပျဉ်ထောင်အိမ်ရှေ့ရှိ မြေကွက်လပ်ဆီသို့ ထွက်ရပ်လိုက်ကြပြီး...

'ရီချမ်းရေ...ရီချမ်း'

ထိုသို့...

သိမ်မကျီစုတ်တံရှင် ဆန်ကျောင်းမှာ သစ်ပင်ကြီးငယ်များ ဝိုင်းရံအုပ်ဆိုင်းလျက်ရှိနေသော ချိုင့်ဝှမ်းပတ်ပတ်လည်ဆီသို့ ခေါင်းလှည့်ကြည့်ရင်း တကြော်ကြော် အော်ခေါ်လိုက်လေသည်။

ထိုအချိန်တွင်မူ...

ချိုင့်ဝှမ်း ညာဘက်ခြမ်းရှိ ချုံပုတ်ကြီးနောက်မှ လူ သုံးယောက် ရပ်လျက် ချိုင့်ဝှမ်းအလယ် မြေကွက်လပ်တွင် ရပ်လျက် တကြော်ကြော်အော်ခေါ်နေသော သိမ်မကျီစုတ်တံရှင် ဆန်ကျောင်းတို့ကို လှမ်းအကဲခတ် ကြည့်ရှုနေလေ၏။

စင်စစ်တော့...

ထိုလူသုံးယောက်တို့မှာ တခြားသူများ မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရဘီလူး ဂူရှိန်ကျော်၊ လက်ရုံးတပည့်မ ကျားသစ်မ နီချူးနှင့် ရီချမ်းတို့ ဖြစ်ကြလေသည်။

သည်တွင်....

လက်ရုံးတပည့်မ ကျားသစ်မ နီချူးမှာ ရီချမ်းကို တုပ်နှောင် ဖမ်းချုပ်ထားလေသည်။

ထိုအချိန်တွင်မှ....

ကန္တာရဘီလူး ဂူရှိန်ကျော်၏ လက်ထဲ၌ လေးနှင့်မြားကို အသင့်ကိုင်ဆောင်လျက် ရှိနေလေသည်။

ထို့နည်း....

ကန္တာရဘီလူး ဂူရှိန်ကျော်မှာ သံမဏိစုတ်တံရှင် ဆန့်ကျောင်းထံသို့ စိုးရိမ်ပူပန်တကြီးနှင့် လှမ်းကြည့်နေရှာသော ရီချမ်းထံ အားစက်မာကျော်သည့်လေသံဖြင့် လှမ်းပြောဆိုလာသည်မှာ....

'ရီချမ်း ငါ့ကိုသတ်ကွင်းထဲကို မင်းခေါ်ပြီး မရောက်နေပြီ၊ ချိုင့်ဝှမ်းပတ်ပတ်လည်မှာလဲ ငါ့မြားသမားတွေ စိုင်းရံထားတာ မင်း မြင်ရဲ့လား'

ခြိမ်းခြောက်စကားဆိုလာသဖြင့် ရီချမ်းမှာ စိုးရိမ် ထိတ်လန့်စွာဖြင့် ပစောက် ချိုင့်ဝှမ်းအပေါ်ဘက် ပတ်ပတ်လည်ဆီသို့ အကြည့်ဝေ့ဝဲကြည့်ရှုလိုက်လေသည်။

'ဟင်'

တွေ့ရပါသည်....



ပစောက် ချိုင့်ဝှမ်းအပေါ် ပတ်ပတ်လည်၌ လေးနှင့်မြားအသင့်ကိုယ်စီ ကိုင်ဆောင်လျက်ရှိကြသော ကန္တာရဘီလူး ဂူရှိန်ကျော်မှာ ရီချမ်းထံ အားစိမ့်မာကျောသောလေသံဖြင့် လှမ်းစကားဆိုလာသည်မှာ....

'အဲဒီတော့ မင်းရှိခင်ပွန်း မစသစချောင်ရှပ် ငါ့ကိုခိုင်းတဲ့အတိုင်း သူဌေးသမီးလေးနေရာမှာ ပိုပိုရိုရို ဝင်လုပ်ဆောင်ပေးရမယ် ဘယ်နှယ်လဲ'

'ရှင်...ရှင် ဘာရည်ရွယ်ချက်နဲ့ အဲဒီလို လူချင်းလဲနေရတာလဲ'

'အေး...ငါ ဘာရည်ရွယ်ချက်နဲ့ လုပ်ဆောင်နေရသလဲဆိုတော့ကာ ငါသူတို့မိသားစုကို လုပ်ကြံလိုက်တာကို အတိတ်မေ့နေရာက ပြန်သတိရပုံပေါ်လာတယ်၊ ပြီးတော့ ရဲမက်စူးကြီးကလဲ တရားရုံးတော်ကို ငါ့ကို လူသတ်မှုနဲ့ တိုင်ချက်ဖွင့်ထားတယ်၊ သူသတိရလာပြီဆိုရင် ငါသတ်ကြောင်းကို ရှင်းဖွင့်ထက်သေခံလိုက်ရင် ငါဒုက္ခရောက်သွားမယ်'

'ဒါနဲ့ ရှင်ပြောခဲ့တော့ အဲဒီသူဌေးသမီးလေးဟာ ရှင်နဲ့လက်ထပ်ယူမယ် ချစ်သူဆိုပြီး ဘာလို့သူ့မိသားစုရော သူ့ပါ ရက်ရက်စက်စက် လုပ်ကြံ သတ်ဖြတ်ရတာလဲ'

စူးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ ကန္တာရဘီလူး ဂူရှိန်ကျော်မှာ ဟက်ခနဲ ရယ်မောလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...ဟင်း ဒါသူ့ကိုချစ်လို့လက်ထပ်ယူဖို့ ကြိုးစားတာ မဟုတ်ဘူး၊ သူ့မှာအဆိုက် နေလစကြာ သိုင်းမဟာ သိုင်းကျမ်းနဲ့ ကျောက်စိမ်းမြင်းရုပ်ကို လိုချင်လို့ပဲ၊ ဒါနိုင်းဟာဇကို လုပ်မလုပ်ဆိုတာ မင်းအခုချက်ချင်းဆုံးဖြတ်ပါ၊ ငါ့စကားနားမထောင်ရင်တော့ မင်းခင်ပွန်း သံမဏိနှာတံရှင်ကိုလည်းနဲ့ခွင်းပြီး လုပ်ကြံပစ်လိုက်မယ်... ပြော'

အဘင်းအကြည် ခြိမ်းခြောက် ပြောဆိုလာသည်ကို ရီချမ်းမှာ ချက်ချင်းကျွန်ပြန်မပြောဘဲ တွေတွေဝေဝေ ဖြစ်နေရလေသည်။

ထိုစဉ်မှာပင်...

ကန္တာရဘီလူး ဝူရှန်ကျင်းသည် တကြော်ကြော်အော်နေသော ဆန်ကျောင်းထံ မြားနှင့်ချိန်ရွယ်၍ ပစ်ခွင်းလိုက်လေသည်။

'ဒိုး'

'ဒုတ်'

'အား'

'ညီမ'

'ဟင်'



ထိုအခါ...

ကန္တာရဘီလူးဝူရှန်ကျင်း ပစ်ခွင်းတိုက်ခိုက်လိုက်သောမြားများမှာ ဆန်ကျောင်းကိုမထိမှန်ဘဲ ဘေးချင်းယှဉ်ရပ်နေသော ပန်းနုရောင် ကျင်ရွှေရင်၏ လက်မောင်းဆုံဆီသို့ ထိမှန်သွားရလေသည်။

ဒါကြောင့်...

ပန်းနုရောင် ကျင်ရွှေရင်မှာ နာကျင်စွာအော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားလေ၏။

ထိုစဉ်...

ဆန်ကျောင်းမှာ ပန်းနုရောင် ကျင်ရွှေရင်ကို ကောက်ခါငင်ကာ ပွေ့ချီလိုက်ရင်း ချောင်းမြောင်း ပစ်ခတ်လာသော ကန္တာရဘီလူးကိုကား အမှုအဒေး ခံပြင်းဒေါသထွက်စွာအော်ဟစ် ပြောလိုက်သည်မှာ...

'ဟေ့ကောင်တွေ၊ သတ္တိသွေးမကြောင်ဘူးဆိုရင် လူလူချင်း ယှဉ်လှည့်စမ်းပါ၊ ခိုးကြောင်ခိုးဝှက်ပစ်ခတ်မနေပါနဲ့'

ထိုအတောအတွင်း၌ ကန္တာရဘီလူး ဝူရှန်ကျင်းမှာ မအေး စိမ့်စွာပြုံးလိုက်ရင်း....

'ကဲ ရီချမ်း ငါ့စကားအတိုင်းဆောင်ရွက်မလား၊ မဆောင်ရွက်ဘူးလား ပြော'

www.burmeseclassic.com

www.burmeseclassic.com



မျှောင်းသို့ စိုးရိမ်ထိတ်လန့်နေသော ရှီချမ်းထံ လှေသံအား စက်မောကျော့စွာဖြင့် လှမ်းမေးလာလေ၏။

သည်တွင်...

ရှီချမ်းမှာ ဆန်ကျောင်းဒုက္ခရောက်မည်ကို စိုးရိမ်တကြီး ဖြင့်မိပြီး ကန္တာရဘီလူးဝူရှန်ကျင်း၏ခြေရင်း၌ ဒူးထောက်ထိုင်ရ လိုက်ရင်း ငိုငိုယိုယိုနှင့်...

'ကျွန်...ကျွန်မ ရှင်ပြောတဲ့အတိုင်း နာခံဆောင်ရွက်ပါ့ မယ်၊ အီး...ဟင့်...ဟင့်'

ထိုအဖြေစကားကိုကြားလိုက်ရသော ကန္တာရဘီလူး ဝူရှန် ကျင်းနှင့် ကျားသစ်မနီချူတို့ သဘောကျစွာပြုံးရယ်မိလိုက် ကြလေသည်။

ထို့နောက်...

ဝူရှန်ကျင်းသည် ရယ်သွမ်းသွေးမိရင်း...

'ဟက်း...ဟက်း အဲဒီဆိုလိမ္မာမှာပေါ့။ ကဲ တို့သွားကြမယ်'

ဟု ပြောဆိုပြီးနောက် သူ့ဂိုဏ်းသားများ မြင်သာအောင် ညာလက်မ မြှောက်ပင့်ထောင်ပြလိုက်လေ၏။

ထိုအခါ...

ချိုင့်ဝှမ်းရှေ့ဘက်ခြမ်းပေါ်မှ ကန္တာရဘီလူး ဂိုဏ်းသား တစ်ဦးမှာ ယမ်းမီးပုံးဟုပ်သားနေသော မီးနှင့် ချိုင့်ဝှမ်းအလယ် ရှိ လုံးချင်းပျဉ်ထောင်အိမ်ဆီသို့ ချိန်ရွယ်ပစ်ခွင်းတိုက်ခိုက်လိုက် လေ၏။



'ဝိုး'

'ဝုန်း'

'ဟင်'

'ဟယ်'

'ဘုတ်...ဘုတ်'

ရုတ်တရက်...

မလှမ်းမကမ်းရှိ လုံးချင်းပျဉ်ထောင်အိမ် ပျက်စီးလွင့်စင် သွားရမှုကြောင့် ဆန်ကျောင်းနှင့် ပန်းနုဓာဆုင် ကျင်ချုံချုံတို့ မြေပြင်ပေါ်သို့ ပြိုင်တူ ဝမ်းလျားထိုး မှောက်လိုက်ကြရလေ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်း နာရီမောင်း နှစ်ချက်တီးအချိန်သို့ ရောက်သော အခါ ကန္တာရဘီလူးစံမြန်းရာဂေဟာ ညွှန်းရှိစားပွဲဝိုင်း၌ ကန္တာရဘီလူးဝူရှန်ကျင်းနှင့်ရီချမ်းတို့ ဆုံတွေ့စကား ပြောဆို ကြလေသည်။

အခု ရီချမ်းပုံစံမှာ နဂိုအနေအထား ပုံစံမဟုတ်တော့ဘဲ သူဌေးသမီးလေးဟိုင်စင်မေစင်၏ ရုပ်သဏ္ဍာန်အတိုင်း ပြုပြင် ပြောင်းလဲနေပြီဖြစ်၏။

ဒါကြောင့်....

အခုပြုပြင်ပြောင်းလဲထားသော ရီချမ်းကို တခြားသူများ ကြုံတွေ့လိုက်ရလျှင် သူဌေးသမီးလေး ဟိုင်မေစင်ဟု ထင်မှတ် ကြပေမည်။

ထိုစဉ်....

ရီချမ်းသည် စိတ်ထဲက လိႈက်ခဲတင်းတင်း ဖြစ်နေရသော စကားများကို ကန္တာရဘီလူး ဝူရှန်ကျင်းထံ လှမ်းမေးလိုက် သည်မှာ....

'ရှင့်မှာလဲ ကိုယ်လိုချင်တဲ့သိုင်းကျမ်းနဲ့ ကျောက်စိမ်းမြင်း ရုပ် လက်ဝယ်ရရှိခဲ့ပြီပဲ၊ ဘာလို့ 'သူဌေးသမီးလေးကိုဖမ်း ပေးရတော့မှာလဲ'

'ရီချမ်း နင့်ကိုငါ ချုပ်ငြိမ်းမှာပြောပြခဲ့ပြီးပြီပဲ၊ သူ့ကို မထိန်းချုပ်ထားနိုင်ရင် ငါ့လုပ်ရပ်တွေ တစ်မြို့လုံး ကြားသိ သွားမယ်'



'ဒါဆိုလဲ ရှင် ဒီမြို့ကြီးကနေ ခြေရာဖျောက်ထွက်သွားရင် ကော မဖြစ်ဘူးလား'

'ရှောင်ထွက် သွားရင်တော့ လူက လွတ်ပေမယ့် ငါ့ရဲ့ သူဌေးကြီးမိသားစုကိုအလုံသွင်းခဲ့ပြီး ရက်ရက်စက်စက်လုပ် ကြံခဲ့တဲ့ သတင်းဆိုးကြီး၊ ပြီးတော့သိုင်းလောကတစ်ခုလုံးက လိုချင်မက်မောနေကြတဲ့ နေလစကြာ သိုင်းမဟာသိုင်းကျမ်းနဲ့ ကျောက်စိမ်းရုပ်တုတို့ကို ငါတစ်ယောက်တည်း အပိုင်ယူသွား တယ်ဆိုပြီး သိုင်းလောကသားတွေ ငါ့နောက်ကို ခြေရာခံ လိုက်လာကြမှာပဲ၊ အဲဒီအခါ တစ်ချက်ခုတ် နှစ်ချက်ပြတ် သွားရအောင် မင်းကို သူနဲ့လဲလိုက်ရင် တရားရုံးတော်ကျရင် မင်းက ငါပြောတဲ့အတိုင်း ထွက်ဆိုလိုက်ရင် ငါ တရားရုံး တော်မှာ လူမှန်အဖြစ် အနိုင်ရသွားမယ်၊ ဟင်း...ဟင်း'

သူ မဟာအကြံအစည်ကြီးကို ရှည်လျားစွာ ပြောဆိုလိုက် မှုကြောင့် အာခြောက်သွားဟန်တူပါသည်။

ဝူရှန်ကျင်းမှာ စကားကြောခေတ္တ ဖြတ်တောက်လိုက်ပြီး နောက် လက်ဖက်ရည်အိုးကို ကောက်မ၍ လက်ဖက်ရည်ခွက် တစ်ခွက်ထဲသို့ လက်ဖက်ရည်အချို့ စောင်းငှဲ့ ထည့်လိုက်လေ သည်။

ပြီး သူ ယင်းလက်ဖက်ရည်ခွက်ကို မြှောက်ပင့်၍ လက်ဖက် ရည်ချိုတစ်ကျိုက် မော့သောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှ သူ့ အကြည့် ရီဝှမ်းထုံထိုင်းစိုင်းရောက်လာရပြီး....

'အဲဒီအခါကျရင် ငါ့လက်ဝဲဘက်မှာရှိတဲ့ ခေနာသေတ္တာ သိုင်းမဟာ သိုင်းကျမ်းနဲ့ ကျောက်စိမ်းမြင်းရုပ်ကိုရှာ သူ့ အလိုလို ပုံပျက်ပျောက်သွားလိမ့်မယ်၊ နောက် ငါ့သမီးလေးကို လက်ထပ်ယူပြီး သူနဂါးတစ်ရာ စံအိမ်တော်ပေါ် ရောက်နေလိုက်ရုံပဲ၊ ဒါဆို ငါဘယ်မှ ခြေရာဖျောက်ယူကြီး စရာမလိုတော့ဘူး၊ အဲ...တစ်နှစ် နှစ်နှစ်လောက် ဒီမြို့မှာ ဟန်ပြ နေထိုင်ပြီး ထပ်ခနရာကို ခြေရာဖျောက် သွားလိုက်မယ်'

'ဟင်း...ဟင်း ရှင့်အကြံဉာဏ် မဆိုးပါဘူးလေ၊ ဒါပေမယ့် ကျွန်မက သူ့ရှေ့မှာလေ၊ အသွင်နဲ့ ဘယ်အထိတော့ တန်ဆောင် ပေးနေရမှာလဲ'

မိန်းမလိုက်ဘော့ ကန္တာရဘိုးသူ ရှုရှန်ကျင်းမှာ အပြုံး ယဲ့ယဲ့ပြုံးလိုက်ပြီး၊

'မင်းက တရားရုံးတော်မှာ ထွက်ဆိုပြီးရင် မင်းမြို့ကိုမင်း ပြန်နိုင်ပါပြီ၊ ဒီလိုလူစားသုံးချင်လို့လဲ မင်းတို့ နှစ်ယောက်ကို ဒီလောကျနဲ့ မြို့တော်ကြီးကို အလှုပ်ပြုပြီး လှမ်းခေါ်ခဲ့ရတာ ပါပဲ'

ထိုအခိုက်မှာပင်...

သူတို့စကားပြောဆိုနေကြရာစားပွဲဝိုင်းဆီသို့လူသုံးယောက် ရောက်ရှိလာခဲ့လေ၏။



ထိုအခါ....

ရှုရှန်ကျင်းသည် မျဉ်းကပ် ရောက်ရှိလာကြသော လူသုံးယောက် ထံ အကြည့်ရောက်ရှိလာရပြီး....

'ကြည့်...ကျားသစ်တို့တောင် ရောက်လာကြပြီကိုး၊ မြည် ဟော့...ဟော ဖော်ဓကာင် လုပ်ထိုက်တဲ့ ယက္ခမယ် လီလင်းကြီးလဲ ပါလာတာကိုး၊ ဟား...ဟား...ဟား'

ယင်းသို့...

ရှုရှန်ကျင်းမှာ ထက်ရုံးတပည့် ကျားသစ်မနီချူးမင်းခေါ် လာသော ယက္ခမယ် လီလင်းကြီးကို တွေ့မြင်လိုက်ရပြီး ဝမ်း မြောက်စွာ ရေရွတ်ပြောဆိုလိုက်လေသည်။

ဟုတ်ပါသည်။

ကျားကျစ်မနီချူးမှာ ရှမ်ဗျူအကာ လျို့ဝှက် ပုန်းအောင်း နေသော ယက္ခမယ် လီလင်းကြီးကို ရဲမက်များကြီး ချူလိုင် နှင့်နှင့် စားသောက်ဆိုင် တစ်ခုတွင် လျို့ဝှက် တွေ့ဆုံစကား ပြောဆိုနေကြသည်ကို ခြေရာခံမိလိုက်၏။

ထိုမှတစ်ဆင့်...

ကျားသစ်မနီချူးမှာလီလင်းကြီး၏ လျို့ဝှက်ပုန်းအောင်း နေသောနေရာကို နောက်ယောင်ခံ လိုက်၍ သိရှိ သွားရလေ သည်။

သည်နောက်...

ကျားသစ်မနီချူးတို့အဖွဲ့သည်လီလင်းကြီးကို အလစ်ချောင်းက တိုက်ခိုက်ဖမ်းဆီး ချုပ်နှောင်ပြီး အခုလို မြင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကန္တာရဘီလူးဝှရှန်ကျင်းထံ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်....

ဝှရှန်ကျင်းသည် အပြုံးရိပ် ဆောင်လျက် စားပွဲဝိုင်းမှ ဝဲကြည့်ကာ ယက္ခမယ် လီလင်းကျိုးဆီသို့ ဦးတည် ရွေ့လျားရောက်ရှိလာလေသည်။

အနားရောက်တော့ ဝှရှန်ကျင်းမှာ ထိမထင်ဟန် ဖြင့် စိုက်ကြည့်နေသော ယက္ခမယ် လီလင်းကျိုးထံ ရှုံးစိုက်ကြည့်ကာ အေးစက်စက် ပြုံးလိုက်ရင်း....

'ဟွင်း...ဟင်း၊ ယက္ခမယ်ကြီး ခင်ဗျားကြောင့်ကျုပ်အေးအေး ဆေးဆေး ပြေရှင်းရမယ့်ကိစ္စကိုရက်ရက်စက်စက် ဖြေရှင်းလိုက်ရတာ ခင်ဗျားသိသလား၊ ပြောစမ်း'

ကျိန်းဝါးပြောဆိုလာတော့ ယက္ခမယ် လီလင်းကျိုးမှာ မဲ့ပြုံး ပြုံးလိုက်ကာ....

'ကျွန်မ ရှင့်ကိစ္စကို ဘာမှ ဝင်မရှုပ်ဘူး'

ပြင်းထန်စကား ဆိုလာသဖြင့် ဝှရှန်ကျင်းမှာခံပြင်းဒေါသထွက်လာရပြီး....

'ဘာ မှဝင်ရှုပ်ရမှာလဲ မင်း၊ ရဲမက်မှူးကြီးကို ငါ့အတိတ်အကြောင်းရာဇဝင်တွေ အစးလုံး ဖွင့်ပြောလိုက်လို့ ကတည်းက ဆင့် သူ့ငွေးကြီးမိသားစုထံအားလုံးပေါက်ကြားသွားရတယ် ဒီတော့ ငါမထူးဇာတ်ခင်းပြီး တစ်ခါတည်း နှုတ်ပိတ် ရှင်းပိတ်ရှင်းလိုက်ရတာ အခုလဲ ဒီကိစ္စ မပြတ်သေးလို့ ငါ ရှင်းလင်းအောင် လုပ်နေရတာ....



အေး.... ဒီတစ်ခါတော့ မင်းလဲ မင်းယောကျ်ား နောက်မကြာခင် လိုက်ရတော့မှာ ကျားသစ်မ သူ့ကို မြေအောက်အချုပ်ခန်းထဲ ထည့်ထားလိုက်ပါ နောက်မှ သူ့ကိစ္စ ရှင်းမယ်'

ထိုသို့....

ပြောဆိုပြီး ကန္တာရဘီလူးဝှရှန်ကျင်းမှာ ယက္ခမယ်လီလင်းကျိုးကို မြေအောက်ခန်းထဲသို့ အကျဉ်းချုပ်ခန္ဓာင်ထားရန်အတွက် လက်ရုံးတပည့် ကျားသစ်မနီချူးထံ လှမ်းအမိန့်ပေးလိုက်လေ၏။

'ဟုတ်ကဲ့ ခေါင်းဆောင်ကြီး'

ယင်းသို့ ကျားသစ်မ နီချူးမှာ ခေါင်းဆောင် ကန္တာရဘီလူး ဝှရှန်ကျင်းကို ဦးကစ်ချက် ညွှတ်လိုက် ပြီးနောက် အကျဉ်းသားယက္ခမယ် လီလင်းကျိုးကို ညှော်ခန်းထဲမှဖမ်းဆီး ခေါ်ဆောင်သွားလေ၏။

ထိုစဉ်....

ကန္တာရဘီလူး၊ ဝှရှန်ကျင်းသည် ကျောခိုင်းထွက်ခွာ သွားကြသော ကျားသစ်မ နီချူးတို့ လူစုထံ အပြုံးရိပ်ဖြင့် လှမ်းကြည့်ရင်း....

'ဟင်း...ဟင်း ဝါ့မှာ စိတ်ပူပင်နေရလဲ ရန်တစ်ရန်တော့ စိတ်ချလက်ချ ရှင်းသွားရပြီ၊ ရဲမက်မှူးကြီး ချူလိုင်ဖုန်းတင် ယောက်တော့ သူ့ အဘွက် သက်သေအထောက်အထားတစ်ယောက် ရတ်ဘရက် ပျောက်ရှသွားလို့ အခတော်ဒေါသ ခံပြင်းဒေါသထွက်မှာပဲ ဟင်း....ဟင်း'

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်ပိုင်းကို ရောက်သောအခါ ကျွဲသစ်မ နီချူးဦးဆောင်သော အဖွဲ့တို့သည် သူဌေးမလေး ဖိုင်မေစင်ရုပ်သွင် ဆင်ထားသော ရိုချမ်းကို ရထားလုံးတစ်စီးဖြင့် တင်ဆောင်ကြလျက် လီတျန်မြို့ တောင်ဖက်ရှိ သမားတော်ကြီး ဆေးကုရုံဆီသို့ ဦးတည် ထွက်ခွာလာခဲ့ ကြလေသည်။

သို့နှင့်....

သူတို့အဖွဲ့ သည် သမားတော်ကြီးဆေးကုရုံ ခြံဝင်းအတွင်းသို့ ဝင်ရောက်လာကြပြီး ရထားသုံးကို လှုပ်သွားလှုပ်လာ ရှင်းလင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုးရပ်လိုက် လေသည်။

သည်နောက်....

ကျွဲသစ်မ နီချူး ဆံဖြူဃက္ခကြီး တုံဖိုင်းနှင့်တောက်တဲ့ ပေါက်ဝန်းတို့သည် ဣန္ဒြေရှိရှိပင် ဆေးကုရုံ အဆောက်အအုံ ဆီသို့ လျှောက်ခင်း လမ်းမကြီးအတိုင်း ခြေလှမ်း မှန်မှန်နှင့် လျှောက်လှမ်းသွားလေ၏။

သို့နှင့်....

သူတို့သုံးဦး အဆောက်အအုံ ဆင်ဝင်အောက် ရောက်သောအခါ လှုပ်သွားလှုပ်လာရှင်းလင်းနေသည်ကို ကြုံတွေ့လိုက်ရသဖြင့် ကျွဲသစ်မနီချူးမှာ တောက်တဲ့ပေါက်ဝန်းထံ တိုးတိုး လေသံဖြင့် လှမ်းအမိန့်ပေးလိုက်သည်မှာ....



'တောက်တဲ့ သူဌေးသမီးအခန်းဟာ ထောင့်ခန်းဆိုတော့ အနီးနား လူရှင်းတုန်း ခေါင်းရင်း အနောက်ဖက်ကို အခြေအနေသွားကြည့်၊ အခြေအနေကောင်းရင် အပေါ်တက် လှမ်းရှာ၊ အောက်က ငါတို့ အခြေအနေ စောင့်ကြည့်နေမယ် ကြားလား'

ထိုအခါ....

မျက်နှာ မဲ့ချွန်ချွန် ပိန်ပိန်ပါးပါးဖြစ်သော တောက်တဲ့ ပေါက်ဝန်းမှာ နှာခံသည့်အလား ခေါင်းဆ ခနဲညိတ်လိုက် လေသည်။

ပြီး....

ပေါက်ဝန်းမှာ သွက်လက်လျင်မြန်စွာပင် သစ္စာဆေးကု ခန်း အဆောက်အအုံ ခေါင်းရင်းဖက်ဆီသို့ ရွေ့လျားသွား လေသည်။

သို့နှင့်....

ပေါက်ဝန်းမှာ အဆောက်အအုံ ခေါင်းရင်း နောက်ဖက် ဆီသို့ ရှောရှောမှန်မှန် ရောက်ရှိနေလေသည်။

ထိုအခါ....

ပေါက်ဝန်းမှာ အဆောက်အအုံ နောက်ဖက် ဝန်းကျင် အခြေအနေ လှမ်းအကဲခတ် ကြည့်ရှုလိုက်လေသည်။

လှုပ်သွားလှုပ်လာ ရှင်းရှင်းနေသဖြင့် သူ အဆောက်အအုံ အပေါ်ထပ်သို့ တွားတက်ရန် ဆုံးဖြတ်လိုက်လေသည်။

သည်နောက်....

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝန်သည် သူ၏ ကျွမ်းကျင်စွာ တတ်မြောက်ထားသော တောက်တဲ့ တွယ်ကပ်နည်း ပညာရပ်ကို အသုံးပြု၍ အဆောက်အဦးနံရံအား တွယ်ကပ်တက်ကာ အပေါ်ထပ်သို့ တစ်ရွေ့ရွေ့ တက်ရောက်လာခဲ့လေသည်။

ထို့ဖြင့်....

ပေါက်ဝန်တစ်ယောက် သူခိုးမလေး ဟိုင်မေစင်ရှိရာ ထောင့်ဆုံးအခန်း ပြတင်းပေါက်အောက်ဆီသို့ ရောက်ရှိလာခဲ့လေသည်။

ဒါကြောင့်....

သူ ပြတင်းပေါက်မှတစ်ဆင့် လူနာခန်းအတွင်း အခြေအနေ လှမ်းအကဲခတ် ကြည့်ရှုမိလိုက်ရာ ကုတင်ပေါ်ဝယ် သူခိုးမလေး ဟိုင်မေစင်တစ်ယောက် ငြိမ်သက်စွာလဲလျောင်း အိပ်နေသည်ကို ကျေနပ်စွာ လှမ်းမြင်တွေ့လိုက်ရလေသည်။

ထို့နောက်....

သူ အောက်ဖက်သို့ လှမ်းကြည့်လိုက်ရာ အသင့်ရောက်ရှိနေကြသော ကျားသစ်မနီချူးနှင့် ဆံဖြူယက္ခကြီး တို့စိုင်းတို့ကို တွေ့မြင်လိုက်ရ၍ အပေါ်အခြေအနေအား သူ လက်ရိပ်ပြကာ အချက်ပေး ပြောဆိုလိုက်လေသည်။

ပြီး....

သူ ကိုယ်ဖော့၍ အသင့်ဖွင့်ဟထားသော ပြတင်းပေါက်မှ တစ်ဆင့် အခန်းအတွင်းသို့ ဝင်ရောက်လိုက်လေသည်။



သူ၏လှုပ်ရှားမှုမှာ ကြောင်တစ်ကောင်လို ဖေါ့ပါးလျှင်မြန်မှုကြောင့် ကုတင်ပေါ်ဝယ် မှေးစက်နေသည့် သူခိုးမလေး ဟိုင်မေစင်တစ်ယောက် လုံးဝရိပ်စားမိခြင်းမရှိပါချေ။

ထိုတွင်....

ပေါက်ဝန်သည် အသင့် ဆောင်လာသော ခရီးဆောင်ကျောပိုးအိတ်ထဲမှ 'ဘူး' တစ်ဘူးကို အသာထုတ်ယူလိုက်လေသည်။

ပြီး....

ယင်းဘူးထဲမှ မေ့ဆေးရည်ဆွတ်ထားသော အဝတ်စတစ်စကို ထုတ်ယူလိုက်လေသည်။

နောက်....

ပေါက်ဝန်မှာ ယင်းမေ့ဆေးရည်ဆွတ် အဝတ်စကို ကိုင်ဆောင်လျက် မှေးစက်လဲလျောင်းနေသော ဟိုင်မေစင် အနားသို့ တရွေ့ရွေ့ချဉ်းကပ်ရောက်ရှိသွားလေသည်။

အနားရောက်တော့....

ပေါက်ဝန်မှာ မေ့ဆေးရည်အဝတ်စဖြင့် မှေးစက်နေသော ဟိုင်မေစင်၏ နှာခေါင်းဝဆီသို့ ဖိအုပ်လိုက်လေသည်။

'အူး....'

'အွန်း....'

မေ့ဆေးငွေ့ရှူရှိုက်မိသွားရသော ဟိုင်မေစင်မှာ လုံးဝ သတိလစ်မေ့မျောသွားရလေသည်။

ထို့စဉ်....

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝန်မှာ အောက်ဖက်မှ ဆံပြုံးယက္ခကြီး တုံ့စိုင် အပေါ်ထပ်သို့ တက်ရောက်လာရန်အတွက် ကြိုးရှည် တစ်ချောင်း ချပ်သွက်သွက်ချပေးလိုက်လေသည်။

သိပ်မကြာလိုက်ချေ...

ဆံပြုံးယက္ခကြီးတုံ့စိုင်မှာ ကြိုးမားသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်မအောင်ပင် အပေါ်ထပ်သို့ သွက်သွက်လေး လျင်မြန်ရောက်လာလေ ညီ။

ထိုအခါ...

သူတို့နှစ်ယောက် အိတ်ရှည်ကြီးတစ်လုံးထဲသို့ မှေးဆွဲရှည်ကြောင့် သတိကောင်းစွာ လစ်နေသည့် ဟိုင်းမစင်ကို သွပ်သွင်းထည့်လိုက်ကြလေတော့သည်။

* * *

အခန်း ( ၁၉ )

တောက်တဲ့ ပေါက်ဝန်၏ စွမ်းဆောင်ချက်

ပြီးသော်...

သူတို့နှစ်ယောက် ကျောပိုးအိတ်ရှည်ကြီးကို ကြိုးဖြင့်သိုင်း မိတ်ချည်နှောင်လိုက်ကြသည်။

နောက်...

သူတို့နှစ်ယောက် ထိုအိတ်ရှည်ကြီးကို ကြိုးရှည်ဖြင့်ဆွဲထိန်း လျက် အောက်ထပ်သို့ တဖြေးဖြေးချလိုက်သည်။

ပြီး...

ပေါက်ဝန်မှာ ကြိုးရှည်ကိုခို၍ အောက်ထပ်သို့ ခပ်သွက် သွက် ဆင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မအောက်ထပ် ရောက်သော တိုင်ဖမစ် ထည့်ထားသော သားရေအိတ်ရှည်ကြီးကို ပေါက်ဝန် ညာပခုံးထက်ပေါ်သို့ မြှောက်ပင့်ထမ်းလိုက်လေသည်။

သည်နောက်....

ကျားသစ်မ နီချူး ရှေ့ကဦးဆောင်၍ လူသွားလူလာ လှုပ်ရှားမှု ကြိုတင်အကဲခတ်ရန် ထွက်သွားသည်။

ထိုအခါ....

အိတ်ရှည်ကြီးကို ထမ်းပိုးထားသော ပေါက်ဝန်မှာ နီချူး၏ အခြေအနေ လှမ်းလှမ်းအကဲခတ်ရင်း ထက်ကြပ်မကွာလိုက်ပါသွားလေသည်။

သို့နှင့်....

နီချူးနှင့် ပေါက်ဝန်တို့ သစ်ပင်ကြီးအောက်ကျင် တိုးဆိုက်ထားသော ရထားလုံးဆီသို့ ချောချောမွန်မွန်ရောက်ရှိသွားရလေသည်။

ပြီးလျှင်....

နီချူးသည် ရထားပေါ်မှ အသင့်စောင့်ဆိုင်းနေသော ရီချမ်းကို အနက်ရောင်ခြုံလွှာအား ခြုံထားစေပြီး လူရိပ်လူခြေကြည့်ကာ မဆေးရုံခေါင်းချင်း နောက်ဖက်ခြမ်းဆီသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဘေးဘီဝန်းကျင် အခြေအနေတို့ကိုတော့ တောက်တဲ့ပေါက်ဝန်က ရှေ့က ဦးဆောင်လျက် ကြိုတင် အကဲခတ်လာခဲ့သည်။

သို့နှင့်....



သူတို့သုံးယောက် အဆောက်အဦးနောက်ဘက်ခြမ်းဆီသို့ လျှောလျှော ရှုရှု ရောက်ရှိလာကြလေသည်။

ထိုအခါ...

အပေါ်ထပ် ပြတင်းပေါက်မှ အသင့်စောင့်ဆိုင်းကြည့်နေသော ဆံဖြူယက္ခကြီးတုံ့စိုင်းမှာ အပေါ်မှကြိုးရှည်တစ်ချောင်း တစ်ချလိုက်လေသည်။

သည်တွင်...

ကျားသစ်မနီချူးနှင့် တောက်တဲ့ပေါက်ဝန်တို့ခမ ရီချမ်းကိုမှားနှင့် ချိုင်းနှစ်ဖက်တို့တွင် ကြိုးများနိုင်ခန့်စွာ ချည်နှောင်လိုက်ကြလေသည်။

ပြီး...

ကျားသစ်မနီချူးမှာ ရီချမ်းကိုစူးသက်တောက်ရှိုင်းသော မျက်လုံးအစုံနှင့် စူးစိုက်ကြည့်ရင်း....

'ရီချမ်း...ခေါင်းဆောင်ကြီး မှာကြားတဲ့အတိုင်း နက်ဖန်ရုံးတော်မှာ အစစ်ခံဆေးခံတဲ့အခါ မပြောဖို့ မမေ့နဲ့ ကြားလား'

ရီချမ်းမှာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့...ဟုတ်ကဲ့ပါ'

သည်နောက်....

ကျားသစ်မနီချူးသည် ပြတင်းပေါက်ဝတွင် လှမ်းအကဲခတ်နေသော ဆံဖြူယက္ခကြီး တုံ့စိုင်းထံ ရီချမ်းကို အပေါ်သို့ ဆွဲတင်ရန်အတွက် လက်ကုပ်ပြယမ်းကာ အချက်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

ဆံဖြူယက္ခကြီးတို့စိုင်းမှာ ကြိုးသိုင်းချည်နှောင်ထားသော ရီချမ်းကို အပေါ်ထပ်ဆီသို့ အမြန်ဆိုက်ထုတ်ကာ သွက်သွက်လက်လက် ဆွဲတင်လိုက်လေ၏။

သိပ်မကြာပါချေ၊

ဆံပင်ဖြူယက္ခကြီးတို့စိုင်းတစ်ယောက် သူ့ငွေမပေး၊ တိုင်မမစင်ဟန်ဆောင်ထားသော ရီချမ်းကို လှန့်ခန်းထဲ ထားရစ်ခဲ့ပြီး ကြိုးအား တွယ်လျက် ခပ်သွက်သွက် ဆင်းသွားလေသည်။

သူ အောက်သို့ ရောက်သောအခါ မှာကြားထားခဲ့သည့်အတိုင်း ရီချမ်းမှာ ကြိုးကိုဖြုတ်၍ အောက်ဘက်သို့ ပစ်ချပေးလေသည်။

ထို့နောက်...

ကျားသစ်မနီချူ၊ ဆံပင်ဖြူယက္ခကြီးတို့စိုင်းနှင့်တကောက်တွဲ ပေါက်ဝန်တို့ သစ္စာဆေးကုခန်းနောက်ဘက်မှနေ၍ ရထားဆီသို့ တုန့်ရွံ့မပျက်လျှောက်လှမ်းလာခဲ့ကြလေသည်၊

သူတို့သုံးဦး ရထားလုံးပေါ်သို့ ရောက်ရှိလာသောအခါ ကျောက်ခင်းလမ်းအတိုင်း ဆေးကုရုံဝင်းအတွင်း လျှောက်လှမ်းလာသည့် လူတစ်ဦးမှာ သူတို့ကိုလှမ်းမြင်တွေ့ရပြီး ထိုလူ၏ခြေလှမ်းတို့ တုံ့ခနဲ ရပ်ဆိုင်းသွားရလေ၏။

"ဟင်... ဟို... ဟို ဆံပင်ဖြူနဲ့လူကြီးဟာ ငါတို့လိုဖိန်မြို့မှာ ရီချမ်းကို ရထားနဲ့တ... ...းတဲ့လူပဲ၊ ဒါ... ဒါ ကန္တာရဘီလူး ရဲ့ တပည့်တွေပဲ"



ထိုသို့ ပိုးထည်အဖြူရောင်ဝတ်စုံဝတ်လူမှာ တအံ့တဩဖြစ်ကာ တွေးတောမရရှိတော့မိလိုက်သော၏။

စင်စင်တော့...

ယင်းပိုးထည်အဖြူရောင်ဝတ်စုံဝတ်လူမှာ တခြားလူဟုတ်ရိုးလား၊ သံမဏိစုတ်တံရှင်ဆန်ကျောင်းပင်ဖြစ်လေသည်၊

ဟုတ်ပါသည်၊

သူသည် ရီချမ်းနှင့်ရှပ်ချင်းတူသော သူငှေးသမီးတစ်ဦး၊ အတိတ်မမှ ဝေဒနာဆိုးနှင့် သစ္စာဉာဏ်မားတော် ဆေးကုရုံ၌ တင်ကုသနေကြောင်း၊ မြေပြူချူဟို ထုတ်ဖော် ပြောပြသွားသဖြင့် အခုလို သစ္စာသမားတော်ဆေးကုရုံသို့ စုံစမ်းကြည့်ရှုရန်အတွက် ရောက်ရှိလာခြင်းဖြစ်သည်၊

သည်တွင်...

ဆန်ကျောင်းမှာ မမျှော်လင့်သော ကန္တာရဘီလူးဂိုဏ်းသားများကို သစ္စာသမားတော် ဆေးကုရုံဝင်းအတွင်း၌ မြင်တွေ့လိုက်ရသောကြောင့် သံသယဓာတ်စိတ်များ သူ့ရင်ထဲဝယ် တဖွားဖွားပေါ်ပေါက် လာရလေသည်၊

ထိုအချိန်မှာပင်...

ကျားသစ်မနီချူတို့အဖွဲ့ စီးနင်းလိုက်ပါလာသော ရထားလုံးမှာ ကျောက်ခင်းလမ်းအတိုင်း ဆေးကုရုံဝင်းတံခါးပေါက်ဆီသို့ ဦးတည်မောင်းနှင်လာလေသည်၊

ထိုသို့...

ကန္တာရဂိုဏ်းသားတစ်ဦး မောင်းနှင်လာသော ရထားလုံးတစ်စင်းမှာ ကျောက်ခင်းလမ်းကြီးမကြီးနံဘေးတွင် ကြီးမား

www.burmeseclassic.com

www.burmeseclassic.com



စွာ ပေါက်ရောက်နေသည့် ကစ်ပင်အောက်သို့ ရွှေ့လျား ရောက်ရှိလာခဲ့လေသည်။

ထိုအချိန်မှာပင်....

'ဟူး'

'ဘုတ်'

'ဟင်း'

မမျှော်လင့်ဘဲ ယင်းသစ်ပင်ကြီး၏ လွှတ်နေသောကိုင်းကြီး တစ်ကိုင်းပေါ်မှ အဖြူရောင်လူရိပ်တစ်ရိပ် ရထားလုံး၏ အမိုး ပေါ်သို့ ခုန်ဆင်းလာခဲ့လေသည်။

ထိုအခါ၌ —

ရထားလုံးအမိုးပေါ်သို့ တစ်စုံတစ်ယောက် ကျရောက် သံကို ကြားလိုက်ရသော ရထားထိန်းမှာ နောက်သို့ ချာခနဲ လှည့်ကြည့်မိလိုက်လေ၏။

ထိုတွင်....

ရထားအမိုးပေါ်သို့ အဖြူရောင်ဂတ်စုံဝတ်လူတစ်ယောက် ရောက်ရှိလာခြင်း ရထားထိန်း လှမ်းမြင်တွေ့ရပြီး တအံ့ တဩဖြစ်ကာ 'ဟင်'ဟူသော အာမေဍိတ်သံတစ်ချက် လွှတ် ခနဲ ရေရွတ်မိလိုက်လေ၏။

ထိုအချိန်မှာပင်....

အရှိန်အဟုန်ပြင်းနှင့်ပြေးနှင်နေသောရထားလုံးမှာ ဆေးကုရုံဝင်း အပြင်ဘက်လမ်းမကြီးဆီသို့ ရောက်ရှိလာရလေသည်။

ထိုစဉ်....



ကြောင်အမ်းအမ်းဖြစ်တည်သွားရာမှ တိုက်ခိုက်ရန် သတိ ဝင်လာခဲ့သောရထားထိန်းမှာ နှင်တံဖြင့် သံမဏိစုတ်တံရှင် ဆန် ကျောင်းထံ ဝှေ့ယမ်းတိုက်ခိုက်လာခဲ့လေသည်။

'ဗို....'

'ဗို....'

'ဖြောင်း'

'ဗို....'

'ဖြောင်း'

'အား....'

အသည်တွင်....

ဆန်ကျောင်းသည် ရထားထိန်း၏ နှင်တံရိုက်ချက်ကို သူ့ ဘယ်ခြေခုံဖြင့် ဝှေ့ယမ်း နှုတ်ကာ ကာယ်လိုက်သည့် တစ်ဆက် တည်းပင် သူ့ညာခြေခုံက ကိုယ်ရှိန် ရွေ့လျားသွားရသော ရထားထိန်း၏ မျက်နှာဆီသို့ ဝှေ့ယမ်း၍ တိုက်ခိုက်လိုက်လေ သည်။

ထိုအခါ....

ခုခံရှောင်တိမ်းနိုင်ခြင်းမရှိသော ရထားထိန်းမှာ သံမဏိ စုတ်တံရှင် ဆန်ကျောင်း၏ ညာခြေခုံဆီ ထိမှန် သွားရပြီး ညည်းတွား အော်ဟစ်သံနှင့်အတူ နောက်လှန်ကျသွားရလေ သည်။

သို့ရာတွင်....

www.burmeseclassic.com

www.burmeseclassic.com



ယင်းရထားထိန်းမှာ သတိကြီးသူပီပီ ခြေအောက်သို့ပြုတ်ကျသွားသည့် ရထားဘောင်တန်းကို မှီခိုကာ တွဲလောင်းကြီး လိုက်ပါလာခဲ့လေ၏။

ထိုစဉ်....

ဆန်ကျောင်းသည်ရထားထိန်းလက်လွှတ်သွားရသော ဇက်ကြိုးကို ကပျာကယာကောက်ကိုင်လိုက်၏။

ပြီး သူ့ဘယ်လက်က ရထားဘောင်တန်းကို ချိတ်ဆွဲလိုက်ပါလာသော ရထားထိန်းထံ သံမဏိစုတ်တံလက်နက်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

'ဝှီ'

'ဖြောင်'

'အား'

'ဘုန်း'

သံမဏိစုတ်တံရိုက်ချက် ထိမှန်သွားရသော ရထားထိန်းမှာ ရှုံ့မဲ့နာကျင်စွာ အော်ဟစ်ရင်း လမ်းနံဘေးသို့ လွင့်စင်ကျသွားရလေသည်။

ထိုအခိုက်မှာပင်....

သူ့နောက်ကျောဖက်မှ လေထုကို အရှိန်အဟုန်ပြင်းစွာ ထိုးခွဲထွက်လာသော လက်နက်ရှည်လျားသံကို ပြတ်ခနဲကြားလိုက်ရသဖြင့် သူ့ဘယ်ဘက်ထက သံမဏိစုတ်တံ လက်နက်ဖြင့် နောက်လှည့်ကာ ဝှေ့ယမ်းခုခံကာကွယ်လိုက်ရ၏။



'ဝှီ'

'ဝှီ'

'ထန်'

'ချွင်'

လေထုဝယ် လက်နက်ချင်း ပြင်းထန်စွာတွေ့ဆုံသည့်အသံကြီး ကျယ်လောင်စွာထွက်ပေါ်လာရလေသည်။

စင်စစ်....

ဆန်ကျောင်းကိုနောက်ဖက်မှ အလစ်ချောင်းတိုက်ခိုက်လာသူမှာ တောက်တဲ့ပေါက်ဝန်ပင်ဖြစ်လေသည်။

* * *

မှန်းချက်မကိုက်ဖြစ်သွားရသော တောက်တဲ့ပေါက်ဝန်မှ နောက်သို့ ခုန်ပျံဆုတ်လိုက်၏။

ထိုစဉ်....

စုတ်တံပိုင်ရှင် ဆန်ကျောင်းမှာ တောက်တဲ့ပေါက်ဝန်ထံ ရောင်ပြန်စုတ်ချက် သိုင်းကွက်ကို အသုံးပြု၍ ခုန်ပျံတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဗွီး....'

'ဝုန်....'

'ခွပ်....'

'အား'

'ဘုန်း'

သည့်တွင် တောက်တဲ့ပေါက်ဝန်မှာ ကွန်ခြာထဖွယ် သံမဏိရိပ် ရောင်စဉ်တန်းများ အရှိန်အဟုန်ပြင်းစွာ အုပ်ဆိုင်းတိုက်ခိုက်လာရာ မည်းသည့်လက်နက်၏ အရိပ်စစ်အရိပ်တုမှန်း မခွဲခြားနိုင်ဖြစ်သွားခလသည်။

ဒါကြောင့်—

သူ ကုန်ချာသဖွယ် အုပ်မိုးကျရောက်လာသော သံမဏိစုတ်တံရောင်မြှားရိုက်ချက်ကို ဆောင်ဓားဖြင့် စက်ဝိုင်းသဏ္ဍာန် ဝှေ့ယမ်းခုခံကာကွယ်လိုက်၏။

သို့ရာတွင်....

သူ ခုခံလိုက်သော ဓားချက်မှာ အရိပ်တုကိုသာ ထိမှန်သွားပြီး တကယ့် သံမဏိစုတ်တံ လက်နက်ရိုက်ချက်အစစ်အား လုံးဝခုခံနိုင်ခြင်းမရှိ ဖြစ်သွားရသည်။

သို့မို့ကြောင့်....

သံမဏိစုတ်တံ ဆန်ကျောင်း၏ သံမဏိစုတ်တံ ရိုက်ချက်မှာ တောက်တဲ့ပေါက်ဝန်၏ ခေါင်းထက်ဆီသို့ မိမိရရထိမှန်သွားရသည်။

သို့ဖြစ်၍....



တောက်တဲ့ပေါက်ဝန်မှာ သေမင်းခေါ်သံနှင့်အတူ အရှိန်ပျောက်ပြေးလွှားနေသော ရထားလုံးအမိုးမှ လွင့်စဉ်ကျရောက်သွားသည်။

'ထိုစဉ်....

စုတ်တံရှင်ဆန်ကျောင်းသည် ရထားလုံးကို လမ်းနံဘေးရှိ မြက်ခင်းပြင်ဆီသို့ ဦးတည်မောင်းချလိုက်လေသည်။

'ခွပ်....ခွပ်'

'ကျွီ....ကျွီ'

'ဗုန်း....ဒုန်း'

မြက်ခင်းပေါ်သို့ရောက်သောအခါ ဆန်ကျောင်းမှာရထားလုံးကို ဇက်ကြိုးဆွဲ၍ ရပ်ဆိုင်းလိုက်၏။

ထိုစဉ် ရထားအိမ်အတွင်းမှ လူရိပ်ကစ်ရိပ် မြက်ခင်းပေါ်သို့ ခုန်ပျံထွက်လာ၏။

ယင်းလူရိပ်မှာ ဆံပင်ဖြူယက္ခကြီးတိုနိုင်းပင်ဖြစ်၏။

သည့်တွင်....

ဆံပင်ဖြူယက္ခကြီး တိုစိုင်းမှာ သံဆူးကြိုးတပ် သံကြိုးရှည်လက်နက်ကို ဝှေ့ယမ်းရင်း ရထားလုံး အနားသို့ချဉ်းကပ်လာသည်။

'ဗွီး....ဗွီး'

ထိုအခါ!....

ရထားအမိုးပေါ်မှ ဆန်ကျောင်းသည် သံဆူးလုံးတပ် သံကြိုးရှည်ကို ဝှေ့ယမ်းကာ တိုက်ကွက်ဆင်နေသော ဆံပင်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ယက္ခကြီးတို့စိုင်းထံ သံမဏိ စုတ်တံဖြင့် ခုန်ပျံ ဟိုက်ခိုက်လိုက်လေသည်။

'ဟိုင်း ယား'

'ဝှီ…ဝှီ'

'ဝှီး .. ဝှီး'

'ထန်…ထန်'

'ချွင်'

'ကျီ…ကျီ'

ထိုစဉ်…

ဆံပင်ဖြူယက္ခကြီးတို့စိုင်းမှာ ဆန်ကျောင်း၏ သံမဏိ စုတ်တံရိုက်ချက်ကို သံဆူးလုံးတပ်သံကြိုးဖြင့် ဝှေ့ယမ်းခုခံလာလေသည်။

လေထုသဲဝဲယံ အနက်ရောင် အရိပ်များနှင့် ငွေရောင်အရိပ်များ မရေမတွက်ယှက်တင်ဖြစ်သွားရပြီး လက်နက်ချင်းပြင်းထန်စွာ တွေ့ဆုံသည့်အသံဗလံများ ကျယ်ကျယ်လောင်လောင်ပေါ်ပေါ်ထွက်လာသည်။

သူတို့နှစ်ယောက်သိုင်းကွက် ဆယ်ကွက်မျှသာ ယှဉ်ပြိုင်တိုက်ခိုက်ပြီးသောအခါ ဆန်ကျောင်း၏ သံမဏိစုတ်တံ လက်နက်မှာ ဆံပင်ဖြူယက္ခကြီးတို့စိုင်း၏ သံဆူးလုံးတပ်သံကြိုးရှည်၏ အထပ်ထပ်ရစ်ပတ်ခြင်းကို ခံလိုက်ရသည်။

ထိုအခိုက်မှာပင်…



ရထားလုံးအိမ်အတွင်းမှ ကျားသစ်မနီချူးမှာ ခုန်ပျံထွက်လာပြီး သံမဏိစုတ်တံနက်လက် ဖမ်းချုပ်ခံထားရသော ဆန်ကျောင်းထံ ဆောင်မခဲဖြင့် ဝှေ့ယမ်း တိုက်ခိုက်လာသည်။

ထိုစဉ်…

မျက်စိလျှင် နှမြပေါ့လွန်းသော စုတ်တံရှင်ဆန်ကျောင်းမှာ နောက်ကျောဖက်မှ ခုန်ပျံတိုက်ခိုက်လာသည့် ကျားသစ်မနီချူး၏ဓားချက်ကို လျှပ်ထစ်ပြက် ခုန်ပျံတိမ်းရှောင်ရင်း ဆံပင်ဖြူယက္ခကြီးတို့စိုင်း၏နောက်ဖက်သို့ ကျရောက်သွား၏။

ထိုအခါ…

ကျားသစ်မနီချူး၏ဓားချက်မှာ ပစ်မှတ်ကိုထိမှန်ခြင်းမရှိဘဲ လေထုကိုသာ ပိုင်းဖြတ်သွားသည်။

ထိုအချိန်မှာပင်…

ဆံပင်ဖြူယက္ခကြီးတို့စိုင်း၏သံဆူးလုံးတပ် သံကြိုးလည်းဖြင့် ရစ်ပတ်ထိန်းချုပ်ထားသော သံမဏိစုတ်တံမှာ ရှစ်ပိုင်းခွဲထွက်သွားပြီး တစ်ပိုင်းက သံမဏိစုတ်တံရှင် ဆန်ကျောင်း၏ ထံပါးသွားလေသည်။

ထိုစဉ်…

သံမဏိစုတ်တံရှင်ဆန်ကျောင်းမှာ သံမဏိစုတ်တံတစ်ပိုင်းပြတ်ဖြင့် ကျောခိုင်းအနေအထားရှိနေသော ဆံပင်ဖြူ ယက္ခကြီးတို့စိုင်း၏ကျောဆီသို့ ထိုးစိုက်လိုက်သည်။

'ဝှီး'

'ဒုတ်'

'အွန့်'

www.burmeseclassic.com

'ဘုန်း'

မမျှော်လင့်ဘဲ အတိုက်အိုက်ခံလိုက်ရသော ဆံပင်ဖြူယက္ခ ကြီးကတော့ စိုင်းမှာ သံမဏိစုတ်တံရှင်လက်နက်၏ ဒိုက်ဒိုက်ချက် လုံးဝခုခံကာကွယ်နိုင်ခြင်းမရှိဘဲ ဓိမိချရထိမှန်ပြီး ရှုံးရှုံးဘက်ရှာ ဖောက်ဟစ်ရင်း မြက်ခင်းပေါ်သို့ အရှပ်ကြီးမြတ်သည့်နှ ပြိုလဲကျသွားရသည်။

ပြီး ဆံပင်ဖြူယက္ခကြီးကတော့ စိုင်းမှာ အခုကြာကာစဖျော် ကာ ဇီဝိန်ချုပ်ငြိမ်းသွားလေသည်။

ထိုသည်တွင်....

ကျားသစ်နီချူးသည် ဆံပင်ဖြူယက္ခကြီးကတော့ စိုင်း၏အ ဆိုးကိုကြည့်ရှု ပေါ်ထွက်လာ ဆောင်မောင်းမြင် သံမဏိစု တံရှင်ဆန့်ကျောင်းထံ တရေကြုမ်း ခုန်ပျံတိုက်ခိုက်လာသည်။

'ဝုန်း...ဂုတ်'

'ဝုံ...ဝုံ'

'ထန်း...ထန်'

'ရှလွင်'

ထိုအခါ....

မဏိစုလ်တံရှင်ဆန့်ကျောင်းသည် ခေါ်ပါဘကြီး တိုက်နိုင် လဖြစ်သော ကျားသစ်မနီချူး၏ခြေသျက်များကို သူ့ သံ စုတ်တံဖြင့် ပွေ့ယမ်းခုခံလိုက်သည်။

ဒါကြောင့်....

လေထုထဲဝယ် လက်နက်ချင်းမြင်ထန်စွာ တွေ့ဆုံသံ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာရလေ၏။



ထိုစဉ်မှာပင်....

သူတို့ တိုက်ခိုက်နေကြသော လမ်းနံ့ဘေးဆီသို့ ရထားလုံး တစ်စင်း ထိုးဆိုက်လာလေသည်။

ယင်း ရထားလုံးပေါ်မှ ပန်းနုရောင်လူရိပ်တစ်ရိပ် သက် ဆင်းလာခဲ့လေသည်။

စင်စစ်တော့....

ထိုပန်းနုရောင်လူရိပ်မှာ အခြားမဟုတ်ပါချေ။ ပန်းနုရောင် ကျွင်ချွေရှင်ပင် ဖြစ်လေသည်။

ပန်းနုရောင် ကျွင်ချွေရှင်သည် မြက်ခင်းပေါ် ထိုးစိုက်ထား သော ရထားလုံးအိမ်ပေါ်သို့ တက်ရောက်လိုက်လေ၏။

ထိုအခါ....

ရထားအိမ်ပေါ်တွင် သတိလစ်နေသော သူငှေးမလေး ဟိုင်းမောင်ကို ပန်းနုရောင်ကျွင်ချွေရှင် လှမ်းမြင်တွေ့ရပြီး အံ့သြ တုန်လှုပ်သွားရလေ၏။

ပြောရမည်ဆိုလျှင်....

ပန်းနုရောင် ကျွင်ချွေရှင်မှာ သူမ ဘုန်းစုံဆိုင်၌ မကြာခဏ ပစ္စည်းပစ္စယ ဝယ်ယူ အားပေးလေ့ရှိသော သူဌေးမလေး ဟိုင်းမောင်ဖြစ်နေသဖြင့် ခင်မင်ရင်းနှီးစွာ သိရှိလိုက်ရလေ၏။

'ဟင်း....ဒါဆို ကန္တာရဘီလူးအဖွဲ့တွေ သူဌေးသမီးလေး ကို သတ္တဝါသမားဖောက်ကြီးဆေးကုရုံက ဖမ်းဆီးခေါ်ဆောင် လာတာ ဖြစ်ရမယ်၊ အခု သူ့ကို ခေါ်ထုတ်သွားရမယ်'

ထိုသို့....

www.burmeseclassic.com



ပန်းနုရောင် ကျင်ချွဲရင်သည် ရထားအိမ်ပေါ်၌ ကပျာကယာ သက်ဆင်းလိုက်လေ၏။

ပြီးနောက်....

သူမ ရထားမောင်းနှင်သော မနေရာဆီသို့ အလျင်အမြန်တက်ရောက်ထိုင်လေသည်။

နောက်ပြီး....

သူမ ရထားလုံးကို မြက်ခင်းပေါ်မှ လမ်းပေါ်သို့ မောင်းနှင်လိုက်လေသည်။

'ခွပ်...ခွပ်'

'ကျွိ....ကျွိ'

'ဟိတ်...ရထားလုံးကို ရပ်လိုက်စမ်း'

ရထားမောင်းထွက်သွားသည်ကို လှမ်းမြင်ရတွေ့လိုက်ရသော ကျားသစ်မ နီချူးမှာ အထက်ပါအတိုင်း အော်ဟစ်ဟန့်တားသည်ကို မကြားဟန်ပြု၍ ရထားလုံးကို ဆက်လက်မောင်းနှင်သွားခဲ့လေ၏။

ထိုအခါ....

ကျားသစ်မနီချူးမှာ သံမဏိစုတ်တံရှင် ဆန်ကျောင်းကို ဆက်လက်ရင်မဆိုင်ဘဲ ပန်းနုရောင် ကျင်ချွဲရင် မနေစက်ဆီသို့ ပြေးလိုက်သွားခဲ့လေသည်။

အခန်း ( ၂၀ )

၁ ကန္တာရဘီလူး၏ နိဂုံး

ထိုစဉ်....

သံမဏိစုတ်တံရှင် ဆန်ကျောင်းသည် ပန်းနုရောင် ကျင်ချွဲရင်မနေရာက်သို့ ပြေးလိုက်သွားသော ကျားသစ်မနီချူးထံ ခုန်ပျံတိုက်ခိုက်လိုက်လေသည်။

'ယား'

'ဗိုး'

'ဝေါင်း'

'အား'

'ဘုန်း'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ အာရုံစူးကပ်ကာ ပြေးလွှားနေသော ကျားသစ်မ နီချူးမုံ၏ နောက်ဘက်မှ ခုန်ပျံ တိုက်ခိုက်လာသည့် ဆန်ဒကျောင်း၏ သံမဏိစုတ်တံရိုက်ချက်ကို လုံးဝ ခုခံရှောင်တိမ်းနိုင်ခြင်းမရှိဘဲ ထိမှန်ကာ စူးရှနာကျင်စွာ အော်ဟစ်ရင်း မြက်ခင်းစပ်ဆီသို့ လွင့်စဉ်ကျရောက်သွားရသလေ၏။

သည်နောက်....

ဆန်ဒကျောင်းမှာ လမ်းပေါ်တွင် ထိုးဆိုက်သော ပန်းနုရောင် ကျင်ချေရှင်၏ ရထားပေါ်သို့ တက်ရောက်လိုက်လေသ၏။

ပြီးနောက်....

သူ ထိုရထားလုံးကို မောင်းနှင်ပြီးခဲ့ ပန်းနုရောင်ကျင်ချေရှင်၏ ရထားလုံးနောက်ဆီသို့ လိုက်လေ၏။

သည်နောက်....

ပန်းနုရောင် ကျင်ချေရှင်သည် နေအိမ်သို့ ရထားလုံးကို ဦးတည် မောင်းနှင်သွားလေသည်။

သူမနေအိမ်ရှေ့သို့ ရောက်ရှိပြီး မကြာခင်ပင် ဆန်ဒကျောင်း၏ ရထားလုံး ရောက်ရှိလာလေသည်။

သည်နောက်....

သူတို့နှစ်ယောက်သည် မေ့ဆေးကြောင့် သတိလစ်နေကာဆဲ ရှိနေရှာသော သူဌေးသမီးလေး ဟိုင်ဒမစင်ကို အိမ်ပေါ်သို့ သယ်မသွားကြလေ၏။

ပြီးနောက်....



သူတို့နှစ်ယောက်သည် အိပ်ခန်းတစ်ခန်းရှိ ခုတင်ပေါ်သို့ သတိမေ့မျောနေဆဲ သူဌေးသမီးလေး ဟိုင်ဒမစင်ကို အသာအယာ တင်လိုက်ကြလေသည်။

သည်တွင်

ဆန်ဒကျောင်းမှာ သူ့ဇနီး ရီချမ်းထင်မှတ်၍ သူဌေးသမီးလေး ဟိုင်ဒမစင်၏ ကိုယ်ကို ကိုင်လှုပ်နှိုးနေသည်။

'ညီ...ညီမ ရီချမ်း'

ထိုအခြေအနေကို မြင်တွေ့လိုက်ရသော ပန်းနုရောင် ကျင်ချေရှင်မှာ မျက်လုံးမျက်ဆန်ပြူးကာ...

'ဟာ...ကိုဆန်ဒကျောင်း၊ ဒါ...ဒါ အစ်ကို့ရီချမ်း မဟုတ်ဘူး၊ နဂါးတစ်ရာစံအိမ်တော်က သူဌေးကြီးရဲ့သမီး ဟိုင်ဒမစင်ပါ'

ဟု ပြောသံကို သံမဏိစုတ်တံရှင် ဆန်ဒကျောင်းမှာ လက်မခံဘဲ ခေါင်းသွင်သွင် ခါယမ်းလိုက်ကာ...

'ဟာ...ကျင်ချေရှင်၊ ဒါ...ဒါ...ကျွန်တော့် ဇနီးပါဗျာ'

'မဟုတ်ပါဘူး၊ သူဟာ ကျွန်မကုန်စုံဆိုင်မှာ ပစ္စည်း ပစ္စယ မကြာ မကြာ လာဝယ်တတ်တဲ့ သူဌေးသမီးလေးပါ၊ နေဦး၊ သူ့ကို ညီမရဲ့က မေ့ဆေးခပ်ခံရသလိုပဲ၊ ရှုဆေး သွားယူလိုက်ဦးမယ်'

ဟိုသို့...

ပြောဆိုပြီးနောက် ပန်းနုရောင် ကျင်ချေရှင်သည် အိပ်ခန်းအပြင်ဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားလေ၏။

သိပ်မကြာလိုက်ပါချေ....

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှူဆေးဘူး ကစ်ဘူး ယူဆောင်လျက် အိပ်ခန်းအတွင်းသို့ ခပ်သုတ်သုတ် ရောက်ရှိလာခဲ့သည်။

ပြီးနောက်....

သူမသည် သူဌေးသမီးလေး ဟိုင်မေစင်၏ နှာခေါင်းထိပ်ဝဆီသို့ ရှူဆေးဘူးအဖုံးဖွင့်၍ တေ့ပေးလိုက်လေသည်။

ထိုအခါ....

သူဌေး သမီးလေး ဟိုင်မေစင်မှာ ရှူဆေးငွေ့ ရှူရှိုက်မိပြီး သတိပြန်လည် ရရှိလာခဲ့လေသည်။

သည်တွင်....

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ သတိ ပြန်ရလာသော ဟိုင်မေစင်ကို မြင်တွေ့လိုက်သည်နှင့် အားရဝမ်းသာစွာဖြင့် သူမ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း....

'ညီ...ညီမ ရီချမ်း သတိပြန်ရလာပြီနော်'

'ဟင်.... ရှင်.... ရှင် ဘယ်သူလဲ၊ ကျွန်.... ကျွန်မ ရီချမ်း မဟုတ်ဘူး'

ထိုသို့....

သူဌေးသမီးလေး ဟိုင်မေစင်မှာ လှမ်းဆုပ်ကိုင်ထားသော သံမဏိစုတ်တံရှင်ဆန်ကျောင်း၏ လက်နှစ်ဖက်တို့ကို ပုတ်ထုတ်လိုက်လေ၏။

သည်တော့....

သံမဏိစုတ်တံရှင်ဆန်ကျောင်းမှာ သူဌေးသမီးလေးဟိုင်မေစင်ဖြစ်မှန်း သိရှိသွားလေသည်။

ထိုအခါ....



သံမဏိစုတ်တံရှင်ဆန်ကျောင်းမှာ သူဌေးသမီးလေး ဟိုင်မေစင်ကို ကန္တာရဘီလူးဝူရှန်ကျင်းတို့အဖွဲ့ သစ္စာဖောက်ဆိုးမှ ဖမ်းဆီး ခေါ်ဆောင်သွားရာမှ ပြန်လည် ကယ်တင်လာခဲ့ရတဲ့ အကြောင်း ထုတ်ဖော်ပြောပြလိုက်လေ၏။

'ဟင်... အဲ... အဲဒါမှ ဒုက္ခ၊ မနက်ဖြန် ရဲမက်မှူးကြီးနဲ့ ကန္တာရဘီလူး ဝူရှန်ကျင်းတို့ တရားရုံးမှာ အမှုရင်ဆိုင်ရတော့မှာ'

ယင်းသို့....

သူဌေးသမီးလေး ဟိုင်မေစင်မှာ စိုးရိမ် ကြောင့်ကျစွာ ရင်ဖွင့် ပြောဆိုလာခဲ့လေသည်။

ထိုစကားကို ကြားလိုက်ရသော သံမဏိ စုတ်တံရှင် ဆန်ကျောင်းမှာ ကန္တာရဘီလူးဝူရှန်ကျင်း၏ လုပ်ရပ်ကို ဖျပ်ခနဲ သဘောပေါက်မိသွားရပြီး....

'ဟင်...ဒါဆိုရင် ကန္တာရဘီလူးဟာ ဟိုင်မေစင်နေရာမှာ ကျွန်တော့်ညီမ ရီချမ်းကို အစားထိုးပြီးတရားရုံးမှာ မဟုတ်မမှန်တာ ထွက်ဆိုခိုင်းမယ်နဲ့ တူတယ်'

ထိုအဆိုကို ပန်းနုရောင် ကျင်ခချွှရင်မှ ခေါင်းညိတ် ထောက်ခံလိုက်ရင်း....

'အစ်ကိုပြောသာ ဟုတ်တယ်၊ ဒီတော့ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ'

မေးလာတော့....

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ နဖူးကြော တစ်ချက် ကြုတ်လျက် ခေတ္တစဉ်းစားလိုက်ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



'ဒါက သိပ်တော့ မခက်ပါဘူး၊ ကစ်ကိုတို့မနက်ဖြန် ရုံးတော်ကြီးကို ဝင်ရောက်ပြီး အဖြစ်မှန်ကို ဖော်ထုတ်လိုက်ရင် တရားသူကြီးမင်းက ကန္တာရဘီလူးရဲ့ လုပ်ရပ်ကို ကွက်ကွက်ကွင်းကွင်း သိသွားမယ်'

ထိုစကားကို ပြောဆိုလိုက်တော့ သူဌေးသမီးလေး ဟိုင်းမစင်နှင့် ပန်းနုရောင် ကျောင်းချောင်တို့ သဘောတူစွာဖြင့် ခေါင်းညိတ်လိုက်ကြသည်။

သို့နှင့်...

နောက်တစ်နေ့ မနက်ပိုင်းသို့ ရောက်သောအခါ သူတို့နံနက်ခင်း အဆာပြေကို စားသောက်လိုက်ကြလေ၏။

ပြီး သူတို့သားယောက်ျားအိမ်မှ ထွေးလုံး တစ်စင်းဖြင့် တရားရုံးတော်ရှိရာ လီကျန် မြို့တော်ကြီး၏ ရှေ့ဖက် ဆီသို့ မြို့လယ်လမ်းမကြီးအတိုင်း ခုမောင်းနှင့် ထွက်ခွာလာကြလေသည်။

သို့ဖြင့်....

သူတို့ မြို့လယ် လမ်းမကြီး၏ လမ်းကွေ့ တစ်ခုသို့ ချိုးအကွေ့တွင် လက်နက်ကိုယ်စီ အသင့်ကိုင်ဆောင် ထားသော လူငါးယောက်ကို လမ်းပေါ်တွင် ရင်ဘောင်တန်း၍ ပြန်ကျက် တွန့်တားနေသည်ကို မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရလေသည်။

သို့မို့ကြောင့်...

သိကော်စုတ်တံရှင် ခြာန်ကျောင်းမှာ မြင်းကြီးကို ဇက်ကြိုးသပ်ကာ ရထားလှည်းကို ရပ်ဆိုင်းလိုက်ရလေသည်။



ပြီး သူ့ရှေ့မှ တွန့်တားနေသော လက်နက်ကိုယ်စီ အသင့်ကိုင်ဆောင်ထားကြသည့် လူများထံ လှမ်း၍ ကဲခတ် ကြည့်ရှုလိုက်လေရာ....

'ဟင်...ကျွန်းသစ်မနီချူးတို့ လူသိုက်ပါလား၊ အင်း...ဒါ တို့ ရုံးတော်ကို မရောက်နိုင်စေအောင် လာရောက်တွန့်တားနေကြ ပြီ ထင်ပါရဲ့ ကွ'

ထိုသို့...

သူ့ရှေ့တည့်တည့်မှ ရထားအိမ်အတွင်း၌ စီးနင်းလိုက်ပါလာကြသော ပန်းနုရောင် ကျောင်းချောင်နှင့် သူဌေးသမီးလေး ဟိုင်းမစင်တို့ရှေ့ ကန္တာရဘီလူးကိုယ်စား လှမ်း၍ တွန့်တားနေသည်ကို လှမ်းမြင်တွေ့လိုက်ကြလေသည်။

ထိုအခိုက်...

သိမ်ကော်စုတ်တံရှင် ဆန်ကျောင်းမှာ ခရှေ့မှတွန့်တားနေကြသော ကျွန်းသစ်မနီချူးတို့ကို ရှောင်သွားရန် ရထားလှည်းအား အရှိန်ဖြင့် ပြန်ဖွင့်မောင်းကာ သိမ်းအတိုင်း ဒုန်းစိုင်းမောင်းနှင်လိုက်လေ၏။

'ဟိုင်း...ယား'

'ဟီး...ဟီး'

'ခွပ်...ခွပ်'

'ကျွီ...ကျွီ'

'ဟင်...'

'ဟော...လိုက်ပစ်ခတ်ကြစမ်း'

ထိုအခါ...

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဗုန်းဆိုင်း မောင်းနှင်ဝင်တိုက်ကာ ရထားလုံးအခြေအနေကို လှမ်းမြင်တွေ့လိုက်ရသော ကျားသစ်မ နီချူးတို့အဖွဲ့မှ လမ်းနံဘေးဆီသို့ အလျင်အမြန် ခုန်ရှောင်လိုက်ကြ၏။

ထိုစဉ်....

ကျားသစ်မနီချူးမှာ ရထားလုံးကို ဗုန်းဆိုင်း မောင်းနှင် ပြေးထွက်သွားသော သံမဏိစုတ်တံရှင် ဆန်ကျောင်းကို လက်နက်ပုန်းများဖြင့် ဝိုင်းဝန်းပစ်ခတ်ရန် အော်ဟစ် အမိန့်ပေး လိုက်လေ၏။

ထိုအခါ....

ကျားသစ်မ နီချူး အဖွဲ့တို့သည် သံမဏိ စုတ်တံရှင် ဆန် ကျောင်းထံ လက်နက်ပုန်းများ ဝိုင်းဝန်း ပစ်ခတ် လာကြလေ သည်။

ထိုစဉ်....

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ လှ သံမဏိစုတ်တံဖြင့် ပစ်ခွင်းတိုက်ခိုက်လာသော လက်နက်ပုန်းများကို ဂေ ယမ်း ခုခံကာကွယ်လိုက်လေ၏။

ထိုအခိုက်...

ကျားသစ်မနီချူးမှာ ငရဲမီးပုံ၊ တပ်ဆင်ထားသော မြား နှင့် သမ်းမကြီးအတိုင်း ပြေးလွှားနေသည့် သံမဏိစုတ်တံရှင် ဆန်ကျောင်း၏ ရထားလုံးကို ပစ်ခွင်းတိုက်ခိုက် လာခဲလေ သည်။

'ဝီ....'



'ကျင်ချွေရင်ရေ အမြန်ဆုံး ရထားလုံးပေါ်က ခုန်ဆင်း လိုက်ပေ'

'ဟုတ်....'

'ယား....ဘုတ်'

'ဘုန်း၊ ဘုန်း၊'

'ဝုန်း၊'

သူတို့သုံးဦးစလုံး ပစ်ခွင်းလိုက်သော မြားချက်ဆောက်မလာခင် လမ်းနံဘေး မြက်ခင်းဆီသို့ ရထားလုံးပေါ်မှ ပြိုင်တူခုန် ဆင်းလိုက်ကြလေတော့သည်။

www.burmeseclassic.com



တစ်အောင့်ပင် မကြာလိုက်ပါချေ။

ကျားသစ်မ နီချူးတို့လူစု ပေါက်ကွဲလွင့်စင် သွားရမည့် ရထားလုံးနေရာသို့ မြေးသွားရောက်ရှိလာကြလေသည်။

ထိုအချိန်မှာပင်...

လမ်းနံဘေး မြေနုတ်မြောင်းထဲတွင် ရောက်ရှိနေသော သံမဏိစုပ်တံရှင် ဆန်ကျောင်းမှာ မနီးမဝေးတွင် ရောက်ရှိနေကြသည့် ကျားသစ်မ နီချူးတို့လူစုထံ လက်နက်ပုန်းကို ပစ်ခွင်းတိုက်ခိုက်လိုက်လေသည်။

ရုတ်တရက်...

အတိုက်ခိုက်ခံရ၍ ကျားသစ် နီချူးတို့ သံမဏိစုပ်တံရှင် ဆန်ကျောင်းအား ပစ်ခွင်းတိုက်ခိုက်လာမည့် လက်နက်ပုန်းများကို ခုခံရှောင်တိမ်းနိုင်ခြင်း မရှိဘဲ ထိမှန်ကာ ထမ်းပေါ်သို့ စူးရှနာကျင် အော်ဟစ်သံများနှင့်အတူ ပြိုလဲကြကုန်သည်။

သည်နောက်...

သူတို့ သုံးဦး မြေနုတ်မြောင်းထဲမှ ထွက်လာကြပြီး ဝင်ဆက် လက်နက်ပုန်းများ ထိမှန်ကာ လမ်းပေါ်ဝယ် လဲကျနေကြသည့် ကျားသစ်မ နီချူးတို့အဖွဲ့ဆီ ရောက်ရှိသွားကြလေ၏။

အခြေအနေ လှမ်းအကဲခတ် ကြည့်လိုက်မိကြတော့...

ကျားသစ်မ နီချူးတို့ အဖွဲ့ အသက်နှင့် ခန္ဓာကိုယ် အိုးစားကွဲနေကြပြီး သူတို့ တွေ့မြင်လိုက်ကြရလေသည်။

သည်နောက်...

BURMESE CLASSIC



သူတို့ လမ်းကြောင်းအတိုင်း တရားခုံရုံးတော်ကြီးရှိရာသို့ ဦးတည်ကာ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့ကြလေသည်။

သူတို့...

တရားခုံရုံးခန်းမသို့ရောက်သောအခါ တရားသူကြီးမင်းမှာ သူ့ငွေးသမီး ဟန်ဆောင်ထားသော ရီချူမ်း၏ ငြင်းကွယ်မှုကြောင့် ကန္တာရတီလူး ဝူရှန်ကျူးမှာ ရဲမက်များကြီး ချုပ်ကိုင်ဖမ်းဆီး၏ တရားလွဲဆိုမှုကို ကွင်းလုံးကျွတ်လွှတ်ကာ အနိုင်ပေးရန် အမိန့်ပေးဆုံးဖြတ်ဖို့ အမိန့်စာ ဖတ်ရှုနေခြင်း ဖြစ်နေလသည်။

ထိုစဉ်...

သံမဏိစုပ်တံရှင်နှင့် သူ့ငွေးသမီး … ဟိုင် … တို့ ဝင်ရောက်လာ၍ ကန္တာရတီလူး ဝူရှန်ကျူး၏ လုပ်ရပ်ကို … သူကြီးထံ ဖော်ထုတ်တိုင်ကြားလေသည်။

ထိုအခါ...

တရားသူကြီးမှာ အခုလာရောက် … နေသူမှာ သူ့ငွေးသမီးလေယာဉ်ဆောင်ထားသော ရီချူမ်းဖြစ်နေကြောင်း ပေါ်ထွက်လာပြီး ဝူရှန်ကျူး၏ အကြံပက်စက်ပုံကို သိရှိရကာ ဒေါသထွက် အနှုန်းသုံးဆယ် ချမှတ်လိုက်လေသည်။

သို့နှင့်...

ရဲမက်စစ်သည်များသည် ဝူရှန်ကျူးကို တရားရုံးရှေ့တော် အတွင်း … ထိပ်တုံးခတ်ကာ ခေါ်ဆောင်သွားလေ၏။

သည်နောက်...

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်မှူးကြီး ချူလိုင်ဖုန်းမှာ သူ့ဒွေးသမီးလေး ဟိုင်ဒမစင်ကို ကန္တာရဘီလူးလက်ထဲမှ လွတ်မြောက်အောင် ကယ်ဆယ်ပြီး တရားခုံရုံးတော်သို့ အချိန်မီ လာရောက်အောင် စွပ်စွပ်ရှိရှိ ဆောင်ရွက်ပေးခဲ့သော သံမဏိစုတ်တံရှင် ဆန်ကျောင်းနှင့် မန်းနုဒရာင် ကျွင်ချချင်တို့ကို ချီးကျူးစကား ပြောဆိုလေသည်။

ယို့အဘူ....

သူ့ဒွေးသမီးလေး ဟိုင်မစင်ကလည်း အသက်သခင် ကျေးဇူးရှင်များ ဖြစ်ကြသော သံမဏိစုတ်တံရှင် ဆန်ကျောင်း ပန်းနုဒရာင် ကျွင်ချွေရင်နှင့် ရီချမ်းထိုကို နဂါးစံအိမ်တော်ကြီးသို့ ဖိတ်ခေါ်လိုက်သည်။

သို့နှင့်....

လွှတ်လှုစု တရားခုံရုံး အဆောက်အဦးဝေါမှ စကားတပြောပြောနှင့် ထွက်ခွာလာကြရင်း မရှူ့ကွင်းပြင်ကျယ်ကြီးဆီသို့ ရောက်ရှိလာကြလေသည်။

ထိုအခိုက်မှာပင်....

ရဲမက်များဖမ်းဆီးခေါ်ဆောင် လာကြသော လက်ထိပ်ထုံးခတ် ကန္တာရဘီလူး ဝူရှန်ကျင်းနှင့် သံမဏိစုတ်တံရှင် ဆန်ကျောင်းတို့ မျက်နှာချင်းဆိုင် ဆုံတွေ့မိကြလေသည်။

သည်တွင်....

သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ အေးစက်စွာပြုံးလိုက်ရင်း....



'ဟား....ဟား....ဆန်ကျောင်း ငါ မင်းကို ယုံဝမ်ကျေနပ်ဘူး။ လက်ရုံးရှင်း ယှဉ်ချင်သေးတယ်'

စိမ်ခေါ်စကား ဆိုလာသဖြင့် သံမဏိစုတ်တံရှင် ဆန်ကျောင်းမှာ မဲ့ပြုံးပြုံးလိုက်ရင်း....

'ကျုပ်ကလဲ စိမ်ခေါ်ရင် တိုင်ပေါ်ထိထောင်လိုက်ချင်တဲ့ကောင်'

ထိုဦ....

ရဲမက်မှူးကြီး ချူလိုင်ဖုန်းက ကြားဝင် အမိန့်ပေးလာသည်မှာ....

'ရဲမက်တွေ သူ့လက်ထိပ်တုံကို ချွတ်ပေးလိုက်စမ်း'

'ဟုတ်ကဲ့ ရဲမက်မှူးကြီး'

ဟုဆိုကာ ရဲမက်စစ်သည်တို့မှာ ကန္တာရဘီလူး ဝူရှန်ကျင်းတို့တွင် ချုပ်ထားသော လက်ထိပ်တုံးကို ကမန်းကတန်းဖြုတ်ပေးလိုက်လေသည်။

လက်ထိပ်တုံး ဖြုတ်ပေးလိုက်သည်နှင့် ကန္တာရဘီလူး ဝူရှန်ကျင်းမှာ လျှို့ဝှက်ဆောင်ထားသော ဝတ်စုံအတွင်းမှ ဓားမြောင်ရှည်တစ်လက်ကို ဖြတ်ခနဲ ထုတ်ယူလိုက်သည်။

ပြီး....

သူ ထိုဓားမြောင်ရှည်ဖြင့် သံမဏိစုတ်တံရှင် ဆန်ကျောင်း [illegible] ရင်ဝဆီသို့ လျှပ်ထပြတ် ထိုးစိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝို....'

'ဟူး'

'ဝို....ဝို'

'ဝိုး....'

'ရှုတ်'

'အူး'

သည်တွင်....

သိမ်းကြိုစုထဲတွင်ရှိ ဆန်ကျောင်းမှာ ကန္တာရဘီလူး ဝူရှန်ကျောင်း၏ ခေါင်းမြှောင်ထိုးချက်ကို ကြမ်းပြင်ပေါ် ဖင်ထိုင်ချ ရှောင်တိမ်းလိုက်သည်။

'မြုံး....'

သူ ကြမ်းပြင်ပေါ် ကွေးလိုက်ကာ ကန္တာရဘီလူး ဝူရှန်ကျောင်း၏ ခြေခွကြားထဲသို့ ခေါင်းညှိကော်ပင်မကွေးသား လျှောတိုက်ဝင်သွားကာ ကန္တာရဘီလူး နောက်ကျောဘက်သို့ ရောက်ရှိသွားရလေသည်။

ထိုအခိုက်မှာပင်....

သိမ်းကြိုစုထဲတွင်ရှိ ဆန်ကျောင်းမှာ ညာခြေဖျားဖြင့် ကန္တာရ ဘီလူး ဝူရှန်ကျောင်း၏ ကျောပြင်သို့ ခါးညွှတ်ကွေးကာ လဲ လျောင်းနေရာမှ တိုက်ခိုက်လိုက်လေသည်။



မမျှော်လင့်ထားသော တိုက်ချက်ကို ကန္တာရဘီလူး ဝူရှန် ကျောင်း လုံးဝခုခံနိုင်ခြင်း မရှိဘဲ သူ့ကျောပြင်သို့ ထိမှန်ကာ ရှေ့သို့ ငိုက်ဆင်းကျသွားရလေသည်။

ထိုအခိုက်မှာပင်....

ဝိုင်းရံလျက်ရှိကြသော ရဲမက်မှူးကြီးနှင့် ရဲမက်စစ်သည် တို့မှာ လက်နက်ပုန်းကိုယ်စီဖြင့် ကြမ်းပြင်ပေါ်သို့ ဟပ်ထိုး ကျသွားသည့် ကန္တာရဘီလူး ဝူရှန်ကျောင်းထံ တရှိန်ထိုးဝင်ခုတ် လိုက်ကြလေသည်။

'ဝုတ် ဝုတ်....ဝုတ် ဝုတ်'

'ဖုတ်....ဖုတ်'

'ဇွပ်'

'ဖောက်'

'အီး....အီး'

'အွး'

နောက်ဆုံး ကန္တာရဘီလူး ဝူရှန်ကျောင်းမှာ နှတ်ခမ်းမီးပုံး လေးကို ညာလက်တွင်ဆုပ်ကိုင်ထား လျက်ကြမ်းပြင်ပေါ်တွင် အကြေအမွ စစ် ချက်ခံပြီး ဇီဝိတ်ချုပ်ငြိမ်းသွားရလေတော့သည်။

အကယ်၍သာ ရဲမက်မှူးကြီး ချူလိုင်ဖုန်းတို့ သမျှိမ်ဦး လျှင် ရင်ဆိုင်တိုက်ခိုက်ကြသော ကန္တာရဘီလူး ဝူရှန်ကျောင်း၏ နှတ်ခမ်းမီးပုံး ပစ်ခွင်းမှုကြောင့် တရားရုံးရင်ပြင်မှာ ရှင်ကြ မည် မလွ မြင်ကွင်းဆိုး တစ်ခု ဖြစ်ပေါ်လာရမည် မဟုတ်ပါ လား။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်…

သိမ်ကျော်စုဘ်တံရှင် ဆန်ကျောင်းသည့် ရှိချမ်းလက်ကလေး တစ်ခုက် ဆုပ်ကိုင်ရင်း စိုင်းရဲ၏အိုကြည့်နေသော လူအုပ်များ ကြားမှ ဖွဲ့ကြဉ်ထွက်ခွာလာကြလေသည်။

သူတို့နောက်မှ…

အပြုံးရိပ်ကိုယ်စီဆောင်ကြလျက် ရဲမက်မှူးကြီး၊ ချူလိုင်ဖုန်း၊ သူဌေးသမီးလေး ဟိုင်မေစင်နှင့် ပန်းနုရောင် ကျင်ချေ ရင်တို့ ထပ်ကြပ်မခွာ လိုက်ပါလာကြလေတော့သည်။

ပြီး ပါပြီ၊

ဝင်းတုန်းဓအောင်

BURMESE CLASSIC

www.burmeseclassic.com